www.burmeseclassic.com

ထူးချိုချိုအနုပညာ

BURMESE CLASSIC .com

# တာထွက်ပန်းဝင်... နောက်ပွဲပြင် နှင့် ဝတ္ထုဆောင်းပါးများ

ကာတွန်းမြင့်သိန်း

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# တာထွက်ပန်းဝင်...
# နောက်ပွဲပြင်နှင့်
## ဝတ္ထုဆောင်းပါးများ

ကာတွန်းမြင့်သိန်း

ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမော၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

တာထွက်ပန်းဝင်နောက်ပွဲပြင် • • နှင့်ဝတ္ထုဆောင်းပါးများ
ကာတွန်းမြင့်သိန်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၄၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) တာထွက်ပန်းဝင်နောက်ပွဲပြင် • • နှင့်ဝတ္ထုဆောင်းပါးများ

# မာတိကာ


* ဝင်းဖေရဲ့အမှာစာ ... ၁
* စာရေးသူမှ စာဖတ်သူသို့ ... ၃
* ကိုမျိုး(မြန်မာစာ)၏ အမှာ ... ၇
* သား၏အမြင် ... ၉

၁။ တာထွက် ပန်းဝင် ... နောက်ပွဲပြင် ... ၁၄
၂။ အဖေ့အိမ်က အပြန်မှာ ... ၂၂
၃။ အသက်ကြီးလာရင် မကောင်းဘူး ... ၂၉
၄။ ကိုယ့်မျက်စိကိုသာ ဦးစွာ မျက်စဥ်းခတ်ပါ ... ၃၆
၅။ လူညာကြီးကို သတိထား ... ၄၂
၆။ ဆင်ဆိုသည်မှာနှင့် သားသမီးဆိုတာ ... ... ၄၈
၇။ အနီးအဝေး အကြီးအသေး ... ၅၄
၈။ အတ္တဟုမထင်ရသော အတ္တ ... ၆၁
၉။ ကျားအစာ ကျားစား၊ နွားအစာ နွားစား ... ၆၆
၁၀။ စိန်ခေါ်ပွဲ ... ၇၁
၁၁။ အနိစ္စဝရ-သင်္ခါရာ ... ၇၈
၁၂။ ငယ်ပေါင်းတို့ရဲ့ စံရာမြေ ... ၈၆


www.burmeseclassic.com

www.burmeseclassic.com


၁၃။ ကျွန်တော်နှင့် ငြိမ်းမောင်
သို့မဟုတ် စံရွှေမြင့်နှင့် ငြိမ်းမောင် ၁၀၀
၁၄။ နာရီတွေကို မုန်းတယ် ၁၁၂
၁၅။ ဘာလုပ်နေတာလဲ ၁၁၉
၁၆။ မသိရှိခဲ့မိသော တန်ဖိုးများ ၁၂၈
၁၇။ ကျွန်တော်၏ ပတ်ဝန်းကျင်မှာ ၁၃၅
၁၈။ ချစ်သော သားသို့ ၁၄၄
၁၉။ ချစ်တာဟာ ရက်စရာမဟုတ်ပါ ၁၄၉
၂၀။ တံလျှပ်မုန်းသိသော ရွှေသမင် ၁၅၅
၂၁။ ဂေါ်ကြီး ၁၇၅
၂၂။ အမည်းကွက်ထဲက အဖြူစက် ၁၉၅
၂၃။ ဆုတောင်းရပါသည် ၂၀၂
၂၄။ ရှိတော့ ရှိတယ်၊ ရှားတယ် ၂၀၆
၂၅။ အလှူပေးရခြင်း အတိအလင်း ကွာတယ် ၂၁၁
၂၆။ သူ့လက်ငုတ်လေးမို့ ၂၁၉


BURMESE CLASSIC

## ဝင်းဖေရဲ့ အမှာစာ

ကျွန်တော် ဝင်းဖေပါ။ ပန်းချီရေးတဲ့၊ စာရေးတဲ့၊ ရုပ်ရှင်ရိုက်တဲ့ ဝင်းဖေပါ။ ဒီစာအုပ်ကို အမှာစာရေးဖို့ ဝင်းဖေကိုခိုင်းတော့ ဝင်းဖေ အမှာစာ မရေးတတ်ပေမယ့် အလွန်ဝမ်းသာပါတယ်။ သူ့ရဲ့စာအုပ်ထဲမှာ ဝင်းဖေဟာ အရေးကြီးသလိုလို ဘာလိုလိုနဲ့ အတူတွဲပြီး ပါဝင်ခွင့် ရမှာမို့လို့ပါ။ ဝင်းဖေက ကာတွန်းမြင့်သိန်းကို တော်တော်ကြီး နောက်ကျပြီးမှ လူချင်းတွေ့ကြပြီး ညီအစ်ကိုအရင်းတွေလို ခင်မင်ခွင့်ရခဲ့တာပါ။ ဒီအရင်က စံရွှေမြင့်နဲ့သာ အများကြီး တွေ့ခဲ့ဖူးတာပါ။ ကာတွန်းမြင့်သိန်းက ဝတ္ထုရော၊ အရုပ်တွေပါ သူ့ဟာသူ စလယ်ဆုံး ကိုယ်ပိုင်ဟန်နဲ့ သီးခြားရေးတတ်သူပါ။ ဘယ်သူနဲ့မှ မတူပါဘူး။ လူတွေကလည်း အလွန်ကြိုက်ခဲ့ကြပါတယ်။ ကာတွန်းမြင့်သိန်းဆိုတာကလည်း ဘယ်သူနဲ့မှမတူအောင် ခေတ်တစ်ခေတ်ကို အကျအန ပြဋ္ဌာန်းထားနိုင်ခဲ့သူပါ။ နောက် ရုပ်ပြကာတွန်းခေတ် မှေးမှိန်တာလား၊ သူကိုယ်တိုင်ကပဲ မရေးချင်တော့တာလား မပြောတတ်ဘဲ စံရွှေမြင့် ဇာတ်လမ်းတွေ ရုပ်တန့်သွားပါတယ်။ စံရွှေမြင့်ပရိသတ်တွေ မျှော်တလင့်လင့်နဲ့ ကျန်ခဲ့ကြပါတယ်။ ခုချိန်ထိ စံရွှေမြင့်ပရိသတ်တချို့ လွမ်းနေကြသေးတာတွေ ဝင်းဖေ ခဏ ခဏ တွေ့ပါတယ်။ ဝင်းဖေက

www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းမြင့်သိန်းဟာ ဝတ္ထုတွေကို ရုပ်ပြနဲ့ တွဲပြီးတော့သာ ရေးတတ် ဖန်တီးတတ်တဲ့သူလို့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ သူက စာပေလိုလည်း ရေးသားလာပြန်တဲ့အတွက် ဝင်းဖေတို့ အလွန်ဝမ်းသာကြိုဆိုကြရပါတယ်။ သိတယ်မဟုတ်လား၊ သူ့အနုပညာက သူ့ဟာနဲ့သူ တစ်မူထူးခြားပြီးသားပါ၊ ဝင်းဖေ ဝင်ပြီး ဘာမှ ဆားဖြူးနေစရာမလိုပါဘူး။ ဝင်းဖေက ဒီစာအုပ်ထဲမှာ ဝင်ပါခွင့်ရဖို့သက်သက်နဲ့ ဒီအမှာစာကို ရေးတာပါ။ ကိုမြင့်သိန်းကို ကျေးဇူးတင်ပါတယ်။

ကျွန်တော် ဝင်းဖေပါ။

ဦးဝင်းဖေ
ပန်းချီဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ

## စာရေးသူမှ စာဖတ်သူသို့

ကဗျာတစ်ပုဒ်၊ စာတစ်အုပ်၏ အမည်ခေါင်းစဉ်မှာ လူတစ်ယောက်၏ မျက်နှာနှင့် လွန်စွာမှ တူပါသည်။ လူတစ်ယောက်တွင် မျက်နှာမှာ ထိုလူ၏ ပြင်ပရုပ်ရည်သွင်ပြင်ကိုပါမက အတွင်းမနောကိုပါ အကြမ်းအားဖြင့် ဖော်ပြထားပြီး ဖြစ်နေတတ်သည်။

ထိုလူ (ကျား/မ) ၏ ရုပ်ရည်၊ မျက်နှာ လှပချောမွေ့လျှင် လှပနေသလောက်၊ ကြမ်းတမ်း အကျည်းတန်နေလျှင် အကျည်းတန်သလောက် ကြည့်သူ မြင်သူ ဆက်ဆံရလိုသူတို့၏ စိတ်နယ်ပယ်အား ငြိတွယ်လွှမ်းမိုးသွားတတ်သည်။

ထို့ကြောင့်ပင် ကဗျာရေးသူ၊ စာရေးသူတို့သည် မိမိရေးသားပြုစုလိုက်သော ကဗျာနှင့် စာတို့အား ရင်မှဖြစ်သော သမီးသားတို့ကို အမည်နာမပေးကြသည့်နှယ် အထူးတလည် အလေးထားကာ ခေါင်းစဉ်ကို ရွေးချယ်တတ်ကြသည်သာ။

ယခု ကျွန်တော့်စာအုပ်အမည်ကို (တာထွက် ပန်းဝင် နောက်ပွဲပြင်) ဟူ၍ ရွေးချယ် ခေါင်းစဉ် တပ်လိုက်သည်မှာ ဤကျွန်တော့် စာအုပ်ပါ အကြောင်းအရာများအား ဖတ်လိုက်ရပြီး၍ဖြစ်စေ၊ သို့မဟုတ် လုံးဝ မဖတ်ရပါဘဲ ဤ စာအုပ်၏ ခေါင်းစဉ်ကို မြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ရရှိမှုဖြင့် ဖြစ်စေ ထိုပုဂ္ဂိုလ်၏ တွေးခေါ်သုံးသပ်မှုအပေါ်တွင် မူတည်ကာ အကျိုးသက်ရောက်မှုကို တွေ့မြင်သိရှိ ခံစားရမည်ဟု ကျွန်တော် ယုံကြည်သောကြောင့် ဖြစ်ပါသည်။

လူသားတိုင်းသည် သန္ဓေတည်ကာ ခက်မငါးဖြာမှ အဆင့်ဆင့် ခန္ဓာကိုယ် ရရှိလာကြသည်နှင့် မိခင်၏ ဝမ်းကြာတိုက်တွင်းမှ စကာ ယှဉ်ပြိုင်ကျော်လွှားမှုများကို ရင်ဆိုင်လာကြရသူများ ဖြစ်သည်။ မိမိခန္ဓာ မိမိဘဝအား ကောင်းသော ခံစားမှု၊ ကောင်းသော ဘဝအခြေအနေများသို့ ရောက်ရှိလာကြရန် ထာဝရ (ကြိုးစားနေ) တာထွက်နေကြရသူ၊ ယှဉ်ပြိုင်ကျော်လွှားနေရသူများ ဖြစ်ကြပါသည်။

ယခု ကျွန်တော် ပေးထားသော စာအုပ်၏ ခေါင်းစဉ်သည်လည်းကောင်း၊ ကျွန်တော် ရေးထားသော စာစုများ၏ အကြောင်းအရာ ရည်ညွှန်းမှုစေတနာများသည်လည်းကောင်း၊ စာဖတ်ပရိသတ်တို့၏ ဆင်ခြင်သုံးသပ်မှုများနှင့် ပေါင်းစပ်မိသွားခဲ့သည် ရှိသော် ရရှိလာမည့် အကျိုးရလဒ်မှာ ပညာ၊ သီလ၊ သမာဓိတို့နှင့် ပြီးပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အဆုံးအမ ဩဝါဒအား နားကြားရဘိသည့်အလား ကောင်းသော သတိကောင်းသော အသိများ စာဖတ်သူအတွက် တိုးတက်မြင့်မားလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

အကယ်၍ (တာထွက် ပန်းဝင် နောက်ပွဲပြင်) ဆိုသည့် ခေါင်းစဉ်ကို စွဲမြဲစွာ မှတ်သားထားပါလျှင်လည်း မိမိနေ့စဉ် မလွဲမရှောင် လုပ်ဆောင်ကြုံတွေ့နေကြရသမျှ ကိစ္စအဝဝတို့၏ ကဏ္ဍတွင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်နိုင်ကြစေဖို့ လက်တို့ သတိပေးနေမည့် ဆောင်ပုဒ်တစ်ခု အမိဋ္ဌာန်တစ်ခုအလား ခွန်အားဖြစ်စေမည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။

လူသားတို့သည် လူစဖြစ်လာသည်နှင့်အမျှ တစ်ဘဝပြီး တစ်ဘဝ၊ လေးဖက်သွား ကျောင်းသား အလုပ်သမား အိမ်ထောင်သည်၊ မိဘ အဘိုးအဘွား စသော ဘဝပေါင်းများစွာတို့၏ အစ အစတိုင်းမှာ



တာထွက်ခြင်းများနှင့်သာ စတင်ခဲ့ကြရသည်မဟုတ်ပါလား။

မိမိ ပန်းဝင်(ပန်းတိုင်) ရောက်ရှိကြရမည့် ဘဝသစ်တစ်ခုစီအတွက် အမြဲ ကြိုတင်ပြင်ဆင်ခဲ့ကြရသည်ပဲ မဟုတ်ပါလား။

အလွန်အမင်း အစွမ်းထက်မြက်သော ဆေးစွမ်းကောင်းကြီးတစ်လက် သင်၏လက်ထဲသို့ ရောက်ရှိကာ ပိုင်ဆိုင်ထားပါစေ၊ သင်သည် ထိုဆေးစွမ်းကောင်းကြီးအား မမှီဝဲ မစားသုံးသေးသမျှ ထိုးဆေးစွမ်းကောင်းကြီး၏ အစွမ်းသတ္တိ အကျိုးအာနိသင်ကို တစ်စက် တစ်မှုံစာမျှ သင် ခံစားခွင့်ရမည် မဟုတ်ပါ။

ဆေးအညွှန်းပါအတိုင်း တိကျမှန်ကန်စွာ လိုက်နာစားသုံးမှသာ ထိုဆေး၏ အစွမ်းသတ္တိ အပြည့်အဝအား သင် မုချ ခံစားရမှာ ဖြစ်ပါသည်။

ကျွန်တော်၏ 'တာထွက် ပန်းဝင် နောက်ပွဲပြင်' စာအုပ်ထဲမှ စာအမြည်း (သဘော်ပေါ် ရထားပေါ်တို့၌ လျှက်ဆားသည်က ခရီးသည်များ၏ လက်ထဲသို့ သူ၏ လျှက်ဆားနမူနာ ထည့်သည်ကဲ့သို့) သုံးလေးပုဒ်မျှ ဦးစွာဖတ်ကြည့်ဖို့ ညွှန်ပြပါရစေ။

၁။ မိမိအပေါ်တွင် မတရား အနိုင့်အထက် အနိုင်ယူ ဆက်ဆံလေ့ရှိသော အထက်လူကြီး အလုပ်ရှင်ဆိုးတို့ လက်အောက်၌ ရောက်ရှိနေ၍ စိတ်ဖိစီးမှုဒဏ် ခံနေရပါသလား။
(စာ–၂၂) **အဖေ့အိမ်က အပြန်မှာ** ကို ဖတ်လိုက်ပါ။

၂။ မျက်စိနှစ်လုံး ဖွင့်လိုက်သည်နှင့် စိုးထိတ်အားငယ်စိတ်ဖြင့် နိုးထလာရသော၊ လေးလံသည့် ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ထားရသည့်နှယ် ခံစားနေရသော ဝဋ်ဒုက္ခဆိုးနှင့် ကင်းဝေးလိုပါသလား။ (စာ–၂၉) **အသက်ကြီးလာရင် မကောင်းဘူး** ကို ဖတ်ထားပါ။

၃။ ရှင်မြူးတက်ကြွ အေးမြချိုသာ ရသစုံစွာသော ဂီတသံစဉ်ကလေးများ မြိုင်ဆိုင်စွာ တီးခတ်နိုင်ဖို့၊ မှန်စီရွှေချ ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြီးတွင် ပြည့်စုံစွာ ပါရှိနေရမည့် (မှ) ပတ်လုံးကလေးများ ထာဝရ ရှိနေကြသလို၊ ကြိုးတပ် တူရိယာများတွင် ပါရှိရမည့် ကြိုးကလေးများ အစီအရီ ရှိနေကြသလို ...

သင့်ဘဝ သင့်ဝန်းကျင် ထာဝရ အေးချမ်းသာယာလှပ နေစေဖို့ သင့်အပေါ်တွင် မိတ်ကောင်းဆွေမွန်များ ထာဝရ ဝန်းရံ တည်ရှိနေချင်ပါသလား။ (စာ-၃၆) **ကိုယ့်မျက်စိကိုသာ ဦးစွာ မျက်စဉ်းခတ်ပါ** ကို ဖတ်ကြည့်ပါ။ အထက်ပါ သုံးမျိုး စလုံးကို ရရှိခံစားလိုပါလျှင် (စာ-၄၂) **လူညာကြီးကို သတိထား** ကိုသာ ဖတ်ကြပါခင်ဗျား။

**ကာတွန်းမြင့်သိန်း**

## ကိုမျိုး(မြန်မာစာ)၏ အမှာ

မတန်မရာတော့ ရေးမိပြန်ပါပြီ။ ဒီအချိန်ထိ ဘဝမှာ ချန်ရစ်၊ ကျန်ရစ်မယ့်စာတွေ မရေးနိုင်ခဲ့သေးဘဲ နိုင်ငံကျော် ပြည်သူချစ် ကာတွန်းပညာရှင် စာရေးဆရာကြီးတစ်ဦးရဲ့ စာအုပ်အတွက် အမှတ်တရ စာလေး ဝင်ရေးတယ်ဆိုတာ တော်တန်ရုံနည်းတဲ့ အရှက်တော့ မဟုတ်လောက်ဘူး ဆိုနိုင်မှာ။ ဒီလိုအရှက်ကို ဘေးဖယ်ထားဖို့ ခွန်အားတစ်ရပ်တော့ ကောင်းကောင်းကြီးရှိနေမှာ သေချာတယ်လို့ နားကြီး၊ မျက်စိကြီးတဲ့ ပရိသတ်တွေ ခံစားတွေးဆနေနိုင်လောက်မယ်လို့လည်း ကျွန်တော် ရှက်ရှက်နဲ့ တွေးနေမိပြန်ပါသေးတယ်။ ဟုတ်ပါရဲ့-ကာတွန်းမြင့်သိန်း သမက်မို့ ကာတွန်းမြင့်သိန်းအကြောင်း အတွင်းသိအပြင်သိပြီး ရေးနိုင်တာ "ဒါအမှန်တရား" အဲဒီအမှန်တရားနဲ့ အရှက်ကို ခေတ္တတွန်းဖယ်လို့ မြင်မိသမျှ အမြင်လေး ဖျစ်ညှစ်ရေးရတာမို့ "ကျွန်တော်သိတဲ့ ကာတွန်းမြင့်သိန်း" အကြောင်းက ...

"ကျွန်တော်ငယ်စဉ်က စံရွှေမြင့် ကာတွန်းဇာတ်လမ်းတွေကို ချစ်ပြီး ရေးသူ ကာတွန်းမြင့်သိန်းဆိုတဲ့ ပုဂ္ဂိုလ်ကို မမြင်ဖူးဘဲ လေးစားချစ်ခင်တယ်၊ စာနယ်ဇင်းလောကထဲ ရောက်ချိန်ထိ ကာတွန်းမြင့်သိန်းကို လူချင်း မတွေ့ဖူးသေးဘဲ လူပုဂ္ဂိုလ်အကြောင်း ကြားသိ

www.burmeseclassic.com



ရသမျှနဲ့ လေးစားချစ်ခင်ရတယ်။ နောက်တော့ "နော်ကူးမ" (ကာတွန်းဓာတ်ကောင်မဟုတ်တဲ့ လူသားစင်စစ်၊ ကာတွန်းမြင့်သိန်းရဲ့ သမီးဦး၊ စာရေးဆရာမ ရည်မွန် (ယဥ်ကျေးမှုတက္ကသိုလ်)ကိုချစ်ပြီး ကာတွန်းမြင့်သိန်းကို လူချင်းအနီးကပ်တွေ့ဆုံရကာ ပိုမို လေးစားချစ် ခင်လာခဲ့ရတယ်။ ချစ်ရုံမျှနဲ့တော့ ပရိတ်သတ်ထက် ကျွန်တော်က ကာတွန်းမြင့်သိန်းအကြောင်း ပိုသိနိုင် ရေးနိုင် ပြောပြနိုင်မှာတော့ မဟုတ်ပါဘူး။ ဒီတော့ စာနယ်ဇင်းသမားအမြင်နဲ့ ပေါင်းစပ်မြင်ကြည့်ပြီး ပြောနိုင်တာက ကျွန်တော်တို့ စာပေပုံသေနည်းတစ်ရပ်မှာ စုတုပြု ဆိုတာ ရှိရဲ့မဟုတ်လား။ အဲဒီ စုတုပြု စံနှင့် နှိုင်းရင်တော့ အဖေဆရာ ကာတွန်းမြင့်သိန်းဟာ လူ့သဘာဝတရားကို အလယ်ရော ဘေးရော ထက်အောက်မကျန် နှံ့နှံ့စပ်စပ် အသေးစိတ် ကြည့်ရှု ရေးသားတတ်သူ ဖြစ်တာ၊ သူ့စာတွေက လူထဲက လူ့ဘဝစရိုက်သဏ္ဍာန် အစစ်တွေကို ရှာဖွေ 'ပြုစု' ထား၊ လူထဲက လူတွေရဲ့ သွင်ပြင်လက္ခဏာ အစစ်တွေကို ရှုမြင်ကာ'သုံးသပ်'ထား လူထဲကလူတွေရဲ့ ဖြစ်အင် အစစ်တွေကို 'စုယူ' ထားသမျှကနေ စောကြောသုံးသပ် 'ပြုလုပ်'ရေးသားလိုက်တဲ့ စာတွေဖြစ်လို့ ပရိတ်သတ် လက်ဖျားက မချနိုင်လောက်အောင် ရှိလေ့ရှိတတ်ခဲ့တာ တကယ်ဆို အံ့သြစရာမဟုတ်ပေမယ့် လှပတဲ့ စာပေသမိုင်းကို ကိုယ်တိုင်တည်ဆောက် ပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ကာတွန်းခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့တဲ့ ကာတွန်းဆရာတစ်ဦးလည်း ဖြစ်ပါကြောင်း ကျွန်တော် ချစ်တဲ့စိတ်နဲ့ မြင်သိမိကြောင်းပါခင်ဗျား ...

ကိုမျိုး (မြန်မာစာ)
အယ်ဒီတာချုပ်
ပေါ်ပြူလာစာပေ အနုပညာဂျာနယ်

## သား၏ အမြင်

ဖေဖေသည် အလွန် အစအနောက်သန်သူဖြစ်ပါသည်။ ထို့ကြောင့် တို့ဖေဖေ ကာတွန်းဆရာ ဖြစ်လာတာဟုပင် ကျွန်တော် ယူဆခဲ့ဖူးသည်။ ယခု ဖေဖေက သူ၏စာအုပ်တွင် ကျွန်တော့်အား အမှာစာ ရေးပေးပါဟု ပြောလေသောအခါ ကျွန်တော် နှုတ်မှ မဖြေမိ၊ ပြုံးစိစိ ရယ်ကျဲကျဲ "နောက်မနေပါနဲ့ ဖေဖေရယ်" ဆိုသည့် အကြည့်ဖြင့်သာ တုံ့ပြန်မိသည်။ ဖေဖေ စိတ်ရှည်ဟန် မတူပါ။

"ငါ ဖြစ်ချင်တာ ငါ လိုချင်တာက ဟိုခေတ်က လူကြီး လူကောင်း ပုဂ္ဂိုလ်ကြီးတွေကနေ မင်းတို့ခေတ် သားသမီးအရွယ်တွေထိ ငါ့အပေါ် မြင်တဲ့ အမြင်ကို အဓိက လိုချင်လို့ ငါ့သားဖြစ်တဲ့ မင်းကို တမင် ရေးခိုင်းတာ။

တခြား ငါ့သားအရွယ်တွေကို ရေးခိုင်းလိုက်ရင် သူတို့တွေက ခုချိန်မှာ ငါ့ထက် အများကြီး အောင်မြင်နေကြသူတွေ ဖြစ်နေတော့ စာဖတ်သူတွေ ရင်ထဲမှာ အမှာစာရေးသူကို ငါ့သားအရွယ် လူငယ်ဆိုတဲ့ ခံစားမှုမျိုး ရောက်သွားမှာ မဟုတ်ဘူး။

စာပေနယ်မှာ ငါ ကြည်ညိုလေးစားရသူတွေ အများကြီး၊ ငါက သာ ပူဆာလို့က ငါ့ကို အမှာစာ ရေးပေးကြမှာပါပဲ။ ဒီထဲကမှ

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းဖေကို ရွေးရတာက ညီအစ်ကို သွေးသားလို ခင်တာရယ်၊ ဦးဝင်းဖေရဲ့ စိတ်ရင်းကို သိနေတာရယ်ကြောင့် ရေးခိုင်းတာ။ နို့မဟုတ်ရင် လူကြီးတွေနဲ့ မင်းတို့လို လူငယ်တွေကို ငါ့အမှာစာ ကဏ္ဍမှာ တူတူ ထည့်လိုက်တော့ ဆရာတော်ကြီးနဲ့ ကိုရင်လေးကို ဆွမ်းတစ်စားပွဲတည်းမှာ တူတူဆွမ်းကပ်သလို ဖြစ်သွားမှာပေါ့။ ဦးဝင်းဖေက နားလည်တယ်။ ဒါကြောင့် မင်းလို ရုပ်ပြစာအုပ် ၁၆ အုပ်နဲ့ လုံးချင်း ဝတ္ထု နှစ်အုပ်သာ ရေးဖူးတဲ့သားကို ရေးခိုင်းတာ။ ငါ့ကို အဖေတစ်ယောက်လို့ လုံးဝမမြင်ဘဲ မင်း မြင်တွေ့ခံစားမိတဲ့အတိုင်း ရေး။

ဖေဖေ့စကားထဲတွင် ဘဘ ဦးဝင်းဖေ ပါဝင်လာသောအခါ ဦးစွာ ပြေးအမှတ်ရလိုက်သော ဖြစ်ရပ်ကလေးမှာ ....

ဖေဖေ့ စံရွှေမြင့် လျှမ်းလျှမ်းတောက် အောင်မြင်စဉ်ကာလမှာပါ။ စံရွှေမြင့်အတု စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ် အတု၏ ကြော်ငြာစာသား စကားလုံး သုံးနှုန်းထားသည်မှာ (အကြံ့တူ နောက်လူ သာစမြဲ) ဟူ၍ ဖြစ်သည်။

သည့် (အကြံ့တူ နောက်လူ သာစမြဲ) စကားလုံးကို ဖတ်ကာ ဖေဖေ မခံမရပ်နိုင် ဒေါသဖြစ်သည်။ ပေါက်ကွဲပါသည်။

"တောက် ... အကြံ့တူ နောက်လူ သာစမြဲဆိုတဲ့ စကား သင်းတို့မို့ သုံးရက်တယ်၊ သာပြီ ကျော်ပြီလို့ ဘာကို ကြည့် ဘာခံယူချက်နဲ့ ပြောထွက်ရဲကြတာလဲ၊ ကျော်လည်း ပိုးကြဖသေး၊ လျှော်လည်း ချရဲသေးတယ်၊ မင်းတို့ထက် ရင့်ရင့်သီးသီး ပျစ်ပျစ်နှစ်နှစ်ကြီး ဆဲပြရသေးတာပေါ့ကွာ၊ အတော်ပဲ ဒီလအတွက် ဇာတ်လမ်းရပြီ"

အိမ်နီးချင်းဖြစ်ကြလို့ ဘဘ ဦးဝင်းဖေ အိမ်ကို လာလည်သော အချိန်နှင့် တိုက်ဆိုင်ကာ ဘဘ ဦးဝင်းဖေက ဖေဖေ့ဒေါသကို ပြေရာ ပြေကြောင်း ဖျောင်းဖျောင်းဖျဖျ စကားလုလုဖြင့် နှစ်သိမ့်ပါသည်။

"ခုတ်ရာတခြား၊ ရှရာ တခြား ဖြစ်ပါ့မယ်၊ မလုပ်ပါနဲ့ဗျာ၊ ကလေးတွေမှာ နေရာ ရှားတယ်၊ ထုတ်ဝေသူဆန္ဒလိုက်ပြီး ငွေကြေး



အတွက် ရေးပေး ဆွဲပေးကြရတာ ဖြစ်ပါလိမ့်မယ်"

ထိုလတွင် စံရွှေမြင့်အတုနှင့်ပတ်သက်၍ ဖေဖေ ဆွဲလိုက်သော စံရွှေမြင့်စာအုပ် ထွက်လာသောအခါ စာအုပ်ထွက်ထွက်ခြင်း ဖေဖေ့ထံသို့ ရောက်လာသူမှာ စံရွှေမြင့်အတုဆွဲသော ပန်းချီဆရာလေး ဖြစ်ပါသည်။ (အကြံ့တူ နောက်လူသာစမြဲ) စကားလုံးနှင့် ပတ်သက်၍ သူ လုံးဝ မသိရကြောင်းနှင့် နောက်ကို ထုတ်ဝေသူခိုင်းသမျှ သူ မရေးတော့ပါ၊ အတုအယောင်လည်း မရေးတော့ပါဟုဆိုကာ ဖေဖေ့အား ရိုကျိုးစွာ ဦးချကန်တော့သွားရှာပါသည်။

ထိုလက ဖေဖေ ရေးလိုက်သော ဇာတ်လမ်းကလေးမှာ စံရွှေမြင့်သည် ရုပ်ပြဇာတ်လမ်းရေးသော ကာတွန်းဆရာပါ။ သူ့ထံသို့ လူငယ်လေးတစ်ယောက် ရောက်လာပြီး မှီခိုနေထိုင်သည်။ ရုပ်ပြပညာ သင်ကြားရသည်။ ဇာတ်ပေါင်းသော် ထိုလူငယ်လေးသည် စံရွှေမြင့်၏ သား ဖြစ်နေသည်။

ထိုဇာတ်လမ်း ထွက်လာသောအခါ ဘဘ ဦးဝင်းဖေသည် တသောသော ရယ်မောလျက် ခုမှ စိတ်အေးရဟန်ဖြင့် ပြောလိုက်သည့် စကားမှာ ...

"တော်သေးတာပေါ့ဗျာ၊ ကျုပ်ဖြင့် ခင်ဗျားနေရာကလည်း ကိုယ်ချင်းစာ ဟိုကလေးဘဝကိုလည်း နားလည်နေလို့ သနား၊ ကြားကနေ ဒီလူ ဒေါသနဲ့ လွန်လွန်ကျူးကျူးတွေ ရေးမှဖြင့် ဒုက္ခလို့ စိတ်ပူနေတာ ဟဲ ဟဲ ဟဲ ဟဲ ... ခင်ဗျားက ပရိသတ်ရင်ထဲ စွဲပြီး သနားသွားအောင် ဆွေးသွားအောင် ပျစ်ပျစ်နှစ်နှစ် ဆဲတတ်သားပဲ–ဟဲဟဲဟဲ"

ဒုတိယရေးလိုသော စကားများကို အမှတ်ရလာပြန်ပါပြီ။ ခုတလောတွင် ဖေဖေ မကြာ မကြာ ပြောနေတတ်သော စကားများ ဖြစ်ပါသည်။

"လူတွေဟာ အသက်ရလာရင် သေခါနီးရင် ဆိုပါတော့လေ၊ ဆန္ဒတွေ ဖြစ်တတ်ကြတယ်။ ငါ မသေခင် ဘာတွေ လုပ်သွားရမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အတွေးတွေပေါ့။ လူသားများအတွက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကိုယ့်မိသားစုအတွက်ဆိုတဲ့ မိမိနဲ့ထိုက်တန်တဲ့ ပတ်သက်နေတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီး ဆန္ဒအမျိုးမျိုး ဖြစ်ပေါ်လာတတ်ကြတယ်။

ဖေဖေ့ဆန္ဒကတော့ ဖေဖေ့ဘဝအစ ဖေဖေ လူဖြစ်စမှာ အလွယ်ကလေးတွေကို အခက်အခဲကြီးတွေ ထင်၊ မကြောက်သင့် မလန့်သင့်တဲ့ အရာတွေကို အထင်တွေကြီးပြီး ကြောက်ခဲ့ ရွံ့ခဲ့၊ အလွဲလွဲအချော်ချော် အတွေးမှား၊ အမြင်မှားတွေရဲ့ နောက်လိုက်။ မနှစ်ခြိုက် မမွေ့လျော်သင့်တဲ့ အနေအထားလောကနဲ့ နှစ်ခြိုက်မွေ့လျော်၊ အမှန်တရားတွေကို ပစ်ပယ်၊ အမှားတွေနဲ့ ဖက်တွယ် ကျေနပ်။

ဦးစွာပထမ ကျင့်ကြံလိုက်နာရမယ့် ကိစ္စအဝဝကို ဘယ်အချိန်ဘယ်အခါ ထလုပ်လုပ် ရလိမ့်မယ်အထင်နဲ့ ချောင်ထိုးထားခဲ့။ အချိန်နှောင်း အရွယ်လွန်မှ သိလာ မြင်လာ နှောင်တတွေ ရ။

အဲဒီလို အဖြစ်မျိုးတွေကို ဖေဖေ့သားတွေ၊ သမီးတွေနဲ့ လူငယ်တိုင်းကို မကြုံစေချင်ဘူး။

ထိုစကားများကို ဖေဖေ မကြာ မကြာ ပြောတတ်နေသည်။ ဖေဖေ့စကား အချုပ်ထဲမှ ကျွန်တော် နားစွဲ မှတ်သားထားသော စကားသည် ...

"ကြောက်တဲ့စိတ်ထားကို မကြောက်အောင် ပြုပြင်ဖန်တီးထားတာဟာ ကြိုးစားခြင်းပဲ၊ ရန်းကန်ခြင်းပဲ၊ အောင်မြင်ခြင်း ပန်းတိုင်ဆီကို အရောက်လှမ်းချီနေတဲ့ ခြေလှမ်းသစ်တွေပဲ"

ဖေဖေ ကျွန်တော့်ကို အမှာစာ ရေးခိုင်းခြင်းကြောင့် ကျွန်တော့်ခေါင်းထဲ၌ အသိထဲသို့ ထိုထိုသော စကားများ ပြန်လည်ရောက်ရှိကြသောအခါ အိပ်ပျော်နေသော ကျွန်တော်၏မျက်နှာပေါ်သို့ အေးစက်သော ရေတစ်ခွက်ဖြင့် ဖျန်းပက်ခံလိုက်ရသည့်အလား ကျွန်တော်မျက်စိကျယ်ကာ နိုးထလာမိရပါလေပြီ။ ဖေဖေ၏ (တာထွက် ပန်းဝင်



နောက်ပွဲပြင်) စာအုပ်ကို ဖတ်မိကြ၍ လူငယ်များ ကျွန်တော်ကဲ့သို့ ခံစားကြရပါလျှင် ဖေဖေ၏စာအုပ်သည် အိပ်ပျော်နေသော လူငယ်များအား လှုပ်နှိုးသော လက်တစ်ချောင်း ဖြစ်လာကောင်း၏ဟူ၍ ကိုယ့်အဖေ၏ စာအုပ်အတွက် ထင်မြင်ချက်ပေးခွင့် ပြုစေချင်ပါသည်။

မောင်ဝင်မြင့်သိန်း

www.burmeseclassic.com

www.burmeseclassic.com

# တာထွက် ပန်းဝင် ... နောက်ပွဲပြင်

သည်ခေါင်းစဉ်သည် ယခုရေးမည့်အကြောင်းအရာ အနက်အဓိပ္ပာယ် အထွေထွေကို ဖော်ပြနေပြီဟု ထင်သည်။

လူ့ဘဝ ရရှိလာသည်နှင့် သင်သည် (လောကစံ) တည်းဟူသော ပြိုင်ဘက်ကြီးနှင့် သင့်တစ်ဘဝတာအတွင်းတွင် အထပ်ထပ် အကြိမ်ကြိမ် အရေအတွက် အကန့်အသတ်မရှိ၊ သူနိုင် ငါနိုင် ယှဉ်ပြိုင်တိုက်ခိုက်ရပေတော့မည်မှာ မုချ။

ဥပမာစံထားကာ လောကီနယ်ပယ်တွင်းဝယ် ကျင်းပ ယှဉ်ပြိုင်လေ့ရှိသော ယှဉ်ပြိုင်ပွဲအများအပြားထဲမှ တာတိုပြေးပွဲလေးတစ်ခုကို သင့်စိတ်ထဲမှာ မြင်ယောင်ကြည့်လိုက်ပါ။

တာထွက် ... တာလွှတ်စည်းပေါ်တွင် ဦးစွာ တာထွက်နိုင်ရေး မိမိ၏အာရုံစွမ်းအားဟူသမျှကို အမိအရစုစည်းကာ အသင့်အနေအထားဖြင့် တာလွှတ် အချက်ပေးသံကို နားစွင့်နေမည်။

'ဒိုင်း' ခနဲ တာလွှတ်အချက်ပေးသံ ကြားသည်နှင့် ပန်းဝင်ရန် ဆန္ဒမှတစ်ပါး ဘာအာရုံကိုမှ မထားရှိ၊ အကပ်ငြိမခံလို့ ပန်းဝင်နိုင်ခဲ့သည်။

ဟုတ်ပြီ ... သင်သည် သည်ကနေ့၊ သည်အချိန်၊ သည်ပွဲတွင်



ဗိုလ်စွဲကာ (အောင်နိုင်သူ) အောင်ပွဲဆင်နိုင်သွားခဲ့ပါပြီ ... တဲ့။

မေးပါရစေ ... သင့်တစ်ဘဝတာ ... တစ်သက်တာ ဖူလုံသွားပါပြီလား။ ပြီးပြည့်စုံသွားပါပြီလား။

တာတိုပြေးပွဲလေးထက် မြင့်သည်ထက်မြင့် ခက်သည်ထက် ခက်ခဲစွာသော အသစ် အသစ်သော ပြိုင်ပွဲပေါင်းများစွာသည် သင့်အား မက်လုံးပေါင်းများစွာတို့နှင့် မြူဆွယ်ညို့ယူနေကြဦးမည် ဖြစ်သလို။

သင် လုံးဝ ရင်မဆိုင်လို မယှဉ်ပြိုင်လိုသော ပြိုင်ပွဲများကလည်း သင့်အား လွှဲရှောင်မရသော စိန်ခေါ်မှု သင့်ဂုဏ်သိက္ခာ မကျဆင်းရေးအတွက်ဆိုသော ရည်ရွယ်ချက်တွေနှင့် သင်သည် မပြီးဆုံးနိုင်သော ပြိုင်ပွဲတွေ အသေချော်ကို ဆက်လက် ဆင်နွှဲနေရဦးမည်မဟုတ်ပါလား။

သည်သို့ဆိုလျှင်၊ သင် လုပ်သင့် လုပ်ထိုက်ဆုံးသော အလုပ်သည် အောင်ပွဲအဆင့်ဆင့်ကို ဆက်လက် ရယူရန်အတွက် သင် ရင်ဆိုင်ရမည့် နောက်ပွဲအတွက် အသင့်ပြင်ဆင်ထားရန်ပင် မဟုတ်ပါလား။

ကြုံတွေ့ ရင်ဆိုင်လာရဦးမည့် နောက်ပွဲအတွက် အမြဲပြင်ဆင်နေပါ။

လူသားတိုင်းအမိဝမ်းမှ ကျွတ်သည့် အချိန်မှစ၍ အသစ်သစ်သော အထိအတွေ့တို့နှင့် အမျိုးမျိုးယှဉ်ပြိုင်လွန်မြောက်ခဲ့ကြရသည်။ အသံကို ဦးစွာ အငိုဖြင့် စဖွင့်၊ အမြင်အာရုံကို ထပ်ဆင့်ကြိုးစား။ ကိုယ်လက်လှုပ်ရှားဖို့ မိမိဝမ်းဗိုက်က ဆာပေးရှာပြန်သည်။ သည်အခါမှာ လက်ကိုစုပ် ခြေကိုလှုပ် လှုပ်လှုပ်ရှားရှားဖြစ်တော့သည်။ ယက်ကန် ယက်ကန် လှုပ်ရှားပြန်ရာ အနီးနှင့် ကျစ်ကျစ်ပါအောင် အထုပ်အစည်းခံရရင်း ရက်မှ လများ တိုင်ခဲ့သည်။ မှောက်ခြင်း၊ လှန်ခြင်း၊ စောင်းခြင်း၊ ထိုင်ခြင်းများအထိ ရောက်ရှိခဲ့သော်လည်း အားထုတ်ခြင်းများကို ရပ်မထား ... လေးဖက်တွားသွားသည်၊ အလဲလဲ

www.burmeseclassic.com

www.burmeseclassic.com



အပြိုင်ပြိုင်ကြားမှ ကုန်းထပြန်သည်။ မိသားစုများက တွန်းအားပေးကြသည်။

"ရပ်နိုင်ပေ့ … ရပ်နိုင်ပေ့၊ ဟေ့ … ချိုမိုင်မိုင် ချိုမိုင်မိုင်"

ကတတ်၊ ခုန်တတ်၊ အော်ဟစ်မြူးထူးနိုင်လာတော့ ဖေဖေ မေမေ စတဲ့ အခေါ်အဝေါ်များနဲ့ ဘာသာစကားများကို သင်ကြားတတ်မြောက်ခဲ့ကြရပြန်သည်။ စကားပြောရေးဆိုရေးတွင် ကျွမ်းကျင်ပြန်တော့ ဖတ်ရေး မှတ်ရေးအတွက် စာတတ်မြောက်ရေးဘက် လှည့်ကြရပြန်သည်။ စာဖတ်စာရေးတတ်မှ အသက်မွေး ပညာရပ်တို့ သင်ယူနိုင်မည်။ ပညာတတ်မှ ဝမ်းရေးကို ရှာဖွေနိုင်မည်။ ဝမ်းရေး ရှာဖွေနိုင်သော် ဘဝအဖော်ဆိုတာက သမိုင်းပေးတာဝန်အရ မျိုးဆက်ပြန့်ပွားရေးအတွက် မရှိမဖြစ် 'အချစ်' စိတ်များကလည်း သဘာဝအရ ပေါက်ဖွားလာကြသည်။

လူမှုဆက်ဆံရေး ဘာသာစကားနှင့် အတတ်ပညာများ အပိုင်းတွင် သင်ကြားမှုတွေ စွက်ဖက်နေသော်လည်း အိမ်ထောင်သားမွေးကိစ္စများတွင်မူ ဆရာမကူ ကျောင်းထားဖို့လည်းမပူရ၊ မိမိတို့ စိတ်ဆန္ဒခံစားမှုများအရ အလိုလို တတ်မြောက်ကြသည်သာ။

သို့ရာတွင် ဗုဒ္ဓဘာသာ အလိုအရဆိုရလျှင် ရှေးဘဝမှ ကောင်းမှု မကောင်းမှု (ကုသိုလ်၊ အကုသိုလ်) ရှေးရှေးဘဝရေစက်တို့ကို အကြောင်းပြုလာကာ သံသရာတွင် သုခိတ၊ ဒုက္ခိတ ဘဝတွေမျိုးစုံ ခန္ဓာသစ် အဖုံဖုံဖြင့် (ပြည့်စုံမှု၊ မပြည့်စုံမှု) ခံစား စံစားကျင်လည်ကြရသည်ဟု လက်ခံ ယုံကြည်ကြသည်။

သည်သို့ဆိုလျှင်လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ကြမီ သံသရာခရီးတစ်လျှောက် ကပ်ကမ္ဘာတွေ အသေချော်အနန္တ တစ်ဘဝပြီး တစ်ဘဝ ထပ်ခါတလဲလဲ ယှဉ်ပြိုင်ပန်းဝင်ရင်း ကျင်လည်နေကြရမည်ပဲ မဟုတ်ပါလား။

သင်သည် ယခုဘဝတွင် (ဗုဒ္ဓဘာသာအယူအရ) ရှေးဘဝ



အတိတ်ကံကြောင့်ပဲဖြစ်စေ၊ သို့မဟုတ် သတိ၊ ဉာဏ်ပညာ၊ ဇွဲလုံ့လကို ထိရောက်စွာ အသုံးချနိုင်စွမ်းရှိခဲ့လို့ပဲဖြစ်စေ၊ လက်ရှိပစ္စုပ္ပန်ကာလ (ပြိုင်ပွဲ) ကြီးတွင် အောင်ပွဲဆင် ပန်းဝင်လှနေသည်ဆိုပါစို့။

သင်ယခု မည်သည့်သက်တမ်း မည်သည့်အရွယ်တွင် ရောက်ရှိနေပါသလဲ။ သင်၏ အနာဂတ်ခရီး ပြီးဆုံးပြီဟု မှတ်ယူပါသလား။ ကျန်းမာရေး၊ လူမှုရေး တတိယအရွယ်သို့ ရောက်နေသည့်တိုင် သင်နှင့်သက်ဆိုင်နေသော ပြိုင်ပွဲကြီးငယ်တို့က သင့်အား တန်းစီစောင့်စား နေကြပါသည်။ သင်သည်ဗုဒ္ဓဘာသာဖြစ်နေလျှင် နောင်တမလွန်အတွက် သင်ဘာတွေ ပြင်ဆင်ထားပြီးပါပြီလဲ။ အနာဂတ်အချိန်ကာလ အနာဂတ်ဘဝအတွက် ပြင်ဆင်လိုပါလျှင် အရာရာကို အမှန်မြင်အောင်ကြည့်၊ အမှန်သိအောင်တွေးပါ။

မကြည့်ကမမြင်၊ မတွေးက မသိ၊ ကြာကြာတွေးမှ များများသိ၊ မှန်မှန်မြင်ပါသည်။ ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ခိုင်ခိုင်မြဲမြဲ စောင့်ထိန်းအပ်သော ငါးပါးသီလကိုပင် ဝတ်ကျေ တန်းကျေ ရွတ်ဆိုကြည့်၊ စာရွက်ပေါ် ချရေးပြီးဖတ်ကြည့်ပါ။ သင့်ရင်ထဲမှာ ထူးထူးခြားခြား ဖြစ်မိပါသလား။

သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ၊ သူတစ်ပါးသားမယား မကျူးလွန် မပြစ်မှားရ။ လိမ်ညာ မပြောဆိုရ၊ မူးယစ်စေသော အရက်သေစာ မသောက်ရ။ ထိုငါးပါးသီလအား …

အလေးအနက်မထား ပေါ့ပေါ့တန်တန် ဖတ်သွားပါက စာကြောင်း ဆုံးသွားသည်အထိ ဘာဆင်ခြင်တုံတရား ဘာစာနာမှုကိုမှ ရရှိခံစားမိလာမှာ မဟုတ်ပါ။ သည်လိုမဟုတ်ပါဘဲ ရင်ထဲတွင် စာနာစိတ်လေးနှင့် တွေးဖတ်ကြည့်ပါ။ ပထမဖတ်စဉ်ကထက် လေးနက်မှုလေး ရှိလာလိမ့်မည်။

"ဟုတ်ပါတယ်။ ဒါဘယ်ကောင်းမှာလဲ" ဆိုတဲ့ အသိလေးလောက် တွေးမိလာပါလိမ့်မည်။ သည်စာကြောင်းကိုပဲ အနက်

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကို မိမိရဲ့စိတ်သန္တာန်မှာ ပီပီပြင်ပြင် ထင်လာမြင်လာအောင် တွေး၊ မိမိ ကိုယ်တိုင်ကိုယ်ကျ အနှိပ်စက် အညှင်းပန်းခံ ဒဏ်ရာအနာတရတွေနဲ့ ဝေဒနာဆိုးဆိုးရွားရွား မချိမဆံ့ခံနေရစဉ်၊ ဓားလှံလက်နက်တွေကြားမှာ သွေးသံရဲရဲဘဝကမှ မိမိမြတ်နိုးတွယ်တာရသော မိသားစုကြီးနှင့် ရာသက်ပန် ခွဲခွာသွားရတော့မည့်အဖြစ်တွေကို ပီပီပြင်ပြင် တွေးကြည့်လိုက်ပါ။ မည်မျှတုန်လှုပ်သွားမည်နည်း။ မြင်အောင်ကြည့်မှ သိပါမည်။

မြင်အောင်ကြည့် သိအောင်တွေးခြင်းသည် ဆိုးကျိုးကို နည်းပြီးရင်း နည်းစေကာ၊ ကောင်းကျိုးကို ပွားပြီးရင်း ပွားစေပါသည်။

အကြောင်းအရာတစ်ခုအပေါ်တွင် တွေးထင်ယူဆထားသော အတွေးအယူအဆများသည်၊ အချိန်ကာလ၊ အရွယ်ရင့်ကျက်လာမှု အပေါ်တွင်တည်ကာ ပြောင်းလဲနေပါသည်။

(တောတိုးရင် ပုဆိုးစုတ်တယ်) ဆိုသည့် ကျွန်တော့်အဖေ၏ ဆုံးမစကားလေးနှင့် ပတ်သက်၍ ကိုယ်တွေ့အမြင်လေးကို သာဓကပြလိုသည်။

ကျွန်တော်၏ အသက် ၉ နှစ်၊ ၁၀ နှစ်အရွယ်တွင် ကျွန်တော်သည် လောက်လေးခွတစ်ချောင်းနှင့် (နယ်လေ့စရိုက်အရ) ငှက်ကလေး၊ အကောင်ပလောင်လေးများအား အသိတရားမဲ့စွာ ဆော့ကစားပစ်ခတ်တတ်သောအရွယ်၊ စဉ်းစားဆင်ခြင်ဉာဏ်နည်းသော အရွယ်ဖြစ်သည်။

ထိုအရွယ်တွင် (တောတိုးရင် ပုဆိုးစုတ်တယ်) ဆိုသည့် အဖေ၏ ဆုံးမစကားကို ပထမဆုံး စတင် ကြားနာခဲ့ရသည်။ အဖေက သားများကို ဆုံးမသည်မို့ အခြားခြားသော ရည်ညွှန်းမှုတွေ ပါနေမှာ သေချာ ပါသည်။ သို့သော် ကျွန်တော့်အရွယ် ကျွန်တော့်အတွေးတွင် ကျွန်တော် ရင်းနှီးနေသော ပတ်ဝန်းကျင်နှင့် မှီတည် မြင်ယောင်လာသည့် မြင်ကွင်းသည်ကား ...



ဆူးပင်ချုံပုတ်တို့ဖြင့် ရှုပ်ယှက်ခတ်နေသော တောထဲသို့ တိုးဝင်လျှင် မိမိဝတ်ဆင်ထားသော ပုဆိုးလေးအား ဆူးခက်များ ငြိ၍ ပုဆိုးစုတ်ရလေသော မြင်ကွင်းကိုသာ ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား မြင်လာခဲ့တော့သည်။ အရှုံးတော့မရှိ။ ကျွန်တော် တောချုံအုံကြား ငှက်ပစ်သွားသော် ပုဆိုးမစုတ်ရအောင်တော့ဖြင့် သတိနှင့် ဆင်ခြင်လှုပ်ရှားတတ်ခဲ့သည်။

သည့်နောက် ကျွန်တော် အသက် ၂၀ ကျော်လာသောအခါ ကာတွန်း ဆွဲပါသည်။ ရန်ကုန်တွင် မလည်မဝယ် လှုပ်ရှားရင်း ကျွန်တော့်ဘဝတွင် မမေ့နိုင်သောကျေးဇူးရှင်အဖြစ် သတ်မှတ်ရသော လှိုင်ဂုဏ်သည်းဖို မဂ္ဂဇင်းပိုင်ရှင် ဦးခင်ကျော်နှင့် ရင်းနှီးခွင့်ရသည်။ ဦးခင်ကျော်နှင့် ဧည့်သည်များ (စာရေးဆရာ)ကို သန်လျင်တွင် ဧည့်ခံပြုစုသည်။ ခင်မင်ရင်းနှီးခြင်း၏ အကျိုးကြောင့်ရန်ကုန် ကန်တော်ကလေး (၁၀၁) လမ်းတွင်ရှိသော ဦးခင်ကျော်၏ အခန်းတွင် စာပေတိုက်ဖွင့်ခွင့်ရကာ စံရွှေမြင့်စာအုပ်များ ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။ စံရွှေမြင့် ရုပ်ပြဇာတ်လမ်းများ အောင်မြင်ကာ ရုပ်ရှင်ကား အမြောက်အမြား ရိုက်ရသည်။ ကျွန်တော် သန်လျင်မှ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်သည်။ ဘောက်ထော်တွင် အိမ်ဝယ်ကာ (ဦးခင်တင့်) နှင့် ပူးပေါင်း၍ စံရွှေမြင့်ရုပ်ရှင် (လေးခင်ခင်) ကိုယ်ပိုင်ထုတ်လုပ်သူအဖြစ် စမ်းသပ်ခွင့်ရလာသည်။

'တောတိုးရင် ပုဆိုးစုတ်တယ်' ဆိုသည့် အဖေ၏ ဆိုဆုံးမစကား အနက်အဓိပ္ပာယ်သည် ကျွန်တော်၏ အတွေးနယ်အသိစိတ်တွင် အမြင်ပြောင်းလာရပြန်ပါပြီ။

တောဆိုသည်မှာ သစ်ပင်၊ ချုံနွယ်၊ ဆူးခက်၊ ဆူးပင်တို့နှင့် ရှုပ်ယှက်ခတ်နေသောတော မဟုတ်တော့ပါ။ (တောဆိုသည်မှာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးမဖွံ့ဖြိုး မတိုးတက်သော အရပ်ဒေသသည် တောဖြစ်၏) မဖွံ့ဖြိုး၊ မတိုးတက်၊ အမြင်မကျယ် မျက်စိမဖွင့်ရာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်တွင် (တိုး) ကျောက်ချနေထိုင်ပါက မိမိ၏ ကိုယ်ရည် ကိုယ်သွေး ပါ ညံ့ဖျင်းကာ မိမိဘဝ (ပုဆိုး) ဟောင်းနွမ်းမွေးမိုန် (စုတ်) ချာလာလိမ့်မည်။ ထို့ကြောင့် ကျွန်တော်သည် မြို့တက်၍ အခြေချဖြစ်ခဲ့သည်။ လူချမ်းသာကြီးမဖြစ်စေကာမူ လူစဉ်မီသောဘဝတစ်ခု လူတန်းစေ့နေနိုင်သော မိသားစုတစ်ခုကို ထူထောင်နိုင်ခဲ့ပါသည်။ (တောတိုးရင် ပုဆိုးစုတ်တယ်) ဆိုသည့် အဖေ၏ဆုံးမစကားသည် သာမန်အတွေး၊ သာမန်အကြည့်ဖြင့် ကြည့်လျှင် စာသားအဖွဲ့အနွဲ့၊ အမွှန်းအပြောက်များ မပါ၊ ကာရံမပါလို့ စာကဗျာရယ်လို့လည်း မဆိုသာ၊ ခန့်ခန့်ညားညား အလေးထားထိုက်စွာသော ပါဠိများလည်း နတ္ထိ၊ ပကတိ အရပ်စကားသက်သက်မျှသာ ဖြစ်သည်။

သည်ကနေ့ ကျွန်တော့်အသက် ၇၀ ကျော်ခဲ့ပြီ။ သည် (တောတိုးရင် ပုဆိုးစုတ်တယ်) ဆိုသော စကားအနက်အဓိပ္ပာယ်ကို ပြန်ကြည့်ကာ ပြန်တွေးသည်။ သည်စာသား၊ သည်စကားကိုပဲပြန်တွေးပါသည်။

ပုဆိုးမစုတ်ရအောင် ကျွန်တော် ဘယ်တောကို (မတိုး) ဘဲရှောင်ရမှာပါလဲ။ တောဆိုတာက ဘာလဲ၊ ပုဆိုးတိုတာက ဘာလဲ သည်တစ်ခါအကြည့်၊ သည်တစ်ခါအတွေးတွင် ထင်ထင်ရှားရှား မြင်လာ သိလာရပြန်သည်က၊ မတိုးဘဲရှောင်ရမည့်တောသည် ဆူးတောချုံတော မဟုတ်၊ မဖွံ့ဖြိုး မတိုးတက်သော တောအရပ် တောရွာဒေသလည်းမဟုတ်၊ ဟိုးအဝီစိသို့တိုင် နစ်မြုပ်နေကြသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော ကိလေသာတွေ ရုန်းကန်ဖယ်ရှား မရနိုင်လောက်အောင်ထိ ထူပြောပိတ်ဆို့နေသည့် ကိလေသာတောကြီးပင် ဖြစ်ပါတော့သည်။

မစုတ်မပြဲရန် အဖေသတိပေးသော (ပုဆိုး) မှာလည်း မိမိဘဝ လောကီ လောကုတ်အကျိုးမယုတ်ရလေအောင် အကာအကွယ်ပေးနိုင်သည့် (သီလ)ကို ရည်ညွှန်းသည်ဟု သိရှိလာခဲ့ပြန်ပါသည်။

ယခုအသက်အရွယ်တွင် ကြည့်သောအမြင်၊ တွေးသော အသိ



များသည် ကျွန်တော့်အားချက်ချင်း လက်ငင်းအကျိုးပြုပါသည်။ သောက်သောက်စားစားဘဝကို စွန့်နိုင်ခဲ့ပြီ။ အသက်ပျောက်မှာ ကြောက်လို့ပဲ မသောက်မသောက်၊ ပုဆိုးပေါက်မှာစိုးလို့ပဲ မသောက် မသောက်၊ တတိယအရွယ်ရောက် ကျွန်တော်သည် မိမိကိုယ်မိမိ နောက်ပွဲအတွက် အသင့်ပြင်ဆင်နေသည်ဟု ယုံကြည်သောကြောင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဝမ်းမြောက်မိရသည်တော့ အမှန်ပါ။

တန်ဖိုးသိအောင် ကြည့်တတ်မြင်တတ်ကြပါစေ။

ပေါ်ပြူလာဂျာနယ်
အောက်တိုဘာလ ၉ ရက်၊ ၂၀၁၂ ခုနှစ်။

www.burmeseclassic.com

# အဖေ့အိမ်က အပြန်မှာ ...

အဖေ့အိမ်ကို ကျုပ်လာခဲ့စဉ်တုန်းက ဒေါမနဿ စိတ် စေတသိက်တွေ ကျုပ်ရင်ထဲမှာ ပြည့်သိပ်နေကြလို့ စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာမှာပါ ဒဏ်ရာဒဏ်ချက်တွေ ဗရပွ ရရှိခံစားနေခဲ့ရတယ်။ ကျုပ်ရဲ့ဘဝကြီးကိုလည်း တန်ဖိုးမဲ့ဘဝ၊ ခွန်အားမဲ့ဘဝကြီးလို့ပဲ ခံယူထားမိခဲ့တယ်။ ဒါပေမဲ့ အခု အဖေ့အိမ်ကအပြန်မှာ ...။

ကျုပ်ကိုယ်ကျုပ် အထူးကုဆေးရုံကြီးမှာ ကျုပ်ခံစားနေခဲ့ရတဲ့ ရောဂါဖိစီးမှုတွေကို အမြစ်မကျန်အောင် ကုသမှုခံယူခဲ့ပြီး ရောဂါဘယ ကင်းရှင်းစွာနဲ့ ဆေးရုံက အပြီးဆင်းလာခဲ့တဲ့ လူတစ်ယောက်လိုလို။

ကျုပ်ကိုယ်ကျုပ် ပင်လယ်ထဲမှာ လှိုင်းဒဏ်၊ လေဒဏ်၊ ရေဒဏ်၊ ရာသီဥတုဒဏ်တွေကို နှစ်ရှည်လများ ရင်ဆိုင်ခံစားနေခဲ့ရပြီး ကြံ့ခိုင်မှုတွေ ချွတ်ခြုံကျလာခဲ့ရလို့ သင်္ဘောကျင်းမှာ ဒေါက်တင် ပြုပြင်မွမ်းမံမှုတွေကို အပြီးတိုင်ခံယူခဲ့ရာက တောင့်တင်းခိုင်မာခြင်း စွမ်းအားတွေ အပြည့်နဲ့ ပင်လယ်ရေပြင်ထက်မှာ ပြန်လည်ကျက်စားခွင့်ရလာတဲ့ သင်္ဘောကြီးလိုလို။

ကျုပ်ကိုယ်ကျုပ် ကြီးမားတဲ့ ယာဉ်တိုက်မှုကြီးနဲ့ ကြုံခဲ့ရပြီး ကား



ဝပ်ရှော့ထဲမှာ အင်ဂျင်ပိုင်း၊ ဘော်ဒီပိုင်း၊ ဖရိန်ကစ တစ်စစီဖြုတ်ပြီးမှ ပကတိ တောင့်တင်းခိုင်မာတဲ့အထိ စနစ်တကျပြုပြင်ပြီး ကားအရောင်အသွေးကအစ သစ်လွင်တောက်ပနေအောင် အခြယ်အသ အပြုအပြင်ခံလာခဲ့ရပြီး နိုင်လွန်ကတ္တရာလမ်းမကြီးပေါ်ကို ဝင့်ထည်စွာ ပြန်လည်ရောက်ရှိလာရတဲ့ မော်တော်ကားလိုလို။

ဟုတ်ပါတယ်။ ကျုပ်အဖေ အိမ်ကိုလာခဲ့စဉ်က ကျုပ်ရဲ့ ဟဒယနှလုံးအိမ်မှာ သောကနဲ့ ဒေါမနဿ တွေသာပါလာကြတာပါ။ အခု အဖေ့အိမ်က အပြန်မှာ ကျုပ်တစ်ပွေ့တစ်ပိုက်ကြီး သယ်ဆောင်သွားတာကတော့ ပီတိသောမနဿနဲ့ ကျုပ်ဘဝ ရှေ့ရေးဘဝ ခရီးလမ်း တစ်လျှောက်အတွက် ရိက္ခာတွေ အာဟာရတွေပါ။

* *

ကျုပ် အဖေ့အိမ်ကို လာခဲ့ရခြင်းအကြောင်းရင်းကို ကျုပ် အထူးစာဖွဲ့ပြနေစရာ လိုမယ်မထင်ပါဘူး။ ဒီကနေ့ အရွယ်ရောက်သူတိုင်း မိမိအတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ၊ စားဝတ်နေရေးအတွက်ဖြစ်စေ၊ ရုံးဌာနအသီးသီးနဲ့ လုပ်ငန်းခွင်အသီးသီးတို့မှာ ဝင်ရောက်လုပ်ကိုင်နေကြရသူတွေချည်း ဖြစ်လို့ မိမိတို့ဌာနရဲ့ အထက်လူဆိုးဆိုး၊ လုပ်ငန်းရှင်ရိုင်းရိုင်းတွေနဲ့ တစ်ခါမဟုတ် တစ်ခါတော့ဖြင့် ကြုံတွေ့ဖူးကြသူတွေချည်းပါပဲ။ အဲဒီနေရာမှာ ကိုယ်ပိုင်လုပ်ငန်းရှင်အရိုင်းအစိုင်း(ငွေရှင်)မျိုးနဲ့ တွေ့ပြီးလားဆိုမှဖြင့် သူ့အလုပ်က ထွက်နိုင်ရင်ထွက်၊ မထွက်နိုင်သေးသ၍ကတော့ ငါးစကားနွားရ သူ (ငွေရှင်) ပြောသမျှ ခံပေတော့။ ခံစားဖူးသူတွေ ... ဒီမျှပြောရုံနဲ့ သိပြီလို့ ကျုပ်ယုံတယ်။

အခု ကျုပ်တို့ရဲ့လုပ်ငန်းရှင်က လူငယ်လေးပါပဲ။ အသက်ငယ်ပုံ့ လူငယ်လို့ ပြောရပေမယ့် ဘုန်းက မငယ်ဘူး (ငွေတွေရှိတော့) ဘုန်းကြီးတယ်။ မာနကြီးတယ်။ အတ္တကြီးတယ်။ လောဘကြီးတယ်။ ဒီအရွယ်လေးနဲ့ သူလျှောက်လုပ်ထားတဲ့ လုပ်ငန်းတွေမှ နည်းမှတ်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



အစုရှယ်ယာဝင်ထားတဲ့ လုပ်ငန်းတွေတောင်မှ ပါသေးပါတယ်ဆိုပဲ။

တကယ်ပါ ကျုပ်သူ့ကို မလိုစိတ် လုံးဝမရှိပါဘူး။ သစ္စာဆိုရဲပါတယ်။ ဒါပေမဲ့ သူ ကျုပ်တို့အပေါ်မှာ ဆက်ဆံတာကိုတော့ ကျုပ်သိပ်ခံစားရတယ်။ အမှန်တကယ် ပြောကြစတမ်းဆိုရင် သူပိုင်တဲ့ ဒီလုပ်ငန်းအပေါ်မှာ သူ့ထက် (ပိုင်ရှင်ထက်) ကျုပ်တို့က ပိုအလေးထားတယ်။ ဒီလုပ်ငန်းကြီး တိုးတက်မှုကို လိုလားတယ်။ ယိမ်းယိုင်မှာ ပျက်စီးသွားမှာကို ပိုစိုးရိမ်ပါတယ်။

အဲဒါ မှန်သောစကားပါ။ ဘာဖြစ်လို့လဲ သိလား။ သူက ဒီလုပ်ငန်း ပျက်သွားရင် ရပ်သွားရင် လုပ်စရာ လုပ်ငန်းတွေ သူ့လက်ထဲမှာ အများကြီးကျန်သေးတယ်။ ငွေတွေ ရှိသေးတယ်လေ။ ကျုပ်တို့လို အိမ်ထောင်တာဝန်ထမ်းနေရတဲ့ အိမ်ထောင်ဦးစီးတွေဆိုတာက ဒီလုပ်ငန်းရပ်လို့ အခြားလုပ်ငန်း ရုတ်တရက် ရှာမရလို့ကတော့ သွားပြီ။ သားသမီးတွေရဲ့ ကျောင်းစရိတ်၊ နေ့စဉ်အိမ်သုံးစရိတ်တွေ ရှိနေတယ်မဟုတ်လား။

, ဒါပေါ့...ဒါပေါ့၊ ဒါတွေကြောင့် ကျုပ်မှာ သူပြောသမျှ ဆိုသမျှ ငါ့စကားနွားရ တစ်ဖက်စောင်းနင်း အသက်အရွယ်နဲ့မမျှ ကြီးကျယ်နေတာတွေကို ခံနေရတာပေါ့။ ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ဦးသာဓနဲ့ ဦးမျိုးအောင်ကြီးတို့ဆိုရင် ပိုဆိုးတာပေါ့။ အသက်တွေက ကျုပ်တို့အလုပ်ရှင်ရဲ့ အဖေထက်တောင် ကြီးသေးတာ။ အဲလို အသက်ကြီးကုန်ကြလို့ လူငယ်တွေလို ဟိုအလုပ်ပြောင်း ဒီအလုပ်ကူးလည်း မလုပ်နိုင်ကြတော့ဘူး။ ဒါကြောင့် သခင်လေးပြုသမျှ နုနေရှာကြရတာ။

ကျုပ်တို့ ငွေရှင်လေးကို ကြည့်ပြီး ကျုပ်မျက်စိထဲမှာ မြင် မြင်နေမိတာကတော့ ကျုပ်တို့ ရွာမှာနေတုန်းက ကျွဲကြီးတွေ နွားကြီးတွေကို ကြိမ်တုတ်ကလေးကိုင်ပြီး ရိုက်လိုက် ဆူလိုက် ဆဲလိုက် လုပ်နေတဲ့ (ကျွဲ) နွားကျောင်းသားပေါက်စလေးကိုပေါ့။ ခုလည်း ကျုပ်တို့ ငွေရှင်လေးလက်ထဲမှာ ကြိမ်တုတ်နဲ့တူတဲ့(ငွေတွေ) ကိုင်ထားတယ်လေ။



ကျုပ် အဖေ့အိမ်ကို ရောက်ရောက်ချင်းပဲ ရင်ထဲမှာ ခံစားနေရသမျှ (ငွေရှင်လေးနဲ့ပတ်သက်သမျှ) ဂါရဝတရား ကင်းမဲ့ပုံ၊ စိတ်ထဲမထင်လျှင် ဘာကိုမှမထောက် မောက်မာပုံ၊ မာနကြီးပုံ၊ အတ္တကြီးပုံ၊ လောဘကြီးပုံ အကုန်ကို ရင်ဖွင့်တိုင်တည်ပစ်လိုက်တယ်။

ကျုပ်စကားဆုံးတာနဲ့ အဖေက ကျုပ်နဲ့ ထိုင်နေရာကနေ သူ့အိပ်ခန်းဆီကို ထသွားလိုက်တယ်။ ရင်ထဲမှာတော့ အဖေ့ကို အားရအောင် ပြောပြလိုက်ရလို့ ပေါ့သလိုလို ရှိပေမယ့် အဖေ့ဆီက ထင်မြင်ယူဆချက်နဲ့ ဖြေသိမ့်မှုတွေကို မကြားရသေးတော့ အလိုမပြည့်သေးဘူးပေါ့။ အဲဒီတုန်းမှာ အဖေသူ့အိပ်ခန်းထဲက ပြန်ထွက်လာလို့ ငုံ့ကြည့်လိုက်တော့ အဖေ့လက်ထဲမှာ အဖေတို့ အဘိုးရဲ့ ဓားကြီး။

ကျုပ်စကားကြောင့် အဖေခံပြင်းပြီး 'ဓား' ကို ပြေးဆွဲတဲ့ အထိ ခံစားသွားရတယ်လို့ ထင်ရအောင်လည်း အဖေ့မျက်နှာပေါ်မှာ ဒေါသအရိပ်အရောင်ဆိုတာ လုံးဝမရှိ၊ အဖေအခန်းထဲက ထွက်လာပုံကို ကြည့်။ ဓားကိုင်လာပုံနဲ့ မတူဘဲ စိပ်ပုတီးကိုင်ထွက်လာတဲ့ သူတော်စင် တစ်ယောက်နဲ့ပဲ တူနေသေးတယ်။ ကျုပ်နားရောက်တော့မှ ဓားအိမ်က ဓားကို အသာအယာ ဆွဲထုတ်ရင်းက ...

'ဟောဒီဓားဟာ တို့အဘိုး သီပေါမင်းလက်ထက် မြင်းတပ်မှာ အမှုထမ်းခဲ့စဉ်က ကိုင်ခဲ့တဲ့ ဓားဆိုတာ မင်းတို့ကို ပြောခဲ့ပြီးပြီ'

ကျုပ်တို့ရဲ့ ငွေရှင်လေးကို အဖေက ဒီဓားနဲ့များ ခုတ်ခိုင်းမလို့လားလို့ ထင်ရမလိုလို၊ ဒါပေမဲ့ အဖေ့ဆီက ဒီလိုအကြံမျိုး၊ ဒီလိုအပြုအမူမျိုး ဘယ်လိုမှ ပေးမှာမဟုတ်ဘူးဆိုတာကို သိနေပြန်တော့ အဖေဘာဆက်ပြောမှာလဲဆိုပြီးပဲ အဖေ့ကို ကြည့်နေလိုက်တယ်။

'ငါက ဓားနဲ့ ပတ်သက်လို့ သားငါးဟင်းလျာကိုတောင် ခုတ်ဖူး ထစ်ဖူးတာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းကို ဟောဒီဓားရဲ့ အစွမ်းကို ပြမယ်လာ ... လိုက်ခဲ့'

အဖေက ကျုပ်ကိုခေါ်ပြီး ရှေ့ကနေ ယောဂီတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နဲ့ စကြွန်လျှောက်တဲ့ပုံစံမျိုးနဲ့ ရှေ့က လျှောက်သွားတယ်။ ခုထိ အဖေ ဘာကိုရည်ရွယ်ပြီး ဘာတွေလုပ်နေတယ်ဆိုတာကို ကျုပ်လုံးဝ စဉ်းစားလို့ မရသေးဘူး။ ခြံထောင့်က ငှက်ပျောပင်ရုံနားကို ရောက်တဲ့ အခါမှာတော့ ပေါင်လုံးလောက်ရှိတဲ့ ငှက်ပျောပင်တစ်ပင်ကို အဖေက သူ့လက်ထဲက ဓားနဲ့လွှဲပြီး ပိုင်းချလိုက်တယ်။ ငှက်ပျောပင်က တိခနဲ ပြတ်ကျမသွားပေမယ့် လက်နှစ်လုံးလောက်သာ ကျန်ခဲ့တဲ့အထိ ဓားက နစ်ဝင်သွားလေတော့ အဖေ့ဓား နှုတ်လိုက်တာနဲ့ အိပြီးလဲကျသွား တယ်။ ဒီတော့မှ အဖေက ကျုပ်ရှေ့ကို ဓားယူလာပြီး လေအေး ကလေးနဲ့ စကားဆိုတယ်။

'ခုချိန်ထိ မသွေးမသဘဲထားတဲ့ ဟောဒီဓားက ထက်နေတုန်းပဲ တွေ့လား။ ဒီဓား မူလပုံစံအနေအထားက ခုလို ထက်မြက်တဲ့ ဓား ကောင်းတစ်လက် မဟုတ်ဘူးကွ။ မူလက ဓားမဟုတ်ဘူး။ ဘာမှ ခုတ်ထစ်မရသေးတဲ့ သံချောင်း'

'ဒါပေမဲ့ အဲဒီသံချောင်းကို မီးထဲမှာ အကြိမ်ကြိမ်ဖုတ်ပြီးတော့ ပေပေါ်တင် တူနဲ့ အထပ်ထပ် အခါခါ မရပ်မနား ထုလို့ ရိုက်လို့ ဟောဒီလို ဓားပုံစံပေါ်ပြီး ဓားဘဝရောက်လာခဲ့ရတာ'

အဖေ စကား ခုလိုစလိုက်မှပဲ ကျုပ် အဖေ ဘာကိုဆိုလိုတယ် ဘာပြောချင်တယ်ဆိုတာ ရိပ်မိလာတယ်။ အဖေက ကျုပ်ထင်ထားတဲ့ အတိုင်း သူ့လုပ်ရပ်ကို စကားနဲ့ အကောင်အထည် ရုပ်လုံးဖော်လိုက် တယ်။

'ဒီဓားဟာလည်း သံပဲကွ။ သူ့ကို မီးဖုတ်ပြီးမှ ထုကြရိုက်ကြ၊ ထုတာ ရိုက်တာကို အားပေးတဲ့ ပေတို့ တူတို့ဆိုတာတွေဟာလည်း ဓားနဲ့အမျိုးအစားတူကြတဲ့ သံထည်ပစ္စည်းတွေပဲ၊ သံ သံချင်း ထုကြ ရိုက်ကြရာက ဓားကောင်းတစ်လက် ဖြစ်လာရသလိုပဲပေါ့ ငါ့သား ရယ်'

'အခု မင်းတို့ကို နိုင်ထက်စီးနင်း ပြောနေ ဆိုနေ ထုနှက်နေကြ



တာလည်း လူတွေပဲမဟုတ်လား' ကျုပ့် အဖေ့ဆိုစကားအရ ကျုပ် ဘာဆက်လုပ်ရမယ်၊ ဘယ်လို ခံယူချက်ထားရမယ်ဆိုတာကို စိတ်ထဲ မှာ ရှင်းရှင်းလင်းလင်းကြီး သဘောပေါက် နားလည်လိုက်ပြီလေ။ ဓားကောင်းတစ်လက်ဖြစ်လာနိုင်ဖို့ အထုအထောင်းတော့ ခံရဦးမှာ ပေါ့။

ကျုပ်အဖေရဲ့ ဆုံးမသွန်သင်မှုတွေကို ကြည်ကြည်လင်လင် သဘောပေါက် နားလည်သွားတဲ့အခါမှာတော့ ကျုပ်တို့အပေါ်မှာ အပျော်တမ်းအနေအထား ဘယ်အရာကိုမှ အလေးအနက် မစဉ်းစား ဘဲ မောက်မောက်မာမာ ရင့်ရင့်သီးသီး ဆက်ဆံပြောဆိုနေတဲ့ ငွေရှင် လေးကိုပဲ ကျေးဇူးတင်ရတော့မလိုလို ဖြစ်သွားတယ်။ ဟုတ်တယ်လေ ကျုပ်တို့ကို ဘယ်ပုဂ္ဂိုလ်၊ ဘယ်ဥပဒေက ဒီငွေရှင်လေးရဲ့ လက်အောက် မှာ ရာသက်ပန် ထာဝရနေသွားမယ်လို့ စီရင်ချက်ချ သတ်မှတ်ထား တာမှ မဟုတ်တာဘဲနော့။

ကျုပ်တို့က ထာဝရ နေချင်လှချည့်ရဲ့လို့ ငိုယိုနေကြလို့ကော ဒီငွေရှင်လေးဟာ ဘာသားနဲ့ထုထားတဲ့ လူသားမို့လဲ။ မတည်မြဲတဲ့ ဖောက်လွဲဖောက်ပြန် ဖြစ်ပျက် မွေလမ်းကြောင်းပေါ် ရှင်သန်နေရတဲ့ လူသားလေး ပဲမဟုတ်လား။ အဓိကအကျဆုံးက အထုအထောင်းခံရ တဲ့ကြားက မိမိဟာ ဓားကောင်းတစ်လက် ဖြစ်လာဖို့ အဓိကပါပဲ။

ကျုပ် အဖေ့လက်ထဲက ဓားကို လှမ်းယူလိုက်ပြီး အဖေခုတ်လှဲ့ လို့ ငုတ်တုတ်ကျန်နေခဲ့တဲ့ ငှက်ပျောပင်ငုတ်ကို ကျုပ်ရဲ့ လူငယ့်အား ကို အပြည့်သုံးပြီး လွှဲခုတ်ချလိုက်တဲ့အခါမှာတော့ ငှက်ပျောပင် ငုတ် ဟာ တိခနဲပြတ်ပြီး လွင့်စင်ကျသွားတယ်။

ကျုပ်အခု အဖေ့အိမ်က ပြန်အလာမှာ ကျုပ်ကိုယ်ကျုပ် ရောဂါ ယ ကင်းစွာနဲ့ ဆေးရုံက အပြီးဆင်းလာရတဲ့ လူရဲ့ ပီတိ၊ သဘော ကျင်းမှာ တစ်စီးလုံးကို ဒေါက်တင်ပြုပြင်ပြီးလို့ ပင်လယ်ပြင်မှာ ပြန်လည် ကျက်စားခွင့်ရလာတဲ့ သင်္ဘောကြီးလိုလို။

www.burmeseclassic.com

www.burmeseclassic.com



ကားဝပ်ရှော့မှာ မိမိရရှိထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ဘက်စုံ မွမ်းမံအပြီး နိုင်လွန် ကတ္တရာလမ်းမ ကြီးပေါ်မှာ ဝင့်ဝင့်ထည်ထည် မောင်းနှင်သွားလာနေတဲ့ မော်တော်ကားကြီးလိုလို ခွန်အားတွေ အပြည့်နဲ့ တက်ကြွလန်းဆန်းနေရပါတယ် ... ဆို။

ဇူလိုင်လ ၁ ရက်၊ ၂၀၀၇ ခုနှစ်
အချစ်ဂျာနယ် (အတွဲ ၅၊ အမှတ် ၁၇)

●

# အသက်ကြီးလာရင် မကောင်းဘူး

အသက်ကြီးလာကြပြီလား ဆိုမှဖြင့် လေပိုင်းရောက်လာပြီ။ အားကြီး စကားများတယ်လို့ ပြောခံကြရသူ များပါတယ်။ အိမ်တိုင်းလိုလို မှာလည်း ဒီအဘိုးကြီး မလွယ်ဘူး။ ဒီအဘွားကြီး မလွယ်ဘူးလို့ ကွယ်ရာမှာ အပြောခံကြရတတ်ပါတယ်။ လေပိုင်းရောက်လာလို့ ပြောနည်းမျိုးနဲ့ ပြောတတ်ကြသူတွေ လည်းရှိမှာပါ။ ဒါပေမဲ့ သေသေချာချာ ပြန်စဉ်းစားရင် တရားခံက သူတို့ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းခဲ့ကြရတဲ့ အတွေ့အကြုံတွေ၊ တစ်ဆင့်ကြားတဲ့ ကြားဖူးနားဝ ရှိနေခဲ့တဲ့ ဖြစ်ရပ်တွေ၊ သူတို့ ဖတ်ရှုမှတ်သားခဲ့ကြတဲ့ စာပေဗဟု သုတတွေက တရားခံပါ။

ငါတို့က သူတို့ထက် ကြီးတယ်၊ အတွေ့အကြုံ ပိုများတယ်။ ဘဝပိုစုံခဲ့တယ်လို့ အသက်ကြီး ဂုဏ်မောက်ပြီး လူငယ်တွေဆိုရင် အလိုလို အထင်ကြီးမရကြတဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း ရှိမှာပါ။ သို့သော် အများအားဖြင့်က အတွေ့အကြုံနုနယ်ကြသေးတဲ့ လူငယ်တွေကို သွေးသား တော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ စေတနာ ကရုဏာနဲ့ အမြင်မတော်လို့ သူတို့ သိရှိခံယူမိသလို ဝင်ပြောလိုက်ကြတဲ့ အသက်ကြီးသူတွေသာ များပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်ကလေးကို ပြောရရင် မောင်ကောင်းညွန့်နဲ့ ကျွန်တော်ဟာ သိကျွမ်းချိန် တိုတောင်းလှပါတယ်။ ဒါပေမဲ့ သူ့ရဲ့မူလရည်မှန်းချက်က ရုပ်ပြ ကာတွန်းဆရာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ခဲ့ပေမယ့် သူ့ချစ်သူ နိုင်နိုင်ကြောင့် ဝါသနာကို စွန့်ပယ်ကာ သဘော်တက်ခဲ့ရသူဆိုတာ သိရပြီး သူကလည်း ကျွန်တော့်ကို ကာတွန်းဆရာတစ်ယောက်အနေနဲ့ လေးစားခင်မင်ရှာတာမို့ သူတို့ လင်မယားနဲ့ကျွန်တော် အချိန်တိုတိုလေးမှာ ရင်းနှီးခင်မင်သွားကြရပါတယ်။

သူ စတုတ္ထအကြိမ် သဘော်ပြန်တက်ဖို့ လုံးပန်းနေတဲ့ကာလမှာ ငွေလိုလာတဲ့အတွက် မောင်ကောင်းညွန့်က သူ့အိမ်နဲ့ခြံ အပေါင်ခံဖို့ ကျွန်တော့်ကို အထင်တကြီး အကူအညီတောင်းလာပါတယ်။ သူတို့အိမ်ကို ကျွန်တော်ရောက်ခိုက်မှာပါ။ ကျွန်တော်က အသက်က စကားပြောလာလို့လား မသိပါ။ ဒိုးဒိုးဒေါက်ဒေါက်ကြီး ကောက်မေးဖြစ်သွားပါတယ်။ မင်း သဘော်သုံးခါလိုက်ပြီး ရှာထားတဲ့ငွေတွေ ဘယ်ရောက်ကုန်လဲပေါ့နော်။

အဲဒီလိုမေးတော့ မောင်ကောင်းညွန့်က မကျေမနပ် ပြုံးစူတဲ့ မျက်နှာပေးနဲ့ သူ့ဇနီး နိုင်နိုင့်ကိုလှမ်းကြည့်လိုက်ပြီး သူပေးတဲ့ ငွေတွေကို ဘယ်အခေါက်က ဘယ်လောက်၊ ဘယ်အခေါက်က ဘယ်လောက်နဲ့ အလွတ် တန်းစီရွတ်ပြသွားပါတယ်။ နိုင်နိုင်ကလည်း မောင်ကောင်းညွန့်စကားဆုံးတာနဲ့ ပထမအခေါက်ကတည်းက ပိုက်ဆံ အပို့နောက်ကျနေလို့ ဒီမှာ အတိုးနဲ့ ယူသုံးရတာကနေစပြီး သဘော်တစ်ခေါက်နဲ့ တစ်ခေါက် ဒီမှာ သုံးစွဲရတဲ့ ကုန်ကျစရိတ်တွေက ကုန်ဈေးနှုန်းပေါ်လိုက်ပြီး မြင့်တက်လာပုံတွေကို စုပေါင်းလျှုဒါန်းပွဲအပြီးမှာ ကုန်ကျစရိတ်ရှင်းတမ်း ဖတ်ပြသည့်နှယ် ရွတ်ပြပါတယ်။ ကလေးနှစ်ယောက် ဆေးဖိုးဝါးခကုန်ကျစရိတ်၊ မူကြိုကျောင်းလခနဲ့ မုန့်ဖိုး၊ ဆရာကန်တော့ပွဲ၊ ပျော်ပွဲရွှင်ပွဲတွေမှာ ကုန်ကျရတဲ့ငွေကစ



မကျန်ပါဘူး။ မီတာခနဲ့ တယ်လီဖုန်းအခွန်ဆောင်ရတာတွေ၊ ဖယောင်းတိုင်ဖိုး၊ မီးသွေးဖိုး၊ အိမ်ဖော်လခ၊ သီတင်းကျွတ်လို့ နှစ်ဖက်မိဘ ဆွေမျိုးတွေ ကန်တော့တာ၊ သာရေးနာရေး ကူငွေ လက်ဖွဲ့ ပစ္စည်းဝယ်တာ၊ မီးကင်းဖို့ပါမကျန် ဖတ်ပြပါတော့တယ်။

ဒီပြဿနာတွေဟာ နိုင်နိုင်တစ်ယောက်သာ ရင်ဆိုင်နေရတာ မဟုတ်။ အိမ်ရှင်မတိုင်း ရင်ဆိုင်ဖြေရှင်းနေရတဲ့ ပြဿနာများဖြစ်လို့ နိုင်နိုင်ရဲ့ရှင်းတမ်းကို သိရရုံနဲ့ သူတို့အိမ်ထောင်မှာ ထိုမျှ ငွေကြေးပြတ်လပ်ရခြင်းကို ကျွန်တော်က ဘဝင်မကျချင်ပါ။ လက်ခံလို့မရဘဲ ရင်ထဲမှာ နေမထိ ထိုင်မသာ ဖြစ်လာပါတယ်။ အဲဒီမှာ ကြုံတွေ့ကြားသိထားမှုတွေက ဒုက္ခပေးကြတော့တာပါပဲ။

"ဒီမယ် နိုင်နိုင် သမီးတို့ကို ဦးက သွေးသားအရင်းလို သဘောထားပြီး သတိပေးစကားပြောချင်တယ်"

"ဟား ... လေးလေးကလည်း စကားပလ္လင်ခံနေစရာ မလိုပါဘူး။ ဆုံးမနိုင်ပါတယ်။ ပြောပါ ... ပြောပါ"

"သမီးတို့သဘော်သားတွေရဲ့ ဝင်ငွေဟာ ဒီမှာရှိနေကြတဲ့ အမှုထမ်းတွေ လစာထက်တော့ များကြတာပါပဲ။ ဒါကြောင့်လည်း သဘော်လိုက်နေကြတာပဲမဟုတ်လား။ ဒီမှာ ရိုးရိုးသားသား လုပ်စားနေကြတဲ့ အမှုထမ်းတွေ ကြွေးမြီကင်းကင်းနဲ့ ဣန္ဒြေရရ နေနိုင်ကြသူတွေရှိပြီး သမီးတို့လို ဝင်ငွေကောင်းတဲ့ သဘော်သားဇနီး တော်တော်များများ ခုလို မပြေမလည် ပြဿနာတွေနဲ့ ဣန္ဒြေမရ ပျာယာခတ်နေကြရတာ ဘာကြောင့်လဲ သိလား"

"ပြောပါ လေးလေး၊ ဘာကြောင့်ဆိုတာ ပြောစမ်းပါ"

မောင်ကောင်းညွန့်က လိုလိုချင်ချင် ခုလိုမေးတော့ ပြောရမယ့်စကားအတွက် အားတက်သွားတယ်။ မျက်နှာစူပုပ်ပုပ်လုပ်ပြီး နှုတ်ဆိတ်နေတဲ့ နိုင်နိုင့်ကို ကျွန်တော် ဥပေက္ခာပြုထားလိုက်တယ်လေ။

"ဒီလိုကွ၊ သူတို့စိတ်ထဲမှာ သဘော်သားမိန်းမမှန်ရင် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



သဘော်လိုက်သွားရင် ရွှေတွဲလဲ ငွေတွဲလဲ ရှိရမယ်။ ဝတ်နိုင် စားနိုင်ရမယ်၊ ပေးနိုင် ကမ်းနိုင်ရမယ်။ သုံးနိုင် ဖြုန်းနိုင်ရမယ်ဆိုတဲ့ အစွဲကြီးက အလိုလို ရောက်သွားတယ်။ မဝတ်နိုင် မစားနိုင်သေးရင် အလို မပြည့် လိပ်ပြာမသန့် ခံစားကြရတယ်။ ဒီတော့ သဘော်သားမယား ဂုဏ်အင်္ဂါနဲ့ ညီစေရေးကို ယောက်ျားဆီက ငွေမပို့ခင် ဒီမှာ အတိုးနဲ့ ချေး သုံးထားလိုက်ကြတယ်။ ငွေတိုးထားတဲ့ စီးပွားရေးသမားကလည်း ဒီလိုစားကျက်၊ ဒီလိုခွင်ကို ရှာနေကြတာလေ။ ယောက်ျားက သဘော်သားဆိုတာ သိထားတော့လည်း ယုံယုံကြည်ကြည် ပေးဝံ့ကြတာပေါ့ နော်"

"လေးလေးက ယောက်ျားကြီးဖြစ်နေတော့ ဒီဘဝမှာတော့ သဘော်သား မိန်းမတွေရဲ့ ဒုက္ခကို သိနိုင်မှာ မဟုတ်တော့ပါဘူး။ ဒီမယ် ... လေးလေး၊ ကုန်ဈေးနှုန်းနဲ့ ကုန်ကျစရိတ်တွေက တစ်နှစ်ထက် တစ်နှစ်"

"လေးလေးက အပြစ်တင်ချင်လို့ ပြောနေတာမဟုတ်ဘူး ခိုင်ခိုင်၊ အခုလေးလေးပြောမယ့်စကားက သဘော်သားမိန်းမတွေအတွက် သက်သက် မဟုတ်ပါဘူးကွယ်။ အိမ်ထောင်ရှင်မအားလုံးနဲ့ ဆိုင်ပါတယ် ခိုင်ခိုင်ရဲ့"

"မင်းကလည်း လေးလေးက စေတနာနဲ့ ပြောနေတဲ့ဥစ္စာ၊ နားထောင်ကွ"

"အိမ်ထောင်ရှင်မိန်းမတိုင်း ငွေတိုးချေးတဲ့ကိစ္စ၊ ငွေရှင်တွေကို ဘယ်လိုသဘောထားသင့်သလဲဆိုတော့ မိမိနဲ့ လိင်ဆန့်ကျင်ဘက် သူတစ်မ်းယောက်ျား ကောက်ကျစ်တဲ့လူမျိုးကို ဆက်ဆံပြောဆို နေရသလို အမြဲသတိကြီးကြီးထားရမယ်။ မဖြစ်နိုင်မှသာ ဆက်ဆံပြော၊ ချေးငှားသင့်တယ်"

"ငွေတိုးပေးစားသူနဲ့ ဆက်ဆံရာမှာ ငွေတိုးချေးတဲ့ကိစ္စကို ရင်ဆိုင်ရတော့မယ်ဆိုခဲ့ရင်လည်း ကိုယ့်ကိုယ်ကိုယ် အမျိုးသမီးကောင်း



တစ်ယောက် ကျင့်ကြံနေထိုင်သလို သတိကြီးစွာနဲ့ ထိန်းသိမ်းနေထိုင်ရမယ်။ ဥပမာပေး ရိုင်းသွားရင် နားနဲ့မနာ ဖဝါးနဲ့နာပါ ခိုင်ခိုင်။ အကြွေးချေးလို့ရတိုင်း လွယ်လွယ်ပေါ့ပေါ့ ချေးတတ်တဲ့ မိန်းမ (လူ) ဟာ ခေါ်သူရှိတိုင်း လွယ်လွယ်ပါတဲ့ မိန်းမပေါ့၊ မိန်းမပျက်တို့ ရောဂါပိုးတွေရဲ့ အနှိပ်စက်ခံရသလိုပဲ။ ခံစားရတတ်တယ်။ ဥပမာပြောတာနော်။ ဥပမာက ရိုင်းရင် သည်းခံကွာ။

တကယ်တမ်းကျတော့ အကြွေးကင်းသူဆိုတာ ရှားပါတယ်။ ကုမ္ပဏီကြီးတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ အို...သမီးရယ် ကမ္ဘာမှာပဲကြည့်၊ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံလေးတွေက ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေဆီက ချေးရ ငှားရ အထောက်အပံ့ယူကြရတာပဲ။ ဦးက အကြွေးကို လုံးဝမယူကြနဲ့လို့ ပြောတာ မဟုတ်ပါဘူး။ မတတ်သာလို့ ချေးရပြီဆိုရင် များများချေးလို့ရတာကို ဝမ်းမသာလေနဲ့သမီး၊ ကိုယ်ပြန် ဆပ်ရမယ့်ငွေ များနေပြီဆိုတာကို ပေးရမယ့်အတိုးပါ တွက်ချက်စဉ်းစားပြီးမှချေး။

အဲလို မဟုတ်ဘဲ ချေးလို့ရမယ့်ငွေ များတာကြည့်ပြီး မိန်းမပေါ့လို ရှေ့နောက် ရေရှည်မတွေးဘဲ လွယ်လွယ်နဲ့ ချေးလိုက်ရင် ဒုက္ခပေးလာကြမယ့် ရောဂါပိုးမွှားရဲ့အန္တရာယ်ကို ထည့်မစဉ်းစားဘဲ ခေါ်ရာပါတဲ့ မိန်းမတွေ ရောဂါရဲ့ဖိစီးနှိပ်စက်မှုကို လည်းစင်းခံကြရသလိုပဲပေါ့။

အတိုးတွေ စာချုပ်တွေရဲ့ ဒုက္ခပေးတဲ့ သောကတွေကို မလွဲမသွေ ကြုံကြရမှာပဲ ခိုင်ခိုင်ရေ။ အကြွေးရရင် ဆင်သက်စေ့ ယူပစ်လိုက်မယ်ဆိုတဲ့ စိတ်မျိုးလုံးဝမမွေးနဲ့။ သန်းထူရင် မယားဘူး။ ကြွေးထူတော့ မပူဘူးဆိုတဲ့ စကားကိုလည်း မယုံစားလေနဲ့။ ဆင်ဖြူပျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို ကြွေးရှင်ကို ရှောင်ရတဲ့ဒုက္ခ၊ ထိပ်တိုက်တွေ့ပြီဆိုမှဖြင့် ခြေမကိုင်မိ လက်မကိုင်မိ မျက်နှာပူရတဲ့ အနေဆင်းရဲမှု၊ ကြွေးရှင်က မညှာမတာ ပက်ပက်စက်စက် မှိုချိုးမှုပ်ချိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောလာရင်ခေါင်းငုံ့ခံရတဲ့ ဝဋ်ကြွေးတွေကို သေးတယ်များ မထင်လေနဲ့သမီး၊ အိပ်မပျော်စားမဝင် နေမထိ ထိုင်မသာခံစားရတဲ့ ဝေဒနာဆိုးတွေကို ကြုံဖူး ခံစားဖူးမှ သိကြတာ သမီးရဲ့။

ဒါကြောင့် အိမ်ရှင်မဖြစ်လာရင် ကြွေးမြီးကင်းရှင်းရေးကို ဦးစွာကျင့်ကြံအားထုတ်၊ အလိုဆန္ဒတွေ များလာရင် ကြီးလာရင်၊ ကြွေးတင်ဖို့ နီးလာပြီမှတ်။ အဲလိုဆန္ဒတိုင်းကို ဖြစ်ပေါ်လာမယ့် ပြဿနာကို တွက်ချက်ပြီးမှ အကောင်အထည်ဖော်သင့်တယ်။ ငွေကြေးရဲ့ အပေါ်မှာလည်း ကိုယ့်လင်သားအပေါ်မှာထားတဲ့ စိတ်မျိုးထားဖို့ မမေ့နဲ့။ သုံးတာကို ပြောတာမဟုတ်ဘူးနော်။ ဖြုန်းမိတဲ့အခါမှာ ထားရမယ့် စိတ်ကို ပြောတာ သမီးရဲ့။ သုံးတာနဲ့ဖြုန်းတာ မတူဘူးနော်။

မိမိလင်သား တစ်ပါးသူရဲ့ရင်ခွင်ထဲကို ရောက်သွားမှာ စိုးရွံ့ကြတယ် မဟုတ်လား။ မိမိလက်ထဲကငွေ တစ်ပါးသူရဲ့ပိုက်ဆံ အိတ်ထဲကို ရောက်သွားမှာကို အလဟဿ အဓိပ္ပာယ်မဲ့စွာနဲ့ ရောက်သွားခံရမှာကိုလည်း ကြောက်ရွံ့တတ်ရမယ်။ ရှောင်ကြရမယ်။

မိမိလက်ထဲမှာ ငွေကြေးကို ခိုင်ခိုင်မြဲမြဲ ရှိနေအောင် ခြိုးခြံချွေတာမှုနဲ့ ထိန်းသိမ်းထားနိုင်ရမယ်။ မိမိအိမ်မှာ လင်ယောကျ်ားမားမားမတ်မတ် ရှိနေချိန်မှာ စိတ်လုံခြုံမှုအပြည့် ရှိနေတာကို ခံစားဖူးကြမှာပါ။ မိမိပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံအပြည့်ရှိနေတဲ့အချိန်နဲ့ မတူပေဘူးလား။ ဒီတော့ မိမိစိတ်အေးချမ်းလုံခြုံနေအောင် ငွေကြေးကို မိမိပိုက်ဆံအိတ်ထဲက အကြောင်းမဲ့ မထွက်ရအောင် ထိန်းပါ။

ဘယ်ပစ္စည်း ဘယ်အရာဝတ္ထုဖြစ်ဖြစ် မိမိအိမ် မိမိလက်ထဲကို ရောက်လာတာ အချိန်ကြာသွားရင် ဟောင်းသွားရိုးသွားစမြဲပါပဲ။ ငွေကြေးဆိုတဲ့အရာမျိုးက ဘယ်လောက်ပဲကြာကြာ အရောင်အသွေး ဟောင်းတယ်ပဲထား၊ တန်ဖိုးနဲ့အရှိန်အဝါဂုဏ်သတ္တိက လျော့မသွားဘဲ စိတ်ရဲ့လုံခြုံမှုကို ပေးမြဲပေးနေမှာပါ။ ကန်ဟာ ရေရှိမှ တင့်တယ်သလို အိမ်ထောင်တိုင်းမှာလည်း ငွေကြေးပြည့်စုံနေမယ်၊ ရှိနေမယ်ဆိုရင်



သာယာအေးချမ်းလို့ ပျော်ရွှင်နေမှာ သေချာပါတယ်။ ငွေရှိရင် အရာရာ ပြည့်စုံတယ်ဆိုတဲ့ စကားရှိနေတယ်မဟုတ်လား ခိုင်ခိုင်ရယ်။

ငွေကို အတိုးနဲ့ ချေးလို့ရတိုင်း အတိုးမကြောက် စာချုပ်မကြောက်၊ ချေးရဲ ငှားရဲတဲ့ မိန်းမဟာ ခေါ်ရာပါတဲ့ မိန်းမပေါ့နဲ့ တူတယ် သမီး၊ မိန်းမပေါ့နဲ့ မတူအောင် ငွေချေးတဲ့အကျင့်ကို အတတ်နိုင်ဆုံးရှောင်ပါ”

“ဒုန်း ... ဒုန်း၊ ဒုန်း ဒိုင်း ... ဒိုင်း ...”

အဲဒီအသံက ကျွန်တော့်စကားမပြီးခင် အိမ်ထဲ ခြေဆောင့်ဝင်သွားတဲ့ ခိုင်ခိုင့်ခြေသံဖြစ်ပါတယ်။ ငါ လူကြီးသူမပဲဆိုတဲ့စိတ်နဲ့ ကရုဏာဒေါသော ဆုံးမလိုက်မိတဲ့ ကျွန်တော့်စကားကို အိမ်ရှင်မတွေကတော့ဖြင့် စေတနာကိုမမြင် ဥပမာမယဉ်မကျေးတယ်လို့ အထင်သေး အပြစ်မြင်ကြပေဦးတော့မယ်ထင်ပါရဲ့။ ကျွန်တော် မတတ်နိုင်တော့ပါ။ ကျွန်တော် မတတ်နိုင်တော့ပါ။ နှုတ်လွန်သွားပြီမို့ အသက်ကြီးလာလို့ ပစိပစပ်များလာတာလို့ပဲ သတ်မှတ်ကြပါကုန် ...။

(VIOLET) ဂျာနယ်မှ

ဇန်နဝါရီလ ၂၃ ရက်၊ ၂၀၀၇ ခုနှစ်

●

www.burmeseclassic.com

# ကိုယ့်မျက်စိကိုသာ ဦးစွာ မျက်စဉ်းခတ်ပါ

ဘုရားရှင်လက်ထက်တော်အခါက သူ့အသက်တမျှ ချစ်မြတ်နိုးရတဲ့ သားတော်လေး သေဆုံးရှာလို့ သောကမီးတွေ ဟုန်းဟုန်းတောက်နေရရှာတဲ့ အပူသည်မလေး ကိသာဂေါတမီအကြောင်းကို ကြားနာဖတ်ရှုဖူးကြမှာပါပဲ။

• ဗုဒ္ဓရှင်တော်မြတ်ဘုရားက ကိသာဂေါတမီကို တရားရေအေးတိုက်ကျွေးရာမှာ ထိရောက်မှုရှိအောင် သာဓကဆောင်နိုင်ဖို့ ကိသာဂေါတမီကို လူမသေဖူးသေးတဲ့ အိမ်က မုန်ညင်းဆီ အရှာခိုင်းခဲ့တယ်လေ။

လူမသေဖူးတဲ့ အိမ်ရယ်လို့ ရှိမှမရှိတာ။ လူမသေဖူးတဲ့ အိမ်က မုန်ညင်းဆီ ရှာမရခဲ့ဘူးပေါ့။ အဲဒီသဘောနဲ့ ထပ်တူလိုပါပဲ။

ပြဿနာနဲ့ ကင်းတဲ့လူ၊ ပြဿနာမရှိတဲ့လူဆိုတာ ဘယ်မှာ ရှိနိုင်မှာလဲ။ အသင်းအဖွဲ့၊ လူ့အသိုင်းအဝိုင်း၊ ဆွေမျိုးမိသားစု အသိုက်အမြုံတွေကြားမှာ ပေါ်လာရတဲ့ ပြဿနာဆိုတာ လူအများနဲ့မို့ ထားလိုက်ပါ။ လူအမျိုးမျိုး စိတ်အထွေထွေလို့ ဆိုထားတာပဲ။ အထွေထွေဆိုကတည်းကိုက ကွဲပြားမှုမတူတာတွေ ရှိနေပြီ။ မတူညီခြင်းဟာ ပြဿနာရဲ့အစ မတူညီကြလို့ဖြစ်တာ သဘာဝတရားပဲ။



သူတစ်ပါး မပါ၊ မိမိ တစ်ဦးတစ်ယောက်တည်းမှာရော ပြဿနာက ကင်းရဲ့လား။ ဒွိဟစိတ်နဲ့ အမြဲလိုလို ပြဿနာနဲ့ ရင်ဆိုင်နေကြရတာပါပဲ။ "ဒီကိစ္စကို ငါလုပ်ရမယ်။ လုပ်ကို လုပ်မှဖြစ်မယ်။ ဟာ ... ငါ လုပ်လို့မဖြစ်သေးပါဘူး။ ငါ ဒီလိုကြီး လုပ်ချလိုက်ရင် ဟိုလိုတွေ ဖြစ်မလာနိုင်ဘူးလား။ အို ... ဘာဖြစ်ဖြစ် ဒီလို ပြတ်ပြတ်သားသားလုပ်ဖြစ်မှ ကိစ္စပြတ်သွားမယ်။"

စဉ်းစားဦးနော်။ ကိစ္စပြတ်တယ်ဆိုတာ လတ်တလော စိတ်ထက်သန်နေတုန်းပြောတဲ့စကား။ တကယ် ပြတ်ဖို့ကျတော့ "အပြောလွယ်ပေမယ့် လက်တွေ့မှာ အငိုလွယ် အရှိုက်ခတ်သတဲ့" အဲဒီလိုမျိုး ပြဿနာပေါ့။ ဒါက အများနဲ့မဟုတ်၊ မိမိတစ်ယောက်တည်း တက်နေရတဲ့ ပြဿနာ။

ကြီးမားတဲ့ စီးပွားရေး၊ လူမှုရေး ပြဿနာတွေကို မဆိုနဲ့ဦး။ ဘာမဟုတ်တဲ့၊ အလွန်ကို သေးနုပ်လှတဲ့ ပြဿနာလေးတွေကို သာဓက ပြပါမယ်။

အချိန်တွေပိုနေ အားနေလို့ ကိုယ်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ ပျင်းနေရတဲ့အချိန်၊ တန်ဖိုးရှိရှိ အသုံးချဖို့ မလိုသေးတဲ့ အချိန်ပိုကာလတွေ ရှိတတ်ကြတယ်။ ခင်တဲ့ သူငယ်ချင်း အိမ်တစ်အိမ်ကို သွားလည်ချင်တဲ့ ဆန္ဒပေါ်လာတယ်။ သွားလည်လိုက်မယ်ပေါ့။

ဒါပေမဲ့ သူကလည်း ရှိချင်မှရှိနေမှာ၊ "သွားမနေပါနဲ့ကွာ"၊ "မသွားတော့ဘူး" ဆုံးဖြတ်ပြီးကာမှ စကားပြောချင်စိတ်က ပြန်ပေါ်လာပြန်တယ်။ ဒီတော့ သူမရှိတော့လည်း ပြန်လာလိုက်တာပေါ့။ သွားမယ်ဆိုတဲ့စိတ် ဖြစ်လာပြန်တယ်။ အပြင်လှမ်းကြည့်တော့ နေက ခြစ်ခြစ်တောက်ပူလို့၊ ဟာ ... သူမရှိလို့ ပြန်လာရရင် နေက ဒီလောက်ကြီး ပူနေတာ။

အဲဒီလိုမျိုး ဘာမဟုတ်တဲ့ အသေးအဖွဲ့ပြဿနာမျိုးကို ပြောတာ၊ ဖစားအသောက်နဲ့လည်း အဲဒီလို ပြဿနာလေးတွေ တက် တတ်

www.burmeseclassic.com

www.burmeseclassic.com



သေးတာပဲမဟုတ်လား။ စားကလည်းစားချင်၊ ကိုယ့်ရောဂါနဲ့ကလည်း မတည့်၊ ဖြစ်ချင်ရာဖြစ် ဇွတ်စားမိလိုက်ပြီးမှ ရောဂါပဲ တိုးလာသလိုလို စိတ်ကဖြစ်လာ၊ ကိုယ့်ကိုယ်ကိုယ် စိတ်အလိုလိုက်ရကောင်းလားလို့ နောင်တရ၊ ဒေါသဖြစ်။ ဒါတွေဟာ ကိုယ်တစ်ယောက်တည်း ဖြစ်နေရတဲ့ ပြဿနာတွေပဲ မဟုတ်လား။

မိမိသိပ်ကိုချစ်ခင်ပြီး သံယောဇဉ်ကြီးရတဲ့ မိသားစု၊ မိတ်ဆွေတွေအကြားမှာ မထင်မှတ်ဘဲ ကြေကွဲစရာ ခံပြင်းနာကြည်းပြီး တမြည့်မြည့် ခံစားရတဲ့ အထင်အမြင်လွဲမှားမှုပေါ်မှာ အပြစ်မြင်ပြီး ပေါ်ပေါက်လာရတဲ့ ပြဿနာမျိုးတွေ ရှိလာတတ်ကြပါတယ်။

ခိုင်မြဲတဲ့ သံယောဇဉ်အနှောင်အဖွဲ့တွေ ကျိုးပဲ့ပြတ်တောက်သွားကြရတဲ့အထိ ပြဿနာက တစ်စ တစ်စ ပိုပိုကြီးထွားလာတတ်တယ်။ အဖြေမှန်ကို မဖော်ထုတ်နိုင်သေးသရွေ့ သံသယအပေါ်သံသယဆင့်ပြီး သေကုန်ကြတဲ့အထိ ဆက်စပ်မရ ဖြစ်တတ်ကြတဲ့သာဓကတွေ လောကကြီးမှာ အများကြီးရှိပြီးခဲ့ကြပြီ။ ဒါကြောင့်ပြဿနာပေါ်လာရင် ပြဿနာစက်ကွင်းထဲမှာပါ ရှိနေကြတဲ့ လူအားလုံးက ဒီပြဿနာကို ချေဖျက်နိုင်ကြဖို့၊ ခွင့်လွှတ်နိုင်ကြဖို့ အသီးသီးတာဝန်ရှိကြတယ်။ ကြိုးစားချေဖျက်ယူကြပါ။

ဒီပြဿနာ စက်ကွင်းထဲမှာ ပါဝင်နေကြသူ အားလုံးက သူတစ်ပါးအပြစ်ကိုချည်း ပုံကြီးချဲ့တွေးမနေဘဲ၊ သူတစ်ပါးအပေါ်ကိုချည်း အပြစ်တွေ တရစပ်ပုံဖို့ မနေကြဘဲ 'ငါကရော' ဆိုတဲ့ အတွေးမျိုးကို တွေးဖြစ်အောင် တွေးယူကြည့်လိုက်ပါ။

ငါ့ရဲ့ ချို့ယွင်းချက်နဲ့ မှားယွင်းမှုတွေကရော အခုဖြစ်ပေါ်လာရတဲ့ ပြဿနာထဲမှာ အချိုးအစားအားဖြင့် ဘယ်လောက် ပါဝင်နေသလဲဆိုတဲ့ သုံးသပ်မှုမျိုးကို မိမိကိုယ်မိမိ နှစ်ကိုယ်ခွဲပြီး သတ္တိရှိရှိစစ်ဆေး သုံးသပ် ကြည့်လိုက်စမ်းပါ။ အဲဒီလို မင့်မညာသုံးသပ်မှုရဲ့တန်ဖိုးကြီးမားမှုကို လက်တွေ့ခံစားရပါလိမ့်မယ်။



ဥပမာ ချိန်ခွင်တစ်ဖက်ပေါ်မှာ ထည့်ချိန်တဲ့ အလေးချိန် သိလိုတဲ့ပစ္စည်းရှိမယ်။ ကျန်တစ်ဖက်ပေါ်မှာတော့ အဆုံးအဖြတ်ပေးရမယ့်အလေးတွေရှိနေမယ်။

မိမိတစ်ပါးသူအပေါ် သံသယနဲ့ စွပ်စွဲထားချက်နဲ့ ဖြစ်ပေါ်ခံစားနေရတဲ့ နာကြည်းနေရမှုကဲ (ပစ္စည်း)ဆိုပါစို့။ ကျန်တစ်ဖက်မှာကသံသယကို ချေဖျက်ဖို့၊ အာဃာတကို ပယ်နုတ်နိုင်ဖို့ (အလေး)။ မိမိကအချိန်တိုင်းဖြည့်ဖို့နေလို့ (ပစ္စည်း) အာဃာတအမုန်းတွေ ထည့်ထားတဲ့ ချိန်ခွင်ဘက်မှာ ချိန်ခွင်လျှာထွက်နေတာ၊ အလေးသာနေတာကတစ်နေ့ထက် တစ်နေ့ ဟိုးအဆုံးထိ စောင်းကျနေပြီနော်။

အမုန်တရားဘက်မှာ ချိန်ခွင်လျှာ လုံးဝကို မရှိတော့ဘူး။ အဲဒီလို တစ်ဖက်စောင်းနင်းကြီး ဖြစ်နေစမ်းပါစေ။ စောစောက ပြောခဲ့သလို မိမိအပြစ် အားနည်းချက်ကို မင့်မညာ သတ္တိရှိရှိ ရှာဖွေနိုင်ခဲ့လို့မိမိအပြစ် အားနည်းချက်ကို ဘွားခနဲ တွေ့လိုက်ပြီဆိုတာနဲ့...။

မိမိ နေ့စဉ် စုပြုံထည့်နေခဲ့တဲ့ ချိန်ခွင်ဘက်က (ပစ္စည်း) အာဃာတ အမုန်းတွေကို ချိန်ခွင်ပေါ်ကနေ ဆွဲထုတ်ယူချလိုက်သလိုမျိုးချိန်ခွင်လျှာဟာ အမုန်တရား (အလေး) တွေ ထည့်ထားတဲ့ဘက်ကိုတစ်မုဟုတ်ချင်း ရောက်ချသွားပါလိမ့်မယ်။

မိမိရင်ထဲက အာဃာတနဲ့ အမုန်းတရား နာကြည်းခံပြင်းမှုတွေဟာလည်း ချိန်ခွင်ပေါ်မှာ ထည့်ထားတဲ့ပစ္စည်းတွေကို ဆွဲနုတ်ယူလိုက်သလို အမြန်ဆုံးပျောက်ကွယ် ပေါ့ပါးသွားပြီး မိမိတစ်ပါးသူတွေအပေါ်မှာ ထားရှိစွပ်စွဲမိနေတဲ့ သံသယနဲ့ အမုန်းတရားတွေအစားချစ်ချစ်ခင်ခင် လုံးလုံးထွေးထွေး ယုယုယယရှိနေခဲ့ကြစဉ် အနစ်နာခံခဲ့ကြပုံတွေ ကြင်နာခဲ့ကြပုံတွေ စည်းရုံးခဲ့ကြပုံတွေ စတဲ့ စတဲ့ ပုံရိပ်တွေ အလျှင်အမြန် ထင်ဟပ်လာပြီး သံယောဇဉ်တွေ ပြန်လည် ရှင်သန်လာကြပါလိမ့်မယ်ဆိုတာ ရဲရဲကြီး ယုံကြည်လိုက်ပါ။

အခန်းတစ်ခန်းထဲမှာ လူငါးယောက်တိတိရှိကြမယ်။ အဲဒီလူ

www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ထဲကမှ လူတစ်ယောက်ကို ဒီအခန်းထဲမှာ လူ ဘယ်နှယောက် ရှိပါသလဲလို့ ရေတွက်ခိုင်းပြီဆိုပါတော့။ ရေတွက်သူက (တစ်၊နှစ်၊သုံး၊လေး) ဆိုပြီး စိတ်နဲ့ဖြစ်ဖြစ်၊ ပါးစပ်က အသံထွက်ပြီးဖြစ်ဖြစ် ရေတွက်ပြီဆိုပါတော့။

ဒီအဖြေဟာ မှန်ပါရဲ့လား။ ဒီအခန်းထဲမှာ ရှိနေကြတဲ့ လူက ငါးယောက် မဟုတ်ပါလား။ ဒီငါးယောက်ထဲက ဘယ်သူ့ကိုပဲ ရေတွက်ခိုင်း ရေတွက်ခိုင်း (တစ်၊ နှစ်၊ သုံး၊ လေး) ဆိုတဲ့ အဖြေသာ ရရှိနေသရွေ့ အဖြေမှားပဲ ဖြစ်နေမှာပါပဲ။

တစ်ယောက်ယောက်က (တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး) ရယ်လို့ အဖြေထွက်အောင် ရေတွက်ပြ နိုင်မှသာ တိကျမှန်ကန်တဲ့ အဖြေမှန်ကို ရရှိလာမှာဖြစ်ပါတယ်။ အဲဒါဘာကြောင့်လဲ။

တစ်၊ နှစ်၊ သုံး၊ လေး ဆိုတဲ့ အဖြေကို ရနေသူတွေဟာ ဒီထဲမှာ သူ့ကိုယ်သူ ထည့်မရေတွက်ကြဘဲ ကျန်လူတွေကိုသာ လက်ညှိုးထိုး အသားပေး ရေတွက်နေခဲ့ကြလို့ပဲ မဟုတ်ပါလား။

တစ်၊ နှစ်၊ သုံး၊ လေး၊ (ငါး) ဆိုတဲ့ အဖြေမှန်ကို ရရှိသူက ဒီအခန်းထဲမှာရှိနေတဲ့၊ ပါဝင်နေတဲ့ သူ့ကိုယ်သူပါထည့်သွင်း ရေတွက်နိုင်ခဲ့လို့ မှန်ကန်တိကျတဲ့အဖြေကို ရရှိခြင်းပဲ ဖြစ်ပါတယ်။

အဓိက တင်ပြချင်တဲ့အကြောင်းက အဲဒါပါ။ ပြဿနာ တစ်စုံတစ်ရာ ပေါ်လာတဲ့အခါမှာ မိမိပါ ဒီပြဿနာ စက်ကွင်းထဲမှာရှိနေ၊ ပါနေခဲ့မယ်ဆိုရင် မိမိဟာ ဘယ်ထောင့် ဘယ်နေရာမှာ ရှိနေသလဲ။ မိမိရဲ့ မှားယွင်းမှု၊ ချွတ်ယွင်းချက်၊ ပြုမှားမိတဲ့ အမှားတွေ ဘယ်အချိုးအစားနဲ့ ဒီပြဿနာပေါ်လာစေဖို့ ပါဝင်နေခဲ့သလဲဆိုတာတွေကို မိမိကိုယ်မိမိ ခွင့်မလွှတ်ဘဲ၊ လျှော့မတွက်ဘဲ သတ္တိရှိရှိ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။

ပြဿနာရဲ့ အဖြေမှန်ဟာ အလင်းအားနဲ့အတူတူပါပဲ။ အလင်းအားကောင်းလေလေ၊ အမှောင်ထု လွင့်ပြယ်ရလေမဟုတ်လား။



အဖြေမှန်ရလာတာနဲ့အမျှ ထင်မြင်လွဲမှားမှုက ကြီးထွားလာနေကြတဲ့ အမုန်းတရား၊ အာဃာတတရားတွေ အမြန်ဆုံး ကွယ်ပျောက်လွင့်ပြယ်ကုန်ကြရပြီး၊ သူတို့ရဲ့အောက်မှာ ငုပ်လျှိုး တိမ်မြုပ်နေခဲ့ကြရတဲ့ မေတ္တာအနှောင်အဖွဲ့ခိုင်မြဲတဲ့ သံယောဇဉ်တွေဟာ ပြန်လည်ရှင်သန်နိုးထလာကြမှာ ကေန်မုချ ဖြစ်ပါတယ်။ ပျောက်ဆုံးနေခဲ့တဲ့ အဖိုးထိုက် ရတနာတွေဆိုတာ ဘယ်အချိန်၊ ဘယ်ကာလမှာပဲ ပြန်တွေ့တွေ့ တန်ဖိုး နိမ့်ကျမသွားပါဘူး။ မိတ်ကောင်း ဆွေကောင်း၊ ဆွေကောင်း မျိုးကောင်းတွေ ဆုံးရှုံးကြရတာဟာ ရတနာပစ္စည်း ဆုံးရတာထက် နစ်နာဆုံးရှုံးမှု ကြီးမားပါတယ်။

အဆွေခင်ပွန်းကောင်းတွေ မဆုံးရှုံးကြရအောင် အဖြေမှန်ကို ရှာကြပါ။ မိမိကိုယ်မိမိ ဘယ်တော့မှ အပြစ်ထဲက ဖယ်မထွေးပါနဲ့။

ကြည်လင်အေးမြပြီး စူးရှထက်မြက်တဲ့ အမြင်အာရုံကို ရရှိချင်ရင် သူတစ်ပါးရဲ့မျက်စိကို မျက်စဉ်းသွားခတ်ဖို့ မကြိုးစားပါနဲ့။ အချည်းနှီးသာ ဖြစ်ပါလိမ့်မယ်။

မိမိမျက်စိကိုသာ မျက်စဉ်းခတ်ပါ။ အစွမ်းထက်တဲ့ မျက်စဉ်းကောင်းကို ခတ်နိုင်ဖို့ ကြိုးစားပါ။

ဖေဖော်ဝါရီလ ၁၇ ရက်၊ ၂၀၀၉ ခုနှစ်
ပေါ်ပျူလာဂျာနယ်

●

www.burmeseclassic.com

www.burmeseclassic.com

# လူညာကြီးကို သတိထား

လူတွေဟာ ကိုယ့်ကိုယ်ကိုယ် အမှန်မမြင်တတ်ကြဘဲ အရာရာတိုင်းလိုမှာ "ငါဟုတ်တယ်။ ငါမှန်တယ်၊ ငါသိတယ်၊ ငါတတ်တယ်၊ ငါကသူများထက် သာတယ်၊ သူများထက် တိကျ ထက်မြက်တယ်၊ သူတကာထက် အမြင်စူးရှတယ်။ သူတကာထက် နူးညံ့တယ်။ သူတကာထက် စိတ်ကောင်းရှိတယ်။ သူတကာထက် သည်းခံတတ်တယ်။ သူတကာထက် ခွင့်လွှတ်တတ်တယ်" လို့ကို ယုံကြည်နေတတ်ကြတယ်။ ဟုတ် မဟုတ်ကို ပြန်စဉ်းစားသူ မရှိသလောက်ဘဲ။

တချို့လူတွေဆိုရင် ထင်ရုံတင်မကဘဲ ဘဝင်ပါ မြင့်ကုန်ကြတာမို့ ပတ်ဝန်းကျင်နဲ့ အဆင်မပြေ သဟဇာတမဖြစ်အောင်ထိ ဖြစ်နေကြတော့တယ်။ ဒီလိုဖြစ်အောင် သွေးထိုးမြှောက်ပင့်ပေးနေတဲ့ သိပ်ကို ပိပိရိရိနဲ့ လိမ်ညာတတ်တဲ့ "လူညာကြီး" က ရှိကို ရှိနေတယ်။

ဒီမယ် မိတ်ဆွေ ခင်ဗျားရဲ့ ဘဝတစ်လျှောက်လုံး သူများတကာတွေ ခင်ဗျားကို ညာခဲ့ကြသမျှ အခုညာနေကြသမျှ အကြိမ်အခါတွေကို စုပေါင်းရေတွက်နိုင်ခဲ့ရင်တောင်မှ အဲဒီလူညာကြီး ခင်ဗျားကို ညာလာ လိမ်လာခဲ့တဲ့ အကြိမ်အရေအတွက်ကို ဘယ်လိုမှ မီနိုင်မှာ မဟုတ်ဘူး။ အဲဒါ သိပ်ကို မှန်ကန်တဲ့စကားပါပဲလို့ ခင်ဗျားကိုယ်တိုင် ဝန်ခံရလိမ့်မယ်။



ခင်ဗျား ပြန်စဉ်းစားကြည့်လိုက်ပါလေ။ သူများတွေ ခင်ဗျားကို ညာဖို့ လိမ်ဖို့ဆိုတာက ခင်ဗျားနဲ့ လိမ်ညာမယ့်လူနဲ့ အကြောင်းတိုက်ဆိုင်လာကြမှ မဟုတ်လား။ ဥပမာဗျာ—မမျှော်လင့်ဘဲ လမ်းခရီးမှာ ဆုံမိကြလို့ အလိမ်ခံလိုက်ရတာမျိုး၊ ရထားပေါ်၊ ကားပေါ်၊ သင်္ဘောပေါ်တွေမှာ လမ်းခရီးကြုံပြီး အကြောင်းကိစ္စတစ်ခုခုကြောင့် အညာမိသွားတာမျိုး ရေစက်ဆုံပြီး ရင်းနှီးခင်မင်ကြမယ်။ စီးပွားရေးတွေ အတူ ဖက်စပ်လုပ်ဖြစ်ကြမယ်။ အညာခံလိုက်ရတယ်။ သားရေးသမီးရေး အလုပ်အကိုင် နေရာကောင်း ရစေချင်ကြလို့ လာဘ်ပေးလာဘ်ယူ လုပ်မိပြီး အညာခံရမယ်။ ပစ္စည်းပစ္စယပေါ်မှာ အချောင်လိုချင်စိတ်ဆန္ဒတွေနဲ့ လောဘကြောင့် အလိမ်ခံအညာခံရပုံ အမျိုးစုံတွေအားလုံး စုပေါင်းရေတွက်ကြည့် လူညာကြီး ညာနေတာတွေကို ဘယ်လိုမှမမီပါဘူးဆိုတာ သိပ်သေချာတယ်။

တွက်လို့ရတာက လူတစ်ယောက်ဟာ ဘယ်လို အကြောင်းမျိုးတွေနဲ့ပဲ လာညာ လာညာ ဘယ်နှခါ ညာနိုင်မှာလဲ။ ဘယ်နှခါကော ညာလို့ရနိုင်မှာလဲ။ လွန်ရောကျွံရော လေးငါးခါပေါ့။ အဲဒီအကြိမ်လောက် ညာလို့ရသွားရင်လည်း ခင်ဗျားဟာ အလွန်မှ မှတ်ဉာဏ်နည်းသူ အမှတ်သညာမရှိဘူးလို့ကို အကဲ့ရဲ့ခံရတော့မှာ။ သုံးမရအောင် အတဲ့သူဖြစ်သွားပြီ။ အခု အဲဒီ လူညာကြီး ခင်ဗျားကို လိမ်ညာနေတဲ့ အကြိမ်ပေါင်းကိုတော့ဖြင့် ခင်ဗျား ဘယ်လိုမှ မှတ်မိနိုင်စရာ အကြောင်းမရှိဘူး။ လွယ်ကို မလွယ်တာ။ အိုဗျာ ကွန်ပျူတာနဲ့ မှတ်ထားဖို့တောင် မလွယ်ပါဘူးဆို။ ပတ်ဝန်းကျင်ကလည်း အဲဒီ လူညာကြီး ခင်ဗျားကို ဘယ်နှကြိမ် ဘယ်နှခါ ညာနေ ညာနေ ကဲ့ရဲ့ကြဖို့ဝေးလို့ သိတောင် သိကြမှာမဟုတ်ဘူး။ သူများထားလို့ ခင်ဗျားကောသိမယ်များထင်သလား။ အဲဒီလူညာကြီး ခင်ဗျားကို ပိပိရိရိ ညာနေတာကိုပဲ ခင်ဗျားက တစ်ခါတလေ သိပ်ကိုကျေနပ်၊ သိပ်ကို ဘဝင်လေဟပ်နေဦးမှာ။ ပတ်ဝန်းကျင်က အဲဒီအခါမျိုးကျရင်တော့ မေး

www.burmeseclassic.com

www.burmeseclassic.com



တငေါ့ငေါ့နဲ့ မျက်စိစပါးမွေး စူးနေကြလိမ့်မယ် ခင်ဗျားကို။

မသိဘူး။ မသိနိုင်ဘူး။ လူညာကြီးခင်ဗျားကို လိမ်ညာ လှည့်ဖြားနေပုံက တကယ့်ကို သိဖို့မြင်ဖို့ မလွယ်တဲ့အပြင် ခင်ဗျားကိုယ်တိုင်ကလည်း အညာခံနေရတာကို အမှန်ထင်နေပြီး ပြန်လည်ဆန်းစစ်လိုစိတ်မှ မရှိတဲ့ဟာ။ အဲဒီလူညာကြီးရဲ့ ထူးခြားတဲ့စွမ်းအားကလည်း အဲဒီအချက်ပဲ။

ကြည့်ပါလား။ ခင်ဗျားကို သူတစ်ပါးက လိမ်သွားရင် ညာသွားရင် လုံးဝ ပြန်မသိဘူးဆိုတာ ရှိခဲ့လို့လား။ အချိန်ကာလ အတိုအရှည်ပဲ ကြာတာကွာမယ်။ အညာပေါ်တာပဲလေ။ အညာခံလိုက်ရပြီဆိုတာ သိလာရတာပါပဲ။ ဒီလူညာကြီး ညာတာတွေကျတော့ ခင်ဗျားဘဝက မြက်ခြောက်ကို မျက်မှန်စိမ်းတပ်ပြီး အကျွေးခံရတဲ့ မြင်းဘဝရောက်နေပြီကိုးဗျ။ မျက်မှန်စိမ်းကြောင့် မြက်ခြောက်ကို မြက်စိုထင်ပြီး မြိန်ရေ ရှက်ရေ ဝါးနေပြီမဟုတ်လား။ အဲဒီလို လူညာကြီးတွေရဲ့ အညာကို တချို့လူတွေများ သေသည်အထိ ခံသွားကြတာတွေ လူ့ဘဝမှာ အများကြီး အများကြီး။ ခင်ဗျားတော့ လူညာကြီးကို သတိထားစေချင်တယ်ဗျာ ... စေတနာနဲ့ ပြောတာပါ။

ဒါပေမဲ့ ပေါ့ပေါ့တန်တန်လေး သတိထားစဉ်းစားရုံနဲ့တော့ ဒီလူညာကြီးရဲ့ အလိမ်အညာတွေကို ခင်ဗျားမမြင်နိုင်ဘူးလို့ ကြိုပြောလိုက်မယ်။ သူများတွေ ညာကြ၊ လိမ်ကြတာတွေက ပိုက်ဆံတွေ ပစ္စည်း စိန်ရွှေရတနာတွေ နောက်ဆုံး သူတို့ ကျူးလွန်ခဲ့မိတဲ့ အပြစ်တွေက လွတ်အောင် ညာမယ် ဒါပဲ။ ဒီလူညာကြီး ခင်ဗျားကို ညာနေမှာတွေကတော့ စုံလို့ သိပ်သိရခက်တာ။

ခင်ဗျား သတိကြပ်ကြပ်ထား။ အဲဒီလူညာကြီးက ခင်ဗျားရဲ့စိတ်ကို လွှမ်းမိုးခြယ်လှယ်နိုင်စွမ်း သူ့မှာ အပြည့်ရှိတယ်။ မယုံမရှိနဲ့။ ခင်ဗျားရဲ့စိတ် သိမ်ငယ်ကြောက်ရွံ့နေတဲ့အခါ မလုပ်တတ် မကိုင်တတ် အားငယ်တုန်လှုပ် ကြောက်ရွံ့နေပြီဆိုပါတော့ လူညာကြီး



ပေါက်ချလာလိမ့်မယ်။ တည်ငြိမ်ရဲရင့်မှုအတုတွေနဲ့ (အတုတွေနော်) အစစ်မဟုတ်ဘူး။ ဘာနဲ့တူသလဲဆိုတော့ ရွှေ ငွေ ရတနာတွေ သိပ်လိုချင် တပ်မက်နေတဲ့သူဆီမှာ ပစ္စည်းအတုတွေနဲ့ လာလိမ်သလိုပေါ့

လူညာကြီးက ခင်ဗျားကို အတုတွေ လာထိုးပေးလိမ့်မယ်။ ခင်ဗျားက အစစ်တွေ အမှတ်နဲ့ အဲဒီအတု (တည်ငြိမ်ရဲရင့်ခြင်း) တွေနဲ့ ပြဿနာကို ရင်ဆိုင်ပစ်လိုက်တယ်။ ဒါပေမဲ့ အတုဟာ အတုပဲလေ။ ရွှေငွေ ကျောက်သံ ပတ္တမြား အတုတွေဟာ မှတ်ကျောက် အတင်မခံနိုင်ကြဘူး။ ဟန်ဆောင်ရဲရင့်ခြင်း အတုတွေဟာလည်း ဘယ်မှာ အောင်ပွဲခံနိုင်မှာလဲ ပြင်းပြင်းထန်ထန် ရင်ဆိုင်ဖြေရှင်းကြရတဲ့အခါမှာ ပြားပြားဝပ်ပြီပေါ့။ လူညာကြီးက ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ပတ်သက်ပြီးသာ ညာတာ မဟုတ်ဘူးဗျ။

မိတ်အလိုဆန္ဒ၊ ခံစားမှု ဝေဒနာတွေ၊ လူမှုရေးကိစ္စတွေမှာပါ ပါဝင် စွက်ဖက်ညာတတ်သေးတာ။ ခင်ဗျားရဲ့ ပင်ကိုစိတ်မှာ ပကတိ သာယာနေတယ်။ ကျေနပ်နေပါတယ်။ ဒါပေမဲ့ ဘေးပယောဂတွေရှိနေတော့ မျက်နှာကြီးကို အလိုမကျ စိတ်ပျက်ငြူစူနေတဲ့ပုံ အညာမျက်နှာကြီးလုပ်နေမိတဲ့အခါ ဘယ်သူက လာညာခိုင်းနေတာပဲလို့ ခင်ဗျားသိမှာ မဟုတ်ပါဘူး။

အဲဒီလို မျိုးတွေမှ အများကြီး အရှိတရားနဲ့ ဆန့်ကျင်နေရတာကို သတိပြုမိချင် ပြုမိမှာပေါ့လေ။ ဒါပေမဲ့ လူညာကြီးရဲ့ လွှမ်းမိုးခြယ်လှယ်နေမှုကြောင့် အဲဒီလို ဆန့်ကျင်လုပ်ကိုင်နေရတာကို ခင်ဗျားက 'မှန်တယ်။ ငါဒီလိုပဲ နေပြရမယ်။ နို့မဟုတ်ရင် ပေါ်သွားမှာပေါ့' လို့ ကျေနပ်နေမိတာ။ ရှိသေးတယ်။ (လူလိမ္မာအမျက် မပြင်မထွက်ရဘူးဆိုပြီး) ခင်ဗျားစိတ်ထဲမှာ တစ်စစီ တစ်စစီ အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ပြားချပ်အောင် အမှုန့်ဖြစ်သွားအောင် ထိနင်းချေပစ်ချင်တဲ့ လူတွေကိုလည်း ပြုံးချိုပြီး နူးညံ့ချိုသာနေတဲ့ စကား ယဉ်ယဉ်လေးတွေနဲ့ လိမ်ညာ ဆက်ဆံနေရတယ်။ ပုခက်တွင်းက လသားကလေး

www.burmeseclassic.com

www.burmeseclassic.com



သေးစိုရွဲပြီး အပွေ့ အချိမခံရဘဲ နို့ဆာလွန်းတဲ့အခါမှာ ပုရွက်ဆိတ်ကိုက်ခံရလို့ မျက်နှာကြီးရဲ့ အသားတွေတုန်ပြီး အာခေါင်ခြစ် ငိုတဲ့ အငိုမျိုးနဲ့ အဲဒီကလေးလို အော်ငိုချင်နေပေမယ့် ခင်ဗျားက ယမကာ ခွက်ထဲက ရေခဲတုံးနဲ့ ဖန်ခွက်နှုတ်ခမ်း ထိခတ်မိအောင် မွှေလှုပ်၊ ကလောင် ကလောင် မြည်လာတဲ့ ရိုက်ခတ်သံကို တီးလုံးအမှတ်နဲ့ နားဆင်ရင်း သီချင်းတစ်ပုဒ်ကိုညည်း။ ခံစားမှုအသစ် ဖန်တီး လိမ်ညာနေတာမျိုး၊ ဘာမှ မခံစားရတဲ့ စတိုင်နဲ့ပေါ့။

အိုဗျာ ... ရင်ထဲက ဆန္ဒအစစ်အမှန်တွေနဲ့ ဆန့်ကျင်ဘက် သရုပ်သကန်တွေနဲ့ အမြဲညာနေမိအောင် ခင်ဗျားဘဝမှာ အမှန်တကယ် မလွဲမသွေ လုပ်ဆောင်ရမယ့် တာဝန်ဝတ္တရားတွေကို ဟိုဟာအကြောင်းပြ ဒီဟာအကြောင်းပြ ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ ညာနေတဲ့ ဆင်ခြေဆင်လက်တွေအားလုံးဟာ လူညာကြီးက ခင်ဗျားအတွက် ရှာဖွေသယ်ဆောင်လာတဲ့ "အကြောင်းတရား" အတုတွေချည့်ပဲ။ အစစ်အမှန်တွေ မဟုတ်ကြဘူး။ ခင်ဗျား အရသာပျက်မှာ ကြောက်ပြီး မျက်မှန်စိမ်းကြီးကို ဆက်တပ်မနေနဲ့လေ။ ပိုက်ဆံကုန်တာ နှမြောတတ်ကြပေမယ့် အချိန်ကို နှမြောသူသိပ်ရှားတာ။

ဒီမယ် မိတ်ဆွေ မြဲမြဲမှတ်ထား။ ဗုဒ္ဓက မိမိကိုယ်မိမိ ကိုးကွယ်အားထားရမယ်လို့ မဟာကရုဏာတော်နဲ့ မှာကြား ဆုံးမခဲ့တယ်။ ဒီတော့ နံပါတ် (၁) ကတော့ မိမိကိုယ်ပဲပေါ့။ နံပါတ် (၂) ကတော့ အချိန်ကာလပါပဲ။ (၃) ကတော့ အသိဉာဏ်ပညာဆိုတာ မြဲမြဲ မှတ်ထားသင့်တယ် ကိုယ့်လူရေ ... မေ့မနေနဲ့။

မိမိကိုယ် မိမိအားကိုးပြီး အသိဉာဏ်ပညာနဲ့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချလိုက်နိုင်ရင် ခင်ဗျားက ဘာအလိုရှိသလဲ ဘာလိုချင်သလဲ။ ကျုပ်တို့ ဗုဒ္ဓဘာသာတွေ တဖွဖွ ဆုတောင်းနေကြတဲ့ နိဗ္ဗာန်ချမ်းသာကိုတောင် ရနိုင်တယ်။ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေဆိုတာ ထည့် မပြောနဲ့တော့။



အသိဉာဏ်ပညာဆိုတာ ကိုယ်ပိုင်ပစ္စည်း၊ အသုံးမပြုမိဘဲ ဥပက္ခာပြုထားမိပေမယ့် အမှန်တရားသိလို့ ပြန်ပြီးဆင်ခြင်နိုင်ရင် အသိဉာဏ်ပညာက ပြန်လည်ဖော်ထုတ်ရနိုင်ပေမယ့် (အချိန်) ဆိုတာက ကုန်သွားပြီးတဲ့ အချိန်ကို ပြန်စုယူလို့ မရဘူး။ အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ဘူးဆိုတဲ့ စကားဟာ အထင်အရှားရှိခဲ့တာပဲ။

ဒီမယ် မိတ်ဆွေ ခင်ဗျားကို ဘယ်သူတွေ ဘယ်လိုနည်းမျိုးတွေနဲ့ လာညာ လာညာ ခင်ဗျားပိုင်အချိန်ကိုတော့ အညာခံရပြီး လုံးဝ အဆုံးရှုံးမခံနဲ့ဗျာ (အချိန်) ဆိုတာက မဂ်ဖိုလ်ရရာရကြောင်း တရားပဲ အားထုတ် အားထုတ် ဘာတွေပဲ တီထွင် တီထွင် ဘယ်ပညာရပ်တွေကိုပဲ သင်ယူ သင်ယူ အချိန်ဆိုတာမပါလို့ မဖြစ်ဘူး။ လုံလောက်တဲ့ အချိန်ကာလ မရရှိလို့ကို မဖြစ်ဘူး။ အချိန်ဟာ ရှိကိုရှိရမှာ။

အဖိုးထိုက်ရတနာတွေထက်ကိုပဲ အချိန်က အဖိုးအနဂ္ဃ ထိုက်တန်တယ်ဆိုတာ ခင်ဗျား လုံးဝမမေ့နဲ့။ အချိန်ရှိခိုက် လုံ့လစိုက်တဲ့ဗျ။

သြော် ... သြော် ခင်ဗျားမလွဲမသွေ လုပ်ကိုလုပ်ရမယ့် အရေးတကြီး ကိစ္စမှန်သမျှကို နှောင့်နှေးအောင်၊ မလုပ်ဖြစ်အောင်၊ အမျိုးမျိုးသွေးဆောင် လှည့်စားအပျင်းမှိုင်းတွေတိုက်ပြီး အချိန်တွေ ဆွဲထားခိုင်းနေတဲ့ ကျေးဇူးရှင် လူညာကြီးတွေရဲ့ ရုပ်သွင်ကို ခင်ဗျား မြင်ချင်ရှာမှာပေါ့နော်။ ရတယ်။

ခုချက်ချင်းကြီး မြင်ချင်ရင်တော့ ပြောင်လက်ပြီး အရိပ်ထင်နိုင်တဲ့အရာမှာ သို့မဟုတ် ရေပြင်မှာ ငုံ့ကြည့်လိုက်။ ပီပီပြင်ပြင်ကြီး မြင်ရမှ ကျေနပ်မယ်ဆိုရင်တော့ မှန်ကြီးကြီးတစ်ချပ်သာ အမြန်ရှာပြီး ခင်ဗျားရဲ့ မျက်နှာကြီးကို မှန်ရှေ့မှာ အပ်ကြည့်လိုက်ပေတော့။

မှန်ထဲမှာ မြင်နေရတာက ခင်ဗျားသတိကြပ်ကြပ်ထားရမယ့် လူညာကြီး ခင်ဗျားကို ဘယ်လူလိမ် လူညာမျိုးမှ လိုက်မမီအောင် အမြဲမပြတ် လိမ်နေ ညာနေတဲ့ လူညာကြီးပါပဲတဲ့ ... ဗျား။ ●

အချစ်ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဆိုသည်မှာနှင့် သားသမီးဆိုတာ ...

မူလတန်းဖတ်စာအုပ်ထဲမှာ သင်ခဲ့ရဖူးပါတယ်။ (မျက်မမြင် ပုဏ္ဏား ခြောက်ယောက်နှင့် ဆင်အကြောင်း) ဆိုတဲ့ ပုံဝတ္ထုလေးပါ။ မူလတန်း ဖတ်စာအုပ်ထဲက ဆိုထားလို့ ဒီပုံဝတ္ထုလေးက ပေးထားတဲ့ အနှစ် သာရနဲ့ အနက်အဓိပ္ပာယ်ကိုတော့ တန်ဖိုးနည်းနည်း ပေါ့ပေါ့တန်တန် ပါလို့ မထင်ပါလေနဲ့၊ သိပ်ကိုတာသွားပြီး လေးနက်လှပါတယ်။

လူတွေရဲ့ သဘော သဘာဝ။ မိမိရဲ့ ပုဂ္ဂလိက ထင်မြင်ချက်ကို မိမိနဲ့ ထိစပ်ရှုမြင်မှုလေးတစ်ခုပေါ်မှာသာ တယူသန် သုံးသပ်ဆုံးဖြတ် ဝေဖန်ကြပုံကို ထိထိမိမိ ကွက်ကွက်ကင်းကင်း ပေါ်လွင်အောင် လူတွေကို မျက်မမြင်ပုဏ္ဏားတွေနဲ့ နှိုင်းနှိုင်းတင်ပြထားပုံကို ကြည့်ပါ။

ရပ်နေတဲ့ ဆင်ကြီးတစ်ကောင်ကို မျက်မမြင်ပုဏ္ဏား ခြောက် ယောက်တို့က မိမိနဲ့နီးစပ်ရာ အစိတ်အပိုင်းတွေကို အသီးသီး စမ်း သပ်ကြတယ်။ ပုဏ္ဏားတစ်ယောက်က တအံ့တသြနဲ့ ဦးဆုံးအော်ပာစ် ပြီး သူ့ထင်မြင်ချက်ကို အော်တယ်။

"ဟရေး ... ဆင်ဆိုတာ မြွေလိုပျော့ပျော့ ရှည်ရှည် သတ္တဝါကြီး ကိုး"

အဲဒီပုဏ္ဏား စမ်းမိတာက ဆင်ရဲ့နှာမောင်းကြီးလေ။ သူက အဲလို



မြွေနဲ့တူတယ်ပြောတော့ ဆင်ရဲ့အစွယ်ကို စမ်းမိနေတဲ့ မျက်မမြင်က လည်း ဘယ်နေမလဲ။ ချက်ချင်းကို ကန့်ကွက်လိုက်တယ်။

"ဘယ်က ပျော့နီးကီးရမှာလဲ ... ဆင်ဆိုတာ သန်လျက်လို မာမာချွန်ချွန်ကြီး"

ဒီတော့ ဆင်နားရွက်ကို ကိုင်မိထားတဲ့ ပုဏ္ဏားကလည်း ထအော် တော့တာပေါ့။

"ကြည့်ရှမ်း ... ကြည့်ရှမ်း ယပ်တောင်လို ပြားပြားပျော့ပျော့ ကြီးကိုများ နင်က ချွန်ချွန်မာမာကြီး ပါလို့ ပြောနီးကီးတယ်...တုံးပါ့ ကွာ"

အဲဗျာ ဆင်ဆိုတာ ယပ်တောင်လိုပါလို့ ပြောနေတဲ့ ပုဏ္ဏား စကားမှ မဆုံးသေးဘူး။ နောက်တစ်ယောက်က လုပ်ပြန်ပါရော။

"သွားကြရှမ်း အကန်းတွေ ... အေးလေ ငါလည်းကန်းတော့ ကန်းတာပါပဲ။ ဒါပေမဲ့ သေသေချာချာ ဖက်နီးကီးကြည့်၊ သစ်ပင်လို လုံးနေတဲ့ဟာ ဘယ်ကလာ မြွေတွေ၊ သန်လျက်တွေ၊ ယပ်တောင်တွေ နဲ့ တူနီးကီးနိုင်မှာလဲ။ ဆင်ဆိုတာ သစ်ပင်နဲ့မှ တကယ်တူနီးကီးတာ"

"ဟိတ် ... နင့်ပါးစပ်လည်းပိတ်၊ ဒီမှာ ငါ့လို လူထွားကြီးတောင် မှ ဖက်လို့မမီတဲ့ အုတ်နံရံကြီးလို ဆင်ကြီးကိုများ နင်က သစ်ပင်နဲ့ တူတယ်လို့ ပြောနီးကီးတယ် ... အံ့ရော ... အံ့ရော"

သူက ဆင်ကြီးရဲ့ ကိုယ်ထည်ကြီးကို ဖက်မိထားတာဟုတ်လား။ အဲဒီပုဏ္ဏားကြီးက အုတ်နံရံကြီးလို အကြီးအကျယ်ကြီးပဲလို့ ပြောနေ ပေမယ့် ဆင်ရဲ့ အမြီးတိုတိုလေးကို ဆွဲမိနေတဲ့ မျက်မမြင် ပုဏ္ဏား အဖို့ကျတော့လည်း ရယ်ချင်နေတာပေါ့။

"ဟား ဟား ဟား နင်တို့ ငါးယောက်စလုံးကတော့ ဥမ္မာဒန္တီနဲ့ မပျော်ရဘဲ ရူးကြသလား ယမကာတွေ သောက်ပြီးပဲ မူးကြသလား မသိ၊ နင်တို့ပြောကြတာတွေနဲ့ တစ်ခုမှ မနီးစပ်လိုက်တာ၊ ငါဒီမှာ မပြန်ပြန် စမ်းကြည့်နီးကီးပါတယ်။ ဆင်ဆိုတာ ကြိုးကလေး အစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်း လောက်သာ ရှိနီးကီးတဲ့ သတ္တဝါလေးပါ”

ဒါက မူလတန်းဖတ်စာအုပ် ပုံဝတ္ထုလေးထဲက မျက်မမြင်ပုဏ္ဏားခြောက်ယောက်တို့ ဆင်ကြီးရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို မိမိထိတွေ့ စမ်းသပ်မိလိုက်တဲ့ ပုံသဏ္ဌာန်ပေါ်မှာ မူတည်ပြီး မိမိရဲ့ ထင်မြင် ယူဆချက်ကို အခိုင်အမာ ဖွင့်ဆိုလိုက်ကြပုံပါ။

အခု ကျွန်တော် ဒီပုဏ္ဏားခြောက်ယောက်ကို ဘာကြောင့် သတိရလာရတယ်ဆိုတာ ရေးပြရရင် ကျွန်တော့်အရွယ်ကလည်း မိဘအရွယ် ရောက်လာရပြီမို့ သားသမီး မိဘတွေနဲ့ တွေ့ဆုံဖြစ်ကြပြီး ကိုယ့်သားသမီး သူ့သားသမီး အကြောင်းတွေကို ပြောဖြစ်လာ ပါတယ်။ အဲဒီ သားသမီးရဲ့ မိဘတွေကိုတွေ့ပါများ လာတဲ့အခါမှာ ကျွန်တော်ဟာ ငယ်ငယ်က သင်ခဲ့ရတဲ့ ဖတ်စာအုပ်ထဲက မျက်မမြင်ပုဏ္ဏားတွေကို သတိရလာရပြီး ကျွန်တော့် မိတ်ဆွေများကိုလည်း မျက်မမြင်ပုဏ္ဏား ခြောက်ယောက်တွေလို သတ်မှတ်ထင်မြင်လာမိပါတယ်။

' ကျွန်တော့်မိတ်ဆွေများထဲက မိတ်ဆွေအချို့ရဲ့ သူတို့ရဲ့ သားသမီးအပေါ် ရှုမြင်သုံးသပ်ပုံကို ထပ်ဆင့် တင်ပြရရင် ...

(၁) ဗဟိုတရားရုံးရှေ့နေကြီး ဦးဇော်သိန်းထွန်း၏ သူ့သားသမီးတို့အပေါ် ထင်မြင်သုံးသပ်ချက် ...

“သားသမီးဆိုတာ သူတို့အိမ်ထောင်ကျ အိမ်ခွဲသွားကြပြီဆိုတာနဲ့ မိဘတွေနဲ့ ဆက်ဆံကြရာမှာ ရှေ့နေနဲ့ အမှုသည်လို ဖြစ်သွားကြတော့တာပါပဲ။ အမှုသည်ဆိုတာ ရှေ့နေအိမ်ကို သူတို့အမှုရှိမှ လာတာဗျ။ ဟိုတစ်ပတ်က အငယ်မ လာတယ်လေ။ သူ့သားကို သင်္ဘော တင်ပေးဖို့ ငွေလိုလို့တဲ့။ အခု ခင်ဗျားရှေ့က ဆင်းသွားတဲ့ သားအကြီး၊ သူအခု လုပ်နေတဲ့ လုပ်ငန်းကို တိုးချဲ့ချင်သတဲ့”

(၂) စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးကျော်ထင်၏ သူ့သားသမီးအပေါ် စွပ်စွဲချက်



“သားသမီးဆိုတာကတော့ တကယ့်မီးပါပဲ။ မိဘမှာ ငွေကြေးပိုင်ဆိုင်မှု၊ လောင်စာတွေ ရှိနေသေးသ၍ကတော့ မိဘအပါးမှာ မခွဲမခွာ စွဲလောင်နေမှာပဲဗျ။ စီးပွားမဲ့ လောင်စာခန်းပြီဆိုရင်တော့ ...”

(၃) ပင်စင်စားကြီး ဦးမောင်ထွားရဲ့ သူ့သားသမီးနဲ့ ပတ်သက် လို့ ခံယူထားမှု

“သားသမီးလေးတွေက ကျုပ်အိမ်ရှေ့က စီးဆင်းနေတဲ့ စမ်းချောင်းကလေးလိုပါပဲဗျာ။ စမ်းချောင်းလေးနားက သစ်ပင်တွေ ကြည့်လေဗျာ။ စိမ်းလို့ လန်းလို့ ... သူတို့လေးတွေ ကျုပ်တို့နားမှာ ခုလို နွေးနွေးထွေးထွေး အတူနေပြုစုနေကြတော့ ကျုပ်ဘဝက ရေဝနေတဲ့ သစ်ပင်လိုပေါ့။ တစ်ခြားပင်စင်စားတွေရဲ့ ဘဝလို စိတ်နွမ်း လူနွမ်း ဘဝနွမ်း မဖြစ်ရဘူးပေါ့ဗျာ။ ဒါန ... သီလ ... ဘာဝနာ အလုပ်လည်း လုပ်နိုင်တာပေါ့”

(၄) နောခမေဖောကြီး သူ့သမီးနဲ့ ပက်သက်တင်စားပုံကလည်း

“ကြားဖူး နားဝစကားနဲ့ ပြောရရင်တော့ အခု ပြောပြောနေကြတယ်လေ။ အသက်ကယ်ဆေးဆိုပါ ကော၊ အေး အမိုးရဲ့ သမီးလေးကတော့ အမိုးအတွက် အဲဒီအသက်ကယ်ဆေးလိုပါပဲ။ သူ့အပါးဆုံးသွားကတည်းက သူလေးပဲ ပြုစုစောင့်ရှောက်လာတာ ဟုတ်လား။ နို့မဟုတ်ရင် ဒီဒုက္ခတမကြီး အရိုးဆွေးတာ ကြာလှပေါ့”

(၅) ကျွန်တော့်သူငယ်ချင်းရဲ့ ယောက္ခမကြီး၏ သူ့သမီးအပေါ် သတ်မှတ်ထားပုံက ရယ်စရာလိုလို နဲ့ ရင်နင့်ရတာ။

“ကိုအဂ္ဂာရယ်၊ မောင့်သူငယ်ချင်းကို လုံးဝ သွားမပြောလိုက်ပါနဲ့ ရှိကြီးခိုးပါရဲ့ ... သူက သားမက်ဆိုပေမယ့် သားအရင်းလို ကောင်းရှာပါတယ်။ မကောင်းတာ စိတ်ယုတ် စိတ်ပုပ်ရှိတာ အဒေါ့်သမီး၊ သမီးအရင်းမို့ပေါ့ကွယ်၊ သူက ချွေးမသာဆိုခက်ပေါ့။ ပြောရတာ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုပါပဲ။ မပြောချင်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



အခေါ်မှာ ဘာနဲ့တူနေသလဲဆိုတော့ အပျိုးကြီးမယ်စိန် ရင်သား ကင်ဆာဖြစ်နေသလိုပါပဲကွယ်။ ရောဂါပျောက်အောင် ကုဖို့ ငွေကြေးကလည်း မရှိ။ လူတကာပြရဖို့ကလည်း အပျိုကြီးမို့ ရှက်ရှက်နဲ့ပဲ ကိုယ့်ကိုသတ်နေတဲ့ ဒီဝေဒနာကြီးကို ကြိတ်မှိတ်ခံနေရသလို ဒီသမီးနဲ့နေရတာ ဒုက္ခကြီးလှပါတယ်ကွယ်။ ဒီသမီးကို မွေးရတာ သူတကာလို ဝမ်းရေစပ်လှတယ်ဆိုတဲ့စကားထက် အပျိုကြီး ရင်သား ကင်ဆာ ဖြစ်သလိုပဲလို့ကို ပြောချင်ပါရဲ့"

သူတို့ ငါးယောက်ဟာလည်း သူတို့တွေ ရရှိခဲ့တဲ့ သားသမီးတွေနဲ့ ထိတွေ့ဆက်ဆံခဲ့ကြရတဲ့အပေါ်မှာ ခံစားသုံးသပ်သွားကြတာပါပဲ။ အကယ်၍သာ စာဖတ်သူတို့က ပုဏ္ဏားခြောက်ယောက် မပြည့်သေးဘူးလေ။ ခင်ဗျားရဲ့ သားသမီးတွေရဲ့အပေါ် ခံယူသုံးသပ်မှုကို မျက်မမြင် ပုဏ္ဏားတစ်ယောက်အနေနဲ့ ပါဝင်ထင်မြင်မှုပေးပါလို့ တိုက်တွန်းကြမယ်ဆိုရင်တော့ ကျွန်တော့်ရဲ့ သားသမီးတွေအပေါ် သုံးသပ်မှုသာ ဖြစ်နေဦးမှာမို့ မျက်မမြင်ပုဏ္ဏားတစ်ယောက်၏အမြင် တစ်ခု ထပ်တိုးလာရုံမျှသာ ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်က ကမ္ဘာအဝန်းရှိ လူမျိုးမရွေး၊ သာသာမရွေး မိဘများ အားလုံး၏ ကိုယ်စား ဖြန့်ကျက်ခံစားကာ (သားသမီးဆိုတာ)၏ အနက် အဓိပ္ပာယ်ကို အပိုအလိုမရှိ၊ သားသမီးနှင့် မိဘ မည်သူ့ဘက်ကိုမှ အသာအနာမရှိစေဘဲ ကျွန်တော်၏ တွေးထင်ခံယူချက်အား ရေးသား တင်ပြလိုက်ရကြောင်းပါ ခင်ဗျား။

သားသမီးဆိုတာ ၊

သားသမီးဆိုတာ "ထီလက်မှတ်မျိုးလိုပါ"

ထီထိုးကြသူတိုင်း ထီပေါက်ရိုး ထုံးစံမရှိ။

ဒါပေသိ ထီထိုးသူတိုင်း ထီလက်မှတ်ဖိုး ငွေပေးချေကြရကုန်၏။

မိဘတိုင်းကား သားသမီးအကျိုး မခံစားကြရပါ။



ဒါပေသိ မိဘတိုင်းကား သားသမီးတိုင်းအတွက်

ရက်ရက်ရောရော နှမြောတွန့်တိုခြင်း မရှိကြ။

မိမိတို့ဘဝနှင့် မေတ္တာ စေတနာတွေကို ပေးဝေကြရကုန်၏။

ဇွန်လ ၃၀ ရက်၊ ၂၀၀၈ ခုနှစ်

အတွဲ ၅၊ အမှတ် ၆၈၊ အချစ်ဂျာနယ်၊

●

www.burmeseclassic.com

www.burmeseclassic.com

# အနီးအဝေး အကြီးအသေး

အနီးဆုံးမှာကပ်မြင်နေတဲ့အရာကို အရွယ်အစား အကြီးကြီး မြင်နေရပေမယ့်၊ ဝေးသွားလေ ဝေးသွားလေ သေးသွားပြီး အဝေးဆုံး ရောက်တဲ့အခါမှာ အသေးဆုံးပဲမြင်ရတော့တယ်။

အဝေးဆုံးမှာရောက်နေလို့ အသေးဆုံး မြင်နေရတဲ့အရာကို လည်း နီးလာလေကြီးလာလေဖြစ်ပြီး၊ အနီးဆုံးရောက်တော့ အကြီး ဆုံး အရွယ်မှန်ကို မြင်ခွင့်ရလာတယ်။ ဒါက အနီးအဝေးရဲ့ သြဇာ သက်ရောက်မှုကြောင့်ပေါ့။

ဒါပေမဲ့ အနီးဆုံးမှာ အကြာကြီး နီးနီးကပ်ကပ်မြင်တွေ့နေပြီး မှ ဝေးကွာသွားရတဲ့ အရာဝတ္ထုကိုကျတော့ ဘယ်လောက်ပဲ ဝေးသွား ဝေးသွား မူလအရွယ်ပမာဏကို ရင်းနှီးတွေ့မြင်ပြီးသူတစ်ယောက် အဖို့ အမြင်မှာသာ သေးသေးလေး၊ အသိစိတ်အာရုံမှာတော့ မူလက ရှိနေတဲ့ ပကတိအရှိအတိုင်း ထင်ဟပ်နေတယ်၊ မြင်သိနေတယ်။

ရုပ်ဝတ္ထုနဲ့ လူသားရဲ့ အနီးအဝေးကိစ္စဟာ ဘာမှ အရေးမပါ ပါဘူး။ နီးရင်ကြီး၊ ဝေးရင်သေး၊ ဒါပါပဲ။

လူသားအချင်းချင်းတို့ရဲ့ ရင်ထဲမှာရှိနေကြတဲ့ ချစ်ခြင်းမေတ္တာ တွေကိုကျတော့ ဒီသဘောမျိုးထားလို့ မဖြစ်ဘူး။ ကွာဝေးမှုနဲ့ အချိန်



ကာလတွေက ချစ်ခြင်းမေတ္တာတွေရဲ့ ပုံသဏ္ဌာန်အနေအထားကို ပြောင်းလွဲသွားအောင် ဖန်တီးနိုင်ကြတယ်။ ဒါကြောင့်ရှေးက 'မီးနဲ့ချိပ်' လို့တင်စားခဲ့ကြတယ်။ အမှန်ပါပဲလေ။ ချိပ်ဟာ မီးနဲ့ဝေးရင် မာခဲသွား တယ်။ မီးနဲ့တွေ့နေမှ အရည်ပျော်နေတတ်တာ ချိပ်သဘာဝကိုး။

ချစ်ခြင်းမေတ္တာဟာလည်း မူလအရင်းအမြစ်ရဲ့ လေးနက်မှု အပေါ်လိုက်ပြီး အနေဝေးရင် သွေးအေးတာမျိုးဖြစ်လေ့ရှိတယ်။ မူလ က နွေးထွေးမှုမရှိခဲ့ရင် ဝေးသွားတဲ့အခါမှာ ချစ်ခင်မြတ်နိုးမှုဟာလည်း ပါးလျားသွားတယ်။

လင်နဲ့မယား (ဇနီးမောင်နှံ) သည်ကတစ်ဆင့် ပေါက်ပွားလာ ကြတဲ့ သမီးသားတွေနဲ့ ပေါင်းစုလိုက်တော့ 'မိသားစု' Family ရယ်လို့ ဖြစ်လာရတယ်။

ခုခေတ်မိသားစုတွေဟာ ကိုယ့်ရဲ့ အားနည်းချက်တွေကို လွယ် လွယ်ကူကူ ခေတ်နဲ့ (ကမ္ဘာနဲ့) ကိုင်ပေါက်ပြီး အကာအကွယ် ပြု တတ်ကြတယ်။ တကယ်အမြင်ကျယ်ပြီး တကယ့်ကို ပီပီပြင်ပြင် ကမ္ဘာ ကို အမီလိုက်ချင်သူတွေ၊ မိမိနဲ့ လျော်ညီတဲ့နည်းလမ်းတွေနဲ့ ကြိုးစား နေကြသူတွေ ရှိနေကြပါပြီ။ ဒါပေမဲ့ အဲဒီလိုလူတွေရဲ့သံယောင်လိုက် ပြီး ကိုယ့်ဝါသနာ၊ ကိုယ်နေချင်တဲ့ပုံစံအတွက် ခေတ်ကို အကာအကွယ် လုပ်နေသူတွေလည်း ရှိတယ်။ တကယ် ကြိုးစားနေသူတွေကိုပဲ ရည် ညွှန်းပါရစေ။

မိမိတို့ မိသားစုလေးထဲက (အမိ သို့မဟုတ် အဖ၊ သားသမီး ထဲက) တစ်ယောက်ယောက်ဟာ မိသားစုနဲ့အဝေးကြီးကို မုချ သွားကြ ရတော့မှာပါ။ ဝေးတယ်ဆိုရာမှာ ကမ္ဘာကြီးရဲ့ (နိုင်ငံခြား) တစ်နေရာ ရာဖြစ်ဖြစ်၊ ပြည်တွင်း (တာဝန်ဝတ္တရားတွေနဲ့ နယ်စွန်နယ်ဖျား) မှာပဲ ဖြစ်ဖြစ် မိသားစုလေးနဲ့ ကင်းဝေးကြရမယ်။

ဒီနေရာမှာ ဘယ်လောက်ဝေးဝေး ဝေးစမ်းပါစေ မိုင်ပေါင်း ကုဋေပေါ့၊ ဝေးပါစေ။ မိမိ မိသားစုလေးနဲ့ စုစုစည်းစည်း နွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



တွေးတွေး နေနိုင်ခဲ့ကြတဲ့ကာလဆီမှာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ သာ နေထိုင်သွားခဲ့ကြရလို့ရှိရင် မိသားစုကို ခွဲပြီးအဝေးကြီးကို သွား နေရှာတဲ့သူ (တစ်ယောက်) နဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုတို့ရဲ့ ကြားမှာ (ဝေးကွာမှုဆိုတာကြီးက) ဘာမှပြောင်းလဲမှုဖြစ်သွားအောင် မဖန်တီး နိုင်တော့ပါဘူး။ ဝေးသာဝေးနေကြရပေမယ့် မူလပကတိ ရင်မှာ ကိုယ်စီရှိနေကြတဲ့ မေတ္တာထုရဲ့ အတိုင်းအဆအတိုင်း သိမြင် ခံစား နေကြရမှာပါပဲ။ အတူနေထိုင်ခဲ့ကြစဉ်က နွေးထွေးမှုတွေက မေ့ ပျောက်မရအောင် သူတို့တွေရဲ့ရင်မှာ နေရာယူထား ကြလို့ပါပဲပေါ့။

သည်ကနေ့ ကျွန်တော့်မိသားစု အပါအဝင် မိသားစုအများစုမှာ အရွယ်မရောက် အချိန်အခါမကျသေးတဲ့ သားငယ် သမီးငယ်တွေရဲ့ ရှေ့ရေးကို ပုံစံချရာမှာ (ခေတ်နဲ့အညီအမီလိုက်ရမယ်) ဆိုတဲ့ အမြီး အမောက်မတည့် ကိုယ်နဲ့လိုက်ဖက်မှု ရှိမရှိ မသိ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နဲ့မကိုက်၊ ဘယ်စရိုက် ဘယ်လမ်းကြောင်းပေါ် ရောက် သွားမယ်မှန်းမသိဘဲ အပြေးလိုက်နေကြတယ်။

မိသားစုဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ် ပျက်ပြယ်နေတာကို ဂရုမပြု လျစ်လျူရှုပြီး (အိမ်နီးနားချင်းလှုပ်ရှားမှုကို ခေတ်ရေစီးလို့ သမုတ်ပြီး လှုပ်ရှားနေကြတယ်) မိသားစုတွေအနေစိမ်းကုန်ပြီ။ လင်နဲ့မယား၊ မိဘနဲ့သားသမီး စုစည်းမရှိ၊ တစ်ဦးတခြား ကိုယ်ဝါသနာ ပါရာ စိတ်သန်ရာမျှော်လိုက်နေကြတယ်။ (မိသားစု) ဆိုတဲ့ဝေါဟာရ အတွက် (အမြဲမဆုံဖြစ်ပေမယ့်) စုစုစည်းစည်း နွေးထွေးမှုကလေးကို ဖန်တီးရကောင်းမှန်းမသိကြတော့ အားမထုတ်ကြတော့ဘူး။ မိသားစု လည်း မမည်တော့ဘူး။

အဓိက က မိသားစုအတွက် မှန်မှန်ကန်ကန် စဉ်းစားနိုင်ဖို့ လိုတယ်။ ဆင်ခြေဆင်လက်တွေပေးပြီး ခေတ်ကို ပုံချချင်ရင်တော့ ဒီခေတ်လောက် ဆင်ခြေပေးကောင်းစရာတွေ ပေါပုံကတော့ ပြော မကုန်ပါပဲ။ ခေတ်နဲ့ လူ့ပတ်ဝန်းကျင်၊ စီးပွားရေး၊ ပညာရေး၊ ပေးချင်



ရာ ပေးရတယ်။ အလွယ်ဆုံး အနီးမှာရှိနေတဲ့ သာဓကလေးကို ပြပါ ရစေ။ အနီးကပ်ဆုံး ရင်ထဲမှာရှိနေတဲ့ သာဓကက ကျွန်တော့် မိသား စုထဲမှာ ရှိနေလို့ မိသားစုအကြောင်းပါတာကို ခွင့်လွှတ်ပါ။

ကျွန်တော့်ဇနီးနဲ့ သမီးအကြီး အိမ်ကနေ အဝေးကို သွားခဲ့ကြရ တယ်။ အချိန်က ငါးရက်၊ တစ်ပတ်ပါပဲ။ သွားရတာက တစ်ချိန်စီ တစ်နေရာစီကို သွားကြရတာပါပဲ။ ကျွန်တော် အဓိကပြောချင်တာ က မိသားစုရဲ့ ဆက်ဆံရေးကိုပါ။ သူတို့နှစ်ယောက် ခရီးဝေးက အိမ်ကို ပြန်လာကြတဲ့အချိန်မှာ အိမ်မှာကျန်ရစ်ခဲ့တဲ့ လူတွေကို ကျွန်တော် ကြည့်ရတာရယ်၊ ပြန်လာကြတဲ့သူတို့ကို ကြည့်ရတာရယ်ဟာ ထူးခြား တဲ့ လက္ခဏာ ဘာမှမမြင်ရဘူး။ လမ်းထိပ် ကွမ်းယာဆိုင်မှာ ဆီးထုပ် သွားဝယ်တဲ့သူ ပြန်လာသလိုပဲ။ ကျွန်တော်တစ်ယောက်ပဲ လှုပ်ရှားမှု ရှိတယ်လို့ ထင်မိတယ်။ သားအလတ်ကောင်နဲ့ သမီးအငယ်မ ခရီး သွားလည်း ဒီလိုပဲ (ကျိုက်ထီးရိုးဘုရားဖူးနဲ့ အမျိုးတွေဆီ) ပြန်လာလို့ အဲဒီခရီးစဉ်နဲ့ပတ်သက်တာတွေ ပြောမယ်မထင်လေနဲ့။ ပြောသူမရှိ သလို မေးသူလည်းမရှိပါဘူး။ ဒါကို ကျွန်တော် ကောင်းသော အပြု အမူများအဖြစ် ဘယ်လိုမှ မြင်မရပါဘူး၊ မကြိုက်ဘူး။

ကြည့်နိုင်မှမြင်တဲ့ နက်နဲသိမ်မွေ့လှတဲ့ ချို့ယွင်းမှုတွေကို ကျွန်တော် ယူဆတယ်။ ကြောက်စရာအလွန် ကောင်းလှတဲ့ aids ရောဂါရဲ့ **HIV-Virus** ဗိုင်းရပ်စ်ပိုးမွှားနဲ့ အခြားဗိုင်းရပ်စ်တွေဟာ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်မှသာ မြင်နိုင်တဲ့ အသေးငယ်ဆုံး အရာ တွေပဲ မဟုတ်လား။ ဒါပေမဲ့ ဒီဗိုင်းရပ်စ်တွေရဲ့ အန္တရာယ်က သေးပါ သလား။ ရောမအန္တရာယ်တွေပဲ။

မိသားစုတွေ နွေးထွေးချစ်ခင်မှုမရှိကြခြင်းဟာ အနာဂတ် မပွက်ရော၊ လူ့ပတ်ဝန်းကျင်အတွက်ပါ ကောင်းသော လက္ခဏာ များ မဟုတ်ပါဘူး။ မေတ္တာခေါင်းပါးခြင်းရဲ့သင်္ကေတ၊ လက္ခဏာ တွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်ငယ်က (ငါးတန်းခြောက်တန်း) အရွယ်မှာ ဆရာတော်ဘုရားနဲ့ (လှေသမ္မာန်၊ ကား) ညအိပ်ခရီးတွေ လိုက်ခဲ့ရဖူးပါတယ်။ ညနေ ထမင်းစားချိန်၊ အိပ်ချိန်တွေမှာ အမေ့ကိုလွမ်းလို့ ကြိတ်ငိုခဲ့ရတယ်။ အစ်ကိုကြီးသန်လျင်ကနေ ရန်ကုန်မှာပြောင်း နေရတော့လည်း အတူတူပါပဲ။ အစ်ကိုလတ် ဖောင်ကြီး A.T.O သင်တန်းတက်ဖို့ အိမ်ကသွားတော့ ကျွန်တော် လူပျိုဖြစ်နေပါပြီ။ မျက်ရည်စို့ခဲ့ရသေးတာပါပဲ။ ဒါဟာ မျက်ရည်လွယ်လို့ချည်း မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့မိသားစုဟာ မနက်မှာ မဆုံကြသည့်တိုင် ညနေ ထမင်းဝိုင်းမှာ နေ့စဉ် လက်ဆုံစားခဲ့ရပါတယ်။ လူပျိုပေါက်တွေဖြစ်တဲ့အထိ ကြမ်းတပြေးမှာ အိပ်ရာတွေခင်း၊ ခြင်ထောင်တွေထောင်ပြီး အိပ်ခဲ့ကြရပါတယ်။

အမေလို၊ အစ်မကြီးလို ညီတွေကို ခြင်ထောင်ထောင်ပေးခဲ့ရတဲ့ အစ်ကိုကြီးလုပ်သူကို ကျွန်တော် သတိရလို့ ငိုတာလွန်ပါ့မလား။ အစ်ကိုကြီးက ကဗျာ့ပန်းကုံးထဲက ကဗျာတွေကျက်ရင်း ရွတ်ပြခဲ့လို့ ကျွန်တော်တို့ လက်ထက်ကျတော့ ကဗျာကျက်ရလွယ်ခဲ့တယ်။ အစ်ကိုကြီးတို့ခေတ်က ပြဋ္ဌာန်းသင်ခဲ့တဲ့ 'ရာစတန်နဲ့ ဖောရပ်' သား အဖနှစ်ယောက် စစ်မြေပြင်မှာ စစ်တိုက်ရပုံတွေကို ပြောပြတော့ နားထောင်လို့မဝခဲ့ဘူး။ နှင်းတွေဝေနေတဲ့ ဆောင်းလရဲ့ မနက်ခင်းတွေမှာ ကျွန်တော့်အစ်ကိုတွေနဲ့ အိမ်ရှေ့က သစ်တိုပင်၊ ပိန္နဲပင်တွေကနေ ကြွေတဲ့သစ်ရွက်ခြောက်တွေ စုလှည်းပြီး မီးရှို့မီးလှုံကြတော့ ကိုယ်မှာ စွဲကျန်နေတဲ့ မီးခိုးနံ့ကလေးတွေများ ခုပြောရင်း နှာခေါင်းဝမှာ အနံ့သင်းလာသလိုပါပဲ။ မေ့မရတဲ့အထဲမှာ အဖေက ကျွန်တော်တို့ ညီအစ်ကိုတွေအတွက် စက်ဘီးဟောင်းလေးတစ်စီး ဝယ်ပေးတယ်။ (မောင်သွင်) အစ်ကိုလတ်နဲ့ကျွန်တော် စက်ဘီးကို အုန်းဆီတွေ မောင်းဗမာရဲ့ ခန္ဓာကိုယ်ရှုံးလောက်အောင် အရွဲ့သုတ်ပြီး ကျေနပ်ပျော်ရွှင်ခဲ့ရပုံ၊ တစ်ယောက်တစ်လှည့်တွန်းပေးပြီး စက်ဘီးအစီး သင်ခဲ့ကြ



တာတွေ ပါတာပေါ့။

အမေဆိုရင် မုန့်ဝယ်ကျွေးတဲ့အပြင် အိမ်မှာကိုင်းဥလေးတွေကို သီတံထိုးပြီး ကင်ကျွေးခဲ့တယ်။ ကောက်ညှင်းပေါင်းကို အဖြူ၊ အနီ (အနီက တန်ပေါင်)၊ ငချိတ် (အမည်း) စုံအောင်ပေါင်းကျွေးတယ်။ အမဲအူပြုတ်ကို ရှောက်ရွက်ကလေးခတ်ပြီး အိမ်မှာပြုတ်ကျွေးတုန်းက အူထဲက အဆီနဲ့ဆောင်းအအေးကြောင့် နှုတ်ခမ်း၊ ပါးစပ်တွေမှာ အဆီတွေခဲပြီး ထူအမ်းအမ်းဖြစ်ခဲ့ရတာတွေ အခုအမဲအူပြုတ်မြင်တိုင်း သတိရတုန်းပါပဲ။ နွေးထွေးခဲ့ကြတာက အဲသည်လိုမျိုးတွေပါ။ သည်တော့ ကျွန်တော့်မိသားစုနဲ့ဝေးတုန်းမှာ မျက်ရည်လည်တာ ဘယ်လွန်တယ်လို့ ဆိုနိုင်မှာလဲ။

မှန်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းကလို ဒီခေတ်မှာ နေလို့မရဘူးဆိုတာ မှန်ပါတယ်။ ကျွန်တော်ကိုယ်တိုင် မနေနိုင်ခဲ့လို့အပေါ်မှာ ပြောခဲ့တာတွေကြုံနေရတာပါ။ ဒါပေမဲ့ သတိပြုမိသူတွေ သတိပြုမိကြဖို့၊ ပြုမိပေမယ့် ခေတ်ပေါ်လွှဲမချဘဲ ကိုယ့်ဖလှကိုယ်ပြန်ပြီး ပဲ့ကိုင်ဖို့ပါ။ မလွန်ခင်က အစပျိုးကြရမယ့်ကိစ္စတွေ ဖြစ်လို့ပါပဲ။

မိသားစုကလေး တစ်ဦးစီ၊ တစ်ယောက်စီ သီးခြား ဝေးကွာမသွားကြရသေးခင် (စီးပွားရေးကြောင့် ဝေးဝေး၊ အိမ်ထောင်ကျသွားကြလို့ ဝေးဝေး) အရင်းနှီးဆုံး၊ အနွေးထွေးဆုံး ကြိုးစားနေထိုင်ကြဖို့ သိပ်လိုအပ်ပါတယ်။

ပြည့်စုံနေစဉ်မှာ လိုအပ်လို့ တောင့်တရတဲ့ဝေဒနာကို မသိနိုင်ပေမယ့်၊ လိုအပ်လာရတဲ့ကာလ ပြည့်စုံမှုတွေ ကင်းမဲ့နေရချိန်ကိုတော့ လိုအပ်မှု ဝေဒနာအတွက် ခံစားလာရတဲ့ ခါးသီးတဲ့ဒဏ်ကို သိသိ... ခံစားကြရလိမ့်မယ်၊ တောင့်တမျှော်လင့်ကြရလိမ့်မယ်။

မိသားစုနဲ့ ဝေးကွာသွားကြရတဲ့ကာလ၊ ဝေးကျန်ရစ်ခဲ့ရတဲ့ အချိန်တွေမှာ ခွဲခွာရသူနဲ့ ကျန်ရစ်ရသူ အားလုံးရဲ့ရင်မှာ ကိုယ်စီ ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေကြမယ့် ချစ်ခြင်းမေတ္တာတွေရဲ့ ထုထည်ပမာဏကို မှတ်မိ သိရှိနေကြရလေအောင် နွေးထွေးချစ်ခင်မှုတွေ လိုအပ်တယ်။ မေတ္တာတရားတွေကို ကြိုတင် စုဆောင်းသိမ်းကြဖို့ လိုပါတယ်။

ဟိုးအဝေးမှာ မှုန်ပျပျမြင်သာရုံသေးသေးလေးပဲမြင်နေရပါစေ။ စေ့စေ့စပ်စပ်မြင်ဖူးပြီး လက်ပွန်းတတီး ရှိသွားခဲ့ရတဲ့ အရာဝတ္ထုတွေသာ ဖြစ်ခဲ့ရင်၊ အဲဒီအရာဝတ္ထုရဲ့ကြီးမားတဲ့ အရွယ်အစားအမှန်ကို အရှိကိုအရှိအတိုင်း မြင်သိခံစားနေရတယ်မဟုတ်လား။

မှဝမှတ်စင်း

## အတ္တဟုမထင်ရသော အတ္တ

လူအများစုအား အတ္တလွန်သတ္တဝါဟုပင် ခေါ်ထိုက်သည်။ အရာရာတွင် မိမိသာ အသာစီး အထက်စီးက နေချင်၊ ရချင်တတ်ကြပြီး၊ ပြီးပြန်သော် မိမိနှင့် ဆက်နွှယ်နေသော သားမယား၊မိသားစု၊ ဆွေမျိုးအပေါင်းအသင်း၊ မြို့ရွာဒေသတို့ထက် သာစေချင်ပြန်သေးသည်။

ခွေးနှစ်ကောင်ကိုက်သည်ကိုပင် မိမိခွေး အနိုင်ရစေချင် သည်ဟူသော ဥပမာကား နယ်နယ်ရရမဟုတ်။ အဓိပ္ပာယ် ထိထိမိမိရှိသော ဥပမာဖြစ်သည်။

သူတစ်ပါးမျက်ချေးမြင်ပြီး ကိုယ့်မျက်ချေးကို ကိုယ်မမြင်ဆိုသော စကားသည်လည်း ငြင်းမရအောင် မှန်ကန်သောစကားသာဖြစ်သည်။

သူတစ်ပါး၏လောဘသဏ္ဍာယကြီးမှု၊ အတ္တလွန်ကဲမှုတို့အား သိလွယ်မြင်လွယ်လှသော်လည်း မိမိ၏ လောဘသဏ္ဍာယနှင့် အတ္တလွန်ကဲမှုတို့ကား သိနိုင် မြင်နိုင်ခဲဘိ၏။ နားရွက်နှင့်နောက်စေ့ကို မြင်ခံပစ္စည်း မှန်မပါက မမြင်နိုင်သည့်ပမာ မိမိ၏လောဘရမ္မက် အတ္တစိတ်ကိုလည်း ဆင်ခြင်တုံ သတိတရားတည်းဟူသော ကြားခံပစ္စည်းကိုမသုံးပါက မမြင်နိုင်၊ မတွေ့နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အရေးမပါ အရာမရောက် အမိပ္ပာယ်မဲ့စွာသော ခံစားမှုလေးအတွက် အချိန်အတော်ကြာ အလိုမပြည့်ဖြစ်နေရပုံကို သတိပြုမိလို့ရလျှင် အော်ဟစ် ရယ်ပစ်လိုက်ချင်အောင်ထိ ဖြစ်ခဲ့ရသော ကျွန်တော့်ကိုယ်တွေ့ကလေးပါ။

သည်ဘက်ခေတ် လမ်းမကြီးများရဲ့ ဘေးဝဲယာမှာ အရိပ်ရပင်တွေ၊ ပန်းအလှပင်စိုက်ကြတယ် မဟုတ်လား။ ယခုဆိုလျှင် ကျွန်တော့်ရဲ့ အိမ်မှာရှိတဲ့ သန်လျင်ကျောက်တန်း ဘုရားလမ်းမကြီးရဲ့ လမ်းဘေးဝဲယာမှာ အပြိုင်းအရိုင်း ရှင်သန်နေကြတဲ့ငု၊ စိန်ပန်း၊ ကျွန်း၊ မလေးရှား ပိတောက်နဲ့ အခြားအရိပ်ရပင်တွေ ရှိနေကြတယ်။

ကျွန်တော် အဲဒီသန်လျင်အိမ်ကို ဝယ်စက နွေခေါင်ခေါင်ပေါ့။ သစ်ပင်တွေခမျာ ရိုးတံကျဲကျဲတွေနဲ့ မကြာခင်မှာတော့ ငုပင်က စပွင့်တယ်။ မတ်လအကုန် ဧပြီရောက်တော့ ငုပွင့်တွေတစ်ပင်လုံး ထိန်ထိန်ဝါနေကြပြီ။ လှတယ်။ သိပ်လှကြတယ်။ ဒါပေမဲ့ နွေအပူဒဏ် ကြောင့် ခံစားရတာ မပြည့်စုံလှဘူး။ အပူဒဏ်က သဘာဝအလှပေါ်မှာ အနုတ်လက္ခဏာပြနေလို့ အလွန်အမင်း ယစ်မူးခွင့်မရဘူးပေါ့။

ဟော ... အတာကူးပြီး မိုးဦးလည်းရောက်လာရော ငုဝါပွင့်ဖတ်ကလေးတွေ တစ်ဖတ်စီ အပြိုင်ကြွေကြပြီ။ နွေရောက်လာပြီလေ။ အဲဒီအချိန်မှာ စိန်ပန်းပင်မှာ ပွင့်နီလေးတွေ ပွင့်လာကြပြီ။ မိုးလေးကလည်း တစ်ပြိုက် နှစ်ပြိုက် ရွာပြီးသွားပြီဆိုတော့ အပူရှိန်လည်း လျော့သွားပြီ။ မိုးသားမိုးရိပ်တွေနဲ့ မိုးဦးရောက်လာပြီ မဟုတ်လား။

အဲဒီအချိန်ကျတော့ စိန်ပန်းတွေ အစွမ်းကုန်ပွင့်ကြရော။ စိန်ပန်းပင်တွေ အိမ်ရှေ့တည့်တည့်မှာ စိန်ပန်းပင်နှစ်ပင် ရှိနေတာကို သတိပြုမိတော့တယ်။ ဒါပေမဲ့ အဲဒီနှစ်ပင်က တစ်ပင်ကသာ ကျွန်တော့် အိမ်ရှေ့ဘက် အခြမ်းမှာရှိတဲ့ ပလက်ဖောင်းပေါ်မှာ ရှိနေကြတာဖြစ်ပြီး ကျန်တစ်ပင်က ကျွန်တော့်အိမ်နဲ့တည့်တည့် ဟိုလမ်းမကြီးရဲ့ ဟိုဘက်ခြမ်းက ပလက်ဖောင်းပေါ်မှာ ပေါက်နေတာ။ အဲဒီနှစ်ပင်ကို ယှဉ်လိုက်ရင် ကျွန်တော့်ဘက်ခြမ်းက အပင်က ပင်စည် သေးပြီး အကိုင်းအခက်နည်းတယ်။ လောင်းရိပ်ကြောင့်။



ဟိုဘက်ခြမ်းက အပင်တွေက ဘေးကို လွတ်လွတ်လပ်လပ် ဖြာ ထွက်နေနိုင်ကြတယ်။ အခု အပွင့်တွေ အပြိုင်ထွက်နေကြတဲ့ အချိန်ကျတော့ ဟိုဘက်ပလက်ဖောင်းက အပင်မှာ အပွင့်တွေ၊ အကိုင်း အခက်တွေပေါ်ကို အုပ်ပြီး အဆုပ်လိုက်၊ အခဲလိုက် ပွင့်နေလိုက်ကြတာပဲ။ ကြည့်လို့ လှလိုက်တာလေ။

ကျွန်တော့်ဘက်ခြမ်းက အပင်ကျတော့ ကျွန်းပင်နဲ့ မလေးရှား ပိတောက်ပင်က ညှပ်ထားတော့ ပွင့်ပေမယ့် ဟိုဘက်က စိန်ပန်းပင်နဲ့ ယှဉ်လိုက်ရင် အားရစရာမကောင်းဘဲ ဖြစ်နေတယ်။ သိမ်ငယ်နေတယ်။

ကျွန်တော် အိမ်ရှေ့မှာ ထွက်ထိုင်တာနဲ့ ဒီမြင်ကွင်းက ကျွန်တော့်ကို မသိမသာ နှိပ်စက်နေတယ်။ မိုးသားမိုးရိပ်ကြောင့် ရာသီဥတုက မပူလောင်သလို မိုးဦးကျတော့ အရိပ်ရပင်၊ ကျွန်းပင်တွေကလည်း ရွက်နုတွေဝေပြီး စိမ်းစိမ်းစိုစိုနဲ့ သဘာဝပန်းချီကားက လှချင်တိုင်း လှနေပြီလေ။ ယစ်မူးလို့ကောင်းနေပြီ။

ခက်နေတာက ကျွန်တော့်အိမ်ရှေ့(အိမ်ရှေ့ကတော့ နှစ်ပင်စလုံး ကျွန်တော့် အိမ်ရှေ့တည့်တည့်မှာပါ) ပလက်ဖောင်းက အပင်မှာက အပွင့်ကျဲပြီး ဟိုဘက်ပလက်ဖောင်းပေါ်က အပင်မှာကျတော့ တစ်ပင်လုံးခဲလို့ရိုးတံတွေ၊ အကိုင်းတွေကို ဖုံးရော။ ပွင့်နေလိုက်ကြတာ။

အိမ်ရှေ့မှာထိုင်လိုက်တိုင်း (ထိုင်တာကလည်း အချိန်ပြည့်) ဒီအိမ်ရှေ့က စိန်ပန်းနှစ်ပင်ကို ကြည့်ကြည့် ပြီး စိတ်ထဲမှာ အားမလို အားမရကြီး ခံစားနေရတာမို့ ကျွန်တော့်အနားကို ရောက်လာတဲ့ အိမ်သားရော အပြင်လူတွေကိုပါ စိန်ပန်းနှစ်ပင်အကြောင်း မပါပါအောင် ဆွဲပြီးပဲဖြစ်ဖြစ်၊ ဖွတ်ပဲဖြစ်ဖြစ် ပြောမိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဇနီးက "အစ်ကို တူးတူးတော့ စာအုပ်လုပ်ငန်းကို စီမံချက်ချပြီးကို လုပ်မှ ဖြစ်တော့မယ်"

"အေး စီမံချက်ဆိုလို့ ဟောဒီရှေ့က စိန်းပန်းနှစ်ပင်ဟာ စီမံချက်တွေနဲ့ သစ်ပင်စိုက်ကြတုန်းက အပင်တွေပဲ ဖြစ်မှာ။ ဒါပေမဲ့ အပင်ချင်း ပွင့်ပုံချင်းကွာလိုက်တာ ကြည့်ပါဦး"

"စလာပြန်ပြီ ဒီစိန်ပန်းပင်"

လှည့်ကြည့်တော့ သူမရှိတော့ဘူး။ ဒီစိန်ပန်းနှစ်ပင်အကြောင်းကို ဆွေးနွေးတိုင်း လက်ခံပြောသူ မရှိသလောက်ပဲ။ ကျွန်တော့်မှာတော့ ဒီအပင်နှစ်ပင်ကို နေ့စဉ်မြင်တွေ့နေပြီး ခံစားနေရသူဆိုတော့ သားကိုဆုံးမတဲ့အခါမှာလည်း ထည့်ပြောမိနေတာပဲ။

"မင်းအပေါင်းအသင်း သိပ်မင်တဲ့ကောင်။ ဟော့ကောင် ဟိုရှေ့က စိန်ပန်းနှစ်ပင်ကို ကြည့်စမ်း။ တို့ဘက်ခြမ်းကအပင် ဘာကြောင့် အပွင့်နည်းလဲ။ အဲဒါ အပေါင်းအသင်းကြောင့်ကွ"

"ဖေဖေကလည်း ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ဟိုဘက်က အပင်ကြည့်။ သူတစ်ပင်တည်း ပွင့်လိုက်တာမှ အားရစရာ။ ပွင့်ပြီပေါ့ မြေဆီမြေနှစ်နဲ့ ရေကို သူ တစ်ပင်တည်း သောက်ရတာကိုး။ တို့ဘက်ခြမ်းက အပင်ကတော့ အပေါင်းအသင်းတွေ များတယ်လေ။ ငုရယ်၊ မလေးရှားပိတောက်ရယ်၊ ကျွန်းရယ်။ ဒီတော့ ပွင့်နေတာကြည့် .. ဟဲဟဲ"

တစ်နေ့ မိတ်ဆွေက သူ့သမီးအငယ်မ မလိမ္မာပုံ၊ အကြီးမကြီးရိုးပုံကို ယှဉ်ပြီး ကျွန်တော့် ရင်လာဖွင့်တယ်။

"ဒါပေါ့ကွာ။ မင်းဟိုရှေ့က စိန်ပန်းနှစ်ပင်ကို ကြည့်။ တစ်မြေထဲ တစ်ရေထဲမှာ အတူတူစိုက်ကြတာ။ ဒါပေမဲ့ ဟိုဘက်ခြမ်းက အပင် ပွင့်နေပုံ ဘယ်လောက် ကျက်သရေရှိလိုက်သလဲ။ အဲလိုပဲကွ သူငယ်ချင်း။ တစ်မိဝမ်းတွင်းက ဆင်းလာကြပေမယ့်လည်း အင်း"

သူပြန်သွားတာနဲ့ ဇနီးလုပ်သူက အနားရောက်လာပြီး–



"အစ်ကိုဟာ မလွန်လွန်းဘူးလား။ ဘယ်သူလာလာ ဘာစကားပြောပြော ဒီစိန်ပန်းနှစ်ပင်နဲ့ ပုံလာ ခိုင်းလားခိုင်းရဲ့။ ဟိုဘက် ပလက်ဖောင်းက အပင်ကို ငါ့ခြံရှေ့ ပလက်ဖောင်းပေါ် တူးရွှေ့လို့ရရင် တူးရွှေ့ချင်တယ် ပြောလား ပြောရဲ့။ ဒီစိန်ပန်းနှစ်ပင် ကြည့်ကြည့်ပြီး ဘာတွေ ဖြစ်နေတာလဲ"

ကျွန်တော် ဇနီးလုပ်သူကို ဘာမှပြန်မပြောဘဲ ကိုယ့်စိတ်ထဲမှာ ကိုယ် ကျိတ်ပြီး ရှက်နေမိတယ်။ သူပြောမှ ကျွန်တော်ကိုယ်ကျွန်တော် ပြန်သတိပြုမိသွားတယ်။ ဟုတ်တယ်။ ဒီနှစ်ပင် အပွင့်တွေ ပွင့်နေပုံကို ကျွန်တော်ကြည့်ပြီး ဟိုဘက်ကအပင်ကို ကျွန်တော့်ဘက်မှာ ရှိစေချင်တယ်။ မမျိုသိပ်နိုင်လို့ ဇနီးလုပ်သူကို အခုလိုမျိုးလည်း ...

"တောက် ငါတူးရွှေ့လို့ရရင် အဲဒီအပင်ကို တူးရွှေ့ချင်တယ်ဆိုပြီး နှစ်ခါသုံးခါလောက်ထိ ပြောမိတယ်။ တကယ်တော့ ဟိုဘက်ခြမ်းက အပင်ရဲ့အလှကို အချိန်ပြည့် တစ်ဝကြီး ခံစားနေလို့လည်း လာကန့်ကွက်မယ့်သူ ဘယ်သူမှမရှိဘူး။ ဒါနဲ့တောင်ပဲ ကျွန်တော် ဘာကြောင့် ဒီစိတ်တွေ ဖြစ်ပေါ်နေရတာလဲ။ အဖြေက ရှင်းရှင်းလေး။

အိမ်ရှေ့တည့်တည့်မှာ ရှိနေသော်လည်း ကျွန်တော့်ဘက် ကိုယ့်ဘက်ခြမ်းမဟုတ်ဘဲ "သူများဘက်ခြမ်း" ဆိုတဲ့ ခြားနားမှုကလေး တစ်ခုကြောင့်ပဲ မဟုတ်လား။

အင်္ဂါနေ့ ဖတ်စရာဂျာနယ်၊
ဩဂုတ်လ ၁၆ ရက်၊ ၂၀၀၅ ခုနှစ်။

●

www.burmeseclassic.com

www.burmeseclassic.com

## ကျားအစာ ကျားစား၊ နွားအစာ နွားစား

ဘယ်ဟာ အမှန်လဲ၊ ဘယ်သူ အမှန်လဲ။

အကြောင်းရင်းတစ်ခု၊ ပြဿနာ တစ်ခုပေါ်မှာ အမှားအမှန်ကို အဖြေထုတ်ပြီဆိုရင် တစ်ခုက အမှား၊ တစ်ခုက မှန်တယ်။ တစ်ယောက်ယောက်က မှန်၊ တစ်ယောက်ယောက်က မှားမယ်။ ဒါ အသေချာဆုံးပါပဲ။ ဂဏန်းသင်္ချာတစ်ပုဒ်မှာ ဆိုရင်လည်း မှားမယ်၊ မှန်မယ်။ ဒီအဖြေနှစ်ခုသာရှိမှာပဲ (လုံး၀ နားမလည် မတွက်တတ်သူတော့ စာရင်းထဲမှာထည့်မနေနဲ့၊ အဖြေမထွက် ချာလည်လည် မယ့်လူစား။)

အမှန်တရားဟာ၊ ဘယ်သူမှလည်း ၀ယ်ယူ ဖန်တီးလို့မရတဲ့ တရား(လမ်းမှားပေါ်ကို ရောက်နေတဲ့လူ လမ်းမှန်ပြန်မရောက်ဘူးလို့၊ ပြုပြင်လို့ မရနိုင်ဘူးလို့ ဆိုလိုခြင်း မဟုတ်။ ထိုကိစ္စက မိမိ ကာယကံရှင် တစ်ဦးနှင့်သာ သက်ဆိုင်သည်။)

ကျွန်တော်ဆိုလိုသော အမှန်တရားမှာ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ပါ မုချမလွဲ မသွေ ဖြစ်ပေါ်လာမယ့် ခံစားရမယ့် အကျိုးတရားကို ဆိုလိုခြင်း ဖြစ် ပါတယ်။ ဒီလိုလုပ်ရင် ဒီလို ဖြစ်ကိုဖြစ်လာရမယ်။ “ဒါနဲ့ ဒါပေါင်းရင် ဒါရမယ်ဆိုတာပါ”



ဒါပေမဲ့ ...

တချို့ကိစ္စကျတော့ အမှန်တရားက တစ်ခုတည်း မဟုတ်တော့ဘူး။ တစ်ဦးစီမှာ အသီးသီး မှန်နေတာတွေ ရှိတယ်။ အဲဒါကျတော့ သတ္တဝါတွေရဲ့ ခံယူမှု၊ အသိအမှတ်ပြုမှုတွေအပေါ် မူတည်ဖြစ်လာရတဲ့ အမှန်တရား။

ကျားနဲ့နွားမှာ ကျားကအသားစားပြီး နွားက မြက်ကိုစားတယ်။ ကျားစာကို နွားမကြိုက်သလို နွားစာကိုလည်း ကျားက တန်ဖိုးထားမလား၊ ကောင်းတယ်ပြောမလား၊ ကျားက မြက်မကောင်းဘူးလို့ ပြောမယ်၊ နွားက အသားမကောင်းဘူးလို့ပြောမယ်။ အဲ ဘယ်ဟာ မှန်သလဲ။ ဘယ်သူမှားသလဲ။ နှစ်ယောက်စလုံး မှန်နေတယ်။ ဒီတော့ အမှန်တရားနှစ်ခု ဖြစ်မနေပေဘူးလား။ သူ့ဘက်ကကြည့်ရင် သူမှန်တယ်လေ။

လူမှုရေးပြဿနာအချို့ကိုလည်း အဲဒီလို စဥ်းစားဝေဖန်နိုင်ကြရင် ကောင်းမယ်။ ကျွန်တော် ဒီအကြောင်း စဥ်းစားမိရတာက၊ မိန်းမလုပ်သူနဲ့ မြို့ထဲ အတူထွက်မိတဲ့နေ့ကပါ။

အရောင်းကောင်တာနားက စင်ကလေးပေါ်မှာ အလှပြသထားတဲ့ ဖိနပ်အရောင်အသွေးက ရဲရဲတောက်တောက်မို့ ခြေဖမိုးဖြူဖြူအစ်အစ် ပိုင်ရှင်ကလေးသာ စီးထားရင် သိပ်ကိုပေါ်မှာပဲ၊ ဖိနပ်ဒီဇိုင်းက ရှင်းလွန်းလို့ ထူးဆန်းနေတာနဲ့ စိုက်ကြည့်မိတော့ ကပ်ထားတဲ့ ဈေးနှုန်းကို သွားမြင်လိုက်ရတယ်။ မယုံနိုင်လို့ နှစ်ခါသုံးခါ ပြန်ကြည့်ဖြစ်တယ်။ ကြည့်တာမှ မျက်စိကို ပွတ်လိုက် မျက်စိသူငယ်အိမ်ကို ချဲကြည့်လိုက် အမြင်အာရုံ စုစည်းမိအောင် မျက်မှောင်ကြုတ် ကြည့်လိုက် အဲလိုမျိုးကို ဖတ်ကြည့်မိတယ်။

ဒီအခေတ် ဒီအခါမှာ (ကိုယ်တိုင် မသုံးဖူးပေမယ့်) သောင်းဂဏန်း သိန်းဂဏန်းတွေနဲ့ အတော်ကြီးရင်းနှီးနေပါပြီ။ ဂျာကင်တွေ နာရီတွေ သိန်းကျော်တာ၊ ဖိနပ်တွေ ခါးပတ်တွေ သောင်းကျော်တာ

www.burmeseclassic.com

www.burmeseclassic.com



ကြားရဖန် များလို့ နားရည်ဝရိုးအီနေပါပြီ။ ဒါပေမဲ့ အခုမြင်နေရတဲ့ ဖိနပ်ကလေး ဒီဇိုင်းနဲ့ ဈေးနှုန်းကို ယှဉ်ကြည့်တော့ ဘဝင်မကျလိုက်တာဗျာ။

မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ဆံထုံးမှာထိုး၊ နားမှာပန်၊ ရင်မှာဆွဲတဲ့ စိန်တွေ ပတ္တမြားတွေ အရှယ်သေးတာက တခြား၊ ဟိုဟာက ရတနာ၊ ခုဟာက ဆူး၊ ခဲမစူးအောင် မပူအောင် ခြေမှာ ခံစီးတဲ့ဖိနပ်၊ ဖိနပ်ဆိုပေမယ့် ဘုရင်တွေ လက်ထက်က ခြေနင်းမှာ ကျောက်မျက်တွေ စီခြယ်ကြတာတွေ ရှိပါတယ်။ ခုခေတ်မှာလည်း ဖိနပ်မှာ အင်္ကျီမျိုး စုံပြီး ဒီဇိုင်းလှလှတွေ ချုပ်ကြအလှခြယ်ကြတာ။ နောက်ဆုံး မယ်ဂျပုတွေ အထူးအားထားရတဲ့ ဖိနပ်ခုံထူထူကြီးတွေ ကြည့်ရတာ လောက်လောက်လားလား ရှိကြတယ်။ အဲဒီလိုပေါ့။ သဲကြိုးဖြစ်ဖြစ် ဖိနပ်ခုံထူတဲ့ မြင့်တဲ့ ဝပ်ကင်းရှူးလို ဖိနပ်တွေကျတော့ အရောင်တွေ အစင်းလိုင်းတွေ ဖိနပ်ချည်တဲ့ ကြိုးပေါက်တွေကအစ မလှလှအောင်ချုပ် အောက်က အခင်းတွေဆိုလည်း အကွက်(ပန်း) တွေဖော်၊ လမ်းပေါ်မှာ မချော်ရအောင် အထစ်ထစ်တွေလုပ်ကြ၊ မျက်စိပသာဒ အားရအောင် ဖန်တီးထားကြတာ၊ ခုဖိနပ်ကလေးကဗျာ စာဖတ်သူမြင်ရမှ ပိုထိရောက်မှာမို့ ပုံဆွဲပြပါမယ်။

အဲဒီအထက်က ပုံကလေးမျိုးပါ။ သဲကြိုးလုံးဝမပါဘူး။ ခြေမနဲ့ ခြေညှိုး ညှပ်စီးလို့ရအောင် တိုင်ကလေး အဲဒီတိုင်ကလေးပေါ်မှာ တစ်လက်မတောင် မရှိတဲ့ လေးဒေါင့်ပြားကလေး အုပ်ထားတယ်။ အရောင်က မှန်ကို ပြဒါး သုတ်ထားတဲ့အတိုင်း ပြောင်ပြောင်လေး။ ဒီပုံစံမျိုးကို ဗလီဆရာတချို့ စီးတတ်တယ်။ သစ်သားဖိနပ်ပါ။ ခုံဖိနပ်အတိုင်းပဲ။ သူ့မှာ ကြိုးမတပ်ဘဲ သစ်သားတိုင်ကလေး၊ ထိပ်မှာတော့ ခြေမနဲ့ ခြေညှိုး ညှပ်လို့ရအောင် သစ်သားကို လုံးဖုထားတယ်။

အဲဓောဓောက နိုင်ငံခြားသားရေနဲ့ အင်္ကျီမစုံတဲ့ ဖိနပ်ကလေးရဲ့ ဈေးက ဘယ်လောက်လဲ သိလား (K 29500-) တဲ့ဗျ။



ကျွန်တော် စဉ်းစားမိတယ်။ ခရီးဝေးလည်း စီးမရ။ ထူထူထဲထဲ ခန့်ခန့်ထည်ထည်လည်း မရှိ။ သားရေကောင်းတယ်၊ အရောင်တောက်တယ်ထားပါဗျာ။ နင်းထားတဲ့ ဖိနပ်က ခြေထောက်အောက်မှာ ဖုံးနေတာ။ မြင်သာတာဆိုလို့(ပုံမှာကြည့်ဗျာ) လေးထောင့်ပြားလေးရယ်၊ ခြေဖမိုးပေါ်က ကြိုးမြှင်မြှင်လေးရယ်၊ ဒါလေးပဲ ဘယ်လိုလုပ်တန်မှာလဲ၊ နှစ်သောင်းကိုးထောင့်ငါးရာကြီး။

ဒါပေမဲ့ ဒီဖိနပ်မျိုးကို ဒီပုံစံမျိုးကို ခေါင်းရှုက် ဗျတ်ထိုး ဈေးသည်တော့ ထားပါဦးလေ။ အမျိုးသမီး ဝန်ထမ်းတွေ ဘတ်စ်ကားတိုးစီးကြရမယ်... မြို့ပတ်ရထား လုစီးကြရမယ်။ ဖယ်ရီရှိလို့ ဖယ်ရီကားနဲ့ ရုံးသွားတယ်ပဲထား၊ အလုပ်ခွင်မှာ ဟိုဌာန သည်ဌာန ပြေးကြလွှားကြရဦးမယ်။ ဒီဖိနပ်လေးနဲ့ အဆင်ပြေနိုင်ကြမှာတဲ့လား။ ဒါဆိုရင် ဖိနပ်ကို ကိုယ်ပိုင်ငွေနဲ့ ဝယ်စီးဖို့ထား လက်ဆောင်ပေးရင်တောင် အလုပ်ခွင်မှာ စီးနိုင်ကြမှာတဲ့လား။ ပေးရမယ့်ငွေက(၂၉၅၀၀/-)။ အဲဒါဆိုရင် ရုံးဝန်ထမ်း ကာယဉာဏ(အမျိုးသမီး)တွေက ဒီဖိနပ် မတန်ဘူး မကောင်းပါဘူး။ မစီးဘူးဆိုရင် မှန်တယ်။ မှန်တယ်ပဲထားနော်။ သူတို့နဲ့က မှန်လည်း မှန်တာပဲ။

အဲဒီဖိနပ်က တစ်ရုံထဲ ထုတ်ထားတာ မဟုတ်ဘူး။ စီးသူရှိလို့ ရောင်းတယ်။ စီးသူတွေက ဝယ်နိုင်ကြလို့ တန်တယ် ကောင်းတယ် ထင်လို့ ဝယ်စီးကြတယ် သူတို့ကိုရော မှားတယ်လို့ ပြောလို့ရမလား။ သူတို့က ဘယ်လိုလူမျိုးတွလဲ ... အိမ်မှာ ကားသုံးစီးလောက် ရှိချင်ရှိကြမယ်။ ဒီဖိနပ်လေးကို ကော်ဇောထူကြီးတွေပေါ်မှာ စီးကြမယ်။ ကော်ဇောထူကြီးပေါ်မှာ စီးဖို့တောင် ၂၉၅၀၀/- ဆိုတဲ့ ငွေများအသေးအမွှား သဘောထားနိုင်သူဖြစ်ချင်ဖြစ်နေမယ်။ ဒီလိုမဟုတ်ရင်လည်း ခြေထောက်ကလေးတင် ကွက်ပြီး အဖိုးတန် ဗီဒီယို ကင်မရာကြီးတွေနဲ့ ကွက်အရိုက်ခံကြရမယ့် မင်းသမီးတွေ ဖြစ်နေမယ်။ အဲဒီလူစားတွေအဖို့ ဒီငွေလောက်ကို စဉ်းစားစရာမှ မလိုတာဘဲ။ သူတို့

www.burmeseclassic.com



အဓိကထား စဉ်းစားဖို့က အကျိုးနဲ့လုံချည်(ထမီ+စကတ်) စလင်းဘတ်(ခ်)၊ ဖိနပ် အရောင်လိုက်ဖက်မှု ရှိ မရှိ၊ ဒီဇိုင်း ဆန်း မဆန်း၊ ဒါပဲ အဓိက၊ အဲဒီလို အမျိုးသမီးတွေက တန်တယ် ကောင်းတယ်ဆိုပြီး ဝယ်ကြတာကိုရော မှားတယ် မမှန်ဘူးလို့ ပြောလို့ရမလား။ အဲဒီ မတန်တဆ သူများမစီးတာ စီးရတဲ့အရသာကိုမှ သူတို့က ခံစားချင်ကြတယ်လေ။ ကဲ ... ဒီတော့ ကျွန်တော်တို့ ဘယ်သူမှားတယ် ဘယ်သူမှန်တယ်လို့ ပြောလို့ရမလား။ အားလုံး မှန်ကြပါသည်ခင်ဗျား။ ဒါပဲ။ ဒါပေမဲ့ သူတို့ စီးလို့ ငါဝယ်စီး ပြီးစီးမယ်ဟဲ့ဆိုတဲ့ စိတ်ထားမွေးပြီး ဒီဖိနပ်မျိုး(ဝတ်စားဆင်ယင်မှု အားလုံးကို လိုက်လုပ်) လိုက်စီးရင် မူလခံယူ သတ်မှတ်ချက်တင်မှားသွားမှာမဟုတ်တော့ဘဲ အမှားတွေ ဒုက္ခတရားတွေပါ ဆက်တိုက်တန်းစီ လိုမ့်ဝင်လာကြမှာ အသေအချာ ဖြစ်ပါတယ်။

ကျားအစာ ကျားစား၊ နွားအစာ နွားစားတာ အကောင်းဆုံးပါပဲ။ ကိုယ်ကျင့်သိက္ခာပြည့်စုံစွာနဲ့ လက်ရှိ ဘဝမှာ ကာယသုခ စိတ္တသုခ ပြည့်စုံနိုင်ကြမှာ မုချပါ။

သတင်းစုံ ဆောင်းပါး

# စိန်ခေါ်ပွဲ

ကျွန်တော် လဲနေပါပြီ။

ကုသပြုစုမှုကို ခံယူနေရပါသည်။ ကျွန်တော့် ညာဘက်လက်မောင်း တံတောင်ဆစ်ကွေးတွင် စူးခနဲ ခံစားလိုက်ရ၏။ သတ္တိကြောင်သည် အထင်မခံလို၍ 'အား' လို့မအော်မိစေရန် စိတ်ကို တင်းခံထားရသည်။

ကျွန်တော့်လက်မောင်းရင်းမှ သွေးကြောကို ဖိညှစ်ပေးထားသူအား ဒေါက်တာက လွှတ်လို့ရပြီဟု ပြောရင်းမှ ကျွန်တော့်ကိုပါ ဆုပ်ထားသော လက်သီးဆုပ်ဖြေလို့ရပြီ၊ ဖြည်းဖြည်းဖြန့်ဟု ညွှန်ကြားသည်။

အကယ်စင်စစ် ကျွန်တော်လဲနေသည်မှာ လက်ဝှေ့ကြိုးဝိုင်းထဲတွင် မဟုတ်ပါ။ ကျွန်တော့်အိပ်ခန်း ကုတင်ထက်တွင်ဖြစ်ပါသည်။ ဒေါက်တာ ဦးအေးချိုက ရယ်မောရင်း ...

"ဘယ်လိုဖြစ်တာလဲ ကိုမြင့်သိန်း၊ မသောက်တော့ပါဘူးဆို"

"နေတာပဲဆရာရဲ့၊ အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့တော့"

"ပျင်းတယ်ဆိုပါတော့။ တခြားပျော်စရာရှာပါဗျာ။ ဒီအရက်က အန္တရာယ်များတယ်ဗျ။ အသက်ကလည်း ရပြီနော"

ကျွန်တော် ဆရာဦးအေးချိုအား ရှက်၍ ဘာစကားမှ ပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှက်ပြုံးဖြင့်သာ ဆိတ်ဆိတ်နေလိုက်ရပါတော့သည်။ ရှက်လည်း ရှက်ထိုက်သည်လေ။ တစ်လမှာ ဒေါက်တာဦးအေးချိုအား နှစ်ခါ လောက်ပင့်၍ ဆေးထိုးနေရသည်မဟုတ်ပါလား။ သည်တစ်ကြိမ် လည်း စိတ်ထဲတွင် ကြိတ်၍ "တော်ပြီကွာ။ နောက်တစ်ခါ ထပ်မဖြစ်ရ အောင် ငါကြိုးစားနေတော့မယ်" သည် ကြုံးဝါးမှုက သမားရိုးကျ။

* *

အကြော်ဆေး၊ အားဆေးများ တန်ခိုးကြောင့် ကျွန်တော် တော် တော် လန်းဆန်းလို့ လာပြန်ပါပြီ။ ထို့ကြောင့် အချစ်တော် ခွေးလေး စနူပီကို ခြံပြင်ထွက်၍ အလေးအပေါ့သွားနိုင်ရန် ကျောင်းနေစဉ် စပါးတွဲသည် မောင်လူမောင် စပါးတွဲများ ထမ်း လျှောက်ရောက် လာသည်။

"ဆရာ့ခွေးလေးက ချစ်စရာလေး။ သူ စပါးစားရင် အလကား ကျွေးခဲ့ပါတယ် ဆရာရယ်"

"ဟေး ... မင်းတို့ဒီစပါးတွဲတွေ ခုလိုရောင်းနိုင်တာ လယ်ရှိ လို့လားကွ"

"ဟား ... ဟား ဘယ်လာ လယ်ရှိရမှာလဲ ဆရာရယ်"

"ဒီစပါးတွဲတွေကို ခုလိုလာလာရောင်းနိုင်တာက ဒီလိုဆရာရဲ့"

စပါးတွဲသည်လေးမောင်လူမောင် ပြောပြချက်အရ သယ်ထဲမှ စပါးနှံများကို သံလုံးခေါ် အရက်သမားက ခိုးခိုးရိတ်လာပြီး သူတို့ကို တစ်ဆင့် လာရောင်းခြင်းဖြစ်သည်။ ထိုရောင်းရသောငွေဖြင့် သံလုံး က အရက်သောက်ပြီး အသက်ရှင်သန်နေခြင်းဖြစ်သည်တဲ့လေ။

"သံလုံးဆိုတဲ့ကောင်က နာမည်နဲ့ တကယ်လိုက်တာဆရာရဲ့ လူက ပုလုံးလုံး၊ အပြေးလည်းသန်၊ ဘောကန်ကလည်း ကောင်းမှ ကောင်း၊ လွတ်လပ်ရေးပွဲတို့၊ ရပ်ကွက်အလိုက်ပြိုင်ပွဲတို့မှာဆိုရင် သံလုံး က စူပါပေါ့ဆရာ။ အဲ ... ဒါပေမဲ့ ဒီကောင် အသက်ကြီးတော့ အရပ် ထွက်မလာတော့ဘူး။ ဒီတော့ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ပွဲတွေ



မှာ သံလုံးခမျာ လူစဉ်မမီလို့ အရွေးမခံရတော့ဘူး။ သံလုံးဘဝမှာ ပထမဦးဆုံး စိတ်ဓာတ်ကျတာ အဲဒီအားကစားကိစ္စပဲ ဆရာရဲ့။ ဒုတိယ က အချစ်ရေးဗျ"

"အချစ်ရေး၊ ကဲ ကဲ လုပ်စမ်းပါဦး၊ သံလုံးရဲ့ အချစ်ဇာတ်လမ်း"

"သံလုံးနဲ့အုန်းနွဲ့ဟာ သိပ်ချစ်ရှာကြတယ်။ ဒါပေမဲ့ လူကြီးတွေ က ပိုက်ဆံပြည့်စုံတဲ့ ချက်ကြီးဆိုတဲ့ကောင်နဲ့ ပေးစားလိုက်ကြတယ်"

"ဟာ ... သံလုံးဆွေးရှာပြီပေါ့"

"ဆွေးသမှ ဆရာရေ ... အုန်းနွဲ့တို့၊ ချက်ကြီးတို့နဲ့ ဝေးအောင် ဆိုပြီး တခြားရွာက ဆန်စက်မှာ အလုပ်သွားလုပ်နေရှာတယ်။ သူငယ် ချင်းတွေကိုလည်း ဖွင့်ကြေညာသွားတယ်လေ။ သူတို့ရှိရာအရပ်မှာ ငါ ဘယ်တော့မှ မနေဘူးတဲ့။

ဒါပေမဲ့ဆရာရယ် ... သံလုံးခမျာ အဲဒီအချစ်စိတ်နဲ့ အရက် သမားလုံးလုံးကြီးဖြစ်ပြီး ဆန်စက်က အလုပ်ပြုတ်လာရရှာတယ်။ ဒီတော့လည်း ကျွန်တော်တို့ရွာပဲ ပြန်လည် လာရရှာတာပေါ့။ ဟို အိမ် ထင်းခွဲ၊ ဒီအိမ်ရေထမ်း၊ နေတော့ ဘုန်းကြီးကျောင်း၊ ထင်းခွဲ ရေခပ် မရှိရင် ညည မြွေမကြောက်၊ ကင်းမကြောက် လယ်ကွင်းထဲ စပါးတွေ သွားခိုး၊ ရိတ်ရောင်း"

"အဲဒီအခါကျတော့ မင့်ကောင် အရက်ဘယ်လိုသောက်လဲ"

"ဇာတ်လမ်းက လာပြီလေ။ အရက်မသောက်ရတာက စလာ တာ။ သူ ရွာပြန်ရောက်တဲ့ထိ အုန်းနွဲ့တို့၊ ချက်ကြီးတို့အပိုင်းကို ခြေဦး မတောင် မလှည့်ရှာဘူး။ နှစ်နဲ့ကို ချီကြာတယ်။ ဖြစ်ချင်တော့ ဆရာ ရေ ... အုန်းနွဲ့ယောကျ်ား ချက်ကြီးက အရက်ပုန်းဆိုင်ဖွင့်ပြီး အရက် ရောင်းပါလေရောဗျာ"

"ဟေ ... အဲဒီတော့ သံလုံးက ချက်ကြီးတို့ဆိုင် အရက်သွား သောက်ရောလား"

"မသောက်သေးဘူးဆရာရဲ့။ သံလုံး အရက်ငတ်ပြီး ကတုန်

www.burmeseclassic.com

www.burmeseclassic.com



ကယင် ဖြစ်နေတာကို အုန်းနွဲ့ကြားသွားတော့ အရက်တစ်လုံး
ချက်ကြီးမသိအောင်ခိုးပေးခိုင်းတယ်။ သူ့ကြောင့် သံလုံး ဘဝပျက်ရ
တာကို အုန်းနွဲ့က မေ့မရဘဲကိုး”

“သနားစရာပဲ။ နောက်ပိုင်း ရှုပ်ကုန်ရောဆိုပါတော့။ အုန်းနွဲ့
သနားပါတယ်”

“တကယ်သနားစရာအကောင်းဆုံးက သံလုံးဆရာရဲ့။ အုန်းနွဲ့
ပေးတဲ့ အရက်တစ်လုံးက ဘယ်လောက်ကြာကြာ သောက်ရမှာလဲ
အဲ … ကုန်သွားလို့ ငတ်လာပြန်တော့ အုန်းနွဲ့ဆီ ပြေးပြန်တာပေါ့
က်ဆိုးချင်တော့ ချက်ကြီးနဲ့ ပက်ပင်းတိုးပါရောလား”

“ချက်ကြီးက မောင်းထုတ်ရောလား”

“မထုတ်ဘူးဆရာ။ သံလုံးက အရက်ကို အငမ်းမရ လိုနေပြ
မဟုတ်လား။ ဒီတော့ ချက်ကြီးကို အောက်ကျခံ ခေါင်းလျှိုပြီး …
‘ချက်ကြီး … သူငယ်ချင်း ငါ့ကို ခိုင်းချင်ရာခိုင်းပါကွာ။ အရက်
တစ်ပိုင်း မြန်မြန်တိုက်စမ်းပါ။ မင်းခိုင်းတာ ငါလုပ်ပါ့မယ်’

“ဟေ့ကောင် … ဘာမှခိုင်းစရာမရှိဘူး။ သောက်ချင်ရင် ပိုက်
ပေး”

သည်ဖြစ်ရပ်တွေမကြည့်ရက်တဲ့ အုန်းနွဲ့က သံလုံးအရက်
သောက်ရအောင် မိန်းမညဏ်နဲ့ ပြောရှာတာ ပေါ့ဆရာရယ်။
‘ကဲ … ကဲ ဟောဟိုထင်းစည်းတွေ အမေတို့အိမ်ကို ပို့ပေး
တိုက်လိုက်ပါ ချက်ကြီးရယ်’

‘ထင်းစည်းသယ်ဖို့မလိုပါဘူးကွာ။ မင်း ငါခိုင်းတာ တကယ်
လုပ်မလား’

‘ခိုင်းပါကွာ၊ အရက်တော့ပေးနော် … နော်၊ ချက်ကြီးနော်’

ချက်ကြီး ဘာခိုင်းတယ်ထင်လဲဆရာ။ သံလုံးရဲ့ မျက်ခုံးမွေး
တစ်ဖက်ကို ရိတ်ခိုင်းပြီး အရက်တစ်ပိုင်းပေးတယ်။ တစ်ဆိုင်လုံးက
တော့ ရယ်ပွဲကြီးပေါ့ ဆရာရယ်။ အုန်းနွဲ့ခမျာ ဘာမှ မတတ်နိုင်ရှ



ဘူး။ မျက်ရည်တွေ ထိန်းရင်းနဲ့ ကြည့်နေရရှာတာပေါ့”

“သံလုံးရဲ့အဖြစ်ကလည်းကွာ”

“အံမယ်ဆရာ။ နောက်မျက်ခုံးတစ်ဖက်ကို တစ်ပိုင်းနဲ့ ထပ်
ရောင်းတော့ ချက်ကြီးက မပေးတော့ဘူး”

“ဟာ … ရိုင်းလှချည်လား။ ဒါ … သက်သက်ရက်စက်တာကွ”

“ဒါ … ဘာဟုတ်သေးလဲ နောက်ဆက်တွဲ ခိုင်းချက်ကမှ
တကယ့်ကို ရက်စက်တာဆရာရေ့”

“ဟုတ်လား။ ဘာကိုခိုင်းလို့လဲ”

“အဲဒီအချိန်က အုန်းနွဲ့တို့အိမ်ရှေ့လမ်းကို ကတ္တရာခင်းဖို့
ကျောက်ကြမ်းတွေ ချထားတယ်ဆရာရဲ့။ လိပ်သဲကျောက်တွေ ပေသုံး
လေးရာ ရှည်မယ်။ အချွန်အတက်တွေနဲ့ ကျွန်တော်တို့ဆို ပေနှစ်
ဆယ်ကျော်လောက်တောင် ပြေးနိုင်မှာမဟုတ်ဘူး”

“ဘာလဲ ချက်ကြီးက အဲဒီကျောက်ကြမ်းတွေခင်းထားတဲ့ လမ်း
ပေါ်မှာ သံလုံးကို အပြေးခိုင်းလို့လား ဟုတ်လား”

“ဟုတ်တယ်ဆရာ။ အရက်နှစ်လုံးပေးမယ်ဆိုပြီး အသွားအပြန်
ပြေးခိုင်းတယ်။ လူတွေကလည်း သံလုံးကို ဝိုင်း ညာသံပေး ပြေးခိုင်း
နေတယ်”

“လူမဆန်ဘူးကွာ။ သံလုံးကလည်း ပြေးတာပဲလား”

“ပြေးတာပေါ့ဆရာ။ အပြန်ကျတော့ အရှိန်နဲ့မပြေးနိုင်ရှာလို့
မှန်မှန်လျှောက်လာပြီး အရက်နှစ်လုံးကို အရယူတယ်ဆရာရေ …
လက်ထဲရောက်တော့ တစ်ပုလင်းကို အငမ်းမရ မော့တော့တာပဲ”

ကျွန်တော် သံလုံးကို လုံးဝမမြင်ဖူးပါ။ သို့သော် ကျောက်ကြမ်း
လမ်းပေါ်တွင် ခြေဗလာဖြင့် အရက်ဖြူနှစ်လုံးအတွက် အားမာန်တင်း
ကြိုး မသက်မသာ နင်းပြေးနေရှာသူ အရက်၏ကျေးကျွန် မဟာလူသား
တစ်ယောက်အသွင်ကို ခန့်မှန်းတွေးထင်ကြည့်နေမိတော့သည်။

ကျွန်တော့်ခေါင်းထဲသို့ အသိတရားများ တစိမ့်စိမ့် စီးဝင်လာနေ

www.burmeseclassic.com

www.burmeseclassic.com



ကြပြန်သည်။ ကျွန်တော်တို့လို ငွေကြေးတတ်နိုင်သူများသည် အရက်သောက်ချင်ခဲ့သည်ရှိသော် မိမိသောက်လိုသော အရက်အမျိုးအစားကို ငွေကြေး ပေးကာ ဝယ်ယူသောက်နေသောကြောင့်သာ သံလုံးကဲ့သို့ ဒုက္ခမျိုး အဖြစ်ဆိုးမျိုးနှင့် ရင်မဆိုင်ကြရခြင်း ဖြစ်ပေလိမ့်မည်။

အကယ်၍သာ သံလုံးလို အရက်စွဲပြီး သံလုံးဘဝမျိုးသာ ဖြစ်နေခဲ့ပါမူ ကျွန်တော်တို့လည်း ဘာသားဖြင့်ထုထားသူတွေလဲ။

တွေးကြည့်ရုံဖြင့် ကျောထဲမှာ စိမ့်တက်လာသည်။ ငွေကြေးချို့တဲ့သူ သံလုံးကဲ့သို့ အရက်စွဲနေရှာကြသူခမျာ ကြုံနေကြရမည်မလွဲရှာ။

ငွေကြေးတတ်နိုင်ပြီး အရက်ကို ဖောဖောသီသီ သောက်သုံးရင်း လောကကြီးထဲမှ ဒူးထောက် အရှုံးပေး ထွက်ခွာသွားရသူများကို မကြာမကြာ ကြုံဖူးပါသည်။ မိမိနှင့်အတူ သောက်ဖော်များ အပါအဝင်ပေါ့။ သို့သော် ဘယ်သောအခါကမှ စာရင်းပြုစုမကြည့်မိခဲ့။ ခု စိတ်ထဲမှ လက်ချိုး ရေတွက်လိုက်သောအခါ ဆရာဝန်လို လူမျိုးကအစ၊ 'ကုန်စိမ်းထမ်း (ကျွန်တော်ကြုံလျှင်ပိုက်ဆံပေးရသူ) ထိကိုစာရင်းတွက်လိုက်သောအခါ တစ်ဒါဇင်ရှိ သွားပြီ။ ရှေ့ဆက် မရေတွက်ချင်တော့၊ မစဉ်းစားချင်တော့ ဆက်သာရေတွက်ပါမူ။

"ဆရာ ... ကျွန်တော်တို့ စပါးတွဲ ဆက်ရောင်းလိုက်ဦးမယ်"

မောင်လူမောင် နှုတ်ဆက်တော့မှပင် "အေး ... အေး"ဟု ခေါင်းညိတ်လိုက်ရသော်လည်း သံလုံးအဖြစ်ကိုမူကား ဆက်၍ တွေးနေမိဆဲပါ။ သံလုံးခမျာ သူမကြည့်ချင်၊ မမြင်ချင်သူ၊ သူ့ချစ်သူကို ငွေဖြင့် အနိုင်လုယူထားသူ ချက်ကြီးအပေါ်မှာပင် ပြင်းထန်သော အမုန်းတရားဏ် ဂုဏ်သိက္ခာတို့ ပျောက်ပျယ်လွင့်ပျက်ကာ မာန်မာနတရားဖြင့်လည်း မတင်းနိုင်တော့ရှာသည်မှာ အရက်ကြောင့် ဖြစ်သည်။ အရက်အတွက် မျက်နှာပြောင်တိုက်ခါ ခိုင်းချင်ရာ ခိုင်းပါတော့ဟု ဒူးထောက် အရှုံးပေးမိသည်မှာလည်း သည်အရက်။



ချက်ကြီးခိုင်းချက်ကလည်း လူမဆန်စွာ ရက်စက်လွန်းလှသည်။ ဒါကိုလည်း သူ မသိ မမြင်နိုင်ရှာ။ သံလုံးမြင်နေသည်က အရက်၊ အရက်။

"တောက်"

ကျွန်တော် တက်တစ်ချက်ကို ပြင်းပြင်းကြီးခေါက်လိုက်မိရင်း ကျွန်တော့်လက်မောင်းမှ ဆေးထိုးအပ်ရာကလေးကို ငုံ့ကြည့်မိသည်။ တိုးတိုးကြိတ်၍လည်း စိန်ခေါ်နေမိသည်။ အရက်ကိုပါ။

"ဘယ်အကြောင်းအရာမျိုးနဲ့ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ မင်းဟာ ငါ့အဖော် ဖြစ်မလာစေရဘူးကွာ။ မင်း ငါ့အဖော် မဖြစ်စေရဘူး။ စိန်ခေါ်တယ်။ မင်းကို ငါ စိန်ခေါ်တယ်"

ဆရာလုပ်ခြင်း၊ ဆုံးမခြင်းအလုပ်တို့သည် ကျွန်တော် ဝါသနာမပါဆုံးသော အလုပ်တို့ဖြစ်ပါသည်။ သို့သော် ကျွန်တော့်ရင်ထဲဝယ် အရက်မသောက်တတ်သေးသူများ အရက်ကို စမလုပ်မိစေဖို့နှင့် အရက်သည် ဘယ်သို့သောဝေဒနာမျိုးကိုမှ ကုစားနိုင်သော ဆေးကောင်းတစ်လက် မဟုတ်ကြောင်းကို ပြောဆိုနေချင်မိပါသည်။ သို့သော် ကျွန်တော်ကား အပြစ်ကင်းသူ မဟုတ်သေးပါ။

အခုမှစ၍သာ အရက်ကို စိန်ခေါ်နေဆဲမျှသာဖြစ်သည်။ စိန်ခေါ်ခြင်း၏ နောက်ဝယ် ယှဉ်ပြိုင်ရမည့် ကာလရှိနေသေးသည်။ ယှဉ်ပြိုင်ခြင်းတွင် အရှုံးနှင့်အနိုင် အဖြေနှစ်ရပ်က ရှိနေပြန်သေးရာ သည်ကနေ့ စိန်ခေါ်ပွဲတွင် ကျွန်တော် နိုင် မနိုင်မှာ စောင့်ကြည့်ရပေဦးမည်။

မည်သို့ပင်ရှိစေ စိန်ခေါ်ချင်စိတ်ဝင်လာကာ စိန်ခေါ်ရဲသည်ထိ ကျွန်တော့်တွင် သတ္တိတွေအပြည့် စိတ်ဝင်လာသည်ကိုပင် ကျွန်တော် ကျေနပ်နေမိပါတော့သည်။ သည်စိန်ခေါ်ပွဲတွင် ကျွန်တော် သေချာပေါက် အနိုင်ရမည်ဟူ၍တော့ ... ။

ပေါ်ပြူလာဂျာနယ်မှ

●

www.burmeseclassic.com

www.burmeseclassic.com

## အနိစ္စဝရ - သင်္ခါရာ

အနိစ္စဝရ သင်္ခါရာ ဥပဒါဝရ မမ္မိနော ဥပ္ပစ္စိတွာ နိရုံစန္တိ တေသံ ဝူပသမော သုခေါ ...။

"ဟော သွားရှာပြန်ပြီ တစ်ယောက်"

ရှေ့ဆုံးက နိဗ္ဗာန်ယာဉ်ပေါ်မှာ သံဝေဂ မမွှသံတွေ တဝေဝေကို ကက်ဆက်နဲ့ဖွင့်ပြီးပဲဖြစ်ဖြစ်၊ ဝတ်အသင်းသူ အသင်းသားတို့ လူကိုယ်တိုင် ရွတ်ဆိုလို့ပဲဖြစ်ဖြစ် နောက်ပိုင်းက ကားကြီး ကားငယ် အသွယ်သွယ်တွေနဲ့ အသုဘ ချချသွားနေတာကို ကျွန်တော် တစ်လမှာ သုံးလေးကြိမ်ထက်မနည်း၊ တစ်ခါတစ်ရံ နေ့စဉ်ရက်ဆက်ဆိုသလို ကြားနေ မြင်နေရပါတယ်။ ကျွန်တော့်အိမ်က ကားလမ်းမကြီးရဲ့ဘေးမှာ ရှိနေလို့ပါပဲ။

အဲဒီအခါမှာ မဆီမဆိုင် ကိုယ့်အသက်ကို ပြန်တွက်စစ်ကြည့်မိလိုက်တယ်။ ငါကော ဆိုတဲ့ သဘောပေါ့။ သည်တော့မှ–

"အောင်မယ် ... သန်ဘက်ခါ ပြာသိုလပြည့်ကျော် တစ်ရက်ဆိုတော့ ငါ့အသက် ၆၃ ပြည့်လာပြီးလို့ ၆၄ ထဲကို ရောက်လာပါပေါ့လား"

ကျွန်တော့်မွေးနေ့ကို ကျွန်တော် ဘယ်တုန်းကမှလည်း မစဉ်း



စားဖူးဘူး။ မွေးနေ့ ဘာညာလုပ်တဲ့ ကိစ္စမျိုးတွေကိုလည်း လုံးဝ ဝါသနာ မပါခဲ့ဘူး။ ဟောဗျာ ... အခုမှ ထူးထူးဆန်းဆန်း မွေးနေ့မှာ ပေါ့ပေါ့ပါးပါး တာဝန်မကြီးတဲ့ အပျော်ကိစ္စလေးတစ်ခုခုကို ဖန်တီးချင်စိတ် ဖြစ်လာတယ်။ အသုဘ ချချသွားတာတွေ မြင်နေရလို့ တရားသံဝေဂ ရပါမယ့်အစား အပျော်မှုကလေးကို ခံစားကြည့်ချင်စိတ်ဟာ ရယ်တော့ရယ်စရာပါပဲ။ ပိုးဖလံစိတ်လို့ ခေါ်ရမလိုလို။ ဒီတော့ အကုသိုလ်ကင်းတဲ့ အပျော်မျိုး ရှာကြည့်တယ်။

"ဘုန်း" "ဗိုင်း" "လာပြီ" "ဆွဲ" "ဒိုင်း"

ကျွန်တော့်အိမ်ဘေးခြံမှာ လူငယ်လေးတွေ ဘော်လီဘောရိုက်နေကြတဲ့ အသံတွေက ကျွန်တော့်အတွက် လုပ်သင့်တဲ့၊ ဖန်တီးသင့်တဲ့ အပျော်ကိစ္စလေးကို အဖြေရှာပေးလိုက်ပါပြီ။

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ။ အကုသိုလ်အကင်းဆုံးနဲ့ သိပ်ကို ပျော်စရာကောင်းမယ့် အစီအစဉ်ပဲ။ ဟုတ်ပြီ။ ဒီအစီအစဉ်ကို ငါ လုပ်ဖြစ်အောင် လုပ်မယ်"

ကျွန်တော်တို့ငယ်ငယ် လူပျိုပေါက်ဘဝမှာ ညနေတိုင်း ဘော်လီဘော ရိုက်ခဲ့ကြတယ်။ ခုလို ဒီဇင်ဘာ ကျောင်းပိတ်ရက်မျိုးဆိုရင်တော့ မနက်ပိုင်းရော ညနေပိုင်းမှာပါ ရိုက်တတ်ကြတယ်။ တစ်ဖက်နဲ့တစ်ဖက် မခံချင်လာစိတ်ကလေးတွေ စွက်လာကြတော့ ညနေပိုင်း ရိုက်ကြတဲ့အခါမှာ နို့ချဉ်ကြေး၊ ကြံရည်တိုက်ကြေး အလောင်းအစားလေးပါ ဖက်လာကြတယ်။ မခံချင်စိတ်နဲ့ အကြိတ်အနယ် ကစားခဲ့ကြတဲ့ ငယ်ပေါင်းကစားဖော်တွေမျက်နှာကို အစီအရီ ပြန်လည် မြင်ယောင်လာမိပြန်တော့ ကျွန်တော့် အစီအစဉ်ကလေးကို ခုပဲ ထလုပ်ချင် လာတယ်။

အဲဒီ အစီအစဉ်ကလေးဆိုတာက အခု ကျွန်တော်ကလည်း ရန်ကုန်မှာ အနှစ် ၃၀ လောက် သွားနေပြီး ကိုယ့်မြို့ကိုယ်ရွာ ဇာတိမြေကို ပြန်ရောက်လာချိန်။ ကွဲကွာသွားခဲ့ကြတဲ့ ငယ်သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



(ဘော်လီဘောရိုက်ဖက်) တွေကို အိမ်မှာဖိတ်ပြီး မိတ်ဆုံ ထမင်းစားပွဲကလေး ကျင်းပဖို့ပါ။ သူငယ်ချင်းအားလုံးဟာ အရက် လုံးဝမသောက်တတ်ကြလို့ အကုသိုလ်ကင်းမယ့်အပြင် ဘော်လီဘော ရိုက်ခဲ့သူလောက်နဲ့ ပျော်ပွဲကလေး ဖန်တီးမှာဆိုတော့ တာဝန်လည်း မကြီးဘူးလေ။

ဒါပေမဲ့ ပျော်စရာကတော့ သိပ်ကိုကောင်းမယ်ဆိုတာ ကျွန်တော် တွေးမိရုံနဲ့တင် ပျော်နေမိပြီ။ နို့ချဉ်ကြေး သူနိုင် ငါနိုင် အကြိတ်အနယ် ဘော်လီဘောရိုက်ခဲ့စဉ်ကပေါ့။

"ဝမ်းချုပ်နေတာနဲ့အတော်ပဲ။ နို့ချဉ်သုံးခွက်လောက်ဆို ဝမ်းနုတ်စရာ မလိုတော့ဘူး ဟားဟား .." အဲလို မထိတထိ ကလိတော့ ကျွန်တော်တို့ကလည်း သူ့ကိုပြန်တွယ် ကြတယ်။ သူက မိုက်ပူပူဝဝလုံးလုံးမို့ ...

"မိုက်ပူတင်ဦး အထူးချာ နို့ချဉ်ဒကာ ဖြစ်ရချည်ရဲ့"

တိုက်တိုက်ဆိုင်ဆိုင် ရှုံးရှုံးရှားရှားဖြစ်နေတဲ့ ပေါတင်ဦး မိုက်ကို ကျွန်တော်ရိုက်ချလိုက်တဲ့ ဘောလုံးက ဘုန်းခနဲ သွားမှန်တယ်။ ကျွန်တော့်ဘက်ကလူတွေက ဝိုင်းဟားကြတာပေါ့။

"ဟော့ကောင် ... ကလေးပျက်ကျရင် တို့ပါဘူးကွနော်။ ဟား ... ဟား .."

ငယ်သူငယ်ချင်း ကစားဖော်တွေကို ခုလိုထမင်းဖိတ်ကျွေးဖို့ စိတ်ကူးပေါ်လာမိတာကိုပဲ ကျွန်တော် သိပ်ကို ကျေနပ်ပြီး ပျော်သွားတယ်။ ကျွန်တော်ငယ်ငယ်က မကြာမကြာလည်း ထမင်းစုချက်စားခဲ့ကြတယ် မဟုတ်လား။ အထူးမမေ့နိုင်စရာက ရွာမှာ နှစ်စဉ်နှစ်တိုင်း ဘုံကထိန် ပွဲကြီးကျင်းပတယ်။ ကထိန်မတိုင်ခင်မှာ ကျွန်တော်တို့ လူငယ်တွေ ကျောင်းဝင်းကြီးတစ်ခုလုံးကို ပြောင်ရှင်းနေအောင် မြက်စုပေါက်ကြတယ်။ ကိုးနဝင်းစေတီနဲ့ သိမ်ကြီးရဲ့ အုတ်တံတိုင်းတွေကို ထုံးသုတ်ကြတယ်။



ဆရာတော်က အုန်းသီး၊ ငှက်ပျောသီးတွေ ချကျွေးတဲ့အပြင် လူငယ်တွေ အပျော်ထမင်းချက်စားကြရအောင် ဝတ္ထုငွေ စွန့်ကြဲထုတ်ပေးသေးတယ်။ အိုးသူကြီးကကိုစပ်။ ယခုတော့ ၈၀ ဘိုးစပ် ဖြစ်နေပြီ။ ကျွန်တော်တို့တွေ မြက်ပေါက်ပြီးတာနဲ့ ပဲနဲ့ကြက်၊ ကြက်သွန်ဥကြီးတွေ အကွင်းလိုက်လှီး၊ သံပုရာသီး၊ ငရုတ်သီးစိမ်းတွေနဲ့ သခွားသီးပါးပါး လှီးထည့်ထားတဲ့အချဉ် အိမ်ရှေ့က တန်ဆောင်းမှာ ငှက်ပျောဖက်တွေခင်း၊ ခေါင်းချင်းဆိုင် စားလိုက်ကြတာ။ တစ်ခါထည့် ပြောင်မှ တစ်ခါခေါင်းဖော်ကြတယ်။ ထမင်းထပ်ဖြည့်ဖို့၊ အခုပြန်တွေးလိုက်ရိုန်မှာ ကျွန်တော့်ပါးစပ် တံတွေးသီးလာလို့ မျိုချနေပြီ။ ဒီအစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ အထပ်ထပ်အကြိမ်ကြိမ် ဆုံးဖြတ်နေမိတော့တယ်။

ကျွန်တော်စာရေးစားပွဲပေါ်က စက္ကူလွှတ်နဲ့ ဘောလ်ပင်ကို ယူပြီး ငယ်ပေါင်းသူငယ်ချင်းတွေ စာရင်းကို ရေးချတယ်။ စိတ်ထဲမှာတော့ ခန့်မှန်းထားပြီးသားပါ။ လွန်ရော ကျွံရော ရှိမှ ဆယ့်လေးငါးယောက်ပေါ့။ မျက်နှာရှုံ့ရှုံ့ သိပ်ကိုပျော်တတ်တဲ့ ပေါတင်ဦးကို ဦးစွာအမှတ်ရတာနဲ့ ကောက်ရေးဖြစ်လိုက်တယ်။

(၁) ပေါတင်ဦး .."ဟာကွာ သွားပြီ ..တောက်"

နံပါတ်ထိုး နာမည်ရေးပြီးတော့နဲ့ ကျွန်တော် "ဟာကွာ .. သွားပြီ၊ တောက်" ဆိုပြီး အော်လိုက်မိရတာက ကျွန်တော့်သူငယ်ချင်း ဆုံးရှာပြီပဲ။ သူမှ မရှိတော့တာ။ ထားပါတော့လေလို့ စိတ်ကို ဖျောက်ပြီး နောက်တစ်ယောက်နာမည်ကို ကျွန်တော် ဆက်ရေးလိုက်ပြန်တယ်။

(၂)ဘွဲ့ဗွေ့ကျော်ဝင်း ဂျပု။ တောက် ... သွားပြန်ပြီ။ ကျွန်တော်တို့ရပ်ကွက်မှာ ကျော်ဝင်းတွေ များတယ်။ ဒါကြောင့် လူနောက်ကလေး ဒီကျော်ဝင်းကို အရပ်ပုတာနဲ့ ကျော်ဝင်းဂျပုလို့ ချစ်စနိုးခေါ်ကြတယ်။ ဘွဲ့ဗွေ့ဘွဲ့ကို ကျော်ဝင်းဂျပု ထပ်ရပုံက ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ စုမိနိုက် အပျော်ထမင်းချက်စားဖို့ တိုင်ပင်ကြတော့ ကျော်ဝင်းဂျပုက ကြက်ရဖို့ သူတာဝန်ယူတယ်ဆိုပြီး ထွက်သွားတယ်။ နာရီဝက်လောက်လည်း ကြာရော ကျော်ဝင်းဂျပု အူယားဖားယား ပြေးလာပြီး ကျွန်တော်တို့ လူအုပ်ကြားမှာ ဝင်ထိုင်လိုက်ရင်း သူ့ကိုယ်ပေါ်က အင်္ကျီ စပို့ရှပ်အကျႌကိုချွတ်၊ ဖင်ခုထိုင်ထားလိုက်တယ်။ ဘာမှ မကြာလိုက်ဘူး။ 'ကိုဒူခါတေ' ကြီးနောက်က လိုက်လာတာပါပဲ။

"ကြက်သူခိုး ... ကြက်သူခိုးဟေ့။ ဒီဘက်ကို အင်္ကျီအကျႌနဲ့ ကြက်သူခိုး ပြေးမလာဘူးလား"

"ဟာ ... ဒါဆို စောစောက ဟောဒီလမ်းထဲ ပြေးဝင်သွားတဲ့ ကောင် ဖြစ်ရမယ်။ အရပ်ပုပုဟုတ်လား။ အင်္ကျီအကျႌနဲ့လေ"

ကိုဒူခါတေ (ကြက်ရှင်) ကြီးက ဟန်တစ်လုံး ပန်တစ်လုံးနဲ့ သူမဟုတ်သလို အတည်ပေါက်ကြီးပြောနေတဲ့ ကျော်ဝင်းဂျပုကို မသင်္ကာသလို စိုက်ကြည့်နေတယ်။ ကျွန်တော်တို့အားလုံးက အဖြစ်မှန်ကို ရုတ်တရက် ရိပ်မိသွားကြတာနဲ့ ဝိုင်းဖိန့်ကြရတော့တာပေါ့။

"ဒါကြောင့် ဒီငနဲ မဟားတရား ပြေးတာကိုး။ ဒီလိုမှန်းသိရင် ကျွန်တော်တို့ ဆီးဖမ်းထားတာပေါ့ ကိုဒူခါတေရာ"

"အဲဒီကောင် နံ့သာကုန်းကကောင်ကွ။ ကျူးကျူးကျော်ကျော်ကွာ"

"မမိခင်တော့ နေနှင့်ဦးပေါ့ကွာ။ ခွေးမသား မိတော့မှ လည်လိမ်ပစ်မယ် ဟင်း .."

ကိုဒူခါတေကြီးပြန်သွားပြီး စိတ်ချရလောက်တော့မှ ကျော်ဝင်းဂျပုက

"အဲ ... ဘူကြီး၊ ဒေါ်ပန်းဥခြံစည်းရိုး ပုဏ္ဏားရိုက်ပင်ကြားမှာ ငါဝှက်ခဲ့တဲ့ ကြက်ဖကြီးကို သွားယူပေတော့"

ကျွန်တော်တို့လူငယ်အုပ်စု ထိုညက ထိန်ထိန်သာနေတဲ့ လပြည့်ဝန်းရဲ့ အလင်းရောင်အောက်မှာ ကျော်ဝင်းဂျပု(ဘွန္တော)ဘွဲ့ ထပ်မံ



အပ်နှင်းတဲ့ ပွဲကလေး တပျော်တပါး ကျင်းပကြပါတယ်။ တည်ခင်းကျွေးမွေးတာက ကြက်သားနဲ့ ကုလားပဲဟင်း။

ဗိုက်ပူတင်ဦးနဲ့ ဘွန္တော ကျော်ဝင်းဂျပုတို့ ကျွန်တော့်ကို ဟိုးငယ်စဉ်ကလို အပျော်မျက်နှာတွေနဲ့ ကြည့်ပြီး ရယ်နေကြတယ်။ ကျွန်တော် ဘယ်လိုမှ မရယ်နိုင်ပါ။ မရယ်နိုင်ပေမယ့်လည်း ထူးထူးခြားခြား စဉ်းစားရရှိထားပြီးဖြစ်တဲ့ ဒီစိတ်ကူးကလေးကိုတော့ ဘယ်နည်းနဲ့မှ ကျွန်တော်မ ဖျက်ချင်ပါဘူး။ ဒါကြောင့် လူစာရင်းကို နှစ်စုခွဲပြီး ရေးလိုက်ပါတယ်။ ကျန်တစ်စုက သက်ရှိထင်ရှားကျန်သေးသူတွေ။ ဦးဆုံးသေဆုံးသူတွေကို ချရေးလိုက်တယ်။

ပေါတင်ဦး၊ ဘွန္တော ကျော်ဝင်းဂျပု၊ စိုးမြင့်(ရေနစ်သေ)၊ စိုးညွန့်၊ ကံညွန့်၊ သန်းမောင်၊ သန်းထွန်း၊ သန်းအောင်၊ နီတာ၊ မွတ်တား၊ ရွှေမန်း၊ ဘိုတိုး။ သေဆုံးတဲ့ သူငယ်ချင်းများ စာရင်းကို ရေးရင်း ကျွန်တော် တုန်လှုပ်သွားတယ်။ သူငယ်ချင်းတွေ ကုန်သလောက် ရှိနေပြီလေ။ သေသူအများစုမှာ အရက်ကြောင့်များတယ်။ အသက်ရှင်ကျန်နေသူတွေက အရက်ဆို အနံ့တောင်မခံကြသူတွေ။ သေသူစာရင်းစုံတော့ ရှင်သူတွေကို စာရွက်လွတ်တစ်ရွက်မှာ သီးခြားရေးတယ်။

ဘောလီဘောရိုက်ရင် အရပ်ရှည်ကြတဲ့ ကျွန်တော့်အစ်ကို မောင်သွင်နဲ့ ကျွန်တော်က အမြဲလို တစ်ဖက်စီမှာနေပြီး ကစားကြရတယ်။ တခြားရပ်ကွက်အသင်းတွေနဲ့ ချိန်းပြီး ရိုက်မှသာ ကျွန်တော်တို့ညီအစ်ကိုက တစ်သင်းတည်း၊ တစ်ဖက်တည်း ကစားကြရတယ်။ ဒီမှာတော့ အသက်ရှင်သူစာရင်းမှာ ဦးဆုံး ကျွန်တော့်အစ်ကို နာမည်ကို စရေးတယ်။

မောင်သွင်၊ ကျော်ဝင်း(တင်းဘုတ်)၊ တင်သိန်း၊ အုန်းသင်။ ကျွန်တော် ဆက်ရေးစရာနာမည် ကုန်သွားပြီ။ သက်ရှိထင်ရှား ကစားဖော်က လက်ချိုးရေလို့မှ လက်တစ်ဖက်မပြည့်တော့ပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် စိတ်ဓာတ်ကျပြီး ဒီပွဲလေးကို မလုပ်လိုက်ရင် နောက် နှစ် နောက်နှစ်တွေမှာ ဒီထက်မနည်းပေဘူးလား။

"အို ... ဘာဖြစ်ဖြစ်ကွာ။ ရှိတဲ့လူနဲ့ပဲ စားကြမယ်။ လုပ်ကို လုပ်မယ်"

အဲဒီလို မကျေမနပ် ရေရွတ်ရင်း ကျွန်တော့်အစ်ကို မောင်သွင် ဆီကို ဖုန်းကောက်ဆက်လိုက်တယ်။ ကျွန်တော့်ဆန္ဒ အကြောင်းစုံကို လည်း ဖုန်းထဲကနေဘဲ စီကာပတ်ကုံး ရှင်းပြတယ်။ ဒီအစီအစဉ် ကလေးကို စိတ်ကူးရလာပုံက အစပေါ့။ ခုဆိုရင် အသက်ထင်ရှား ကျန်သေးတဲ့ ကစားဖော်တွေဟာ ကျွန်တော်အပါအဝင်မှ ငါးယောက် သာ ကျန်တော့ကြောင်း၊ ဒါကြောင့်မို့လည်း ဒီပွဲကလေးကို မဖြစ်မနေ လုပ်ချင်နေကြောင်း ကျွန်တော်စကား ပြောမဆုံးခင်မှာဘဲ မောင်သွင် က

"မင်းခုချိန်ထိ စိတ်ကူးယဉ် ကောင်းတုန်းရှိပါသေးလား မောင် ပွင့်။ မင်းရဲ့ သက်ရှိထင်ရှားကစားဖော် စာရင်းထဲက တင်သိန်းဟာ အခု'ဒီမှာ မရှိတော့ဘူး။ မြောက်ဒဂုံလား၊ လှိုင်သာယာဆိုလား ရောက် နေပြီ"

"ဒါဆိုရင်လည်း ကျန်တဲ့ လူနဲ့ပဲ လုပ်မှာပေါ့ကွ"

"အေး ... ကျန်တဲ့လူက ကျော်ဝင်းတင်းဘုတ်၊ တစ်နေ့က လေ ဖြတ်သွားပြီး၊ စကားမပြောနိုင်တာ မင်းမကြားသေးဘူးဟုတ်လား"

"ဘာ ... တင်းဘုတ်ကျော်ဝင်း လေဖြတ်သွားတယ်"

"ဟုတ်တယ်၊ ပြီးတော့ အုန်းသင်ကြီးက သွားတွေအားလုံး နုတ် ပစ်လိုက်ရလို့ အံကပ် သွားတု လုပ်နေတုန်းမို့ ဘယ်မှ မသွား မလ သေးဘူး။ ငါ့ကိုလည်း မေးဦးကွာ။ သုံးရက်ရှိပြီ။ အိပ်မရလို့ တရှူ ဆေး ပြန်သောက်နေရတယ်။ မင်းပွဲကို ငါလည်း လာနိုင်မှာ မဟုတ် ဘူး"

ကျွန်တော်ဖုန်းကို ကိုင်ထားပြီး ဘာစကားမှ ဆက်မပြောနိုင်



အောင် ဆွံ့အသွားတယ်။ တစ်ဆက်တည်း စဉ်းစားမိတာက တစ်နေ့ ကုန် တစ်နေ့ခန်း အားလပ်ရက်တိုင်းမှာ ဝေးလေးဝါးလေး စုဝေး ပျော်ပါးခဲ့ကြတဲ့ ငယ်သူငယ်ချင်း လေးပုံတစ်ပုံကလေးနဲ့တောင် ဆုံ စည်းချင်လို့ မရနိုင်တော့ပါလား။

ငွေသိန်းပေါင်းများစွာ ကုန်ကျမယ့်အလှူပွဲတွေ၊ ပျော်ပွဲတွေ ကို ငွေသာရှိ ကြိုက်တဲ့နေရာမှာ ကျင်းပလို့ ရနိုင်ပေမယ့် ကိုယ်တွေ့ ဆုံချင်သူတွေကိုတော့ သေပြီဆိုရင် ဘယ်လိုမှကို ဆုံဆည်းခွင့် မရှိ တော့ပါလား။ အသက်ရှင်နေကြခိုက် ချစ်ချစ်ခင်ခင် နေကြပါဆိုတဲ့ စကားတွေကို လူကြီးသူမတို့ ဒါကြောင့် ဆိုဆုံးမခဲ့ကြတာပါလား။

'အနိစ္စဝရ သင်္ခါရ ဥပ္ပါဒဝရ မမ္မိနော ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိတေသံ ဥပ္ပသမော သုခေါ"

"ဥပ်"

ကျွန်တော်ဖုန်းကို စိတ်ဆိုးမာန်ဆိုး ဆောင့်ချလိုက်တာနဲ့ တစ်ပြိုင်တည်း ...

"ကရင် ... ကရင် ... ကရင်"

" ဟ ... လို ဘာ ... တင်းဘုတ်ကျော်ဝင်း ဆုံးပြီ"

ဖတ်စရာဂျာနယ်၊
ဖေဖော်ဝါရီလ ၁၄ ရက်၊ ၂၀၀၆ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

## ငယ်ပေါင်းတို့ရဲ့ စံရာမြေ

ရှုကြည့်မဆုံးအောင် အပြောကျယ်လှတဲ့ လယ်ကွင်းပြင်ကြီးတွေရဲ့ အနောက်ဘက် အနားသတ်မျဉ်း နှုတ်ခမ်းသားတစ်လျှောက်မှာ လက်ပန်ချောင်၊ ကညင်ပင်၊ ထိန်ပင်စု၊ ဥသျှစ်ကုန်း စတဲ့ ရွာကလေး တွေက အစီအရီ တန်းစီရှိနေကြတာပေါ့။ အဲဒီရွာကလေးတွေကနေ အရှေ့ဘက် လယ်ကွင်းကြီးကို ကျော်ပြီး လှမ်းမျှော်ကြည့်မယ်ဆိုရင် တော့ မိုးကုတ်စက်ဝိုင်းကိုသာ မြင်ရလိမ့်မယ်။

ကျုပ်နေတဲ့ ကျုပ်ရဲ့ဇာတိမြေက ဥသျှစ်ကုန်းလေ။ ကျုပ်ရဲ့ ငယ် ပေါင်းတွေကတော့ နီပွန်၊ ဝမ်ဒူ၊ ထွန်းအုံ၊ ဝက်ကြီးနဲ့ သိန်းမောင် မိန်းကလေးတွေထဲကဆိုရင် ခင်စိန်၊ အေးမြိုင်နဲ့မိဒိုင်း ဒါတွေက တကယ့်ကို ခင်ခဲ့တဲ့ ငယ်ပေါင်းတွေ၊ မေးထူးခေါ်ပြော သိကြတာ တွေကတော့ အပုံပေါ့။ ရှိတာပေါ့ တစ်ရွာလုံးလိုလို။

ခုတလော ကျုပ် ဥသျှစ်ကုန်းကို အရမ်းကို သတိရရနေမိတယ်။ ပြောရရင် အသက်ကြီးလာလေ သတိရစိတ်က ပိုမိုစိပ်လာလေပဲ မှတ် တယ်။ ဥသျှစ်ကုန်းကို သတိရလေမှတော့ အမေနဲ့အဖေဆိုတာ ဘယ် ကျန်ရစ်ခဲ့နိုင်ပါ့မလဲ။ ကျုပ်က တစ်ဦးတည်းသား အဖေအမေတို့နဲ့ အတူနေခဲ့တဲ့ အိမ်ကြီးရယ်၊ ခြံရှေ့မှာ မားမားကြီး အုပ်မိုးထားတဲ့ ဖြောက်ဆိပ်ပင်ကြီးရယ်ဟာ ကျုပ်ဥသျှစ်ကုန်းကို သတိရလိုက်တာနဲ့



တန်းခနဲ ရှေ့က ပါလာတော့တာပဲ။ တစ်ခါမှ မလစ်ဟင်းခဲ့ဘူး။

ကျုပ်အဖေက နာမည်ကျော် လက်သမားဆရာကြီး။ သူ့အလုပ်က ပင်ပန်းတယ်ဆိုပြီး ကျုပ်ကို ပညာတတ်ကြီးဖြစ်အောင် အတန်းကျောင်းကို ဇွတ်ကို ပို့ရှာပါတယ်။ ဒါပေမဲ့ ကျုပ်က ခုနစ်တန်းအောင်ရုံပဲနေတယ်။ အဲဒီခေတ်က ခုနစ်တန်းအောင်ရင် အောက်တန်းစာရေးကောင်းကောင်းရတယ်။ ကျုပ်က စာရေး စာချီအလုပ်ကို ဝါသနာမပါတာ ဒီတော့ ကျောင်းဆက်မနေဘူး။ အိမ်မှာရှိနေတဲ့ အဖေ့ လက်သမားပစ္စည်းတွေနဲ့ ပရိဘောဂပစ္စည်းတွေလုပ်တယ်။ ဒါက ပညာအရည်အချင်းပိုင်းပေါ့။

ရုပ်ရည်ကျတော့ ကျုပ်က အမေတူမို့ ချောတာလို့ လူတိုင်းက ပြောကြတယ်။ ဟုတ်တယ်။ အဖေနဲ့ အမေက လုံးဝမလိုက်ဘက်ဘူး။ အဖေက အလုပ်ကြမ်းသမားဆိုတော့ ပေပေတေတေပဲနေတယ်။ အမေကတော့ ဖြူဖြူစင်စင် ခန့်ခန့်ကြီး၊ ကျုပ် တစ်ခါတလေ အဖေ့ကို အလုပ်လိုက်ကူလုပ်ပေးရင် အဖေ့သားပါလို့ ဘယ်သူကမှ မထင်ကြဘူး။ ဒါပေမဲ့ အမေက ပေးမလုပ်ပါဘူး။ အဖေကလည်း တူတူပဲ။ ကျုပ်ကို ရွှေပေါ်မြတင် ထားရှာကြတာပါ။ တစ်ဦးတည်းသားလေးလေ။ ချစ်ကြတာလည်း မပြောနဲ့။

ကျုပ်နာမည်ကို 'ဘုန်းလူ' လို့ပေးထားကြတယ်။

အဲဒီနာမည်ကို ကျုပ်မွေးပြီး သုံးလေးလအထိ အဖေက အချိန်ယူပြီး ရွေးချယ်ခဲ့ရှာတာတဲ့။ ကျုပ် ငယ်ငယ်က အဖေ့ကို ချစ်ရကောင်းမှန်း သိပ်မသိဘူး။ ကျုပ်သားသမီးတွေ ရလာတော့မှ အဖေရဲ့ပုံစံကို ချစ်စရာရယ်လို့ နားလည်လာတယ်။ အဖေနဲ့အမေရဲ့ သားသမီးတွေအပေါ် ဆက်ဆံပုံ ဆက်ဆံနည်းက တူမှမတူတာပဲဟာ။

ဘုန်းရှိန်ကံရှိန်တွေ တလူလူတက်အောင် ရည်ရွယ်ပေးခဲ့တဲ့ နာမည်ကြောင့်ပဲလားမသိဘူး ကျုပ်မှာရှိတဲ့ ပင်ကို အရည်အချင်းထက် တိုးတက်အောင်မြင်မှုက မြင့်မားလွန်းတယ်လို့ ဆိုရမယ်။ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဥသျှစ်ကုန်းသားတွေထဲမှာ ရန်ကုန်တက်ပြီး ကြီးပွားနေတာ ကျုပ်တစ်ယောက်ပဲရှိတယ်လို့တောင်မှ ဂုဏ်ယူကြရတဲ့ထိဆိုပါတော့၊ ဥသျှစ်ကုန်းသားတွေ ပြောရှာကြတာပါ။

ကျုပ်ငယ်ငယ်ကတည်းက စန်းပွင့်တယ်၊ အဖေရှာတဲ့ ပိုက်ဆံကို တစ်ဦးတည်း ဒိုင်ခံသုံးရပြီး အမေကို သွားတူတဲ့ ကျုပ်ရဲ့ ဥပမိရုပ်ကြောင့်လို့ဆိုရင် မမှားဘူးထင်ရဲ့။ ကျုပ်ဟာ အဖေ့ရဲ့ သွေးပါလို့ လက်သမားပညာမှာ ကျွမ်းကျင်ပေမယ့် အဖေ့လို ပင်ပန်းတဲ့ အိမ်ဆောက်တဲ့ အလုပ်မျိုးကို မလုပ်ဘဲ အနုစိပ်ကိုင်တွယ်ရတဲ့ အိမ်ထောင်ပရိဘောဂပစ္စည်း လုပ်တာမျိုးကိုသာ လုပ်တယ်၊ အဲဒီမှာ ကျုပ်ဇနီးနဲ့ ဖူးစာဆုံဖို့ ကံပါလာရတော့တာပေါ့။ ကျုပ်ဇနီးနာမည်က မမှုံလေ ရန်ကုန်က မြို့ကြီးသူ။

ကျုပ်ဇနီးရဲ့ မိဘတွေက ရန်ကုန်ပေါ်မှာ အိမ်ထောင်ပရိဘောဂဆိုင်ကြီး အကြီးအကျယ် ဖွင့်ထားတယ်။ လက်ရာကောင်းတဲ့ကျုပ်၊ ရန်ကုန်ရောက်လာတော့ အမေ့ကို သွားတူတဲ့ ဘဝအကျိုးပေးလေနဲ့ အဖေတူတဲ့ လုပ်ရည်ကိုင်ရည်တွေကြောင့် ကျုပ်ဇနီးရဲ့မိဘ အဖေကြီးက သဘောကျပြီး ခုလို တောက်လျှောက် ကြီးပွားလာခဲ့ရတော့တာပါပဲ။ ဒါကြောင့် ဘုန်းလူဆိုတဲ့ နာမည်ကြောင့်လား မသိဘူး ပြောတာပါ။

ရန်ကုန်ပေါ်မှာ အမြင့်ကျယ်လာတဲ့ကျုပ်ဟာ နောက်ပိုင်းကျတော့ ပင်ပင်ပန်းပန်းကို လုပ်စရာမလိုတော့ ပါဘူး။ ကျုပ်တို့ လင်မယားက ယောက္ခမမိဘတွေရဲ့အမွေကို ဆက်ခံနိုင်ခဲ့ကြသလို၊ ကျုပ်တို့ ကျပြန်တော့လည်း သားနဲ့သမီးနှစ်ယောက်ကို သူတို့ပိုင် (Furniture) ဆိုင်ကြီးတွေ တစ်ဆိုင်စီ ထူထောင်ပေးနိုင်ခဲ့ကြတယ်။ သားအငယ်ဆုံးကောင်က မန္တလေးမှာ သူ့ယောက္ခမတွေရဲ့ ကားပစ္စည်းဆိုင်မှာပေါ့ အခု ကျုပ်တို့နဲ့အတူ နေနေကြတာက သားအကြီးဆုံး လင်မယားနဲ့ သူတို့ရဲ့ သားသမီးသုံးယောက်လေ။ ကျုပ်ရဲ့မြေးတွေ



သားနှစ်ယောက်က အကြီး၊ အငယ်ဆုံးမလေးက ခုနစ်တန်း ဒီခေတ်လူငယ်တွေနဲ့ အတူနေရတဲ့လူကြီး သက်ကြီးရွယ်အိုတွေရဲ့ ဒုက္ခကလည်း သေးတာမှမဟုတ်တာ။ မြေး အကြီးကောင်ရော အငယ်ကောင်ပါ ဆယ်တန်းမှာပဲ ရှိသေးကြတယ်။ မအောင်ကြသေးဘူး၊ အငယ်ကောင်က ကျုပ်နဲ့တူတယ်။ စာ ဝါသနာမပါဘူး။ ဂစ်တာ တခေါင်ခေါင်သမား၊ သူ့အဖေနဲ့ အမေ နှစ်ယောက်စလုံးက မနက်က ထွက်ကြတာ မိုးချုပ်မှ သူတို့လုပ်နေကြတဲ့ ကုမ္ပဏီက ပြန်ကြတယ်။ မြေးအငယ်မလေးကတော့ ကျူရှင်နဲ့ ကျောင်းပေါ့။ ဟိုအလတ်မြေး ဂစ်တာကောင် အိမ်မှာမရှိရင် ကျုပ်သိပ်ကို စိတ်ချမ်းသာတယ်။ နားကို အေးလို့။ သူနဲ့သူ့ညီမ ရှိလို့ကတော့ ဖွင့်လိုက်ကြတဲ့ စက်မျိုးစုံတွေ။ ဗွီစီဒီတဲ့ ကာရာအိုကေတဲ့ မျိုးကိုစုံနေတာ။ ဆိုတီး တီးပြီးများ မောင်နှမ နှစ်ယောက် ဆိုကြရင် သွေးတိုးချင်လာတဲ့ထိ ခံရတယ်။

အဲဒါတွေကြောင့် ကျုပ် ခုတလော ဥသျှစ်ကုန်းကိုချည်း သတိရနေမိတာ။ ဩော် ... ဥသျှစ်ကုန်းကို အမေတို့ အဖေတို့ မရှိတော့ကတည်းက အရောက်ကျဲသွားလိုက်တာ ခုဆို အနှစ်နှစ်ဆယ်တောင် ရှိရော့မယ်၊ ထူးထူးဆန်းဆန်း ခုတလော အမေပြောတဲ့စကားကို အထူးသတိရရ ကြားကြားနေတယ်။

"ငါ့သားဘုန်းလူကတော့ ချေးကျုရာပျော်တဲ့ကြက်ပဲ" တဲ့လေ ရောက်လေရာ အရပ်မှာ အရေးပေး ခံရတဲ့ ကျုပ်က ရောက်ရာအရပ်မှာ ပျော်ပြီးနေတတ်လို့ အမေက အဲဒီလိုမျိုးပြောခဲ့တာပါ၊ ခုတော့ ကျုပ် အမေကြားမယ်ဆိုရင် ပြောစမ်းချင်ရဲ့လေ။ ကျုပ်ရဲ့လက်ရှိ ဘဝကြီးကိုပါ။

"အမေ့သား ချေးကျုရာ အရပ်မှာ မပျော်နိုင်တော့ဘူး အမေရေ"

ဟုတ်တယ်။ ကျုပ်ကား (Accident) ဖြစ်လို့ ညာခြေ မသန်တော့ကတည်းက အလုပ်တွေလည်း သားသမီးတွေ လွှဲလိုက်ပြီး အသက်ကလည်း ၇၀ ကျော်လာပြီဆိုတော့ အိမ်မှာပဲ ထိုင်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ကြာပြီပဲ။ သားအကြီးဆုံး မိသားစုနဲ့နေရတာ စိတ်ပျက်စရာ၊ ပြောလို့ကလည်း မသင့်။ စိတ်ထဲမှာ ကိုယ့်အချိန်အခါ မဟုတ်တော့သလို ခံစားနေရတယ်။ သူတို့ခေတ်အခါနဲ့ သူဆိုတော့ လူကြီးဆိုပေမယ့် အရှိန်အဝါကင်းနေရပြီ မဟုတ်လား။ ကျုပ်ဇနီးကတော့ မြို့ထဲက သားနဲ့သမီးတွေဆီ လှည့်သွားနေလေရဲ့။ ကျုပ် မပြောရက်ပါဘူး။ သူ သူ့ချွေးမကြီးမိသားစုကို သိပ်ဘဝင်မကျတာ ကျုပ်သိနေတာကိုး။ ကျုပ်က သူ့လိုမှ လှည့်ပတ် သွားမနေနိုင်တာကလား။ ဒီတော့ တစ်နေ့တစ်နေ့ ငယ်ပေါင်းတွေရှိရာ ဥသျှစ်ကုန်းကိုပဲ သွားချင်စိတ်က ပိုပိုပြင်းပြလာနေမိတော့တာပေါ့။

"ဩော် လွမ်းလိုက်ပါဘိ ဥသျှစ်ကုန်းရယ်"

* *

"တွီတွီတွီ"

ကျုပ်ရဲ့ အတွေးအာရုံထဲကို အစီအရီ ရောက်ရှိလာနေကြတဲ့ ငယ်ပေါင်းတွေရဲ့ ရုပ်သွင်တွေနဲ့ ဥသျှစ်ကုန်းရဲ့ မြင်ကွင်းပုံရိပ်တွေဟာ မြည်လာတဲ့ တယ်လီဖုန်းခေါ်သံကြောင့် တီဗွီကြည့်ရင်း မီးပျက်သွားသလို ဖျတ်ခနဲ ပျောက်ကွယ်သွားကြရတယ်။ ကျုပ်လာအကိုင်ကို စောင့်စားနေတဲ့ တယ်လီဖုန်းခုံရှိရာကို ထော့နင်း ထော့နင်းနဲ့ လျှောက်သွားပြီး ခါးလယ်က ဆွဲမ, နားထောင်ရတာပေါ့။ တစ်ဖက်က သမီးအိမ်ကနေ ဆက်နေတဲ့ ကျုပ်မိန်းမ။

"ဟလို ... အာ ... စားပြီပြီပေါ့ကွ။ ဘယ် အချိန်ရှိနေပြီလဲ ပြီးပြီ ပြီးပြီ" "ရှင့်ကို အဲဒါတွေ မတည့်တာပေါ့။ စေတနာနဲ့ မေးတဲ့ဟာကို ဘာလို့ စိတ်မရှည်ဖြစ်နေရတာလဲ"

"ဟာ နှစ်နာရီပဲ ထိုးပြီးနေပြီဥစ္စာ။ ကဲကဲ ဘာပြောစရာရှိသေးလဲ ပြော"

"ဒီမှာ ရှင့်သမီးက တစ်ညထပ်အိပ်ဖို့ ပြောနေလို့"

"မင်းဟာမင်း အိပ်ချင်အိပ် မအိပ်ချင်နေ၊ ဒါပဲဟုတ်လား" "ဝှပ်"



ကျုပ်ကိုယ်ကျုပ် ဘာကို စိတ်တိုမှန်းမသိဘူး။ ဖုန်းကို ဝှပ်ခနဲ ဆောင့်ချပစ်လိုက်မိတယ်။ ပက်လက် ကုလားထိုင်မှာ ပြန်ထိုင်ပြီးတဲ့အထိ ဘာကို စိတ်တိုရမှန်းမသိဘူး၊ အိမ်ဖော်ကောင်မလေးကို သံပရာရည် အေးအေးလေးတစ်ခွက် လှမ်းဖျော်ခိုင်းလိုက်တယ်။ ဒီအချိန်မှာမှ ကျုပ်မိန်းမ အိမ်မှာရှိနေရင် သူ့ကို ဖျော်မခိုင်းရပါလား၊ ကောင်မလေးကိုပဲ ခိုင်းဦးတော့ သူက ညွှန်ကြားပေးရင် ပိုမကောင်းပေဘူးလား ဆိုတဲ့အတွေး ဝင်လာတယ်။

ဒီတော့မှ ကျုပ်မိန်းမ အိမ်မှာ ကျုပ်နားမှာ ရှိမနေတာကို ဒေါပွနေတာဖြစ်ကြောင်းကို ကိုယ့်ဟာကိုယ် သိလာတယ်။ ကျုပ်မမှားပါဘူး။ ဒီအရွယ်ကြီးမှာ မိန်းမနား ကပ်ချွဲနေဖို့ မဟုတ်သော်လည်း အနားမှာတော့ ရှိစေချင်တာပေါ့။ ကိုယ့်မိန်းမပဲဟာ။ ကျုပ် အတွေးတွေက သားသမီး သားမယားနဲ့ မြေးတွေအထိ ပြန်ပြီး တန်းစီစူးစမ်းကြည့်မိတယ်။ သူတို့တွေဟာ ကျုပ်နားမှာရှိပြီး အဝေးဆုံးကို ရောက်နေကြတယ်။ ဒါမှမဟုတ် ကျုပ်က သူတို့တွေကို ထွက်ပြေး ရှောင်ရှားချင်နေတယ်။ ဥသျှစ်ကုန်းကသာ ကျုပ်နဲ့ အဝေးကြီးမှာ ရှိပြီး ကျုပ်ရင်ထဲမှာ အမြဲအစဉ်လို ခိုဝင်လှုပ်ရှားနေကြပါလား။ မိုင်ပေါင်းများစွာ ဝေးနေခဲ့တဲ့ ဥသျှစ်ကုန်းက ကျုပ်ရင်ထဲမှာ ...

ဟုတ်ပါတယ်၊ ကျုပ်ရဲ့ မိသားစုရဲ့ အတွေးထဲမှာလည်း ကျုပ်ကို ထည့်သွင်း မစဉ်းစားကြပါဘူးလေ၊ သူတို့မှာ ကျုပ်နဲ့ပတ်သက်တဲ့ ပြောစရာစကားတွေ ရှိမနေတော့လို့သာ ဒီလို နေထိုင် လှုပ်ရှားမှုမျိုးတွေကို ကျုပ် မြင်တွေ့နေရတာပဲ မဟုတ်လား၊ အမြဲတစေ သူတို့ကိစ္စနဲ့ သူတို့ပဲ ရှိနေကြတယ်။

ကျုပ်မိန်းမကိုပဲ ကြည့်ပေါ့။ ချွေးမနဲ့ မဆက်ဆံချင်လို့ ရှောင်တယ်ပဲထားပါ။ ကျုပ်တစ်ယောက်တည်း ဘယ်ပုံဘယ်နည်းရှိရှာ လေလိမ့်မယ်ရယ်လို့ သူတွေးတောခဲ့သော် စာနာခဲ့သော်၊ ခုလိုမျိုး ခုလိုမျိုး

* *

www.burmeseclassic.com

www.burmeseclassic.com



လာချင်ရင် အနီးကလေး၊ မလာချင်ရင် ခရီးဝေးသတဲ့။

ဒီစကား သိပ်ကိုမှန်တယ်။ ကျုပ်အဖေနဲ့အမေ မရှိကြတော့တဲ့နောက် ကျုပ်မိန်းမနဲ့ သားသမီးတွေဆိုတာကလည်း ကျုပ်ရဲ့ဇာတိမြေလို တောကြိုအုံကြား အပျော်မဲ့တဲ့နေရာမျိုးကို ဘယ်မှာလာ စိတ်ဝင်တစား ရှိကြတော့မှာလဲ။ ဒီတော့ ကျုပ်ကလည်း ကျုပ်မိသားစုနဲ့ ရောပြီး ကျုပ်ဇာတိမြေဖြစ်တဲ့ ဥသျှစ်ကုန်းကို ခရီးဝေးခဲ့မိတာပေါ့။ မလာဖြစ်ဘူးပေါ့။

အဲဒီခါဆီက ကျုပ်မိသားစုနဲ့ ကျုပ် ပေါင်းပေါင်းစည်းစည်း ပျော်ပျော်ပါးပါး ရှိနေခဲ့ကြတယ်လေ။ ကျုပ်တို့ လင်မယားကလည်း စီးပွားရေးကဏ္ဍတွေမှာ လှုပ်လှုပ်ရှားရှား။ ကလေးတွေကလည်း အတောင်အလက် မစုံကြသေးတဲ့ ရင်ခွင်ပိုက် အရွယ်တွေကိုး၊ ခုလိုမှ ကိုယ့်အသိုက်အမြုံနဲ့ကိုယ် သီးခြားရှိနေကြသေးတာမှ မဟုတ်ကြတာ၊ ဒီတော့ ကျုပ်ကလည်း အမေပြောခဲ့သလို ချေးကျရာပျော်နေတဲ့ ကြက်ကြီး ဖြစ်နေခဲ့တာပေါ့။

အဲဒီလို ခရီးဝေးကြီး အနှစ်နှစ်ဆယ်လောက် ခြေဦးမလှည့်ဖြစ်ဘဲ စိမ်းကားနေခဲ့မိတဲ့ မွေးရပ်မြေကို ငယ်ပေါင်းတွေနဲ့ တွေ့ချင်စိတ်စောပြီး အိုကြီးအိုမ မသန်မစွမ်းဘဝကျမှ လာဖြစ်လိုက်တော့လည်း မကြာခင် ရောက်ရတော့မယ် လက်ပံချောင်း၊ ကညင်ပင်နဲ့ ထိန်ပင်စုကိုတော့ ဖြတ်လာပြီ ဥသျှစ်ကုန်းကို ရောက်တော့မယ်ဆိုတဲ့ အသိစိတ်က ကျုပ်စိတ်ကို နှပျိုစေတယ်။ ငယ်ပေါင်းတွေရဲ့ မျက်နှာတွေကိုလည်း အစီအရီ မြင်ယောင်ပြီး ပြုံးစိစိဖြစ်နေလို့၊ ကားမောင်း လိုက်ပို့ကြတဲ့ မြေးနှစ်ကောင်က ကျုပ် မမြင်ဘူးအထင်နဲ့ မျက်ရိပ်ပြ လှောင်ပြောင်အံရော်နေတာကို ကျုပ်က မသိဟန်ဘဲ ဆောင်နေလိုက်ပါတယ်။ မြေး အငယ်ကောင် အသံကြောင်နဲ့ သီချင်း အော်ဆိုနေတာကိုလည်း ကျုပ်က ဥပက္ခာပြုနေပေးလိုက်တယ်။

ကားလမ်းမကြီးတွေအတိုင်း အမှတ်သညာထား မောင်းလာခဲ့ရ



လို့သာပေါ့။ နို့မဟုတ်ရင် ကျန်ခဲ့တဲ့ ရွာတွေတောင်မှ မမှတ်မိလောက်အောင် ပြောင်းလွဲနေကြပြီ။ ကျုပ်တို့ ဥသျှစ်ကုန်းရော၊ အနှစ် နှစ်ဆယ်ဆိုတော့လည်း ပြောင်းလဲပြီပေါ့။

ဥသျှစ်ကုန်းရောက်တော့ ထင်ထားတဲ့အတိုင်းပါပဲ။ ရွာဦးဘုန်းကြီး ကျောင်းဝင်းကြီးကို ရောက်မှာ ကားမောင်းနေတဲ့ မြေးကြီးကို အရပ်ခိုင်းရသေးတယ်။ ကျောင်းဝင်းနဲ့ အုတ်တံတိုင်းတွေကိုက ပြောင်းလဲနေမှကိုး။ ဟော ကျုပ် သူ့ကို လှမ်းမြင်လိုက်ရပြီ။ အရမ်းဝမ်းသာသွားတာမို့ ကားတံခါးဖွင့်ဆင်းရာကပဲ လှမ်းခေါ်မိလျက်သား ဖြစ်သွားတယ်လေ။ ဝမ်းသာသွားတာကိုး။

“ဟေ့ မိဒိုင်း မိဒိုင်း”

“အို ကျွန်မ မိဒိုင်းမဟုတ်ဘူး”

ဒီတော့မှ ကျုပ်စိတ် လောကြီးသွားတာကို ပြန်အမှတ်ရပြီး စကားပြင်ပြောရတယ်။

“ဦး စိတ်စောသွားလို့ပါကွယ်။ ညည်းမိဒိုင်း အဲ အဲ မဒွေးသမီးဟုတ်လား”

“ဟုတ်ကဲ့၊ ဦးက ဘယ်သူလဲ”

“ညည်းအမေနဲ့ ငယ်သူငယ်ချင်းတွေပေါ့ကွ၊ ညည်းအမေရော နေကောင်းတယ် ဟုတ်လား”

“အမေဆုံးတာ လေးနှစ်ရှိသွားပြီ ဦးရဲ့”

“ဟာ မိဒိုင်း ဆုံးရှာမှကိုး”

ကျုပ်စိတ်ထဲမှာ သူ့သမီးလေးကို ကြည့်နေရတာ မိဒိုင်းကို ကြည့်နေရသလိုပါပဲလေ။ သူလေးကိုပဲ ဆက်မေးရတော့တာပေါ့။

“ဒါနဲ့ ထွန်းအုံကို သိလား”

“မသိဘူးရှင့်”

“သိန်းမောင် ဆိုတာရော”

“မသိဘူးရှင့်”

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် စိတ်ပျက်သွားမိတယ်။ သူတို့နောက်ပေါက်တွေ မေးလို့တော့ဖြင့် မျှော်လင့်ချက်ရှိမည်မထင်။ သူလေး နှုတ်ဆက် ထွက်သွားတာကို ခေါင်းညိတ်ပြပြီး ရပ်ကျန်ခဲ့ရတယ်။

"ဘိုးဘိုးကို သိတဲ့လူကော ရှိပါဦးမလား ဘိုးဘိုးရာ"

"ဟေ့ တစ်ရွာလုံးတော့ မပြောင်းလဲနိုင်ဘူးကွ၊ ကျန်တဲ့လူတွေ ကျန်ကြဦးမှာ လာပြီးမှတော့ ငါ့သူငယ်ချင်းတွေနဲ့ တဝကြီး စကားပြောမယ်၊ နီပွန်ကြီးအိမ်ဖြစ်ဖြစ်၊ ဝမ်ဒူ့အိမ်ဖြစ်ဖြစ် ရှာပြီး တစ်ရက်နှစ်ရက်နေပြီးမှ ပြန်မှာ မင်းတို့ စိတ်မရှည်ချင်ရင် လှည့်ပြန်"

ကျုပ်မြေးတွေကို စိတ်တိုတိုနဲ့ အော်လိုက်ရပေမယ့် ကျုပ်စိတ်ထဲမှာလည်း အားငယ်ချင်ချင်ပါလေ။ ဆံပင်တွေ တစ်ခေါင်းလုံး ဖွေးနေတဲ့လူတစ်ယောက် ခြေတစ်ဖက် ထော့ကျိုး ထော့ကျိုးနဲ့ ဈေးခြင်းတောင်းကလေးဆွဲပြီး ဉသျှစ်ကုန်းဈေးကြီးဘက်က လာနေတယ်။ ကျုပ် သူ့ကို အားရဝမ်းသာ အော်ခေါ်လိုက်မိပြန်ပြီ။

"ဟေ့ကောင် လန်ကလာ"

သူ့ခမျာ ကျုပ်ကိုကြောင်ပြီး ရပ်ကြည့်နေရှာတယ်။ ဒီအသက်အရွယ်ကြီးနဲ့ သူ့လိုလူကို "လန်ကလာ" လို့ ခေါ်တာ ဘယ်သူပါလိမ့်ပေါ့။ ပြီးတော့မှ ကျုပ်ကို မရဲတရဲနဲ့

"ဟာ ခင် ... ခင်ဗျား ... ကိုဘုန်းလူ"

"ဟေ့ကောင် ဘာ ခင်ဗျားတွေ ကိုဘုန်းလူတွေ လုပ်နေတာလဲ။ ငယ်ငယ်ကလို မင်းနဲ့ငါနဲ့ ပြောပြီး ဘုန်းပဲ ခေါ်စမ်းပါ လန်ကလာကျိုး ... အဲ ငါ ပျော်သွားလို့နော် ထွန်းကျော်"

"ရပါတယ်ဗျာ။ အဲ ကိုဘုန်းလူရာ ခင်ဗျား ခြေထောက်က ဘာဖြစ်တာလဲ"

"အေး ငါက မင်းလို ထန်းသီးခိုးလို့ ထန်းပင်ပေါ်က ကျတာတော့ မဟုတ်ဘူးကွ။ ကားမှောက်တာ ကားမှောက်တာ ဟားဟား ဘာဖြစ်ဖြစ် ... မင်းနဲ့ငါ ဘဝတူသွားပြီကွ လန်ကလာ ထွန်းကျော်"



"ခင်ဗျား အခု ဘာလာလုပ်တာလဲ"

"မင်းနဲ့ငါပဲ ပြောပါဆို ထွန်းကျော်ရာ ငါ ငါ့ မြေးရပ်မြေက ငယ်ပေါင်းတွေဆီကို တမင် တကူးတက လာခဲ့တာပေါ့ကွ၊ ဟိုကောင်တွေရော ထွန်းကျော်"

"ဘယ်ကောင်တွေလဲ"

"အားလုံးပေါ့ကွာ ငါ့ငယ်ပေါင်းအားလုံးပေါ့"

"နီပွန်နဲ့ ဝမ်ဒူက သေပြီ။ ထွန်းအုံကတော့ ထိန်ပင်စုကို ပြောင်းသွားတယ်၊ ဝက်ကြီးက လေဖြတ်ပြီး သိန်းအောင်က ဘုန်းကြီး ဝတ်နေတယ်"

"ဟာကွာ ငါ့စိတ်ကူးက ဉသျှစ်ကုန်းကို လာပြီး ငါ့ငယ်ပေါင်းတွေနဲ့ စကားတဝကြီးပြောမယ်၊ ဝမ်ဒူတို့ နီပွန်တို့အိမ်မှာ ညအိပ်ပြီးမှ ပြန်မယ်လို့ စိတ်ကူးလာခဲ့တာ"

မင်းရဲ့ အေးမြိုင်နဲ့ မိဒိုင်းလည်း ဆုံးပြီ"

"အေးမြိုင်လည်း ဆုံးပြီလား၊ မိဒိုင်းဆုံးတာတော့ စောစောကလူသမီးလေးနဲ့တွေ့လို့ သိပြီးပါပြီ။ ဪ ... သတင်းစာထဲမှာ ဘယ်သူတွေ သေလို့ကြော်ငြာတာမှ ငါ မတွေ့ရပါလားကွာ"

"ကိုဘုန်းရာ မင်းတို့လူတန်းစားတွေလို တို့ဆီက လူတွေကမှာရေးကြော်ငြာမှာမှ မကြော်ငြာနိုင်ကြတာကွ၊ ကြော်ငြာတော့ကောဘာထူးမှာမို့လို့လဲ ပြောပါဦး" ကျုပ်ထွန်းကျော်ကို ဘာမှ ပြန်မပြောနိုင်တော့ဘူးလေ၊ သူတို့ဘဝတွေက ဟုတ်ရှာသားပဲ၊ သတင်းစာထဲမပါဘဲ တစ်နေ့ တစ်နေ့ သေနေကြသူတွေဟာ . . ။

"ကိုဘုန်း ငါအိမ်ကို ဈေးခြင်းသွားပို့လိုက်ဦးမယ်၊ ဒါနဲ့မင်းမနေ့ဘယ်ကို သွားမလို့လဲ"

"ငါလား ဘယ်သွားရမှန်းတောင် မသိတော့ပါဘူးကွာ၊ ဒါနဲ့မင်းအခြေအနေကော"

"ငါ့သမီး အငယ်မနဲ့နေပြီး သူတို့အလုပ်သွားတော့ မြေးထိန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ။ ငါ ကိုဘုန်းကို အိမ်လည်မခေါ်တာ ခွင့်လွှတ်နော် ငါတို့ အိမ်က ဆင်းရဲတော့ အားနာတယ်ကွ ကိုဘုန်းရ"

သူက အဲဒီလိုကြီး ဖွင့်ပြောနေတော့ ဝေးဝေးလံလံက လာခဲ့ ပြီးမှ ရင်ဆိုင်တွေ့နေရတဲ့ ငယ် ပေါင်းအိမ်ကို ကျုပ် မလိုက်ဘဲ ဘယ် နေရက်တော့မှာလဲလေ။

"လန်ကလာ ငါ့ကို အဲဒီစကားမျိုး မပြောစမ်းနဲ့၊ လာ ... ကား ပေါ်တက်၊ မင်းအိမ် ငါ လိုက်လည်မယ်"

"တို့အိမ်က အရင်ခြံကြီးမှာ မဟုတ်တော့ဘူးလေကွာ၊ ကားနဲ့ သွားလို့မရတော့ဘူး။ ကန်ချောင်မှာ ရောက်နေပြီ ကိုဘုန်းရ"

လိုက်မယ်ပြောပြီးမှ ကျုပ်က ထွန်းကျော်အိမ်ကို ခြေလျင် လိုက်ခဲ့လိုက်တယ်။ ထွန်းကျော် အိမ်ရောက် အောင် သူက ထော့နင်း ကျုပ်က ထော့ကျိုးနဲ့ လျှောက်ခဲ့ကြရတယ်။ သူ့ခမျာ မတားရက် ကျုပ်ကို ခေါ်လာခဲ့ရကြောင်းကို သူ့အိမ်ရောက်မှ ကျုပ် ပိုသိခဲ့ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာတတ်နိုင်တော့မှာလဲ။

ငယ်ပေါင်းတို့ ပျော်စံရာ ဥသျှစ်ကုန်းဟာ ဟိုတုန်းကလို ကျု အတွက် အပျော်တွေ ရင်မှာ ပေါက်ပွားမလာစေတော့တာမို့ ကျု ပင့်သက်ကိုသာ ရှိုက်လိုက်မိတော့တယ်။ ဟိုတုန်းကလူတွေကို မတွေ့ ဟိုစဉ်က မြင်ကွင်းကို မမြင်။

ပြောင်းလွဲသွားလိုက်တဲ့ ဥသျှစ်ကုန်းရယ်လေ ...။

ကျုပ်တို့မိသားစု နေထိုင်ခဲ့တဲ့ ခြံမြေနေရာ ကြည့်လိုက်ပြ တော့ ဖြောက်ဆိတ်ပင်ကြီးလည်း မရှိတော့ဘူး။ ဟိုးမိုင်ပေါင်းမျ စွာက မြင်မြင်ထင်ထင်ကြီး ရင်ထဲမှာ ရှိထင်နေခဲ့တဲ့ ဖြောက်ဆိ ပင်ကြီးနဲ့ အဖေကိုယ်တိုင် ဆောက်ခဲ့ရှာတဲ့ အိမ်ကြီးတည်ရှိရာ ဥသျှ ကုန်းက ခြံမြေဆီမှာ သေသေချာချာ လာကြည့်လိုက်ပါမှ ကျုပ် ဘ တစ်ခုမှ မမြင်ရတော့ပါလား။

မပြည့်မစုံ သိမ်သိမ်ငယ်ငယ် ညှော့ခံနေရရှာတဲ့ ထွန်းကျော်



အားနာလာတာနဲ့ ဥသျှစ်ကုန်းရဲ့ အကြောင်းတွေကို ဟိုရောက် ဒီ ရောက် မေးနေမိတဲ့ စကားစကို ဖြတ်ပြီး လေဖြတ်နေရှာတဲ့ သူငယ်ချင်း ဝက်ကြီးတို့အိမ်ကို သတင်းမေး ထွက်လာလိုက်ရတယ်။ ထွန်းကျော် က လမ်းပြ။

အင်း ဝက်ကြီး အခြေအနေကတော့ ချောင်ချောင်လည်လည် အနေအထားပါပဲ။ သူ့သမီးလေးက နယ်မှာ ကျောင်းဆရာမ သွား လုပ်ရာက လင်ကောင်းသားကောင်းနဲ့ ရလာသတဲ့။ ဒါပေမဲ့ ဝက် ကြီးအဖြစ်က ကြက်ကြီးလည်လိမ်ထားသလို ပါးစပ်ကြီးရွဲ့ပြီး စကား ပီအောင် မပြောနိုင်ရှာတော့ဘူး။ ကျုပ်ကို မြင်လို့ ပြောပြတော့ မှတ်မိ တယ် မမှတ်မိဘူး မပြောနိုင်ပေမယ့် မျက်ရည်တွေကတော့ ပလတ် စတစ်အိတ်ကို အပ်နဲ့ ထိုးဖောက်ခံလိုက်ရသလိုပါပဲလား။

ဥသျှစ်ကုန်းဟာ ကျုပ်ကို လှည့်စားနိုင်လွန်းလှပါလား။ ဟိုတုန်း က ခြံကျယ်ကြီး ကားလမ်းဘေးမှာနေကြတဲ့ လန်ကလာ ကျော်ထွန်း တို့ခမျာ ခြံကျယ်ကြီးကို ရောင်းပြီး ဟိုး လယ်ကွင်းစပ် ကျုပ်တို့ ငယ် ငယ်က ရေကြက်တို့၊ ဘုတ်တို့၊ ဗျိုင်းတို့ သွားပစ်ကြ ခတ်ကြတဲ့ ကန်ချောင်းလို နေရာမျိုး ခြံကွက်ကလေးတွေရိုက် အိမ်ဆောက်နေ ကြရတဲ့ဘဝမျိုး ရောက်နေပြီ။

ဝက်ကြီးတို့လို သူများခြံမှာကပ် အိမ်ဆောက်နေခဲ့ကြရှာတဲ့ လူတွေက ကားလမ်းမကြီးဘေးမှာ အိမ်ကြီးရခိုင်နဲ့လေ၊ ဟော ... ဒါပေမဲ့ ဟိုတုန်းက သန်မာဝဖြိုးလွန်းတဲ့ ဝက်ကြီးအမည်ရခဲ့တဲ့ ခန္ဓာ ကြီးဟာ ခုတော့ မြင်ရက်စရာမရှိအောင် ကျန်းမာရေးက ချို့တဲ့နေ ပြီလေ။

ကျုပ်နဲ့ ကြုံလိုက်ရတာနဲ့ ဝေးလားဝါးလား စကားဆုညံပြီး ဖျက်စီနောက်အောင် မျက်နှာရှုးခဲ့ကြတဲ့ နီပွန်တို့ ဝမ်ဒူတို့ဆိုတာ ဘယ် ဘုံ ရောက်ကုန်ကြပြီလဲ။ မောင်လိုနှမလို ခင်တယ်ဆိုရပေမယ့် ဖိုနဲ့မ သဘာဝ တရားကြောင့် မြူသလို ကလူသလို အမူပိုပို ချစ်စရာဟန်ပန်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုတွေ ဖန်တီးပြီး နေထိုင်ခဲ့ကြတဲ့ မိန်းကလေးသူငယ်ချင်း တွေလည်း အရွယ်ရင့်လို့ ကြွေလွင့်ကုန်ကြရှာပြီ မဟုတ်လား။

ကျုပ်ရင်ထဲ နှလုံးသားထဲမှာ အသက် ခုနစ်ဆယ်ကျော် ရောက် ခါမှ ပတ်ပတ်လည်က ကစားစရာ အရုပ်တွေကို အဝှက်ခံရတဲ့ ကလေး ငယ်လို ငိုလို့ တင့်တယ်ရင် ငိုလိုက်စမ်းချင်တယ်။ ကျုပ် ရန်ကုန်ကို ချက်ချင်းကို ပြန်ချင်လာပြီ။ ဒါပေမဲ့ ဥဿျစ်ကုန်းဟာ ကျုပ်အမေ အဖေ ရှေ့ဆင့်နောက်ဆင့် ခေါင်းချသွားကြတဲ့ မြေ။

ကျုပ် မြေးတွေနဲ့ ကျုပ်အဖေနဲ့ အမေရဲ့ အုတ်ဂူတွေရှိရာကို သွားကို သွားရဦးမယ်။ ကျုပ်နဲ့ စတွေ့စဉ်က ခပ်စိမ်းစိမ်း အားတု အားနာ ဆက်ဆံနေတဲ့ လန်ကလာထွန်းကျော်က ခုမှ သွက်လက် မြူးရွှင်လာပေမယ့် ကျုပ်က ခုမှ လေးလံထုံအလာသလိုပဲ။

ကျုပ်တို့ ဥဿျစ်ကုန်းရွာ တောင်ဖျားဆီက အဖေနဲ့အမေတို့ အုတ်ဂူတွေရှိရာ သချိုင်းမြေကို လာခဲ့ကြတယ်။ ငယ်ပေါင်းတွေရဲ့ ဂူနဲ့ မြေပုံတွေက ဆီးကြိုနှုတ်ဆက်နေကြတယ်။ လမ်းစောင်းမှာ ကား ရပ်ခဲ့ပြီး သချိုင်းမြေကို စနင်းလိုက်ပြီဆိုတာနဲ့ သချိုင်းစပ်မှာရှိနေတဲ့ ကုက္ကိုပင်ရင်းမှာ ကျုပ် ငယ်ပေါင်းတွေ တန်းစီပြီး ကြိုနေလိုက်ကြတာ

ဘယ် လူကိုယ်တိုင်တော့ ဟုတ်မှာလဲ။ သူတို့ဝိညာဉ်တွေလည်း မဟုတ်ကြပါဘူး။ သူတို့တွေရဲ့ အုတ်ဂူတွေနဲ့ မြေပုံတွေကို ပြောတာ ပါ။ အုတ်ဂူ တတ်နိုင်သူက အုတ်ဂူ၊ အုတ်ဂူ မတတ်နိုင်ရှာသူတွေက သစ်သားမှတ်တိုင်ကလေးတွေမှာ အသက်နဲ့ နာမည်လေးတွေ ရေးထိုး လို့ပေါ့ . .

"ကိုဘုန်း .. ဟောဟိုမြေပုံက ဘယ်သူလဲ သိလား"

"မှတ်တိုင်မှ မရှိတာ ဘယ်သိမှာလဲ ထွန်းကျော်ရ"

"အေးမြိုင်လေ"

"ဟာ အေးမြိုင်တို့က အဲသလောက် ဆင်းရဲ ရသလားကွာ သစ်သား မှတ်တိုင်ကလေးတောင်မှ မစိုက်နိုင်ရလောက်အောင်"



"မှတ်တိုင်ထားလို့ ဖျာလိပ်နဲ့ ပတ်ချခဲ့ရတာ ကိုဘုန်းရေ။ သူ့ရ တဲ့ ယောကျ်ားက ဖဲသမား၊ အရက်သမား လေ ဒါကြောင့် . ."

"တော်ပါတော့ ထွန်းကျော်ရာ ငါ အဖေနဲ့ အမေ့ဂူကို ကန်တော့ လိုက်ဦးမယ်၊ ကျော်ကျော်နဲ့ ဖော်ဖော် လာကြစမ်း။ ဂူပေါ်မှာ နွယ်တက် နေတဲ့ နွယ်ပင်တွေ ဆွဲချက်၊ ဟို ဘီးစပ်ပင်တွေ ချိုးကြစမ်း။

ကျုပ်တို့ မြေးအဘိုးတစ်တွေ အဖေနဲ့အမေတို့ ဂူပတ်ဝန်းကျင် ကို တတ်နိုင်သမျှ ရှင်းလင်းပြီး ကန်တော့ကြတယ်။ ကျုပ် သချိုင်း တစ်ခုလုံးက ဂူတွေ မြေပုံတွေ တစ်ခုစီ တစ်ခုစီမှာ စက္ကန့်တော်တော် ကြာအောင်ထိ လိုက်ကြည့်မိတယ်။ လန်ကလာ ကျော်ထွန်းက ကျုပ် ရှေ့ကနေ ထော့ကျိုးနဲ့လျှောက်ပြီး ဒီဂူက ဘယ်သူ့ဂူ၊ ဟိုမြေပုံက ဘယ်ဝါ့မြေပုံနဲ့ ညွှန်ပြနေတယ်။ ကျုပ်က လန်ကလာ့နောက်က ထော့နင်း ထော့နင်း လိုက်ရင်း ကြည့်ရတာပေါ့။ ထော့ကျိုးနဲ့ ထော့ နင်း အိုမင်းမစွမ်းတွေ။ ကျုပ်ပတ်လည်မှာ ဥဿျစ်ကုန်းက ငယ်ပေါင်း တွေ ဝိုင်းဝိုင်းလည် ရှိနေကြတယ်။

ကျုပ် ကျုပ်မြေးနှစ်ယောက်ရဲ့ မျက်နှာကို ကွက်ခနဲ လှမ်းကြည့် တော့ သူတို့နှစ်ယောက်ရဲ့ မျက်နှာတွေပေါ်မှာ ကျုပ် တစ်ခါမှ မမြင်ဖူး သေးတဲ့ မယုံနိုင်စရာ ခံစားမှုတွေကိုယ်စီနဲ့ ကျုပ်ကို ငေးကြည့်နေတာ ကို တအံ့တသြ တွေ့လိုက်ရတယ်။ ကျုပ် သူတို့ကို အကြာကြီး ကြည့် နေမိပြန်တယ်လေ။

ကျုပ်မျက်လုံးအိမ်အစုံက မျက်ရည်ပေါက်နဲ့အပြိုင် ကျုပ် ပါးစပ် ပေါက်ဆီက စကားလုံးတွေ တစ်လုံးချင်း လိမ့်ထွက်လာကြတယ်။

"မြေးတို့ ဘိုးဘိုးသေရင် ဥဿျစ်ကုန်းမှာ သင်္ဂြိုဟ်နိုင်အောင် ကြိုးစားပေးကြပါကွယ် . ."

မှခမဂ္ဂင်းမှ၊

အမှတ် (၂၃)၊ မေလ ၂၀၀၃ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် နှင့် ငြိမ်းမောင် သို့မဟုတ်
# စံရွှေမြင့် နှင့် ငြိမ်းမောင်

လူတိုင်းလူတိုင်း တန်းစီတိုးဖူးကြမှာပါပဲ။ လူ့ဝတ်ကြောင်တွေ မဆိုထားနှင့်၊ ဘုရားသားတော်များဖြစ်ကြတဲ့ သံဃာတော်များ ဆွမ်းခံကြွကြရတဲ့အခါမှာ ဝါစဉ်ကြီးငယ်အလိုက် တန်းစီပြီးကြွကြရတယ်။ သာမန်လူတွေအဖို့ကတော့ ဘယ်သွားသွား ဘာကြည့်ကြည့် ဘာဝယ်ဝယ် နောက်ဆုံးခရီးဖြစ်တဲ့ သုသာန်မှာ မီးသဂြိုဟ်စက်ထဲရောက်ဖို့ တန်းစီ စောင့်ကြရသေး။

ကျွန်တော်တို့ ဘဝတစ်လျှောက်တန်းစီကြရတဲ့ အမှတ်တရနေရာတွေကတော့ တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေ၊ ရုပ်ပါတွေပါတဲ့ ရုပ်ရှင်ကားကောင်းတွေ မှတ်မိနေကြမှာပါ။ (ရှောင်ကွန်နရီ) ခေတ်က ဂျိန်းစ်ဘွန်းကားတွေ တိုးကြရတာမှ အသေအလဲပေါ့။ တန်းစီထားတဲ့ လူတန်းကြီးရှေ့ကများ ဖြတ်ဝင်လို့ကတော့ ဆဲကြ၊ ဟစ်ကြနဲ့လေ။

ဒေါသဖြစ်ကြရတဲ့ လူတွေရဲ့အပြစ်လို့လည်း မဆိုထားပါဘူး။ တချို့မနက်ကြီးကတည်းက လာတန်းစီကြရတာမှ အသေအလဲပေါ့။ တိုင်းဘောလုံးပွဲတွေက ပိုဆိုးတော့မပေါ့။ အနယ်နယ်အရပ်ရပ်က သင်္ဘောတွေ၊ ကားတွေ၊ ရထားတွေနဲ့ လာကြတာဟုတ်လား၊ လာပြီးမှတော့ ဘယ်လို ဒုက္ခခံရ ခံရ၊ အထဲရောက်အောင်တော့ တိုးကြတော့



တာပေါ့။ ရုပ်ရှင်ကားတွေကျပြန်တော့ ကိုယ်နဲ့ လက်မှတ်ပေါက်နဲ့ကဝေးနေသေးရင် "ငါ့အလှည့် ရောက်မှရောက်ပါ့မလား" လို့ ပူရတာကရှိသေး၊ ဟုတ်တယ်လေ၊ ကိုယ်လည်း လက်မှတ်ပေါက်ဝ ရောက်ကရော "ရုံပြည့်ပြီ" ဆိုတဲ့ ဆိုင်းဘုတ်ကြီးများ ချိတ်လိုက်မှဖြင့် သွားပြီ၊ ပက်လက်ကို လန်တော့တာပဲ။ မှောင်ခိုက အဆမတန် ပေးဝယ်ရအောင်တလည်း အိနေအောင် ဒုက္ခခံ တိုးထားရပြီးမှကိုး။

အဲ ... လူတိုင်းလူတိုင်း အိမ်မှာနေရင်း သွားသွားလာလာနဲ့ တန်းစီမနေရဘဲ ကြိုတင်လက်မှတ် ရထားကြတဲ့ နေရာတစ်နေရာတော့ ရှိလေရဲ့။ အဲသည့်နေရာမှာကတော့ ကြားဖြတ်ဝင်မယ့် လူလည်း မရှိ၊ ဝင်လည်း မဝင်ချင်ကြပဲကိုး။ ဒါပေမဲ့ ကြားဖြတ်ဝင်မှန်းမသိ တိုးဝင်နေသူတွေတော့ ရှိသေးတယ်။ အဲဒီလူစားတွေကတော့ ကျွန်တော်အပါအဝင် သောက်သောက်စားစားနဲ့ အပျော်အပါး မူးယစ်ဆေးဝါး စတာတွေကို ဖက်တွယ်နေကြတဲ့ မူးယစ်ဆေးဝါးရဲ့ သားကောင်နဲ့ အရက်ရဲ့ကျေးကျွန်ဖြစ်နေသူတွေပေါ့။ သူတို့ခများမှာတော့ တန်းမစီရတဲ့ သေမင်းတံခါးဝကိုတောင်မှ တိုးတိုးသွားနေရှာကြလေရဲ့။

ပေါင်ချိန်ရဲ့ တရားရုံးမှာလို ခေါင်းဖြတ်တဲ့ ခွေးခေါင်းဓားစက်ကြီးကို ချပြထားလေတော့ မကြောက်မရွံ့။ မေ့ဟန်၊ မသိဟန်ဆောင်နေနိုင်ကြသေးတယ်လေ။ တကယ်တော့ သတ္တဝါတိုင်း မွေးဖွားခြင်းနဲ့ သေခြင်းတည်းဟူသော ခရီးအစနဲ့ အဆုံးဆီကို ဦးတည်ရွေ့လျားနေကြသူတွေချည်းပါပဲ။ ဒီခရီးလမ်းရဲ့ ဆန်းပြားမှုကတော့ ဝါစဉ်အလိုက်၊ အသက်အရွယ် ကြီးငယ်အလိုက် ဘာမှတန်းစီစရာ မလိုပါဘူး။ ရုပ်ရှင်ရုံတွေလို "ရုံပြည့်ပြီ" လည်း ဘယ်တော့မှ မသတ်မှတ်ဘူး။

သေမင်းတံခါးဝ ရောက်လာသမျှ သတ္တဝါအပေါင်းကို တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ သိန်းနဲ့သောင်းနဲ့ချီပြီး လက်ခံမှာပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်မှ ပြန်ကွေ့ပြေးလို့ လွတ်ရိုးထုံးစံမရှိသလို ပုန်းရှောင်နေလို့လည်း မလွတ်မြောက်ကြပါဘူး။ အဲဒါတွေကို ဖော်ပြနေတာက သတင်းစာက နာရေးကြော်ငြာစာမျက်နှာကလေးပါပဲ။ ခုပဲ ကြည့်ပါ။ ကျွန်တော်ရယ်၊ ငြိမ်းမောင်ရယ်၊ ကျွန်တော်တို့ကို စာသင်ကြားခဲ့တဲ့ ဆရာမကြီး ဒေါ်လှခင်ရယ်၊ ဆရာမကြီးက အသက် ၈၀ကျော်ကျော်၊ ကျွန်တော်နဲ့ငြိမ်းမောင်က ၅၉နှစ်၊ သူက လပိုင်းငယ်တော့ နံပါတ်သုံး၊ ဟောအခု ပထမဆုံး ငြိမ်းမောင်ကသေသွားရတယ်။ ဆရာမကြီးကတော့ ဦးနှောက်နဲ့ အာရုံကြောအထူးကု ဆေးရုံကြီးပေါ်မှာ။ ပြန်တွက်ရင် အခုစာရေးနေတဲ့ ကျွန်တော်သည်ပင် ဆရာမကြီးကို ထားခဲ့ပြီး ကျော်ဖြတ်သေဆုံးနိုင်သေးရဲ့၊ သေခြင်းတရားက ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီလို့ ဆိုထားတာပဲလေ။

## ကာတွန်းဇာတ်ကောင် မင်ခြစ်ရုပ်ကလေး စံရွှေမြင့်၏ ပြောစကားများ

ငြိမ်းမောင်... ငြိမ်းမောင် မင်းနဲ့စာအုပ်တွေထဲမှာ တွဲခဲ့ရတဲ့ စံရွှေမြင့် ဇာတ်ကောင်လေကွာ၊ အေးပါ ငါအခုခေါ် နေတာကလည်း အပြင်ကလူ ငြိမ်းမောင်ကြီးကို ခေါ်တာမဟုတ်ပါဘူး။ ငါ့လိုပဲ မင်ခြစ်ရုပ်ဖြစ်တဲ့မင်း မင်းကို ခေါ်နေတာပါပဲကွာ ... ကာတွန်းဇာတ်ကောင် ငြိမ်းမောင်ကို ခေါ်တာပါ။

ငြိမ်းမောင်ရေ ... အားလုံးတွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက် ဘာတစ်ခုမှ မတည်မြဲဘူးဟ၊ မင်းတို့ငါတို့ မင်ခြစ်ရုပ်တွေလည်း ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ လူတွေကတော့ မွေးလာလိုက်၊ သေသွားလိုက်ပေါ့ကွာ။ ဒါပါပဲ။ မင်းနဲ့ငါ ၁၉၆၅ ခုနှစ် လောက်ကစပြီး လျှို့ဝှက်သည်းဖို မဂ္ဂဇင်းထဲကို ကာတွန်းမြင့်သိန်းက သူ့ဇာတ်ကောင်တွေအဖြစ် ဖန်တီးလိုက်လို့ အတူတူ ရောက်လာခဲ့ကြတယ်နော် ...

ဟုတ်ပါတယ် မြင့်သိန်းက သူသိပ်ချစ်ခဲ့ရတဲ့ သူ့သူငယ်ချင်း



ကိုယ်စား မင်းကို ဖန်တီးပြီး ငါ့ကိုတော့ သူ့ကိုယ်စား မကျတကျပေါ့ကွာ၊ သူပြောချင်တာ သူခံစားရတာမှန်သမျှ ငါ (စံရွှေမြင့်ဇာတ်ကောင်) ကနေတစ်ဆင့် ပရိသတ်ကို ရင်ဖွင့်ခဲ့တယ်။ တိုင်တည်ခဲ့တယ်။ အဲသည်လိုနဲ့ မင်းနဲ့ ငါ စံရွှေမြင့်နဲ့ ငြိမ်းမောင် ဖြစ်လာခဲ့ကြတယ်နော်၊ မင်းသိပါတယ်၊ ဒီတော့မင်းနဲ့ ငါ့ကိုလည်း စာဖတ်ပရိသတ်က တွဲပြီး အသိအမှတ်ပြုထား ခဲ့ကြတာပေါ့ကွာ။

အဲဒါကြောင့်လည်းအပြင်မှာ စံရွှေမြင့်နဲ့ ငြိမ်းမောင်တကယ်ရှိ မရှိကို ပရိသတ်က သိချင်နေကြတာပေါ့။ အမှန်တော့ တကယ်ရှိခဲ့တာပါပဲလေ။ သာဓကတွေရှိခဲ့ပါတယ်။

၁၉၆၁–၆၂ ခုနှစ် ဆီတုန်းကပေါ့ လူငြိမ်းမောင်က သန်လျင်ကုန်သွယ်ရေးမှာ ဆိုင်ထိုင်၊ မြင့်သိန်းနဲ့ ချစ်ဆွေတို့က ကာတွန်းဆရာပေါက်စတွေ၊ သူတို့နှစ်ယောက်မှာ ဘာတာဝန်မှ မရှိကြဘူး၊ လကုန်အမီ မဂ္ဂဇင်းတွေကို ကာတွန်းဆွဲပို့မယ်၊ မပို့နိုင်ရင် မပါဘူး၊ ဒါပဲ။ ငြိမ်းမောင်ကျတော့ သူက ငွေတွေပစ္စည်းတွေပါ ကိုင်ရတဲ့ ဆိုင်ထိုင်၊ အဆင်မသင့်ရင် ထောင်ကျသွားနိုင်တယ်။ သူကလည်း ပေါ့တီးပေါ့ဆ သူငယ်ချင်းတွေနဲ့ တရုန်းရုန်းနေချင်ကြတာ၊ ဒီတော့ ငြိမ်းမောင်ကပဲ စာအုပ်စု ထုတ်ကြဖို့ အဆိုပြုတယ်။

သူတို့သုံးဦးအကြံကို လျှို့ဝှက်သည်းဖို ဦးခင်ကျော်ကြီးကို တိုင်ပင်တော့ ဦးခင်ကျော်က အားပေးပြီး သူ့ရဲ့မဂ္ဂဇင်းတိုက်နေရာ ၁၀၁ လမ်းကနေပဲ ဖြန့်ချိခွင့်ပြုခဲ့တယ်။ ဒါကြောင့် မြင့်သိန်း ဒီနေ့ထိ ဦးခင်ကျော် ကျေးဇူးကို တဖွဖွ ပြောနေတာပဲကွ။

မြင့်သိန်းတို့သုံးဦးက သန်လျင်သားတွေလေ၊ ဒီတော့ သူတို့စာပေတိုက်ကိုလည်း ပထမက "သန်လျင်စာပေ" လို့ အမည်ပေးခဲ့ကြတယ်။ သူတို့က ဘာမှမလုပ်ကြခင်ကတောင် တတွဲတွဲ ဟုတ်လား၊ ခုလို စီးပွားရေးလည်း စုပေါင်းလုပ်မိကြရော အိပ်ချိန်လောက်ပဲ အိမ်ကိုကပ်ကြတာ၊ ကျန်တဲ့အချိန်မှာ သဘော်ာ (သီတာ) နဲ့ ရန်ကုန်ဘူးကြ၊

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲလျှောက်သွား ဒါနဲ့ပဲ အချိန်ကုန်တာပဲ၊ အဲဒီအချိန်က စာအုပ်လုပ်ငန်းဆိုတာ ဘာအလုပ် ရှိလို့လဲ၊ စက္ကူဝယ်ပြီး စက်ကိုပို့၊ ဘလောက်တုံးစက်ကိုပို့၊ ဒါပဲ။ (ထိုခေတ်က ဖလင်မသုံး၊ ဇင့်ဘလောက်တုံးများကိုသာ သုံးသည်) စာအုပ်ဖြစ်လာတော့မှ စာပေစိစစ်ရေးကို အုပ်နှစ်ဆယ် အစိတ် ထင်ပါတယ်၊ သွားပို့၊ နယ်ဖြန့်၊ ရန်ကုန်ဖြန့်၊ ဒါကလည်း လကုန်ပိုင်း တစ်ရက် နှစ်ရက်ပဲ ကြာတာပါ။ ကျန်တဲ့ရက်တွေမှာ ဘာမှ အလုပ်မရှိပါဘူး။

မြင့်သိန်း လုံးချင်းဝတ္ထုရေးတဲ့အချိန်ထိ စာမူရေးတာ ဘယ်လိုရေးတယ် မှတ်လဲ။ ရေးပြီးစာမူကို ဖောင်ဖွဲ့၊ စက်ပေါ်တင်ရိုက်ပြီး နောက်ဖောင်တွေ ဆက်ရေး၊ အားလုံးပြီးတော့ ဘိုင်းနင်းပို့၊ စာအုပ်ချုပ်၊ ရုံးတင်၊ ပြီးပြန်တာပဲ တစ်အုပ်။ ဒီတော့ အလုပ်နည်းပြီး သိပ်ကိုလွတ်လပ်နေကြတာပေါ့။ ဒါပေမဲ့ ရန်ကုန်ကနေ သန်လျင်အိမ် ပြန်ရောက်ကြရင်တော့၊ အိုး ... ရန်ကုန်မှာပဲ နင်လား ငါလား နပန်းလုံးလှုပ်ရှားခဲ့ရတဲ့ ပုံပေါ့၊ သူတို့အုပ်စု လုပ်နေကြတာ လုပ်နေကြတာ။

စံရွှေမြင့်စာအုပ်ကလည်း တစ်လထက်တစ်လ အောင်မြင်လာ၊ ငြိမ်းမောင်တို့ မြင့်သိန်းတို့ အိမ်ဆောက်၊ ကားဝယ်၊ သိပ်ကိုရယ်ရတယ်။ မြင့်သိန်းတို့၊ ငြိမ်းမောင်တို့၊ ချစ်ဆွေတို့တစ်တွေ ပျော်နေကြပုံပြောပါတယ်။ အဲဒီတုန်းက (လုပ်သားများကောလိပ်) ကျောင်းသားတွေအတွက် သန်လျင်ကို သင်္ဘောက ည ၉း၄၅ နာရီမှာ တစ်ခေါက်ဆွဲပေးတယ်လေ၊ မြင့်သိန်းတို့ ငြိမ်းမောင်တို့အုပ်စုက ရန်ကုန်မှာ ပျော်မြူးပြီး အဲဒီအခေါက်နဲ့မှ သန်လျင်ကိုပြန်တဲ့ရက်တွေ ရှိတယ်။ သင်္ဘောမီးစက်က မီးမှိန်မှိန်၊ ဘီယာလေးနဲ့ ရေချိန်ကိုက်လာတဲ့ မြင့်သိန်းတို့အုပ်စုက အဲဒီအခါကျရင် သင်္ဘောပေါ်မှာ ကဲကြပြီ။ (မြင့်သိန်းက မမူးရင် ရူက်တတ်သလိုလိုနဲ့ မူးလည်းမူး၊ သင်္ဘောပေါ်မှာလည်း မီးများ မှောင်နေမှာဖြင့်)

"တစ်နည်းအားဖြင့် ခရီးသွားကြသော လုပ်သားပြည်သူ



အပေါင်းတို့ခင်ဗျာ ... ကျွန်တော့်ရဲ့ အသံကြောင့် အနှောင့်အယှက်ဖြစ်မယ်၊ စိတ် မအီမသာဖြစ်မယ်ဆိုရင် ခွင့်လွှတ်ကြဖို့ ကြိုတင်တောင်းပန်ရပါတယ်ခင်ဗျာ၊ ကျွန်တော့်ရဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာစားဝတ်နေရေးအတွက် ကျွန်တော် အော်ရ၊ ဟစ်ရ၊ ဈေးရောင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်ရောင်းမှာက ဟောဒီ ရှူဆေးဘူးကလေးပါ။ ကျွန်တော့်ရှူဆေးဘူးကလေးက ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်မှာ မဟုတ်ပါဘူးခင်ဗျာ ... ဒီတော့ မေးကြမယ်။

ဟေး .. ငါ့တူရေ ဒါဖြင့် မင်းရှူဆေးက ဘာတွေပျောက်မှာလဲကွ၊ ဟုတ်ကဲ့ ... မူးမယ်၊ မော်မယ်၊ ဇက်ကြောတွေ တက်မယ်၊ လိမ်းနိုင် ရှူနိုင်ပါတယ်"

အဲ ... အဲသလိုမျိုးတွေ အမှောင်အားကိုးနဲ့ ထထ အော်နေတတ်တယ်ကွ ငြိမ်းမောင်ရ၊ သူ အဲဒီလိုမျိုးတွေ အော်ရင်းက "စံရွှေမြင့်ရဲ့ မာမာ" ဆိုပြီး စိန်မြင့်၊ နွဲ့နွဲ့မူတို့နဲ့ ဇာတ်ကားတစ်ကားထွက်သွားပါရော ... သူရေးတဲ့ဇာတ်နာမည်ကတော့ "မချိုသောသကာ မခါးသောတမာ" လေကွာ၊ မင်းလည်း အဲဒီအထဲမှာ ပါခဲ့တာပဲ။

နောက် ... ဟိုလေကွာ ... "ကားလမ်းလျှောလျှော်" ဇာတ်လမ်းဟာကော၊ သူတို့ ရတနာ့ဂူပွဲသွားမယ်ဆိုပြီး သွားကြတော့ ကားကဘိုင်းဒါးခြောက်တန်တံတားမှာ ရေတွေ ကြီးတွေနေတော့ ဆက်သွားလို့ မရတော့ဘူး။ ရပ်ကို ထားရတာ၊ အဲဒီမှာ လမ်းဘေးမှာရှိတဲ့ အိမ်ခြေတံရှည်လေးပေါ်မှာ မိန်းကလေးတစ်ယောက် စက်ချုပ်နေတယ်၊ အိမ်က အိမ်ဆိုင်ကလေးလည်း ဖွင့်ထားတယ်လေ၊ အဲဒီမှာ မြင့်သိန်းက ဇာတ်ရှာထွက်တော့တာပဲ၊ ဆိုင်လေးမှာ ဓားလှီးမုန့် သွားဝယ်တယ်၊ ကောင်မလေး စက်ချုပ်၊ ဈေးရောင်း၊ ထမင်းချက်ချိန်ရောက်တော့ ထမင်းဟင်းချက်၊ သည်လို လုပ်ကိုင်နေတာကို မြင့်သိန်းက မိန်းကလေးပီသမှုကို ဂုဏ်ပြုတဲ့အနေနဲ့ "ကားလမ်းလျှောလျှော်" ဇာတ်ကို ဖန်တီးဖြစ်သွားတယ် ဟုတ်လား၊ နောက်ပြီး ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါ သရုပ်ဆောင်ခဲ့ကြရတဲ့ ဟိုဇာတ်ကလေး မှတ်မိသလားငြိမ်းမောင် "ကိုနောက်ပိုး"လေကွာ၊

အေးလေ ... သူတို့အုပ်စု ကာတွန်းချစ်ဆွေနဲ့ သူ့သူငယ်ချင်း အောင်ကြည်ရယ်၊ မြင့်သိန်းနဲ့ ငြိမ်းမောင်ရယ်၊ မော်တင်စွန်းဘုရားပွဲ သွားပြီး အဲဒီဇာတ်လမ်းကလေး ဖြစ်လာတာလေ၊ ညဘက် ရွှေကြိုတဲတွေမှာ အိပ်ကြတော့ စံရွှေမြင့်နဲ့ ကျောချင်းအိပ်နေတဲ့ ကောင်မလေးက စံရွှေမြင့်ဇောင်ကို သူ့ဇောင်မှတ်ပြီး ဆွဲယူခြုံ၊ စံရွှေမြင့်က ပြန်ဆွဲ၊ နောက်ဆုံး ပြဿနာတွေ တက်ကြနဲ့လေ။

အေး ... မြင့်သိန်းကို တစ်ခါတစ်ခါမှာ ငြိမ်းမောင်ဖြစ်ခဲ့တဲ့အဖြစ်ကို စံရွှေမြင့်နဲ့ ဖလှယ်လိုက်ပြီး စံရွှေမြင့်အဖြစ် လုပ်ပစ်လိုက်တဲ့ဇာတ်တွေလည်း ရှိတယ်။ အဲဒီမှာ 'ဆရာမလေးများ မချစ်ဝံ့ပြီ' ဇာတ်မျိုး ဖန်တီးရေးလိုက်တယ်။ လူမြင့်သိန်းနဲ့ လူငြိမ်းမောင်တို့ အပြင်မှာ အတူသွား၊ အတူလာ နေလာခဲ့တဲ့ ဘဝတွေကို ထင်ဟပ်ပြီး ဘဝတွေကို ဖန်တီးခဲ့တော့ ဇာတ်တွေက တကယ့်ဖြစ်ရပ်တွေလို သွက်ပြီး လှုပ်ရှာတာပေါ့ကွာ၊ တကယ့်အဖြစ်တွေနဲ့ အနုပညာ သမပြီး ဖန်တီးထားတာကိုး။

ဒါကြောင့် စာဖတ်ပရိသတ်က စံရွှေမြင့် ငါ့ကိုရော၊ ငြိမ်းမောင်မင်းကိုပါ တကယ့်လူလို မြင်လာကြတယ်။ ထင်ပြီပေါ့ ငြိမ်းမောင်ရ ... သူတို့လူတွေ (ကုပ်ကမြင်း) အပြင်မှာ မပြောရဲ၊ မလုပ်ရဲ၊ သိပ်လုပ်ချင်၊ သိပ်ဖြစ်ချင်တာကို မြင့်သိန်းက စိတ်ကူးတွေယဉ်ပြီး မင်းနဲ့ ငါ့ကို လှုပ်ရှားနိုင်း ပြောခိုင်းတော့တာကိုးကွ၊ အသက်ဝင်ပြီပေါ့။

မြင့်သိန်းက ရှက်တတ်တယ်လေ၊ သူဘောင်းဘီရှည် သိပ်ဝတ်ချင်ခဲ့တာ၊ စပို့ရှပ်နဲ့ အပျံစားနေချင်တာတွေ၊ အဲ သူ့အပြင်မှာ မဝတ်ရဲတဲ့ဘောင်းဘီ ငါ့ကို မချွတ်ခိုင်းတော့ဘူး။ သူ့အပြင်မှာ ကောင်မလေးတွေကို မပြောရဲခဲ့ရှာတဲ့ စကားလုံးတွေ ငါ့ကို ဇွတ်ပြောခိုင်းတော့တာပဲ မဟုတ်လား ... ဟား ဟား



မင်းသိပါတယ် ငြိမ်းမောင်ရာ၊ မင်းနဲ့ငါက သူမင်ခြစ်သလို လှုပ်ရှားကြရတယ်။ သူရေးလိုက်တဲ့ စာသားဟာ မင်းတို့ ငါတို့ စကားတွေ ဖြစ်လာကြတယ် မဟုတ်လား၊ သူ့ရင်ထဲက စကားတွေကွ။

ဒါပေမဲ့ကွာ ..မြင့်သိန်းကိုငါမကျေနပ်ဘူးငြိမ်းမောင်၊ ဘာဖြစ်လို့လဲ မင်းသိလား၊ ဟင်မသိဘူး ... အေး မသိရင် ငါပြောမယ်၊ မင်းနဲ့ ငါ့ကို အတွဲညီတဲ့ လူသားတွေလိုကို ပရိသတ်က လက်ခံထားတာကွ ငြိမ်းမောင်ရ၊ အဲဒါကိုများကွာ သူက ငြိမ်းမောင်ဆိုတဲ့ ဇာတ်ကောင်ကာတွန်းရုပ်ဖြစ်တဲ့ မင်းကို ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ကတည်းက လုံးဝမရေးတော့ဘူး၊ ဖြုတ်ပစ်ခဲ့တယ် မဟုတ်လား။ ဒါဟာ ကာတွန်းရုပ်ကလေး မင်းကို သူသတ်လိုက်တာနဲ့ အတူတူပဲပေါ့ကွာ။ ဟို ညဏ်ဝင်းဆိုတဲ့ ဇာတ်ကောင်သစ်ကို သူဖန်တီးထည့်ခဲ့တယ်။ ငါ့မှာလည်း ဖိုးလ်အောက် ပရိသတ်ကလည်း အမြင်မှာ ညဏ်ဝင်းကို စိမ်းနေတော့ မင်းနဲ့ငါအတွဲလို ဘဝင်မကျချင်ကြဘူး။ ဒါပေမဲ့ ပရိသတ်က မြင့်သိန်းပေါ်မှာ ကရုဏာထားခဲ့ကြရှာပါတယ်။ ကာကွန်းအပိတ်ခံရ ဘာညာတွေကြောင့် ငါ့ကို (စံရွှေမြင့်)ပဲ ဆက်အားပေးခဲ့ရှာကြပါတယ်ကွာ။

ဒါပေမဲ့ မြင့်သိန်းစိတ်ထားအမှန်ကိုလည်း ငါသိနေတယ် ငြိမ်းမောင်၊ သူ မင်းအရုပ်ကို မဖြုတ်ချင်ရှာဘူး။ တကယ်ပါ တကယ်၊ ငါ မြင့်သိန်းဘက်က ရှေ့နေလိုက်ပေးတယ်လို့ မင်းမထင်နဲ့။ ဘယ်ကွာ ... ပရိသတ်ကလည်း မင်းပုံ ဒီဇိုင်းကို လက်ခံထားတယ်၊ မြင့်သိန်းအနေနဲ့ကလည်း ဆွဲရတာ လက်သေနေပြီလေကွာ ..ဒီတော့ မင်းပုံကို သူက မဖြုတ်ချင်ဘူး ငြိမ်းမောင်၊ ငါမညာပါဘူး။ ငါသိမြင်နေတာပဲဟာ။

ပရိသတ်တွေဆီကလည်း ဒီကိစ္စကို လူနဲ့တွေ့လည်း မေးတာပဲ၊ စာနဲ့လည်း မေးကြတာပဲဟာ၊ မြင့်သိန်းမှာ မဖြေချင်လောက်အောင် စိတ်ပျက်တဲ့ထိ ပါဆို။ အဲဒီလို ဖြစ်နေပါလျက်နဲ့ မြင့်သိန်းက မင်းပုံကို ဖြယ်ဖြုတ်ပစ်တာ ငါမကျေနပ်ဘူး။ ငါမင်းကို ကာတွန်းရုပ်ချင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



သတိရနေတယ်ဆိုသာ ယုံပါ သူငယ်ချင်းရာ၊ မင်းနဲ့ငါ ၁၉၆၅ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်ထိ ခုနစ်နှစ်တွဲခဲ့ကြတော့ အသည်းမရှိပေမဲ့ ဖွဲ့မိပါတယ် သူငယ်ချင်းရယ်၊ ပြောရတော့ ခက်တယ် ငြိမ်းမောင်၊ မင်းတို့ငါတို့ဆိုတာ ကလောင်ခြစ်ရာ အရုပ်ထင်၊ သူရေးတဲ့စာဟာ တို့စကားအပိုချဲ့ကားပြီး လှုပ်ရှားမရ ပြောမရတာတော့ ရှိရဲ့ပေါ့။ ဒါပေမဲ့ အပိုဒုက္ခဆိုတာ တို့မှာ ဘာမှမရှိဘူ ငြိမ်းမောင်၊ အဲဒါတော့ အမှန်ပဲ။

အေး သူတို့ မြင့်သိန်းတို့ ငြိမ်းမောင်တို့ဆိုတဲ့ သူတွေမှာက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ဆိုတာတွေ၊ လူတွေဆိုတော့ လူသားပီပီ ကျင့်ကြံကြ၊ ဖြစ်ကြ ပျက်ကြရတော့တာပေါ့။ ဒီတော့လည်း လူသားတွေနဲ့ပတ်သက်တဲ့ ပဋိပက္ခတွေ ပေါ်အလာမှာ သူတို့ချင်း ကင်းပြတ်သွားရသလို မင်း(အရုပ်ကလေး) ကိုပါ ဖယ်ထုတ်လိုက်တဲ့ သဘောပေါ့ကွာ။

ဟော့ကောင် ငြိမ်းမောင်ရ၊ လူသားဆိုလို့ ဖွတ်အထင်ကြီး မသွားနဲ့ဦးမောင်ရေ့ ... သူတို့ခမျာမှာလည်း မင်းနဲ့ငါတို့ကို မြင့်သိန်းခြယ်လှယ်နေသလို လူသားတွေကို ပုံစံအမျိုးမျိုး၊ အဖြစ်အပျက်တွေ အဖုံဖုံ အပြောင်းအလဲတွေဖြစ်အောင် ဖန်တီးခြယ်လှယ်နေတဲ့ ဘဝဇာတ်ဆရာတဲ့။ ပြီးတော့ လူသားရဲ့ဘဝဆိုတာကလည်း လက်သုပ်တစ်ပွဲ၊ ဟင်းတစ်ပန်းကန်လိုပဲကွ၊ အသုပ်ထဲ အသုပ်ပန်းကန်ထဲမှာ အချဉ်ပါမယ်၊ အငန်ပါမယ်၊ အစပ်ကလေးလည်းပါမယ်၊ မစားအပ်လို့ တားမြစ်နေတဲ့ကြားက) အချိုမှုန့်တောင်ပါသေး၊ အဲဒီလို အရသာပေါင်းစုံ ပါဝင်နေမှလည်း အသုပ်ကောင်းတစ်ပန်းကန် ဖြစ်လာတာကိုး။ စားလို့ လျှာမြိုက်တယ်လေ၊ ဟင်းတစ်ပန်းကန်မှာလည်း ဒီသဘောပဲ။

လူ့ဘဝဆိုတာလည်း အဲလိုပဲတဲ့ကွ ငြိမ်းမောင်ရ၊ ပြုံးရမယ်၊ ရယ်ရမယ်၊ လွမ်းရမယ်၊ ပုထုဇဉ်လူသားတွေပီပီ အတ္တမကင်းကြတော့ အတွန်းအတိုက်၊ အပင့်အမနဲ့တစ်မျိုး၊ ချောက်ချပြီးတစ်မျိုး ထိုးကြ



နှက်ကြ တိုက်ကြ ခိုက်ကြတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေအခံရှိနေကြတဲ့ လူတွေပဲ။ ပြဿနာကတော့ ဘယ်ကင်းတော့မှာလဲ၊ ဒါပေမဲ့လည်း အဲဒီလောဘ၊ ဒေါသ၊ မောဟနဲ့ မာနတွေ ကြောင့်လည်းပဲ လူတွေ၊ လူ့ဘဝတွေလေ ... အဲဒီ မခံချင်စိတ်နဲ့ မာနတွေကြောင့် ကြိုးစား(လောဘ) ရလိုမှုတွေကြောင့် တိုးတက်အောင်၊ ကြီးပွားအောင် လုပ်ဆောင်လာမိကြရသတဲ့ကွ ငြိမ်းမောင်ရ၊ အေး ... လွန်ကဲပြီး မတော်လောဘစိတ် ပြင်းထန်လာရင်တော့လည်း သူ့တရားက သူ့ကို စီရင်သွားတော့တာပေါ့။ ဒါကြောင့်သာ အထင်လွဲကြ ကွဲကြ ပြိုကြတာတွေကို လူ့သဘာဝ ဘာမှ မဆန်းကြဘူးတဲ့ ငြိမ်းမောင်ရ၊ ဓမ္မတာပဲတဲ့လေ။

အဲဒီနေရာကျပြန်တော့ လူတွေကို အချိန်ကာလဆိုတဲ့ သမားတော်က စောင့်စားကုသပေးပြန်သတဲ့၊ မင်းစဉ်းစားကြည့်ကွာ။ သိပ်သည်း ကျစ်လျစ်မှုကင်းပြီး နိုင်မာတဲ့ သဘောမရှိတဲ့ ရေ ..ရေနော်..ရေ။ အဲဒီရေဟာ သုညဒီဂရီအောက် ရေခဲအမှတ်ရောက်သွားရင် အေးခဲမာကျောတဲ့ အစိုင်အခဲတုံးကြီးဖြစ်ပြီး သိပ်သည်း ကျစ်လျစ်သွားရော။

သံသယတွေ လွန်ကဲလာရင် အမုန်းတရားတွေက သိပ်သည်း နိုင်မာလာတယ်၊ စိတ်ဓာတ်တွေ မာကျောလာကယ်၊ ရေခဲတုံးကြီးလို အေးစက်မာကျောလာတယ်၊ ပေါင်ငါးဆယ်ရှိတဲ့ ရေခဲတုံးနဲ့ လူခေါင်းကို မင်းထုကြည့်စမ်း ငြိမ်းမောင်။ မသေဘဲနေပါမလား၊ မကွဲဘဲနေပါ့မလား၊ ပေါင်ငါးဆယ်တုံး ပမာဏရှိတဲ့ ရေခဲတုံးကို လုံးဝအရေပျော်ခံလိုက်၊ ပြီးရင် လူကို ကြိုက်သလောက်ပက်၊ စိုရုံရွှဲရုံအပြင် ဘာမှ မဖြစ်ပါဘူး။ အေးခဲနေတုန်းသာ ထုလို့ကတော့ သွားပြီ၊ သေပြီသာမှတ်။

ဒါပေမဲ့ကွာ ရေခဲတုံးက သံတုံး၊ ကျောက်တုံးလို အမြဲ မာခဲမနေပါဘူး။ အချိန်ကာလ(ဇရာ)၊ အသိဉာဏ် ရင့်သန်လာချိန်၊ (နေ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အလင်းရချိန်) တွေမှာ အရည်ပြန်ပျော်တတ်တဲ့ အရာတွေပါကွာ၊ ဒါကလည်း ဘဝဇာတ်ဆရာရဲ့ အလိုကျဖန်တီးမှုလို့ပဲ ဆိုပါတော့ကွာ၊ လူတွေဟာ ဒီလိုပဲအေးစက်မာကျောသွားကြချိန်မှာ မှန်းတီးနေလိုက်ကြ။

အသိတရား ဆင်ခြင်တုံတရားလေးတွေ ဝင်လာကြပြန်တော့ အမြင်မှန်ရ ပြန်အရည်ပျော်ပြီး ပေါင်းစည်းမိကြ၊ ချစ်ခင်ကြရပြန်တာပဲပေါ့။ နောင်တဆိုတဲ့စိတ်ကို ပြောင်းစေနိုင်တဲ့ အသိကလေးက ရှိနေတတ်သေးတာကိုး၊ ဒါပေမဲ့ အဲဒီ နောင်တဆိုတာကလည်း သိပ်နောက်ကျပြီး ပြုပြင်ချိန်မရရှင် တန်ဖိုးမရှိပါဘူး။ လူထဲက လူတွေဖြစ်ကြတဲ့ မြင့်သိန်းနဲ့ ငြိမ်းမောင်တို့လည်း ဘဝအတွေ့အကြုံတွေများ၊ အသိဉာဏ်တွေ ရင့်လာခဲ့ကြပြန်တော့ အစိုင်အခဲတွေ အရည်ပျော်နေကြပြီ။ မင်းနဲ့ ငါတို့ ကာတွန်းရုပ်ကလေးတွေများ ပြန်ပြီးရှင်သန် ...

ဟာ ... ဟာ ... မင်ခြစ်ရုပ်ငြိမ်းမောင်ရေ သွားပြီကွာ ... သွားပြီကွ၊ လူသား ဦးငြိမ်းမောင်ကြီးကို ဘဝဇာတ်ဆရာက လူ့လောကဇာတ်ခုံကြီးက အမြဲထာဝရ အနားပေးလိုက်ပြီတဲ့ကွာ ... လူသားတွေဘဝက မင်းတို့ ငါတို့လို မင်နဲ့ ပြန်ရေးလို့ မရတော့ဘူး။ ၁၈–၁–၂၀၀၂ ခုနှစ်က ဦးငြိမ်းမောင်ဘဝ ဇာတ်သိမ်းသွားပြီ။ လူမရှိတော့ အရိပ်ဆိုတာ ထင်စရာအကြောင်း မရှိတော့ဘူးလေ။

ဟိုတစ်ချိန်က ကာတွန်းမြင့်သိန်းက ကာတွန်းရုပ် ငြိမ်းမောင်ကို ရုပ်ပြစာအုပ်တွေထဲက အနားပေးခဲ့တယ်။ ခုတော့ ဘဝဇာတ်ဆရာကြီးက ဦးငြိမ်းမောင်ကြီးကို ဆက်ရန်မရှိနဲ့ ဇာတ်သိမ်းခိုင်းလိုက်ပြန်ပလေ့ာ။

သံသရာမှာတော့ ဘယ်နည်းဘယ်ပုံ ပြန်ဆုံမယ် မသိတော့ဘူးပေါ့လေ၊ ဒီဘဝအတွက်တော့ သူ့ဇာတ်က ပြီးဆုံးသွားခဲ့ပြီ။

ငါ ကာတွန်းရုပ်ကလေးအနေနဲ့ လူသားတွေကို ပြောချင်တယ်



ငြိမ်းမောင်၊ အခု ခင်ဗျားတို့တစ်တွေ လျှောက်လှမ်းလာပြီးခဲ့တဲ့ အတိတ်ခရီးကို ကြာတယ်လို့များ ထင်မှတ်သုံ့ရှိရဲ့လား၊ ဘာမှ မကြာလိုက်သလိုပါပဲ။ နက်ဖြန် သန်ဘက်ခါ ဆိုတာရော ခင်ဗျားတို့အတွက် အသေအချာရှိနေတယ်လို့ ပြောနိုင်ကြရဲ့လား။

ပုထုဇဉ်ပဲ ဘာညာ ဘာညာတွေနဲ့ ဒီဘဝမှာ စိတ်ချမ်းသာဖို့ ရှာဖွေထားကြတဲ့ ပစ္စည်းတွေနဲ့ ထိုက်ထိုက်တန်တန် စိတ်ချမ်းသာအောင် နေကြစမ်းပါ။ သေရင်ယူသွားလို့မရတဲ့ ပစ္စည်းဥစ္စာတွေအတွက် ဒီဘဝမှာရှိနေတဲ့ (ရုပ်၊နာမ်) နှစ်ပါးကို မနှိပ်စက်ချင်ကြပါနဲ့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတွေနဲ့ လူ့လောကကြီးထဲမှာ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် တန်အောင်နေကြစမ်းပါ။

သတ္တဝါမှန်သမျှ မရဏာလမ်းကို စတ္တန့် နာရီမလပ် တရွေ့ရွေ့ လျှောက်နေရသူတွေချည်းပါပဲ။ သေမင်းတံခါးဝမှာ ဘယ်တော့မှ "လူပြည့်ပြီ" ဆိုတဲ့ ဆိုင်းဘုတ် မချိတ်ဆွဲသလို ကြားဖြတ်ဝင်ဖို့ ကြိုးစားနေစရာမလိုပါဘူး။ ပြန်ကွေ့ပြေးလို့လည်း မလွတ်ကြပါဘူး။ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ကျေနပ်မှုတွေနဲ့ ရွေ့လျားနေနိုင်ကြရင်..

[ကျွန်တော် ငြိမ်းမောင် အသုဘမှ အိမ်ပြန်အရောက် နှစ်ပေါင်း ၃၀ ဆီက ထုတ်ခဲ့သည့် စံရွှေမြင့်ကာတွန်း(တစ်ကျပ်တန်) အဟောင်းလေးများကို တစ်အုပ်စီကြည့်မိကာ ကာတွန်းရုပ်ကလေးတို့၏ သံစဉ်မဲ့တရား၊ သံစဉ်ဩဝါဒများကို ကြားနာနေရင်းမှ ဤသို့ ရေးသားဖြစ်ခဲ့ပါကြောင်း]

မှဲမဂ္ဂဇင်း

အမှတ်(၉)၊ မတ်လ၊ ၂၀၀၂ ခုနှစ်။

www.burmeseclassic.com

# နာရီတွေကို မုန်းတယ်

ကျွန်တော်သည် သူ့လက်ကလေးကို အချိန်ကြာမြင့်လာသည်နှင့်အမျှ တစ်စထက်တစ်စ ပိုမိုတင်းကြပ်စွာ ဆုပ်ညှစ်ထားမိသည်။ သူရော ကျွန်တော်ပါ တွေ့စပိုင်းကလို နှုတ်မရှုင်နိုင်ကြတော့ပါ။ အင်းလျား ကန် ရေမျက်နှာပြင်ကိုသာ ငေးရီကြည့်နေကြရပြီ။ သူနှင့် ကျွန်တော် တို့ ဒီကန်ဘောင်မှာ ထိုင်နိုင်ခွင့် အချိန်ကာလက ကုန်ဆုံးလုပြီလေ။

နာရီမှသည် မိနစ်ပိုင်းမျှသာ ကျန်ရှိတော့သည်။ ကန်ရေပြင် ထက်မှ လှိုင်းအိကလေးတွေ အသချို့က ကျွန်တော်တို့ထံသို့ မာရသွန် ပွဲ ဆင်နွှဲနေကြသည်။ ထိုလှိုင်းအိကလေး အသချို့ကို မမိုတ်မသုန် ငေးရီကြည့်မိနေစဉ် ကန်ဘောင်ကြီးက တရွေ့ရွေ့ လှုပ်ရှားရာမှ လျင် မြန်သော အဟုန်ဖြင့် ကျွန်တော်တို့နှစ်ဦးကို သယ်ဆောင်ကာ မိုး ကုတ်စက်ဝိုင်းသို့တိုင် ပြေးနေတော့သည်။ စိုက်ကြည့်ချိန် ကြာလာ သည်နှင့်အမျှ ရွေ့လျားနှုန်းကလည်း မြန်မြန်လာသည်။ ကန်ရေ ပြင်ထက်မှ ရုပ်တိုက်လာသော လေနအေးသည်ပင် နားဝတွင် တဝီဝီ အော်မြည်လာကာ ဝေးကမ္ဘာဆီသို့ မကြာမီတွင် ရောက်ရှိတော့မည် ဟု ထင်ရသသည်။

သာယာကြည်နူးမှုတို့ အထွတ်အထိပ်သို့ ရောက်ရှိသွားလေရာ



မျက်လုံးလေးများ မှေးမှိတ် မှိန်းမောမိသွားရသည်။

"ဟာကွာ ... သွားပြီ"

အမြင်အာရုံတွင် လှိုင်းအိကလေးတို့နှင့်အတူ ကန်ရေပြင် မျက်နှာပြင်ကျယ်ကြီး ကွယ်ပျောက်သွားရပြီ။ သူနှင့်ကျွန်တော်တို့ ယှဉ် တွဲကာ စီးနင်းလိုက်ပါနေရသော ကန်ဘောင်ယာဉ်ကြီးသည်လည်း မရှိတော့။

"ဘာလဲအစ်ကို ... ပြန်ရတော့မယ့်အချိန် စေ့သွားလို့လား"

"မဟုတ်ဘူး ရပ်သွားလို့"

"ဘာရပ်တာလဲ အရင်းမရှိ၊ အဖျားမရှိ"

သူ့ကို ရှင်းပြပြီး ကြည့်ပုံကြည့်နည်း ကန်ဘောင်ကြီး ရွေ့လျား လာပုံနဲ့ ရင်မှာ ခံစားရပုံများကိုပြောတော့ သူပါ ကြည့်ချင်သည်တဲ့။

ကျွန်တော် ညွှန်ပြသည့် အတိုင်းသူက စနစ်တကျ လိုက်နာ ကာ ကြည့်နေသည်။ မကြာမီ သူ့နှုတ်ဖျားမှ ရွှင်မြူးတက်ကြွသော မြည်တမ်းသံကလေး ထွက်ပေါ်လာပါတော့သည်။

"ဟယ် ... ဟုတ်တယ်နော်၊ ကန်ဘောင်ကြီး ရွေ့နေလိုက်တာ"

"ဟုတ်တယ် လုပ်ပြီး ကြည့်နူးမနေနဲ့တော့ အမိလေးရေ ပြန်ချိန် တန်ပြီ ထ"

"အဲဒါကြောင့် နာရီတွေကို သိပ်မုန်းတာပေါ့"

သူနဲ့ကျွန်တော်တို့ လေးကန်စွာ ထခဲ့ရပြီး အပြန်ခရီးကို စကြရ ပါပြီ။ အပြန်ခရီးတွင် သူ့ထံမှ ဖြူသီရဲ့ နာရီမုန်းသူ သီချင်းကလေးကို ကြားရစမြဲ။

"နာရီတွေ နာရီတွေ ... နာရီတွေ နာရီတွေ ... မုန်းတယ်။ စောင့်ရတဲ့ အချိန်တွေ များလွန်းတော့ နာရီများ၊ နာရီများ မုန်းတယ်၊ တွေ့ရတဲ့အချိန်တွေ အားလုံးပဲ အချိန်ကုန် မြန်လွန်းတော့၊

ချိန်းတွေ့တာ မကြာခင် ခွဲရတော့ မကောင်းဘူး သိပ်စိတ်ညစ် တယ်၊ ဘယ်သူများ ဘာကြောင့်များ တည်ထွင်ထားတဲ့ နာရီလေး

www.burmeseclassic.com

www.burmeseclassic.com



နာရီလေးတွေရဲ့ အချစ်ရေးမှာ အချိန်များဟာ ရှုပ်လွန်းတော့ နာရီများ နာရီများ မုန်းတယ်"

အနုပညာရပ်တိုင်းသည် ခံစားသူများ၏ သူ့အကြိုက် သူ့စရိုက် သူ့ခံစားချက်တို့နှင့် ကွက်တိသွားရောက်တိုက်ဆိုင်ခဲ့ပါလျှင် မူလပင်ကို စွမ်းအားတို့ထက် များစွာ အစွမ်းထက်သွားကြပါတော့သည်။ ဆယ်ကျော်သက်အများစုတွင် ထိုသို့သော ရင်ခုန်စရာ ဝေဒနာလေးများ ကိန်းအောင်းနေကြလေသောအခါ ဖြူသီ၏ နာရီမုန်းသူ သီချင်း လေးမှာ လွန်စွာပေါက်မြောက် အောင်မြင်သွားပါတော့သည်။

ခုခါတွင် ကျွန်တော်သည် တတိယအရွယ်သို့ ရောက်နေပြီ။ အိမ်တွင် နေ့စဉ်တစ်ဦးတည်း အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့ရသည်။ ဇနီးနှင့် သားသမီးတို့ တစ်လှည့် ရှာဖွေကြချိန်မို့ ကျွန်တော်က အားလပ်ခွင့်ရနေသည်။ ရေးချင်ရေး၊ မရေးချင်နေ ဝမ်းစာမရှာ စိတ်အစာကိုသာ ရှာသည်။

အိမ်တွင် သံစုံနာရီကလေး တစ်လုံးရှိသည်။ ရောက်စက ငြိမ့်ညောင်းသော တေးသံစုံကလေးများကို နားဆင်ရ၍ လွန်စွာမှပဲ နှစ်သက်ခဲ့ရသည်။ နာရီထိုးတိုင်း တီးလုံးကလေးများ လွင့်ပျံလာလျှင် နားစိုက်ထောင်မိသည်။

ကျွန်တော်၏နေအိမ်သည် ကားလမ်းမကြီး၏ ဘေးဘက်တွင်ရှိ၍ အသုဘယာဉ်များ မကြာခဏ ဖြတ်သွားသည်ကို မြင်နေ ကြားနေရကြောင်း(ဖတ်စရာဂျယ်နယ်တွင် တစ်ခါရေးဖူးသည်) အနိစ္စဝရ သင်္ခါရာ ဥပ္ပဒါဝရ ဓမ္မနောဆိုသော ရွတ်ဖတ်သံနှင့် ကားတန်းများ ဖြတ်မောင်းသွားတိုင်း " သြော် ... သွားရှာပြန်ပြီကော တစ်ယောက်" မကြာ မကြာ ကြားကြားနေရသော ရွတ်ဖတ်သံများကြောင့် တရားသံဝေပွားနေစဉ် တီးတောင် တီးတောင် တင် ... ဆိုသော သံစုံနာရီမှ တီးလုံးကလေးတို့ကိုလည်း ကြားလာရပြန်သောအခါ...။

ခါတိုင်း နေ့ရက်များဆီက ကြားခဲ့ရသော နာရီသံများနှင့် မတူ



သည့် ထူးခြားသော ဝေဒနာတစ်ရပ်ကို ခွဲကပ်စေခဲ့ပါတော့သည်။

"ဒီနာရီဆီက တီးလုံးသံတွေကလည်း တစ်ခါနဲ့တစ်ခါ ဘာမှ မကြာသလိုပါပဲလား"

ထိုနေ့မှစ၍ နောက်ရက် နောက်နေ့များတွင်လည်း နာရီသံမှ သံစုံတီးလုံးတို့ မြည်လာသည့်အပေါ်တွင် သံသယဝင်ချင်ချင် ဖြစ်လာသည်။ ဝယ်စက သာယာနာပျော်ဖွယ် ခံစားမှုပေးသော သံစုံတီးလုံးတို့သည် ချောက်ချားစရာ အသွင်သို့ ကူးပြောင်းလာကာ ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စ ပြုလာတော့သည်။ အကြောင်းက...

ကျွန်တော်၏ တစ်သက်တာ ပိုင်ဆိုင်ခွင့်လက်ကျန် အချိန်ကာလများ တတိတိပွန်းပဲ့ ပျက်စီး ဆုံးပါးနေကြောင်းကို တစ်နာရီထိုးသွားတိုင်း တစ်ခါတစ်ခါ၊ သရော်သံစွက်လျက် ကြေညာချက်ရှင်းတန်း ထုတ်သည့်အနေနှင့် သံစုံမြည်ကြွေး အချက်ပေးနေသည်ဟု ကျွန်တော် ယူဆသောကြောင့်ပဲ ဖြစ်ပါသည်။

တစ်နေ့တာကာလအချိန်ကို ကျွန်တော့်အတွက် ကောင်းစွာ လုံလောက်သည်ဟူ၍ လက်ခံထားမှုကိုလည်း ထိုနာရီမှ တီးလုံးများက မကြာမကြာ တစ်နေ့ပတ်လုံး မြည်ဟီးနှောင့်ယှက် ကန့်ကွက်နေကြပြန်သည်။ သူတို့တွေ မြည်ဟည်းနေသည်က အချိန်မှန် နာရီမှန်မှ ဟုတ်ပါလေစ။ တစ်နာရီမှ တစ်ခါမြည်ရမည့်အစား နာရီတစ်ဝက်လောက်နှင့်များ မြည်နေကြပြီလော။ သို့လော သို့လောပင် ထင်မြင်ယူဆလာမိသည်။

ခက်သည်မှာ သံစုံညီတီးလုံးများမြည်သည်ကို အမှန်အကန်ပါဟု ထောက်ခံမှုပြုသူများက အိမ်ရှေ့လမ်းမကြီးပေါ်မှာ ရှိနေကြပြန်သည်။

"ဖရဲသီးစိပ် ချိုချိုလေး"

"ပြောင်းဖူးပြုတ် ပူပူလေး" သူတို့အော်ကြလျှင် နာရီမကြည့်နဲ့ နေ့လယ် ၁ နာရီ။ နံနက် ၆ နာရီ ဆိုလျှင် ကြားရမည်က "ပဲပြုတ်"

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်း သုံးနာရီတွင်ကား "နောင် ... နောင် ... နောင်" ဆီးသီး ရောက်သီးသည်ပါ။ လူတွေတင် နာရီမှန်ကြောင်း ထောက်ခံသည် မဟုတ်သေး၊ ကျွန်တော်၏ အချစ်တော် ခွေးလေးစနူပီ (အပေါ့ အလေး) ထွက်ချင်လို့ လာခေါ်လျှင် ညနေ ၄ နာရီဘက်မှ တိကျ မှန်ကန်ကြောင်းကို စက်ရုံအလုပ်သမလေးများ၊ ကျောင်းဆင်းဖယ်ရီ နှင့် ရုံးပြန်ဖယ်ရီများက ညနေစောင်း အချိန်ကာလကို ပြသနေကြပြန် ရာ နာရီလေးများ အချိန်မမှားသည်က သေချာနေပါပြီ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်၏ လက်ကျန်ပိုင်ဆိုင်ခွင့် နေ့ရက် နာရီတို့ အလကား ကုန်ခန်းဆုံးရှုံးနေသည်ကို ကျွန်တော် ဖွတ်မေ့ထား ချင်သည်။ ဒါကိုပဲ ဒီသံစုံတီးလုံးတို့က လိပ်ပြာငယ်အောင် နာရီတိုင်း အော်မြည် ခြောက်လှန့်နေကြသည်မို့ နာရီတွေကို ကျွန်တော်မုန်း တယ်၊ နာရီတွေကို မုန်းတယ်၊ သည်ခါကျပြန်တော့ အင်းလျား ကန်ဘောင်ပေါ်က အပြန်လမ်းမှာ ချစ်သူဆိုပြတဲ့

("နာရီတွေ နာရီတွေ ... နာရီတွေ နာရီတွေ ... မုန်းတယ်။ စောင့်ရတဲ့ အချိန်တွေ များလွန်းတော့ နာရီများ၊ နာရီများ မုန်းတယ်၊ တွေ့ရတဲ့အချိန်တွေ အားလုံးပဲ အချိန်ကုန်မြန်လွန်းတော့)

ဩော် ... ချစ်သူကို မြင်ယောင်လာလို့ ချစ်သူဓာတ်ပုံတွေ ချိတ် ဆွဲထားတဲ့ အိမ်နံရံဆီကို လှမ်းကြည့်မိ ပြန်ရော။

အင်းလျားကန်ဘောင်ပေါ်မှာတုန်းကလို "ကျွန်တော့် ချစ်သူ" ဟာ နုနုငယ်ငယ် မဟုတ်ရာတော့ဘဲ နံရံပေါ်က ဓာတ်ပုံတွေထဲမှာ သူ့မြေးတွေကို ပွေ့ဖက်ချီပိုးထားတဲ့ ကျွန်တော်ရဲ့ ဇနီးမယား ဖြစ် နေရပြီ။ သူတို့ရဲ့ဓာတ်ပုံတွေနဲ့ ယှဉ်တွဲချိတ်ဆွဲထားတဲ့ ကျွန်တော့် ဓာတ်ပုံဆီကို မျက်စိအရွှေ့လိုက်မှာတော့ လမ်းမကြီးဆီက ကြားလိုက် ရပြန်ပါပြီ။

(အနိစ္စဝရ သင်္ခါရာ ဥပ္ပဒါဝရ ဓမ္မိနော ဥပ္ပစ္စိတွာ နိရုံဇ္ဈန္တိ တေသံ ဥပ္ပသမ္မော သုခေါ)



ကျွန်တော့် ခေါင်းထဲကို အတွေးတွေ အလိုလို စီးဝင်လာကြ ပြန်ပါပြီ။ အင်း ... တစ်ယောက် သွားရှာပြန်ပြီ။ ဒီတစ်ယောက်ကရော ..ယောကျ်ားလား၊ မိန်းမလား၊ ရပ်ကွက်ထဲမှာ ဆိုးသွမ်း အနိုင်ကျင့် ရမ်းကားသူမို့ အရပ်က သေပါစေလို့ မေတ္တာပို့ခံနေရတဲ့ လူဆိုး လူရမ်း ကားလား၊ အများတကာ ချစ်ခင်ကြလို့ ကြင်နာပိုကာ လိုက်ပို့သခံ ရတဲ့ လူယဉ်ကျေးလား၊ သူဟာ သူ့အတွက် ဘာတွေ လုပ်သွားနိုင် ခဲ့သူလဲ။ ခုနေခါ ငါ သေရင်ကော..။

(တီတိန် တီတိန် တီတီ တိန်တိန် .. တောင် တင်တောင်..)

"ဟာကွာ ဒီနာရီနဲ့တော့ ခက်နေပါပြီ"

သူတကာအဖို့တော့ မြည်ချိန်တန်လို့ မြည်တာပဲလို့ ဆိုစရာပါ။ ဒါပေမဲ့ သူနဲ့ နှစ်ချီနေလာခဲ့ရပြီး နေ့စဉ် ထာဝရ ဒီအသံကို မုန်း လောက်အောင် ကြားနေခဲ့ရတဲ့ ကျွန်တော့်မှာတော့ ကျွန်တော့်ကို ခြောက်လှန့် လှောင်ပြောင်နေသလိုမျိုး ခံစားနေရသည်။ ရူးလို့မဟုတ် ပါ။ ရှင်းပြပါမည်။

လူပုဂ္ဂိုလ်တွေ အကြောကြီးနဲ့ ကျွန်တော်ကို ဆရာလာလုပ် တဲ့ အခါတွေမှာ တတ်သ၍ မှတ်သ၍နဲ့ ပြန်ငြင်းတယ်၊ ပြန်တွယ် တယ်၊ ဆွေမျိုးအသိုင်းအဝိုင်း မိတ်ဆွေအပေါင်းအသင်းထဲက ဆရာ လာလုပ်ရင်လည်း ပြန်တွယ်ပစ်တာပဲ၊ လူသားတွေဆိုတော့ အပြစ် နဲ့ မကင်းကြလို့ ပြန်တွယ် ပြန်တိုက်ခိုက်စရာတွေက ရှိနေကြပါ တယ်။ အခု ဒီသံစုံနာရီက ကျွန်တော့်ကို နေ့စဉ်အချိန်ပြည့် ဆရာလုပ် ဆုံးမနေတယ်။ သူ့ကို ကျွန်တော် ဘယ်လိုချေပလို့ ဘာ ဘာသာစကား နဲ့ တုံ့ပြန်တိုက်ခိုက်ရမှာလဲ။

အခံရ အခက်ဆုံးမှာ သံစုံနာရီလေး ပြောကြားနေသမျှ ဆို ဆုံးမနေသမျှ စကားအနက်အဓိပ္ပာယ်ကို ကျွန်တော့်က နားလည်နေ ပြီး သူ့ကို ကျွန်တော်က တစ်လုံးတစ်ပါဒ နားလည်ခေါင်းညိတ် အောင် ပြန်မပြောနိုင်တဲ့ ကိစ္စ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပိုပြီး ခက်နေရပြန်တာက၊ နေ့တိုင်း၊ အချိန်တိုင်း စကားဝှက် တီးလုံးကလေးတွေနဲ့ ဆုံးမနေတဲ့နေရာမှာ ချစ်ခြင်း၊ မုန်းခြင်း လုံးဝကင်းရှင်းပြီး၊ သူ့အတွက် အကျိုးမဖက်တဲ့အပြင် သံစုံနာရီလေးရဲ့ သတိပေး ဆိုဆုံးမမှုတွေအပေါ် မှားတယ်လို့ ဘယ်လိုမှ ထောက်ပြစရာမရှိအောင် မှန်နေတာကို ကျွန်တော် ကိုယ်တိုင်ယုံကြည် လက်ခံနေမိတယ်။ ဒါကြောင့် သံစုံနာရီလေးဆီက တီးလုံးကလေးတွေဟာ ကျွန်တော့်စိတ်ကို ခြောက်ချားစေတဲ့အထိ လွှမ်းမိုးနေကြတာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကျွန်တော်ကတော့ နာရီသံတွေကို မုန်းနေတယ်။ ကျွန်တော် မလိုက်နာနိုင်သေး၊ မဆောင်ရွက်နိုင်သေးလို့ ဖွတ်မှေ့ထားရတဲ့အရာတွေကို အမြဲသတိပေး ဖော်ထုတ် ဆရာလုပ်နေတာကို မကြိုက်ဘူး၊ ကျွန်တော် အထူးမုန်းနေတာကတော့ ကျွန်တော်နဲ့ နှစ်ရှည်လများ အိမ်မှာ အတူရှိနေတဲ့ ကျွန်တော့်အိမ်က သံစုံနာရီကလေးကိုပါပဲ။

ကျွန်တော် ငယ်ရွယ်နုနယ်စဉ်က ချစ်သူနဲ့ချိန်းတွေ့၊ အချိန်တန်လို့ အိမ်ပြန်ဖို့ အချိန်ရောက်လာတိုင်း ချစ်သူနဲ့ခွဲကြရတော့မှာမို့ နာရီတွေကို မုန်းခဲ့ဖူးတယ်။ ခုတစ်ခါ ကျွန်တော့်အသက် တတိယအရွယ် ရောက်လာပြန်တော့ နာရီတွေကို မုန်းမိလာရပြန်ပါပြီ။ ခုတစ်ခါ မုန်းမိရတာကတော့။

မှခမင့္ဂဝင်းမှ

# ဘာလုပ်နေတာလဲ

"ဘာလုပ်နေတာလဲ" ဆိုတဲ့ ဒီမေးခွန်းကို မေးတဲ့ စကားလုံးရောအဓိပ္ပာယ်နဲ့ အကြောင်းအရာပါ တစ်ထပ်တည်း အကြိမ်များစွာ အမေးခံရလို့လည်း၊ ကျွန်တော့်ဘဝမှာ မှတ်မှတ်ရရကို နားစွဲနေခဲ့ရပါတယ်။ မေးခဲ့ကြသူအားလုံးဟာ ကျွန်တော်အရက်သောက်ဖို့ ကြိုးစားစဉ်မှာ မေးခဲ့ကြတာမို့လည်း ဒီမေးခွန်းကို ကြားလိုက်တိုင်း ပြုံးဖြီးဖြီးကြီး ဖြစ်ခဲ့မိရတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် မေးရတဲ့အခါမှာတော့ မပြုံးနိုင်တော့ပါချေ။

"ဘာလုပ်နေတာလဲ"

ပထမဦးဆုံး ကျွန်တော့်ကို ဒီမေးခွန်းမေး သူက ကျွန်တော့်အမေပါ။ ကျွန်တော် လူပျိုပေါက် အရက်မသောက်တတ်သေးတဲ့ အရွယ်ကပေါ့။ အရမ်းခင်မင်မိတဲ့ မိန်းကလေးသူငယ်ချင်းကို(ချစ်သူ) သူနဲ့ ကျွန်တော်တို့ ချစ်နေကြတယ်လို့ ထင်တတ်တဲ့အရွယ်။ အသည်းကွဲတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခံစားမှုကို အသေအချာမသိပါဘဲ သူနဲ့ ကျွန်တော် ကတောက်ကဆဖြစ်လို့ ဘယ်တော့မှ ပြန်မခေါ်ကြကြေးဆိုပြီး စိတ်ကောက်ကြတာတို့၊ သုံးလေးရက် စကားမပြောကြဘဲ ခပ်စိမ်းစိမ်း နေနေကြတာတို့၊ အသည်းကွဲစရာ၊ အသည်းကွဲရ

www.burmeseclassic.com

www.burmeseclassic.com



ပြီရယ်လို့ ထင်မှတ်ခံယူတဲ့အရွယ်။ ဖတ်ဖူးတဲ့ ဝတ္ထုနဲ့ ရုပ်ရှင်တွေထဲမှာလည်း အသည်းကွဲရင် အရက်သောက်ကြတာကို မြင်ဖူး၊ ဖတ်ဖူးထားလေတော့ ချစ်သူရယ်လို့ ထင်မှတ်ထားတဲ့ သူငယ်ချင်းမနဲ့ အဆင်မပြေနိုက်မှာ အသည်းကွဲဆိုပြီး အရက်သောက်ကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်မိတယ်လေ။ လွမ်းပစ်လိုက်မယ်ပေါ့။

စိတ်က တကယ်တမ်း တောင်းဆိုတာ သောက်ချင်တာ မဟုတ်ဘူးနော်။ စွန့်စားပြီး သောက်ရမှာ။ ဘယ်လိုပြောရမလဲ သူ့ကြောင့် ကျွန်တော် ခံစားရရှာတာ၊ အသည်းကွဲပေါ့ဆိုတာမျိုးကို အဲဒီချစ်သူလို့ ထင်နေတဲ့ မိန်းကလေးသူငယ်ချင်းကို သိစေချင်တာ ရယ်စရာပါ လေ။

သူ့အိမ်နဲ့ ကျွန်တော့်အိမ်နဲ့ကလည်း သိပ်ဝေးတာ မဟုတ်တဲ့ အပြင် ကျွန်တော့် ညီမလေးနဲ့ကလည်း သူနဲ့က သူငယ်ချင်း၊ သူ လည်း ကျွန်တော်နဲ့သာ မခေါ်ကြေးဆိုလို့ မခေါ်ဘဲ စကားမပြော တာ၊ ညီမလေးဆီကိုတော့ လာတယ်လေ။ အရွယ်တွေက ဟိုမရောက် ဒီမရောက်ဆိုတော့ စုစုပြီး ကစားကြတုန်း။ အဲဒီအခါမှာ သူကလည်း တခြားတစ်ယောက်ကိုခေါ်တဲ့ဟာကို ကျွန်တော့်ရဲ့ နာမည်ကြီးကို သ ပါးစပ်က မှားခေါ်မိပေါ့။ ပြီးတော့ မျက်နှာက ရှက်ကိုးရှက်ကန့် အမူအရာနဲ့ ကြည့်လို့တော့ အကောင်းသား။ ရင်ထဲမှာ ခံစားလိုက် ရတဲ့ ပီတိကလည်း ဘယ်လိုလေးမှန်းကို မသိဘူး၊ ကြည်နူးလိုက် တာ။

အဲ အဲဒီလို လွဲမှား ခံစားတတ်တဲ့အရွယ်ပေါ့။ ကျွန်တော် သူ့ အသည်းကွဲပြဖို့ အရက်ကို ခိုးဝယ်ရတယ်။ အဲဒီကာလက ကျွန်တော် တို့ အရွယ်မပြောနဲ့ လူကြီးတွေထဲမှာတောင် အရက်သောက်သူ သိပ်ရှားတာ။ ကျွန်တော့်မှာ ပုလင်းလွတ်ကလေးနဲ့ အရင်ခိုးဝယ်ပြီး အိမ်ခန်းထဲမှာ ဘယ်သူမှ မသိရအောင် ခိုးဝှက်ထားရတယ်။ ကျွန် တော့်ချစ်သူဆိုတဲ့ သူငယ်ချင်း ဒီညနေမှာ လာမယ့်အကြောင်း ညီ



လေးဆီက သတင်းရထားတာကိုး။

သူလာမယ့်အချိန်မှာ အရက်သောက်ပြီး ကျွန်တော့်ဆီက အရက်နံ့ကို သူရှူရှိုက်မိအောင် သူသိအောင် လုပ်ရမယ်။ ဒါကြောင့် အခန်းထဲကို ရေပုလင်းလေး သွင်းလိုက်၊ မြည်းစရာ ဆီးထုပ်လေး ဆားငန်သီးလေး သွင်းလိုက်နဲ့ ဝင်ချည်ထွက်ချည် အလုပ်ရှုပ်နေတာ ပေါ့။ ဒါကို အမေက မြင်နေရတော့ ...“ဘာလုပ်နေတာလဲ” “ဘာမှ မလုပ်ပါဘူး၊ အမေရဲ့”

အဲ အဲဒီလို အရက်ခိုးသောက်ဖို့ စီစဉ်နေတာကို အမေက ပထမဆုံး ‘ဘာလုပ်နေတာလဲ’ လို့ မေးခဲ့ဖူးတယ်။ အသက် (၁၈– ၁၉)လောက်ဆီကပေါ့။

ဘာလုပ်နေတာလဲ ...

ဒုတိယမေးတဲ့သူကတော့ ကျွန်တော့်ဇနီး၊ အဲဒီအချိန်မှာ ကျွန်တော့်အသက် (၃၁/၃၂)လောက် ရှိနေပြီ။ စာပေနယ်မှာ ကျင် လည်နေပြီဆိုမှတော့ အရက်လည်း သောက်တတ်နေပြီပေါ့။ ဒါပေမဲ့ ဇနီးနဲ့ရကာစဆိုတော့ ချစ်ခင်စ အယုအယတွေနဲ့လေ။ ဒီတော့ ဇနီး မယား ကျေနပ်ရအောင် အရက်မသောက်ဘူးဆိုတဲ့ ကတိစကားကို ရက်ရက်ရောရော ပေးခဲ့မိတာပေါ့။ သိပ်ချစ်နေကြတာကိုး။

နောက်တော့လည်း ရေသည်ပြဇာတ်ထဲက ရေသည်လိုပဲ ဘုရင် ချီးမြှင့်တဲ့ ငွေတစ်ရာ၊ တစ်ထောင်၊ တစ်သိန်းလည်း ယူပါမည်။

မြောက်မြို့ရိုးကြားက ပဲဝက်ငွေကိုလည်း ယူချင်ပါသေးသည် ဖြစ်လာတာပေါ့။ ဇနီးမယားကိုလည်း မပြတ်ပါ။ အရက်ကိုလည်း မဖြတ်ပါရစေနဲ့ဆိုတာမျိုး ဖြစ်လာရပြန်ရော။ ဒါပေမဲ့ အဲလိုတွေ မဖြစ်ခင်၊ ပေးထားတဲ့ ကတိကို စပြီး ချိုးဖောက်ရစဉ်ကတော့ ပြောင် ပြောင်တင်းတင်းကြီး ချိုးဖောက်လို့ ဘယ်ကောင်းဦးမှာလဲ။

ဒီတော့ ဇနီးမသိအောင် ပုလင်းပြားလေးကို ဝယ်ပြီး ဝှက်ထား ရတယ်၊ အဲဒီမှာ အခက်ကြုံရတာက အရက်ဆိုတာက ထမင်းမစား

www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ သောက်ရတာလေ။ ထမင်းစားပြီးရင် သောက်မရတော့ဘူး၊ အစာတွေက ရင်ထဲမှာ ပြည့်နေမှကိုး။ သောက်ရင်လည်း မမူးဘူး၊ မူးအောင်ထိ ဖိသောက်ရင် အန်ရော။ ဟော ညနေဆိုရင် ဇနီးမယားက ဖွယ်ဖွယ်ရာရာလေးတွေ ချက်ပြုတ်ထားတာ စားစေချင်တော့ ထမင်းစား ခေါ်ပြီလေ။ အဲဒီမှာ စလိမ်ရပြီ၊ ရင်တွေပြည့်နေလို့၊ ဘာစားလိုက်မိလို့၊ ညာစားလိုက်မိလို့နဲ့ ထမင်းဝိုင်းကို ရှောင်ရရော။

ကောင်းပြီ ထမင်းဝိုင်းရှောင်ပြီးတော့ အရက်ခိုးသောက်ရတော့မယ်၊ အရက်အကြောင်း နားလည်နေပြီ မဟုတ်လား၊ အမြည်းမပါဘဲ သောက်ရင်၊ ရေမရောဘဲသောက်ရင် ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို သိနေပြီ၊ ဒါကြောင့် ရေပုလင်းတို့၊ မြည်းစရာတို့ ဖန်တီးရပြန်ရော။ ဟိုအသက် ၁၈–၁၉ အမေ့လက်ထဲမှာ ရှိနေစဉ် ကလိုပဲပေါ့။ ဣန္ဒြေမရ ဝင်ချီထွက်ချီ ရိက္ခာစုတာကို ဇနီးလုပ်တဲ့သူက မသင်္ကာဖြစ်လာပြီး "ဘာလုပ်နေတာလဲ"

မိသွားမှတော့ မထူးတော့ဘူးလေ။ ဉာဏ်နီဉာဏ်နက် သုံးရပြီ၊ ဘယ်လိုသုံးသလဲ သိလား။ မိန်းမက သူ့အသာစီးရနေပြီဆိုတော့ ထုံးစံအတိုင်း ဗျစ်တောက်ဗျစ်တောက် ပြောပြီပေါ့။ အဲဒီအခါမှာ ကျွန်တော်က လုံးဝ စိတ်ဆိုးတာမဟုတ်ဘူး။ သူပြောတဲ့စကားကလည်း ပန်းပွင့်လေးနဲ့ သာသာလေး ပေါက်သလောက်ပဲရှိတာ။ ဒါပေမဲ့ ကျွန်တော်က အနာပေါ် သံတုတ်ကြီး ပစ်ချခံရသလို မခံမရပ်နိုင်တဲ့ ပုံစံနဲ့ မိန်းမကိုပဲ ရွဲ့ပြီးသောက်သလိုလိုနဲ့ အရက်ကို ဖြောင်သောက်ပစ်လိုက်ရော။

ဒီနေရာမှာ ကိုယ်က အမြော်အမြင်ရှိဖို့ လိုတယ်။ စဉ်းစားကြည့်မှပေါ့။ ဒီနေ့တော့ ရန်ဖြစ်လို့ ဒေါသမထိန်းနိုင်လို့ သောက်လိုက်ပြီ၊ အကြောင်းပြချက်က ရှိသေးတော့ အိုကေနေတယ်။ နက်ဖြန် သန်ဘက်ခါတွေအတွက်ကို ဘယ်လို လုပ်မလဲ၊ အဲဒီနေရာမှာ ပညာပဲ။

ဇနီးက သူက နစ်နစ်နာနာ ပြောရှာတာမှ မဟုတ်ဘဲကိုး။ ဒီတော့



အမူးပြေချိန်မှာ သူက ဘာများ ပြောမိမှာလဲ၊ ဘာညာတွေ မလာပေဘူးလား။

အဲဒါကို ကြိုသိရမယ်၊ သူမလာခင် ကိုယ်က သူ့ကို ရင်မဆိုင်ဘဲ ရှောင်နေရမယ်။ အပြင်ထွက်တာမျိုး ဘာညာလုပ်။ နောက်နေ့ညနေ ရောက်လာတော့ မနေ့ကကိစ္စကို မကျေနိုင် မချမ်းနိုင်ဖြစ်နေသေးလို့ပဲ ဆိုတဲ့ပုံစံနဲ့ ထပ်သောက်။ အဲလိုနဲ့ ပိုနေမြဲ ကျားနေမြဲ ပြန်ဖြစ်သွားရော။

ဘာလုပ်နေတာလဲ

ဒီတစ်ခါ မေးသူက ကျွန်တော့်သမီး အငယ်ဆုံးမ။

ကျွန်တော့်အသက်က ၆၀ ကျော် လာပြီလေ။ ဆယ့်ရှစ်ဆယ့်ကိုး ကလို၊ သုံးဆယ်ကျော်ကလို မဟုတ်တော့ဘူး။ ဘယ်အကပ်အရပ်မှ မလို၊ ဘယ်သူ့ထောက်ခံချက်မှမလိုဘဲ "လူကြီး" "အသက်ကြီးပြီ" ဆိုတာကြီးကို ကျွန်တော် သူ့အလိုလို ရနေပြီမဟုတ်လား။

ကိုယ်ကလည်း ကာတွန်းရေးရမှာ ပျင်းချိန်မှာ လက်ဆော့ပြီး အရက်မကောင်းကြောင်း၊ အရက်ဖြတ်ဖို့ သေချာသလောက်ကို ပေါ်ပြူလာဂျာနယ်မှာ "စိန်ခေါ်ပွဲ" ဘာညာနဲ့ ဆောင်းပါးလေးတွေလည်း ရေးမိ။ သမက်တွေ၊ မြေးတွေ၊ ချွေးမတွေလည်း ရလာ။ ဒီတော့ တရားလေး ဘာလေး ထိုင်ကြည့်။

ကိုယ်က စိတ်နိုင်ပြီထင်ပြီး လုပ်ကြည့်တာပါ။ ဒါကိုပဲ အိမ်ကသားသမီးတွေက တို့အဖေ အရက်ပြတ်ပြီး တရားတွေ ဘာတွေ ထိုင်နေပြီဟဲ့ဆိုပြီး ကြည်ညိုလို့ ပြုစုလိုက်ကြတာ (မိန်းမကတော့ မပါဘူး၊ သူ့လင်အကြောင်း သူသိတာရယ်၊ သူ့မဂ္ဂဇင်းဖော ကပ်နေတာရယ်ကြောင့် တရားထိုင်တာတောင် သူသိမှာ မဟုတ်ပါဘူး) ကြားသမျှ ဆွေမျိုး အပေါင်းအသင်းက သာဓုခေါ်ကြနဲ့။ သားသမီးတွေက အဲလို ပြုစုကြတော့ သမက်ကပါ လေးစားရှာတော့ "အင်း" ငါတော့ အသက်လည်းကြီးပြီ၊ တရားဓမ္မနဲ့နေမှ သင့်မယ်" ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေကအစ ရှောင်နေတယ်။ ပန်းချီမောင်ညိုဝင်းတို့၊ မန္တလေးတင်ထွန်းတို့၊ ကိုမြဇာတို့ပေါ့လေ။

ခက်တာက သူတို့ကို ကျွန်တော်က အပြင် လောကမှာပဲ ရှောင်လို့ရတယ်လေ။ ဒါပေမဲ့ အိပ်မက် နယ်ပယ်ကျတော့ ရှောင်မရဘူး။ ကိုညိုဝင်းက တစ်လှည့်၊ မန္တလေးကိုတင်ထွန်းကြီးက တစ်လှည့်၊ ကိုမြဇာက တစ်ခါ။ အိပ်မက်ထဲများကျရင်လေ အရက်မှ အကောင်းစား၊ အမြည်းတွေကလည်း စုံမှစုံ၊ ယုဇနဂါးခင်းတို့၊ ထရိတ်ဒါးတို့၊ ဆီဒိုးနားတို့ပေါ်ကကို ဆင်းရတယ်မရှိဘူး။ သူတို့တွေ ကျွန်တော့်ကို လာလာခေါ်ပြီး တစ်ယောက်တစ်လှည့် ချည့်ခံပြုစုနေကြတာ။

အမယ် ဒီကြားထဲမှာ အငှာလေးတွေပါတဲ့အခါ ပါသေးသဗျ။ (ကာရာအိုကေအဆိုကို ပြောတာပါနော်) ပျော်လိုက်ကြတာ။ အသက်က ကြီးလာတော့ ဒီအပျော်မျိုးတွေ မပျော်ရတာ ကြာမှကြာ။ အဲ ကောင်းခန်းရောက်ပြီလားဆိုမှဖြင့် အိပ်ရာက လန့်နိုးရပြီ။ အိပ်ရာက လန့်နိုးလာရင် သူတို့ မျက်ခွက်ကြီးတွေ ပြန်ပြန်မြင်နေရောဗျို့။ ဒီတော့ ဟိုတုန်းက တတွဲတွဲ ကဲခဲ့၊ ရွှဲခဲ့ကြတဲ့က အဖြစ်ဟောင်းတွေကို ပြန်ပြီး အမှတ်ရ။ စိတ်တွေက ပြန်ငယ်၊ ပြန်သောက်ချင်စိတ်၊ ပျော်ချင်စိတ်တွေက ဟိုးနောက်နေ့ နောက်နေ့တွေ အထိ ရင်ထဲမှာ စွဲနေကရော။ သောက်ချင်စိတ် ပျော်ချင်စိတ်က ထိန်းမရဘူး။

ကျွန်တော့်အိမ်က မနက်မိုးလင်းတာနဲ့ အိမ်သားတွေ ကိုယ့်အလုပ်နဲ့ကိုယ် အပြင်ကို အကုန်ထွက်ကြတယ်လေ။ အိမ်မှာ ကျန်ခဲ့တာက ကျွန်တော်ရယ် အချစ်တော် ခွေးလေး စန္ဒပီရယ် (အဲဒီတုန်းက မြေးမလေး မြတ်ပန်းဖွေး) မမွေးသေးဘူး။

ဒီတော့ တစ်နေ့ အိမ်ဘေးက စတိုးဆိုင်မှာ ပုလင်းဝယ်၊ ရှေ့နားက ဘဲကင်ဝယ်၊ လွတ်လွတ်လပ်လပ် အိပ်မက်ထဲကလို သောက်ပစ်လိုက်မယ်ပေါ့လေ၊ အခန်းထဲမှာ အကြိုက် ပြင်ဆင်နေတယ်။

"ဝုတ် ဝုတ် ဝုတ်"



"ဟကောင် စန္ဒပီ၊ ဘယ်သူလာလို့ ဟောင်ရတာလဲဟ"

ဟောဗျာ၊ ကျွန်တော့်သမီးအငယ်မ သင်တန်းမတက်ဘဲ ပြန်ချလာပါလေရော။ ဘဲကင်နဲ့ အရက်ကလည်း ကျွန်တော့်အခန်းထဲမှာ အားလုံး အဆင်သင့်ဖြစ်နေပြီ။ အရက်ခွက်ထဲကို ရေခဲတုံးကလေး ထည့်လိုက်လို့ ဖန်ခွက်နဲ့ထိပြီး "ကလောင်"လို့ မြည်သွားတဲ့ အသံကလေးတောင်မှ နားထဲက မထွက်သေးဘူး။ စနေမက အိမ်ပေါ်ကို ရောက်လာပြီ။

ဘယ်တုန်းကမှ အဖေနဲ့ဒါလောက် စကားလက်ဆုံ မကျတဲ့ကောင်မက ကျွန်တော့်ကို သူတို့ သင်တန်းက အကြောင်းတွေ လာအာလူးပေးနေတယ်။ သူဟောတဲ့ ဗေဒင်မှန်တယ်၊ ဘာညာတွေ လာကြွားနေတော့ စကားမပြတ်နိုင်ဘူးပေါ့။ အောင်မယ် ကျွန်တော့်လက်ကိုတောင် ဆွဲယူပြီး လက္ခဏာကြည့်နေသေး။

ကျွန်တော့်မျက်စိထဲမှာ မြင်နေတာက ဘဲကင်နဲ့ အရက်ခွက်၊ ဒီတော့ သူ့စကားအပြတ်မှာ အိမ်သာတက်ဟန်ဆောင်ပြီး လစ်ထွက်ခဲ့လိုက်တယ်။ အိမ်သာကဆင်းမယ့် အချိန်လောက်စောင့်ပြီး စနေမက ကျွန်တော့်ကို လိုက်ရှာပါလေရော။

"ဖေဖေ ဖေဖေ"

လက်ကျန်ခွက်လေး အပြတ်ရှင်းပြီး ပြန်ထွက်ခဲ့ရတယ်။ သမီးဖြစ်ပေမယ့် ဒီစနေမ သိသွားရင် အကြီးမဆီ ရောက်မယ်၊ ပြီးရင် သမက်ဆီ ရောက်တယ်ဗျာ၊ ကျွန်တော်က ခုတလောမှာ တရားထိုင် ဘုရားမှန်မှန်ရှိခိုး ရွတ်ဖတ်နေတဲ့ဟာ ခုလိုကြီး သိသွားရင် ဘယ်ကောင်းမလဲ။

အဲဒီမှာတင် အငယ်မ ကြားသမျှ နားထောင်ပေးလိုက်၊ ခွက်ပုန်းလေး ဝင်မော့လိုက်၊ ဘဲကင်လေးမြုံ့လိုက် လုပ်ရတော့တာပေါ့။ ဒါပေမဲ့ မမူးခင်ကတော့ ပိပိရိရိပေါ့၊ သုံးလေးကြိမ် အခန်းထဲ ဝင်ဝင်မော့မော့ ပြီးပြီဆိုရင်တော့ အငယ်မက မသင်္ကာဖြစ်ပြီး ကျွန်တော့်

www.burmeseclassic.com



အခန်းဆီအသွားမှာ နောက်က လိုက်လာတာပေါ့။

ခွက်ကလေး ကပျာကယာ ကောက်မော့ထည့်ပြီး ဘဲဆီဗူးလေး ကောက်အဝါးမှာ စနေမရဲ့အသံကို ခုလိုကြားလိုက်ရတော့တာပါပဲ။

"ဘာလုပ်နေတာလဲ"

"အင်း မွေးသမီခင် ကျေးဇူးရှင်ကနေ ဖနီး။ အခု ကိုယ်က မွေးတဲ့ အငယ်ဆုံးသမီးက ကျွန်တော့်ကို ဒီမေးခွန်း (ဘာလုပ်နေတာလဲ) ကို မေးနေပြန်ပါပကော။

အသက်(၁၈-၁၉)ကနေ(၃၁-၃၂) ဒီကတဆင့် (၆၁) ကိုပဲ ကျော်ဖြတ်နေပြီ။

ကျွန်တော်ဟာ ဗုဒ္ဓရဲ့အဆုံးအမနဲ့ တရားတော်တွေကို ဖတ်ရှုနာကြားရပြီး မမှိတ်မသုန် ယုံကြည်အားထားသူတစ်ယောက်ပါ။ မြတ်စွာဘုရားရဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီး သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကုန်ကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးကို ကယ်တင်လိုခဲ့တဲ့ ကျေးဇူးတော် အနန္တ၊ မေတ္တာ၊ ကရုဏာတော် အနန္တကိုလည်း သိရှိလက်ခံထားသူပါ။

မိမိဉာဏ်မီသမျှ ဝေဖန်သုံးသပ် ဆန်းစစ်တဲ့အခါမှာလည်း ဗုဒ္ဓရဲ့ တရားတော်တွေရဲ့ အတိမ်အနက်ကို ဉာဏ်မမီတာသာရှိပြီး လွဲချော်တိမ်းပါးမှု တစ်စုံတစ်ခုမှ ရှာဖွေမရရှိခဲ့ပါဘူး။ ဒါတွေကြောင့် ကိုယ်ရောစိတ်ပါ ဗုဒ္ဓရဲ့အဆုံးအမ ညွှန်ပြမှုတွေကို လေးမြတ်ယုံကြည်နေပါလျက် ကျွန်တော်။

ဘာလုပ်နေတာလဲ။

နှာခေါင်းဖြန့်ပေါင်း ဘယ်နှရက်ကို ကျွန်တော် ပိုင်ဆိုင်မယ်ထင်ပြီး ခုထိ ဘာလုပ်နေတာလဲ။

ကျွန်တော်ဟာ ကျွန်တော်နဲ့ထိုက်တန်ရုံမျှ အောင်မြင်မှုမျိုး နောက်တစ်ကြိမ် ထပ်လာစရာအကြောင်း မရရှိပါဘဲ ထပ်ပြီး ရရှိလာ



စေဦးတော့ အရသာတွေနိုင်တော့မှာ မဟုတ်ပါဘဲနဲ့

ဘာလုပ်နေတာလဲ ... ဒီမေးခွန်းတွေကတော့ ကျွန်တော့် ကိုယ်ကျွန်တော် မေးနေမိတဲ့ မေးခွန်းတွေပါပဲ။ မေးမေးနေမိတာ နေ့စဉ်ပါလေ၊ ကိုယ် ဘာကြောင့် ဘာလုပ်နေတယ်ဆိုတာတော့ အဖြေမပေါ်သေး။

ဘာလုပ်နေတာလဲ
ဘာလုပ်နေတာလဲ
ဘာလုပ်နေတာလဲ ...
မေးရင်းနဲ့များ ...။

မုခမဂ္ဂဇင်းမှ

●

www.burmeseclassic.com

www.burmeseclassic.com

# မသိရှိခဲ့မိသော တန်ဖိုးများ

ဟိုးအနှစ် ၆၁ နှစ်ဆီက ...

ကျွန်တော်အမိဝမ်းကနေပြီး အဝတ်မပါ ကိုယ်ဗလာနဲ့ လူ့ပြည် ရောက်လာခဲ့ရတဲ့ မွေးကင်းစပေါ့။ အဲဒီကာလက ကိုယ့်ဘဝ ဘာဆိုတာ သိဖို့ဝေးလို့ နေ့နဲ့ညကိုလည်း ခွဲသိခဲ့ဟန်မတူပါဘူး။ အမိနို့ချို ဘယ်မှာရှိလို့ ဘယ်လို သောက်စို့ရမယ်ဆိုတာကို မသိခဲ့ပေမယ့် အမိရဲ့ မေတ္တာသဘာဝရဲ့ ဖန်တီးမှုကြောင့် ဝမ်းဟာလို့ ဗိုက်ဆာရင်ငိုမယ်၊ မိခင်က နို့သီးကို ပါးစပ်မှာ တေ့တိုက်တော့ စုတ်ယူသောက်စို့မယ်။ အဲဒီကနေ နို့စို့တတ်လာမယ်။

ဆီးဝမ်းအညစ်အကြေးကိုလည်း တရစ်ရစ်နာကျင်တဲ့ ခံစားမှုဝေဒနာ ပေါ့ပါးအောင်ဆိုတဲ့ ရည်ရွယ်ချက် စဉ်းစားဉာဏ်မပါဘဲ သူ့အလိုလိုတွေ ပြုမိပြုရာ ပြုရင်းက ချေးပါ သေးပေါက် ကိစ္စတွေ ပြီးမြောက်ခဲ့ရတာပဲ ဖြစ်မှာပါ။ ခြေလှုပ်လက်လှုပ် ပါးစပ်လှုပ်ငိုရှိုက လွဲရင် မိခင်ပြုပြင်သလို နေလာခဲ့ရတဲ့ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဘဝက လူဖြစ်လာခဲ့ရတဲ့ ဘဝမှာ အမိအဘရဲ့ မေတ္တာတရားတော်တွေ့ ကျေးဇူးတရားတွေရဲ့ ကြီးကျယ်နက်ရှိုင်းမှုတွေကို အလေးအနက် ကျွန်တော် မစဉ်းစားခဲ့မိပေမယ့် ...

ကိုယ်ကနေ သားတွေ သမီးတွေ မွေးဖွားလာတော့မှ ...

* *



လွန်ခဲ့သော အနှစ်သုံးဆယ်ဆီ

ကျွန်တော်၏ ဖာတ်ကောင် စံရွှေမြင့် အောင်မြင်သည်ကို အောင်မြင်သည် ရေပန်းစားသည် ဆိုတာလောက်ပင် ခံယူကာ လူငယ်စိတ်ဖြင့် ကျေနပ်ဝမ်းမြောက်မှုတွေ ရင်မှာ အပြည့်အလျှံနှင့် ခံစားပျော်ရွှင်ခဲ့ရပါသည်။

သို့သော် ထိုတန်ဖိုးကိုမူကား ကျွန်တော် ခန့်မှန်း သိရှိခဲ့ခြင်း မရှိရိုး အမှန်ပါ။ ယခု ကျွန်တော့်အသက် ၆၀ ပြည့်ပြီးခဲ့ပြီ၊ ကျွန်တော့်အချိန်အခါ မဟုတ်တော့၍ တိမ်မြုပ်နေပြီဟု ယူဆထားမိသောကြောင့်လည်း စံရွှေမြင့်နှင့်ပတ်သတ်၍ ကျွန်တော် သွေးပူသွေးဆူခြင်း မရှိတော့ပါချေ။

အသက် ၆၀ အရွယ် တန်းများသည် ကျန်းမာရေး၊ လူမှုရေး၊ သားရေး သမီးရေးတို့ ရှုပ်ထွေးလှသော အရွယ်များဖြစ်ကြသည့် အလျောက် ကျွန်တော်သည် ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံ ဆေးခန်းများနှင့် ပတ်သက်ရသည်။ လူမှုရေးကိစ္စအဝဝတို့နှင့် ပတ်သက်၍လည်း လူပုဂ္ဂိုလ်များဌာနဆိုင်ရာများနှင့် အလွှာပေါင်းစုံနှင့် ပတ်သက်ရပါသည်။

ထိုသို့ ပတ်သက်ရသောအခါ အသက် ၅၀ ကျော်ဝန်းကျင်ရှိ ကျွန်တော်နှင့် ပတ်သက်ရသော ဌာနအသီးသီးက အမျိုးသား အမျိုးသမီးကြီးတို့ထံမှ

'ကျွန်တော်တို့ ငယ်ငယ်က' 'ကျွန်မတို့ ငယ်ငယ်က'

ဦးမြင့်သိန်းရဲ့ ဆရာရဲ့ စံရွှေမြင့်နဲ့ ကြီးခဲ့ရတာ ဘယ်လို စွဲလန်းခဲ့ရတာပါဆိုတာ နားဝင်ချို ဘဝင်အေးလောက်စရာ စကားများကို ပြောဆိုကြကာ ကျွန်တော် လိုအပ်သော ကိစ္စကြီးငယ်တို့ကို ရင်းနှီးခင်မင်စွာ ကူညီဆောင်ရွက် ပေးကြလေတော့မှ ...

* *

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ဆီက။

ကျွန်တော်တို့ လူပျိုလူရွယ် သူငယ်ချင်းတွေ တစ်ယောက် တစ်ယောက် မခံချင်အောင် ပြိုင်ဆိုင်မှုတွေ လုပ်ကြရင်း ...

သန်လျှင်နှင့် ကျောက်တန်းကို ၁၂ မိုင်ဝေးသော ခရီးကို စက်ဘီးကိုယ်စီနှင့် အပြိုင် နင်းခဲ့ကြဖူးသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလို ခြေခင်းလက်ခင်းသာသော လပြည့်ညလို အခါမျိုးများတွင်လည်း ကျောက်တန်းသို့ ညပိုင်းအပြန် ကားကို လိုက်စီးသွားကြပြီး သန်လျင်ကို ခြေလျင်လျှောက် ပြန်ခဲ့ကြသည်များသည်လည်း ရှိခဲ့ဖူးသည်။ လသာညများသည် ကျွန်တော်တို့ကို မောပန်းမှုတွေ မပေးစွမ်းနိုင်ပါ။ တစ်ယောက်တစ်ပေါက် ပြောကြ ဆိုကြ၊ သီချင်းသံတွေ သံပြိုင်သီဆိုခဲ့ကြတယ်။

မိုးခါကာလ မိုးတွေဖြိုင်ဖြိုင်ရွာကာ ဆယ်ပေအကွာလောက်ရှိ လူကို သဲကွဲစွာ မမြင်ရသော အခါမျိုးများတွင်လည်း (ဘုန်းကြီးကျောင်း၊) ဘောလုံးကွင်းထဲတွင်၊ ပေတစ်ရာကားလမ်း စောင်းတွင် အချိန်အကန့်အသတ်မရှိ မိုးမတိတ်မချင်း အအေးဒဏ်ကို မမှုဘဲ ခြေဖျား လက်ဖျားမှာ ပဲကြီးရေခွံတွန့်အောင်တော့ ကစားခဲ့ကြဖူးသည်။ ကွန်တော်တို့ အအေးမပတ်ခဲ့ကြပါ။ မဖျားနာခဲ့ကြပါ။

နွေကျောင်းနှစ်လ ပိတ်သောအခါများတွင်လည်း တစ်ညနေခင်းလုံး နို့ချဉ်ကြေး၊ ကြံရည်ကြေး ဘော်လီဘော ရိုက်ကြသည်က မှောင်သည်အထိ။ မောရပန်းရ နာကျင်ရမှန်းမသိ။ အိပ်ရာဝင်တော့ ခေါင်းချလိုက်သည်နှင့် နှစ်ခြိုက်စွာ အိပ်မောကျခဲ့သည်သာ။

သည်တုန်းဆီက ကျွန်တော်၏ ကျန်းမာရေးတန်ဖိုးကို ကျွန်တော်နှ စိုးစဉ်းမျှပင် မတွေးခဲ့ မသိခဲ့သေး။

လွန်ခဲ့သော (၁၉၉၈ ခုနှစ်) ဆီက ကျိုက်ထီးရိုးဘုရားဖူး သွားကြစဉ်ကမှ အထမ်းသမားများကို မရမနေ စောင့်ငှားရသောအခါ ...



လွန်ခဲ့သော အနှစ်ငါးဆယ်ဆီက

ကျွန်တော်တို့ ကျောင်းပိတ်သောရက်များတွင် လယ်ကွင်းစပ် ခြံကြီးထဲရှိ (ဦးဒါးမန်)ကန်တွင် လည်းကောင်း အုပ်ဖိုစုရှိ ကျွဲခေါင်းကန်တွင်လည်းကောင်း၊ ပဲခူးစက်ကန် ဘီအိုစက်ကန် အစရှိသော ကန်များတွင် ကျွန်တော်တို့ အုပ်စုလိုက် ရေကူးသွားကူးကြသည် (စက်ကန်များတွင် လူစားသည်ဆိုသောကြောင့် လူကြီးတွေ မသိအောင် ခိုးသွားကြရသည်) ရေကူးပြိုင်သည်၊ ရေငုပ် ပြိုင်သည်။ ကျွဲခေါင်းသီးကန်တွင် ကူးကြသောအခါ ကျွဲခေါင်းသီးများငုပ်၍ စားကြရသေးသည်။ ကျွန်တော်တို့ သူငယ်ချင်းများအားလုံး ဘယ်သူ့ထံမှာမှ အခကြေးငွေပေး၍ ရေကူးမသင်ကြရပါဘဲ ရေကူးနည်းမျိုးစုံကို တတ်မြောက်ခဲ့ကြသည်။

ကျွန်တော်တို့ လွတ်လပ်ပျော်ရွှင်စွာ ရေကူးနိုင်ကြသော အခွင့်အရေး တန်ဖိုးကို ဘယ်တုန်းကမှ ကျွန်တော်မတွေးမိခဲ့ ... ယခု သမီးတို့ဆီ လာလည်သော သူငယ်ချင်းမလေးတွေဆီက ကုက္ကိုင်းကလပ်လို ရေကူးကန်တွေမှာ ရေကူးနိုင်ဖို့ မင်ဘာအဖြစ်ဝင်ရပြီး ငွေကြေးအားဖြင့် သိန်းဂဏန်းကျော် ကုန်ပါမှ အဲလိုနေရာမျိုးတွေမှာ ရေကူးနိုင်ကြသည်ဟု ကြားရတော့မှ ထိုကလပ်များမှ သင်ကြားပေးမှ ရေကူးတတ်ကြသည်ဟု ကြားသိရတော့မှ ...

လွန်ခဲ့သော အနှစ်ငါးဆယ်ဆီက

ကျွန်တော်တို့တွေ သစ်ပင်တို့၏ အကိုင်းများပေါ်ဝယ် မျောက်ရှုံးအောင် ကိုင်းကူးဆော့ကစားကြရင်း ကံ့ကော်ပန်းတွေ ခူးခဲ့ကြသည်။ မြရာ၊ နရွဲ၊ တောင်သလဲ၊ ဆီး၊ သရက်၊ မာလကာ၊ သစ်တို၊ သီဟိုဠ် စသော အသီးများကို သူ့ရာသီအလိုက် မျိုးစုံအောင် ခူးဆွတ်စားသောက်ကြသည်၊ ပျော်ကြသည်။

သစ်ပင်တို့၏ အမြင့်ဆုံးအဖျားထိတိုင် တက်နိုင်သော ရဲရင့်မှု

www.burmeseclassic.com



သတ္တိ အစွမ်းအစ၊ သစ်ပင်အမျိုးအစားအလိုက် သစ်ကိုင်းသစ်ခက် တို့၏ လူကိုယ်အလေးချိန်၏ ခံနိုင်ရည်အားကို တွက်ချက်သိရှိနိုင် သော ဗဟုသုတ (မကျည်းတည့်ုံ လူတစ်ကိုယ်) အတတ်ပညာတို့၏ တန်ဖိုး စတာတွေကို ဘာတစ်ခုမှ မစဉ်းစားခဲ့။

ယခု ကျွန်တော့်ခြံထဲတွင် နှစ်စဉ် သီးအားကောင်းသော ဝါဆို သရက်ပင်တစ်ပင် ရှိသည်။ ထိုသရက်ပင် သီးလေတိုင်း ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

အိမ်သားများက သရက်သီးစိမ်း အတို့အမြှုပ်ကို အလွန်ကြိုက် ကြသည်။ အပင်မှ သရက်သီးစိမ်းများကို ကျွန်တော့်အလစ်တွင် ခူးတ ကြသည်။ အမှည့်ခံထားလိုသော ကျွန်တော်နှင့် ပြဿနာ တက် ကောင်းလားဟု ဆူပူကာ မခူးရအမိန့် ထုတ်သည်၊ သူတို့က ဈေး ဝယ်တို့ကြ စားကြသည်။

နှစ်လက်မမျှရှည်သော အရွယ်သရက်သီးစိမ်းတစ်လုံးကို ပေ ဦးတွင် ၁၀၀ ကျပ်ထိ ရောင်းကြရပြီး လှိုင်လှိုင်ကလေးပေါလာမှ သ လုံး ၁၈၀ ကျပ် ဖြစ်လာသည်။ စိုင်ပေါင် သရက်သီးများကို လူကြို များသောကြောင့် ရောင်းသူများက ဝါဆိုသရက်သီးများကို စိ သရက်ဟု ညာရောင်းကြသေးသည်။ စိုင်၊ မချစ်စု၊ ဝါဆို၊ တစုမိ စသော သရက်မျိုးများကို ခွဲမသိသူများက သည်ခေတ်တွင်ပေါသည်

ကျွန်တော့်သရက်ပင်မှ ဝါဆိုရင်ကွဲကြီးများ မှည့်လာကြပါပြ ဇရာမအလုံးကြီးများကို ကိုင်းဖျားမှ တွဲကျနေသည်ကို ကြည့်ရစဉ် ကျွန်တော် အင်မတန် စိတ်ချမ်းသာခဲ့ရသည်။ တစ်ပင်လုံးရှိ အသ များကို ခန့်မှန်းရေတွက်သော် ငါးရာခြောက်ရာထက် နည်းမည် မဟုတ်။ သို့ဖြင့် ခူးချိန်တန်လာခဲ့ပြီ။

သစ်ပင်တက်သမား လမ်းမှအော်သံကြား၍ သရက်သီးများခူး ဖို့ ဈေးမေးသောအခါ သူတို့က သစ်ပင်တက်ခကို ခြုံ၍ မတောင် သရက်သီးတစ်လုံးကို ၁၅ ကျပ် နှုန်းပေးရမည်ဆိုသည်။ စိတ်ဖြ



တွက်သည်၊ တစ်လုံး ၁၅ကျပ်၊ အလုံး ၁၀၀ ကို ၁၅၀၀ကျပ် ကျွန်တော့် အပင်မှာရှိတဲ့ အသီးက ခန့်မှန်းခြေ လေးငါးရာ ထက်မနည်း။

သရက်သီးခူးခကပင် တစ်ရင်းတန်းကြီး စိုက်ထုတ်ရတော့မည် မို့ စဉ်းစားရပြီ။ ကိုယ်က စီးပွားဖြစ်ရောင်းစားမည့်သူလည်း မဟုတ်။ အိမ်ဖော်ကောင်မလေးက ဈေးထဲတွင် သရက်သီးတစ်လုံးကို ၇၀ကျပ် ရောင်းနေသည်။ သူတို့ထံတွင် အပင်မှ သရက်သီးများကို သူသွား သွင်းမည်ဟု အကြံပေးသည်။ ကောင်မလေး မဆိုး။

သူတို့ တစ်လုံး ၇၀ ကျပ်ရောင်းသော် ကိုယ့်အတွက် အစိတ် သုံးဆယ် ရပါက တက်ခကြေမည်။ အိမ်မှာ စားရမည်။ ဆွမ်းကိုယ် တော်ကို လှူနိုင်မည်၊ မိတ်ဆွေတွေကို လက်ဆောင်ပေးနိုင်မည်။ ထို အကြံကို နှစ်ခြိုက်စွာ ဈေးထဲတွင် သွင်းဈေး သွားစုံးစမ်းနိုင်းလိုက် သည်။ သိပ်မကြာလိုက်ပါ။

အိမ်ဖော်မလေးဈေး စုံးစမ်းရာမှ မျက်နှာပျက်လေးနှင့် ပြန်လာ ပြီး 'ဟဲ့ ဘယ်လိုတဲ့လဲ' လို့ ဈေးမေးတော့ 'တစ်လုံးကို လေးငါးကျပ်ပဲ ပေးနိုင်မယ်တဲ့' အလိုလေးလေး ပြောရက်ပါပေ့။ ကျွန်တော့်နားပင် ကျွန်တော် မယုံအောင်ဖြစ်မိပါရဲ့။ အစိမ်းဘဝတုန်းက ခူးရောင်းရင်မှ တစ်လုံးကို ၁၀၀ ကျပ် မယူဘဲ နှစ်ဆယ်အစိတ်ပဲမျက်နှာ ပြောင် ပြောင်နဲ့ ယူစမ်းပါ။ ခုချိန်ထိလည်း မစောင့်ရဘဲငွေပေါဦးမည်။ ရ လိုက်မည့် ပိုက်ဆံတွေက နည်းမည်မဟုတ်။ ခုတော့ ... သူတို့ရဲ့ အချောင်နိုက်ချင်စိတ်ကို စာမဖွဲ့လိုတော့ပါ။ အိမ်သားတွေလို လိုလို ချင်ချင် တို့စားချင်တုန်းက တားခဲ့မိတဲ့ ကျွန်တော့်ကိုယ် ဒေါသဖြစ် မိသည်။ အသီးတွေ သည်အတိုင်းထားလျှင်လည်း ကြွေကျကုန်မည်။ အခူးငှားပါကလည်း တက်ခကြီးက အဆမတန်ပေးရတော့မည်။

မခံချင်စိတ်တို့ ရင်ထဲတွင် လိပ်တက်လာသည်။ သားကို မြင် တော့ ...

"ဟေ့သား လှေကားနဲ့ခွပ်ခြင်းနဲ့ပဲကွာ သားတက်ခူးပါလား"

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေလေး ပြောရက်လိုက်တာ သား သစ်ပင်တတ်ဖူးတာ မဟုတ်ဘူး အဘိုးကြီးရေ .. မတက်နဲ့သား မတက်နဲ့'။

သူ့အမေက မျက်ကလဲဆံပျာနှင့် ပြေးဝင်တားသည်။ သူ့သားကလည်း မတက်ရဲလေတော့ စွတ်ခနဲ ရှောင်ထွက်သွားသည်။ အာဂ ယောကျ်ား ငါ့သားပါလားကွာ ...

'တောက် ယောကျ်ားမဟုတ်သလိုဘဲ ငါ့ဟာငါ တက်မယ်ဟေ့'

ခံပြင်းစိတ်နဲ့ ထိုင်ရာက ခုန်ထလိုက်မိသည်။ မိန်းမလုပ်သူက လက်ကို ထဆွဲရင်း ကန့်ကွက်ပြန်သည်။

'ရှိနိုးတောင်းပန်ပါရဲ့ အဘိုးကြီးရယ် လိမ့်ကျမှဖြင့် ကျော်မကောင်း ကြားမကောင်း ဖြစ်မယ့်အပြင်၊ ခုချိန်မှာ ဆေးရုံဆေးခန်းကို တစ်ခေါက်သွားရင် သိတယ်မဟုတ်လား .. '

ကျွန်တော် မိန်းမဆွဲထားသော လက်ကို စောင့်ရုန်းလိုက်ပြီး အသီးတွေဝေနေသည့် သရက်ပင်ကို မကျေမနပ်ခါး ထောက်ကြည့်နေမိသည်။

သည်သရက်ပင်သည် ကျွန်တော်တို့တွေ ငယ်စဉ်က တက်ဆော့ ကစားခဲ့ကြသော အပင်ကြီးရဲ့တစ်ဝက်ပင် မြင့်လိမ့်မည် မထင်ပါ။ ဆယ်ကျော်သက်မှစ၍ ကျွမ်းကျွမ်းကျင်ကျင် သစ်ပင်ကြီးများထဲတွင် ဆော့ကစားနိုင်ခဲ့ကြသော အပျော်အချင်းတို့၏ တန်ဖိုးတွေကိုလည်း ဟိုစဉ်က ကျွန်တော် မစဉ်းစားမိခဲ့ပါ။

မှခမဂ္ဂဇင်း၊
အမှတ်(၁၆)၊ ဩဂုတ်လ၊ ၂၀၀၃ ခုနှစ်၊

# ကျွန်တော်၏ ပတ်ဝန်းကျင်မှာ

ကျွန်တော်တို့ မိသားစု ဘယ်ရပ်ကွက်ကိုပဲ ပြောင်းခဲ့ပြောင်းခဲ့ ပတ်ဝန်းကျင်က ကျွန်တော့်အား အိမ်မြဲလွန်းသူတစ်ယောက်အဖြစ် သတ်မှတ်ကြမြဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အိမ်ထဲက ထွက်စမရှိလေတော့ အိမ်ထဲက ထွက်ရမှာကို အင်မတန်ဝန်လေးပြီး ပျင်းတဲ့ အကျင့်က အရိုးစွဲနေပြီထင်ပါရဲ့။ အိမ်ထဲနဲ့ ခြံထဲမှာသာ အမြဲထာဝရလို ရှိနေခဲ့တာမို့ ကျွန်တော်ရဲ့ ပတ်ဝန်းကျင်ဆိုတာက ခြံထဲနဲ့ အိမ်ထဲလောက်သာပဲရှိတော့မှာပါ။ ဒီတော့ အိမ်ထဲနဲ့ ခြံထဲဟာ ကျွန်တော်၏ ပတ်ဝန်းကျင်ပါ။

ကျွန်တော့်အိမ်က တစ်ထပ်တိုက်ပုကလေးပါ။ ခြံအကျယ်မှာ ရှေ့နဲ့နောက်စည်းက ပေငါးဆယ်စီရှိပြီး ဘေးနှစ်ဖက်က ပေဗာစ်ရာစီ ရှိကြပါတယ်။ အနောက်နဲ့ ညာဘက်ဘေးမှာ ဆယ်ပေလမ်းကြား ရှိကြတယ်။ ကျွန်တော့်အိမ်ပတ်ဝန်းကျင်မှာ မိုးတွင်းဆို ရေဝပ်တယ်။ အိမ်နောက်နဲ့ ညာဘက်ဘေးမှာ ဆယ်ပေလမ်းကြားမှာဆို ရေက ခြေမျက်စိ မြုပ်တယ်ဆိုတော့ ငါးရှဉ့်၊ ငါးရံ့ခေါင်းတို၊ ငါးခုံးမ၊ ခေါင်းငါးလေးတွေ ရှိကြတယ်။ ဂဏန်းတွေလည်း ကုန်းပေါ်ကို တက်တက်လာတတ်ကြတယ်။ ဂဏန်းတွေမြင်ရတော့ ဂဏန်းနိုက်ခဲ့ကြတဲ့ ငယ်

www.burmeseclassic.com



ဘဝကို အမှတ်ရလွမ်းမိပြန်တယ်။ အဲဒီလမ်းကြားတွေထဲမှာ ဖလန်တောင်မွေး ရိုးတန်နီပင်ကြီးတွေ၊ ရိုးတန်ဖြူပင်ကြီးတွေကို ပိန်းရွက်ဖားဖားကြီးတွေဆိုတာ၊ ဖားကတက်သံတွေကလည်း မိုးညတွေမှာ တကွပ်ကွပ် တဂွမ်ဂွမ် ဆူညံလို့ပေါ့။ ပထမတော့ နားငြီးပြီး၊ နောက်တော့လည်း မိုးစက်မိုးပေါက်ကျသံ၊ ဖားဂုံညင်းကြီးတွေရဲ့ တေးသံကအုံးအွမ် အုံးအွမ်၊ ဒီအသံတွေနဲ့မျှား အိပ်လိုက်ရလို့က သိပ်ကို ဇိမ်ရှိတာဗျ။

ကျွန်တော်က အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့တာ မဟုတ်လား၊ စာမရေး ပုံမဆွဲတဲ့အခါဆို မိုးအေးအေးနဲ့ အိပ်ကရော၊ တစ်ခါတော့ အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်တာ နောက်ဖေးလမ်းကြားကနေ ပလပ်စတစ်အိတ်ကောက်သလိုလိုနဲ့ အဝတ်တွေ ဝင်ရုပ်လို့ပါဆို။ လမ်းကြားရှိတာ အဲဒီတစ်ခုတော့ မကောင်းဘူး။

အိမ်ရဲ့ ညာဘက်မှာတော့ သပြေကြက်ချေးပင်ကြီးနဲ့ ရေတက်ပင်ကြီးရှိတယ်။ သူတို့အကိုင်း အခက်တွေက ကျွန်တော့် အိမ်အမိုးပေါ်တောင်မှ အုပ်လို့။ နောက်ဖေးအိမ်ရဲ့ သရက်ပင်တွေရှိတော့ ဗျိုင်း၊ လင်းဝက်နဲ့ တင်ကျီးငှက်သံတွေဟာ ကျွန်တော့်ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်မှုကို ဖျက်ဆီးမှုကို ဖျက်ဆီးနေကြသလို နေ့နေ့ညည ဆူလို့ညံလို့ပေါ့။ သူတို့ ရှာဖွေလာကြတဲ့ ငါးတွေကို သားသမီးတွေ အစာစွန့်ကြ၊ လွတ်ကျတဲ့ အကောင်တွေကကျ၊ ဒီတော့ လွတ်ကျတဲ့ ငါးတွေပုပ်လို့ နံတာ၊ ငှက်သတ္တဝါတွေ အညစ်အကြေးစွန့်လို့ နံတာ၊ ကျွန်တော့် ပတ်ဝန်းကျင်မှာ နံဟောင်နေလိုက်တာ ဘာမှကို မတတ်နိုင်ဘူး။ မတတ်သာတော့ ဒီလိုပဲနေရတာပဲပေါ့။

သူတို့ဟာ သူတို့ ရေထဲမှာနေရှာတဲ့ ငါးလေးတွေကို ဒီငှက်တွေမို့ပဲ ချောင်းမြောင်း ဖမ်းယူစားသောက်ရက်ကြတယ်။ သူတို့ သားသမီးတွေကိုကျတော့ ယုယုယယ ခွံ့ကျွေးနေလိုက်ကြတာလေ။ သိတတ်လိုက်ကြတာ။



ကျွန်တော့်အိမ်ပတ်ဝန်းကျင်က ရေဝပ်တော့ စိုစိုစွတ်စွတ်နဲ့ပေါ့။ ဒီတော့ ပေါက်ပွားလိုက်ကြတဲ့ ခရုတွေ ပေါမှပါပဲ။ သူတို့ ပေါတာပေါ ပေါ့။ ခုတော့ တစ်နွေ တစ်ဆောင်း ရေလောင်းပြုစုလာခဲ့ရတဲ့ သစ်ပင်ပန်းပင်လေးတွေကိုမှ စားသောက်ဖျက်ဆီးကြပါတယ်ဆို။ ဘယ်လောက်ဒေါသထွက်စရာ ကောင်းလိုက်သလဲ။ ကဲဟာ ကဲဟာ ဆိုပြီး ကားလမ်းပေါ် ပစ်ပစ်ပေါက်မိတော့ ကျွန်တော့်ပတ်ဝန်းကျင် အိမ်ကလူတွေ လမ်းသွားလမ်းလာတွေက ပါးစပ်က မပြောကြပေမယ့် ရက်စက်လိုက်တာဟယ်။ သူမို့ လုပ်ရက်ပါပေတယ်ဆိုတဲ့အကြည့်နဲ့ ကြည့်ကြရော၊ ရှက်တာပေါ့။ ခရုတွေ အသက်သေစေချင်လို့ သတ်ပေမယ့် ကျွန်တော် အရှက်ကွဲတာ မခံချင်ဘူး။

ဒါနဲ့ကွာ လမ်းပေါ်မှာ ပေါက်မခွဲပေမယ့် မင်းတို့ရဲ့ ဝမ်းစာရှာနည်းကိုတော့ ခွင့်မလွှတ်ဘူးဆို၊ ခွက်ထဲ ခရုတွေစုထည့်ပြီး ဆားတွေကို ဖြူးဖြူးထည့်ပစ်လိုက်တယ်။ အဲဒီတော့လည်း မာဂဓ ဘာသာစကား မတတ်ထားဘဲ ခရုတွေ ပြိပြိစိစိ၊ ပြိပြိစိစိနဲ့ အောင်မယ်လေးကယ်ကြပါ။ အလိုလေး သေရပါတော့မယ်ဗျ ဆိုတဲ့ မချိမဆန့် အော်ဟစ် ညည်းတွားသံတွေ နားမခံသာအောင် ကြားနေရတော့ ကိုယ့်အလုည့် ဝဋ်လည်လာမှာကို ကြောက်မိသား၊ တရားနှလုံးသွင်းရတော့တာပေါ့။ ဩော် ... ဒီခန္ဓာရလာကြရင် ဒီလိုပဲ တစ်ဝမ်းတစ်ခါးအတွက် အစားအစာကိုတော့ ရှာကြဖွေကြရမှာပဲဆိုပြီး ဥပေက္ခာပြုထားလိုက်ရပြန်တယ်လေ။ ဒါပေမဲ့ ပန်းပင်လေးတွေ နိမ့်လို့ ခရုစားတာထားပါ။ မျိုးကောင်းလို့ ရွေးစိုက်ထားခဲ့ရတဲ့ သရက်ပင်လို ပင်မြင့်တွေရော လွတ်သလား မေး၊ ရွက်စားပိုးတွေ လိပ်ပြာဥက ပေါက်ကြတဲ့ ခူကောင်တွေက ရက်ရက်စက်စက် တွယ်ကြပြန်ရော။

သရက်ပင်လေးတွေ မော့ကြည့်လိုက်ရင် ရိုးတံလေးတွေသာတွေ့ရတယ်။ မြေပြင်မှာ ပိုးချေးဆိုတာ မြင်မကောင်းပါဘူး။ အဲဒီပိုးတွေကို တမ်းတကာမှ ကိုရွှေငှက်တို့က ပေါ်မလာနိုင်ကြဘူး။ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



လည် လမ်းမှားပြီး ရောက်ချိန်မှာ အဲဒီပိုးကောင်တွေ ဖမ်းစားနေကြတော့ ကိုယ်လှမ်းမြင်နေရတဲ့ ပိုးကောင်တွေကိုတောင်မှ ငှက်ကသာလှုစကားနားလည်ရင် အော်ပြောပြမိမလားဘဲ။ သတ္တဝါလေးတွေ အသက်ကိုမငဲ့ကွက် မစာနာ ကိုယ့်ထုံးကိုယ့်မှုကိုသာ ကြည့်တတ်တဲ့ အတ္တတွေနဲ့။

'ကီအိအိကစ်' ချိုးသိန်းငှက် အော်သံကို ပီပြင်အောင် အသံထွက် ရေးပြဖို့ မလွယ်ဘူး။ ဒါပေမဲ့ အဲဒီချိုးငှက်သံက သနားစရာ အသံကလေးပဲ။ သူကတော့ အသံနဲ့ မလိုက်အောက်ကို ရက်စက်တဲ့ ငှက်။ ငှက်ငယ်လေးတွေ အကောင်ပလောင်လေးတွေကို ရက်ရက်စက်စက် ထိုးသုတ်စားသောက်တတ်တဲ့ ငှက်ပေါ့။ စွန်တို့၊ သိန်းငှက်တို့လို ပုံစံရှိပေမယ့် အကောင်အထည်က ချိုးငှက်လောက်ပဲရှိလို့ ချိုးသိန်းလို့ ခေါ်ကြတာ ဖြစ်မှာ။ တကယ်ရက်စက်တဲ့ငှက်ပါ။ ဘယ့်နှယ် ငှက်ကလေးတွေက သစ်ပင်တွေက သစ်ပင်ဖျက်ဆီးတဲ့ ပိုးကောင်၊ ခူကောင်ကြီးတွေကို ဖမ်းစားနေရှာတာ၊ သူမို့ ရက်ရက်စက်စက် သူ့များ အသက်ကို။

အဲ... အဲဗျာ ... အခုငှက်တွေ ဖမ်းယူစားနေတဲ့ ရွက်စားပိုးလေးတွေမှာရော အသက်ရှိတာပဲနော်။ ဒီအသိဝင်လာချိန်မှာပဲ စောစောက ချိုးသိန်းက သရက်ရွက်တွေ စားသောက်နေကြတဲ့ ခူကောင်တွေဆီကိုသာ စိတ်စောနေတဲ့ ငှက်ကလေးကို အတင်းထိုးသုတ်သွားပါရော။ ကျွန်တော် ချိုးသိန်းခြေထောက်ထဲမှာ ပါသွားရှာတဲ့ ငှက်ကလေးအဖြစ်ကို ရင်ထုမနာ စာနာသနားမိရင်း ကျန်ခဲ့ရပါတယ်။ ဒါပေမဲ့ ငှက်ကလေးရဲ့ဗိုက်ထဲမှာ သူဖမ်းစားထားလို့ သေသွားကြတဲ့ ရွက်စားပိုးလေးတွေကိုတော့ဖြင့် မသနားမိပါဘူး။ ကျွန်တော့် ပတ်ဝန်းကျင်က သဘာဝတရားတွေပဲလို့သာ။

ကျွန်တော့်အိမ်နောက်ဖေးအစွန်က အခန်းကို စာရေးဖို့၊ အိပ်ချင်တဲ့အခါအိပ်ဖို့ အပိုင်စီးထားရာက အဲဒီအခန်းမှာချည်းပဲ အိပ်ဖြစ်နေ



တော့တယ်။ ကျွန်တော်က စာဖတ်ရင်ပဲဖြစ်ဖြစ်၊ စာရေးရင်ဖြစ်ဖြစ် တိုးလို့တန်းလန်း ရေးလက်စ ဖတ်လက်စတွေကို ထားခဲ့တဲ့ အကျင့်ရှိတယ်။ ရေးစရာရှိတဲ့ အချက်လေး တေးမှတ်ထားတဲ့ စာရွက်ကြမ်းလေးတွေကိုလည်း ဟိုစာအုပ်ကြားညှပ်၊ ဒီဂျာနယ်ကြားညှပ်နဲ့ ထားလေ့ရှိတယ်။ မိန်းမလုပ်သူ အခန်းဝင်ရှင်းရင် နေရာတွေရွှေ့ပြီး ရှာမရဘဲ ပျောက်တတ်လို့ ဘယ်သူ့ကိုမှ မရှင်းခိုင်းတော့ဘူး။ ကျွန်တော့်ရဲ့ အခန်းပတ်ဝန်းကျင်မှာ စာအုပ်တွေ အဝတ်ဟောင်းတွေနဲ့၊ ခြင်တို့၊ ပိုးဟပ်တို့ ခိုအောင်းရာ ဒေသကြီးဖြစ်ပြီး ခြင်တွေဆိုတာ ပေါမှပေါ။ ခြင်ဆေးနဲ့ နှိမ်နင်းမရလေတော့ အိပ်ရင်ခြင်ထောင်နဲ့ အိပ်ရတယ်လေ။ ဒါတောင် ခြင်ထောင်ထဲကို ဝင်တော့မယ်ဆိုရင် ပထမပတ်ပတ်လည်ကို အဝတ်နဲ့ စိတ်ကြိုက် ခါရတယ်။ ပြီးရင် ဖျတ်ခနဲ ခြင်ထောင်ကို လှန်ဝင်လိုက်၊ ဒါတောင် ကပ်ပါလာပြီး တစ်ညလုံး ကိုက်လို့ မနက်ကျတော့ သွေးတွေ ဝဖီးနေပြီး ခြင်ထောင်နံရံတွေမှာ ပိတ်မိနေတာပဲ။ သူများအသွေးကိုမှ အာဟာရလုပ် စုတ်ချင်တဲ့ သတ္တဝါတွေ ဘာရမလဲ။

လူအိပ်မောကျလို့ လက်တွေ ခြေတွေက ခြင်ထောင်သွားကပ်နေရင် အသင့်တွယ်ဖို့ ချောင်းနေတဲ့ ခြင်တွေက အပြင်မှာရှိသေးတာ၊ အဲဒီကောင်တွေကျတော့ အိမ်မြှောင်က ဖမ်းကျိတ်ပစ်လိုက်တာပေါ့။ သူများ အသွေးအသား မတရားစားသောက်ချင်တဲ့ဟာတွေ အိမ်မြှောင်စာ ဖြစ်ကရော။ ဒါကိုသိလို့ အိမ်မြှောင်ကလည်း ခြင်ထောင်ရဲ့ အမိုးအကာတွေမှာ ကပ်ပြီး ချောင်းနေတာလေ။

ကျွန်တော့်သွေးစုတ်ဖို့ ခြင်ထောင်အပြင်က ချောင်းနေကြတဲ့ ခြင်ကို(မီးချောင်းမပိတ်ခင်) အိမ်မြှောင်က ဖမ်းမိတာကိုများ မြင်လိုက်ရင်လား၊ ဒီခြင်ကို မိချောင်းစာကျွေးပြီး သတ်နေရသလိုကို စိတ်မှာ ကျေနပ်မိတယ်။ အိမ်မြှောင်က မိချောင်းဖြစ်၊ ကျွန်တော့် ပတ်ဝန်းကျင်နဲ့ ကျွန်တော်ကတော့ အဲလိုကြည့်စရာ ရှုစရာတွေနဲ့ ဟုတ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မီးမှိတ်ရင်တော့ ကြွက်တွေက မျက်နှာကျက်ထဲ (နိုက်ကလပ်) မှာ အပျော်ကျူးပြီး ကပွဲတွေနဲ့ ကြမ်းနေကြပြီ။ ကျွီးကျွီး၊ ကျွီးကျွီးနဲ့ နားကလောစရာ အော်ဟစ်စရာ အော်ဟစ်သောင်းကျန်းနေကြတာ။ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဒီလို ကျက်သရေမရှိတဲ့ ကြွက်အဖျက်ကောင်တွေက လုံးဝမရှိစေချင်ပါဘူး။ မတတ်နိုင်လို့သာ။ ဘေးအိမ်တွေက ကြောင်ဝါကြီးနဲ့ ကြောင်နက်ကြီးနှစ်ကောင်က ဝင်ဝင်တော့ ဖမ်းတာ ဆီးတာတွေ လုပ်ကြတယ်။ မိသွားရင် ကယ်ပါယူပါ တစာစာ အော်ရင်း ပါသွားပြန်တာပဲ။ အဲဒီခါကျရင် ကြောင်တွေကို ဆုတောင်ချချင်လိုက်ပါသေးတယ်။ ဒါပေမဲ့ အဲဒီကြောင်တွေကလည်း ဟင်းအိုးထဲနဲ့ စားပွဲပေါ်က အုပ်ဆောင်းထဲက ဟင်းနဲ့ရရင် မရမက လုနံစားကြသေးလို့ ကောင်းတဲ့သတ္တဝါတွေ မဟုတ်ဘူး။ ပါးစပ်ဆော့ လက်ဆော့တဲ့ကောင်တွေပဲ၊ အလကားကြောင်တွေ၊ အိပ်ချင်လို့ မီးမှိတ်လိုက်ရင်တော့ ကျွန်တော်ပတ်ဝန်းကျင် မှောင်သွားရော။ ဖလပ်ဖလပ်သံတွေ ဟိုက ဒီက ကြားရပြီ။ ပိုးဟပ်တွေလေ၊ ဒီကောင်တွေက မီးမှိတ်လောက်ချိန် လူမရှိမှ ဟိုပျံ ဒီပျံ စားကြွင်းစားကျန်တွေကို ကိုက်သွားကြသေးတယ်။ သူတို့လည်း ယုတ်မာကြတာပဲ။ စိတ်ကောင်းမရှိတဲ့ သတ္တဝါတိုင်း သူ့လမ်းသူသွားကြရစမြဲလေ။ ဒီပိုးဟပ်တွေ ပဲကြည့်။ ဖားပြုတ်ကြီးတွေအစာ ဖြစ်ကုန်တာပါပဲ။ မယုံဘူးလား၊ မနက်မနက်တွေ့ရတဲ့ ဖားပြုတ်ချေးကို တုတ်နဲ့ မွှေကြည့် ပိုးဟပ်အကောင်တွေ တွေ့ရလိမ့်မယ်။

ဖားပြုတ်က ပိုးဟပ်ကိုစားတာတော့ သဘောတူ အားပေးပါတယ်။ ဘာမှမမြင်မသိရှာတဲ့ ရေချိုးခန်းထဲက တီကောင်တွေကို စားတာကျတော့ မတရားသလို။ အင်း တီကောင်မှာလည်း အပြစ်တော့ရှိတယ်။ ကိုယ့်နေရာနဲ့ ရေချိုးတဲ့ အုတ်ကန်ထဲ ဘာကိစ္စ ဆင်းဆင်းဆော့မှန်းမသိဘူး။ ကြွေပြားဖြူဖြူကပ်ထားတဲ့ အုတ်ကန်ထဲကို တီကောင်တွေဝင်ဆော့ရင် ကျွန်တော့်မိသားစုက အားကြီးရွံတတ်



တော့ ရေတွေ ခဏခဏ ဖောက်ဖောက်ချပစ်နေရတာ။ ကောင်းတယ်၊ မနေတတ် မထိုင်တတ်တဲ့ တီသငယ်ကျားစာ ... အဲ .. ဖားစာဖြစ်တာကောင်းတယ်။ ဖားပြုတ်တွေ စားပါစေ။

"ညောင် ... ညောင် ... ဂဲ ခွီးခူး"

"ဝုတ်ဝူးဂရား"

ဟောဗျာ ကြွက်ဖမ်းသမား ကြောင်ကြီးကို ဘေးအိမ်က ကျားဘိုကြီးက ကိုက်နေပါရောလား။ ကြောင်ကျားလား ကြောင်ဝါကြီးဖြစ်ဖို့ များတယ်။ ကြောင်ကြားက ကျားဘိုနဲ့ တစ်အိမ်တည်းနေကြတာ၊ သြော် ... စောစောကပဲ မျက်နှာကျက်ထဲက ကြွက်တွေ ဝင်ဆွဲသွားတယ်။ ခုတော့ သူ ခွေးကိုက်တာကို မချိမဆန့် ခံနေရပါပကော။ ဟာ ... ကျွန်တော် မပိတ်မိတဲ့ ပြတင်းပေါက်ကနေ ကြောင်ဝါကြီး ပြေးဝင်လာပြီ။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ကြောင်ဝါကြီး ပြန်ဆင်းပြေးသွားတယ်။

သြော် ... အားသာသူက အားနည်းသူကို အနိုင်ကျင့်တာတွေကတော့ ကျွန်တော့်ပတ်ဝန်းကျင်မှာ မမြင်ချင်မှအဆုံးပဲ။ အနိုင်ကျင့်မိုလ်ကျစားကြတဲ့သတ္တဝါ၊ အရှုံးသမားဘဝနဲ့ အစားခံကြရတဲ့ သတ္တဝါအဆင့်ဆင့်တွေပါပဲလား။ ဒါပေမဲ့ ကြောင်ဝါကြီးတို့လို ကိုယ်ခံပညာနဲ့ ဖျတ်ဖျတ်လတ်လတ် ခုခံနိုင်တော့လည်း အားကြီးသူလက်က ဒဏ်ရာရရုံလောက်နဲ့ အန္တရာယ်စက်ကွင်းက လွတ်အောင် ရုန်းနိုင်သေးတာပေါ့။ ဘယ်လောက် ကိုယ်ခံပညာတတ်တတ်ပါ။ ကြောင်ဝါကြီးမကလို့ ကြောင်ဘားကြီးတွေလည်း အနေအထိုင် မဆင်ခြင်လို့ကတော့ တစ်နေ့မှာ ..

ဘယ်သတ္တဝါပဲဖြစ်ဖြစ် ဘယ်လောက်ပဲစွမ်းစွမ်း သတိလက်လွတ်ဖြစ်နေတဲ့တစ်ချိန်မှာ။ "ထတ် ... ထတ် ... ချောက်ချောက် ... ထတ် ဟော ... ဟော ... ကြားလား၊ အဲဒါ အိမ်မြှောင်က လိပ်ပြာလိုမျိုးသတ္တဝါကို အမိအရကိုက်ခဲပြီး မီးချောင်းက စလောင်းမှာ ရိုက်

www.burmeseclassic.com

www.burmeseclassic.com



သတ်နေတဲ့ အသံ၊ မလှုပ်နိုင်တော့မှ စားပစ်မှာ။ ကြည့်လေ လေထဲမှာ ဟိုဟိုဒီဒီ ပျံသန်းနိုင်စွမ်းရှိတဲ့ လိပ်ပြာလိုကောင်မျိုးကို တစ်လက်မ တောင် ကွာအောင်မခုန်နိုင်တဲ့ အိမ်မြှောင်လို တရွေ့ရွေ့ အမှောင်ခိုပြီး တွားသွားလှုပ်ရှား ရတဲ့သတ္တဝါက အနိုင်ယူစားသောက်တာကို ခံရ တယ်လို့။

အဖြေရှာလိုက်တော့ လေထဲမှာ ပျံဝဲနိုင်စွမ်းရှိတဲ့ လိပ်ပြာက မီးရဲ့တောက်ပတဲ့အလင်းကို တပ်မက်ယစ်မူးမိသွားရှာတာကိုး။ သူ့ရန်သူအိမ်မြှောင်ကို မမြင်နိုင်တော့ဘဲ အိမ်မြှောင်ရဲ့ အစာ ဖြစ် သွားရရှာတော့တာပေါ့။ သတိလေ ... သတိ၊ သတိ ကင်းလွတ်သွား ရင် အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားတွေ မှဲ့ရစမြဲ မဟုတ်လား။ ဝေဟင်မှာ ကျက်စားတဲ့ အမြင့်စံသမားဟာလည်း မမြဲတဲ့တရားပဲ။ အရှုံးသမားဘဝနဲ့ ကျဆုံးရတော့တာပေါ့။

ကျွန်တော့်ပတ်ဝန်းကျင်မှာက လောကကြီးကိုအလှဆင်နေကြ တဲ့ လှပတဲ့ သစ်ပင်ပန်းမန်တွေကို ဖျက်ဆီးစားသောက်နေကြတဲ့ ခရုနဲ့ ရွက်စားပိုးကောင်၊ ရေထဲမှာ ပျော်ပါးနေရှာတဲ့ ငါးစားငှက်မျိုးတွေ၊ ဘဝတူအချင်းချင်း ကြီးနိုင်ငယ်ညှဉ်းဝါဒကို လက်ကိုင်သုံးကြတဲ့ စွန်ရဲ၊ သိန်းငှက်နဲ့ ချိုးသိန်းတို့လို ဇာတ်တူသားစားကြတဲ့ ငှက်ဆိုးတွေ။

သူတစ်ပါးရဲ့ အသွေးအသားကို စုတ်ယူသောက်သုံးမှ အာဟာ ရဖြစ်တဲ့ ခြင်လို (သွေးလွန်တုပ်ကွေးနဲ့ ငှက်ဖျားပိုး ဆင်ခြေထောက် ရောဂါတွေ ဖြန့်ဝေတတ်တဲ့) အယုတ်တမာ အင်းဆက်ပိုးမွှားတွေ၊ ကြွက်နိုင်တဲ့ကြောင်၊ ကြောင်ကိုနိုင်တဲ့ခွေး အတွေးစက မဆုံးနိုင် အောင် ရှည်နေစဉ်မှာ ခုတင်ဘေးမှာ ပုံထားတဲ့ စာအုပ်ပုံဆီက စာအုပ် တွေ ခြကိုက်တဲ့အသံက တစ်စတစ်စ တိတ်ဆိတ်လာတဲ့ ညဥ့်ယံမှာ ကျွန်တော် ကြားလောက်အောင် ကျယ်လောင်လာကြတော့ ...

"ဟာ ... ငါ့စာအုပ်တွေတော့ ခြကိုက်ကုန်ပြီ ထင်တယ်၊ ဒုက္ခပါ ပဲ ဒုက္ခပါပဲ"



ကိုယ့်ဟာကိုယ် ရေရွတ်မြည်တမ်းရင်း အိပ်ရာထဲက လူးလဲထ တဲ့ပြီး စာအုပ်ပုံထဲက စာအုပ်တွေ ကြည့်လိုက်တဲ့အခါမှာတော့ ရင်ဆို့ စရာ မြင်ကွင်းနဲ့ တန်းတိုးတော့တာပါပဲ။ ကိုက်နေကြတဲ့ ခြတွေ။

အဖိုးတန်ရတနာတွေဖြစ်တဲ့ စာအုပ်တွေကိုလေ။ သူတို့ ဘိုးဘွား ပိုင်ပစ္စည်းတွေ လုပ်နေတာပဲ။ မျိုးဆို့ အပင်းလျှိုနေလိုက်ကြတာ။

"တောက် ... သေခြင်းဆိုး ခြတွေတော့လားကွာ၊ ဟိုက် မီးပျက် သွားပြီ"

ကျွန်တော် ဒီခြတွေကို ဘယ်လိုလုပ်ရပါ့၊ ကျွန်တော့် ပတ်ဝန်း ကျင်မှာ ကျွန်တော်အမုန်းဆုံး သတ္တဝါဟာ ခြ ... ခြ ... ခြ ...။

မှခမက္ကဝင်းမှ

●

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သောသားသို့

သားရေ

သားအခုရောက်ရှိနေတဲ့ အရပ်ဒေသနဲ့ ယဉ်ကျေးမှုစရိုက်တွေကို သိထားသလို သားရဲ့ အခြေအနေကိုလည်း ကြားနေရလို့ စာရေးသိပ်ပျင်းတဲ့ကြားကပဲ ဖေဖေ ဒီစာကို ရေးဖြစ်အောင် ကြိုးစားပြီး ရေးလိုက်တယ် သား။

ဒီမယ် သား၊ လူတွေဟာ ကမ္ဘာဦးအစကတည်းကပဲ ပြောပြော၊ ဗြဟ္မာကြီးလေးဦးဆီကပဲပြောပြော၊ အာဒံနဲ့ ဧဝ ရှိစဉ်ကတည်းကပဲ ဆိုဆိုကွာ။ အချစ်ဆိုတဲ့ စိတ်ခံစားမှုအပေါ်မှာ ယစ်မူးသာယာခဲ့ကြတယ်လေ။ ဒီအချစ်ဆိုတဲ့ ခံစားမှုကိုပဲ အမျိုးမျိုးပုံဖော် စိတ်ကူးယဉ်ကြတယ်။ ယဉ်ကျေးမှုတွေ တိုးတက်မြင့်မားလာတာနဲ့အမျှ စကားလုံးအနုအရွအလှအပတွေ ခြယ်မှုန်းပြီး ကဗျာတွေ၊ စာတွေ ရေးသီ ဖွဲ့လာကြတဲ့အထိ ခေတ်အဆက်ဆက် အချစ်ဟာ ကမ္ဘာအနှံ့မှာ ကြီးကျယ်လာခဲ့တယ်။ လူတိုင်းမှာ အချစ်နဲ့မကင်းလို့ ဆိုကြတယ်။

တကယ်က လူတစ်ယောက်စီမှာကိုပဲ အချစ်တွေက မကုန်နိုင် မခမ်းနိုင်အောင် များပြားတယ်သားရဲ့။ အချစ်ဆိုတာနဲ့ တပ်မက်စွဲလန်း ရယူလိုစိတ်ချင်းတူတဲ့ (ကြိုက်တယ်) ဆိုတာပါ ရှိနေသေးတာ။

ချစ်တယ်ဆိုတဲ့ စကားလုံးကို သက်ရှိသတ္တဝါတွေနဲ့ စပ်ယှက်ပြီး



သုံးကြတယ်။ ကြိုက်တယ်ဆိုတဲ့ တပ်မက်မှုစကားလုံးကိုကျတော့ သက်မဲ့တွေနဲ့ စပ်ယှက်ပြီးသုံးကြတယ်။ အမြင်အာရုံမှာတင် ဒီကြိုက်တယ်ဆိုတဲ့ တပ်မက်တဲ့စကားကို သုံးတာမဟုတ်ဘူးသားရဲ့။ လျှာအရသာခံပြီးပြောရတဲ့ အစားအစာကိုကျတော့လည်း ကြိုက်တယ်လို့ သုံးကြတယ်။ တရားစကားနဲ့ ပြောရရင်တော့ တဏှာပဲပေါ့ကွာ။ အာရုံငါးပါးစလုံးနဲ့ ခံစားကြတာ။

ချစ်တယ်နဲ့ ကြိုက်တယ်ကို သုံးကြရာမှာ သက်မဲ့ရုပ်ဝတ္ထုတွေကို ချစ်စရာလေးလို့ သုံးကြတာရှိသလို၊ သက်ရှိ သတ္တဝါ ဖိုနဲ့မကိုလည်း ကြိုက်တယ်လို့ သုံးကြပြန်သေးတယ်။ မိန်းကလေး တစ်ယောက်အပေါ်မှာ ချစ်တဲ့စိတ်နဲ့ ကြိုက်တဲ့စိတ်ဟာ တူသလိုနဲ့မတူဘူး။ ချစ်တာက ရုပ်အလှပေါ်မှာ စွဲလန်းတာရော၊ စိတ် (နှလုံး) အလှပေါ်မှာ ချစ်တာရော ရှိတယ်။ ကြိုက်တာက အများအားဖြင့် ခန္ဓာကိုယ် ဖွဲ့စည်းမှု၊ ပုံပန်းသဏ္ဍာန်ပေါ်မှာ ယစ်မူးစွဲလန်းမှုမျိုးဖြစ်တယ်။

အချစ်ဆိုတာ လူတိုင်းမှာ မကုန်နိုင် မခန်းနိုင်ရှိတယ်လို့ ဖေဖေဒါကြောင့် ပြောတာပေါ့။ မိဘနဲ့ သားသမီးချစ်၊ မောင်ချစ် နှမချစ်၊ မိတ်ဆွေအပေါင်းအသင်းချစ်နဲ့ ခွေးကလေး ကြောင်ကလေး ငှက်လှလှလေးတွေ အစရှိတဲ့ သက်ရှိသတ္တဝါကလေးတွေကိုလည်း ချစ်တတ်ကြတယ် မဟုတ်ဘူးလား။ ပစ္စည်းပစ္စယလေးတွေကိုလည်း ချစ်စရာလေးဆိုပြီး အမှတ်တရ လက်ဆောင်ပေးကြ၊ ပေးတဲ့လူပုဂ္ဂိုလ်ပေါ်မှာမှီပြီး ဒီပစ္စည်းလေးကိုပဲ ချစ်မြတ်နိုးကြရပြန်ရောလေ။ ဒါကြောင့်အချစ်ဆိုတာ မကုန်နိုင် မခမ်းနိုင်ဘူးလို့ ပြောတာ။ လူသားချင်း ချစ်ရာမှာ အုံ့ပုန်းအချစ်လို တစ်ဖက်သတ်အချစ်လို အချစ်မျိုးနဲ့ချစ်မယ်ဆိုလို့တော့ သဘောရှိကိုပဲ ချစ်လို့ရတယ်။ ဟိုးနိုင်ငံရပ်ခြားက ကမ္ဘာကျော်တွေကိုပဲ ချစ်မလား။ ရုပ်ရှင်မင်းသမီးတို့၊ အားကစားမယ်တို့၊ မယ်စကြာဝဠာတို့ အခုခေတ်ရေပန်းစားလာတဲ့ မော်ဒယ်တွေ အဆိုတော်တွေ ကြိုက်တာကိုချစ်လို့ ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် ချစ်လို့ရတာကို ပြောတာနော်။ ဘယ်သူမှလာပြီး ကန့်ကွက်ခွင့်မရှိဘူး ချစ်လို့ရတယ်။

ဒါပေမဲ့ သားရယ် သဘာဝကျကျ ဖြစ်နိုင်တာကို ပြောရရင် အချစ်ဆိုတာ ငွေကြေးနဲ့ ဝယ်လို့ရတဲ့ အရာမဟုတ်ဘူး။ ငွေကြေးနဲ့ ဝယ်လို့ရတာက အရုပ်လေ။ ဒီတော့ ငွေကြေးနဲ့ ဝယ်လို့ရတဲ့ လူသားဆိုရင်လည်း နှလုံးသားမဲ့ အရုပ်နဲ့တူတဲ့ လူသားပဲရမယ်။ ရုပ်ရှင်တွေ ဝတ္ထုတွေထဲက 'ရှင်ကျွန်မအချစ်ကို ဘယ်တော့မှ မရဘူး။ ခန္ဓာကိုယ်ကိုပဲ ရမယ်' ဆိုတာလိုပေါ့။ အချစ်ကို လုယက်တိုက်ခိုက်ယူလို့လည်း မရဘူး။ ဖေဖေ သားကို ပြောလိုတာက ...

သား ... လူပျိုလူလွတ်ဘဝမှာ ချစ်လို့ရသူတွေကို တွေ့လို့ကတော့ ဘယ်နှယောက်ပဲချစ်ချစ် ချစ်လို့ရတယ်။ သားကို မျက်နှာများတယ်လို့ ထင်တဲ့ မိန်းကလေးက သူ့ဟာသူ ခွာသွားလိမ့်မယ်။ သားကသာ စိတ်မဆိုးနဲ့။ ဒါက သူ့အခွင့်အရေး။ ကျန်တဲ့ ချစ်သူတွေကို ချစ်သူအဖြစ် ဆက်ချစ်နေ။ အပြစ်မရှိဘူး။ ချစ်သူဆိုတာ အချစ်နဲ့ လူသားနဲ့ပေါင်းတော့ ချစ်သူဖြစ်လာတယ်။ (သူ) ဆိုတာက အဲဒီ (လူ)ရဲ့ နာမ်စား၊ ဒါပေမဲ့ သားအတွက် အဲဒီချစ်သူတွေထဲက တစ်ယောက်ယောက်ကို သားစိတ်ထဲမှာ အလိုလို (အိမ်သူ) ကလေး ဖြစ်ချင်လာလိမ့်မယ်။ မိမိသိပ်ကိုချစ်ရတဲ့ (ချစ်သူ)လေးရဲ့ နောက်ဆုံးဘဝဟာ မိမိရဲ့ (အိမ်သူ) ဖြစ်လာဖို့ပဲ မဟုတ်လား သား။

အေး အဲဒီလို (ချစ်သူ) ဘဝကနေ (အိမ်သူ) ရယ်လို့ ဆုံးဖြတ်ပြီး (အိမ်သူ)ရယ်လို့ သတ်မှတ်လိုက်ပြီ ဆိုရင်တော့ ကျန်တဲ့ချစ်သူဆိုတာတွေကို မင်းရဲ့ဘဝထဲကနေ အပြီးအပိုင် ကျောက်သင်ပုန်းပေါ်က စာလုံးတွေကို ဖျက်သလို လုံးဝအရာမကျန်အောင် ဖျောက်ပစ်ရလိမ့်မယ်သား။ ဘာဖြစ်လို့လဲ သားသိလား။ အချစ်အိမ်ဆိုတာမျိုးက သားနဲ့ သားရဲ့အိမ်သူကလေးတို့နှစ်ယောက်ပဲ ဆန့်တယ် သား။ ဒါကြောင့် အိမ်သူကလေး သားရဲ့ အချစ်စံအိမ်ကလေးထဲကို ရောက်လာ



တဲ့နေ့မှာပဲ အချစ်အိမ်ကလေးရဲ့တံခါးကို လုံခြုံအောင်သော့ခတ်ပြီး ပိတ်လိုက်ပါ။ သော့ခတ်ပြီးသွားရင် အချစ်တံခါးဝမှာ ခတ်တဲ့ သော့ခလောက်ရဲ့သော့တံကလေးကို ဟိုးပင်လယ်သမုဒ္ဒရာရဲ့ ကြမ်းပြင်ဆီကိုဖြစ်ဖြစ်၊ စကြာဝဠာတံတိုင်းရဲ့အပြင်ကို ရောက်အောင်ဖြစ်ဖြစ် ပစ်ဖြစ်အောင် လွှင့်ပစ်လိုက်ပေတော့သားရေ။ တကယ်လို့ သော့တံကလေး သားဆီမှာ ရှိနေခဲ့ရင် ...

တစ်ချိန်ချိန်မှာ သားရဲ့ အချစ်တံခါးကို တစ်စုံတစ်ယောက်က မုချ လာခေါက်လိမ့်ဦးမယ်။ ဒီအခါမှာ သားက တစ်ခါမဟုတ် တစ်ခါ အချစ်တံခါးလေးကို ဖွင့်ပေးမိလိမ့်ဦးမယ်။ အချစ်အိမ်လေးတွေရဲ့ ထူးခြားချက်ကို ဖေဖေပြောပြထားမယ်။ သားရဲ့အချစ်အိမ်ကလေးက သားနဲ့ သားရဲ့ အိမ်သူကလေးနှစ်ဦးသာ ဆန့်တာဖြစ်ပေမယ့် သားနဲ့ သားရဲ့ အိမ်သူလေးတို့က မွေးဖွားလာကြမယ့် ရင်သွေးကလေးတွေကိုတော့ ဘယ်လောက်ပဲမွေးမွေး အမြဲနေရာရှိနေတယ်။ ဆန့်တယ်။ အဲဒါအချစ်အိမ်ကလေးရဲ့ ထူးခြားမှုပဲ။

ဒါပေမဲ့ သားက စောစောကလို ချစ်တံခါးကို လာခေါက်တဲ့ လူသစ် အချစ်သစ်ကို ဖိတ်ခေါ်လက်ခံလိုက်မယ်ဆိုရင်တော့ ခြေချစရာ နေရာလပ်တောင် မရှိနိုင်ဘူး သား။ ဖေဖေ ဥပမာလေး ပြောပြမယ်။ သားမျက်စိထဲမှာ ကွင်းကွင်းကွက်ကွက်ဖြစ်လာ ထင်လာအောင် အာရုံစိုက်ဖတ်ပါ။

ခန္ဓာကိုယ်မှာ ရွှေရောင် ငွေရောင်တဝင်းဝင်းနဲ့ ပိုးပုဝါတွန့်လေးတွေ ဝှေ့ရမ်းနေသလို ကူးခတ်ရွေ့လျားတိုင်း ရှုမငြီးအောင် လှပတင့်တယ်နေတဲ့ ရေယက်လေးတွေ အမြီးလေးတွေနဲ့ တန်ဆာဆင်ထားတဲ့ ရွှေငါးလေးတစ်ကောင်ကို သူ့ကိုယ်ခန္ဓာအတိုင်းအတာနဲ့သာ ဆန့်တဲ့ ဖန်ပုလင်းကြည်ကြည်ကလေးထဲမှာ ရေကြည်ကြည်လေးနဲ့ ထည့်ထားရင် အဲဒီရွှေငါးလေးရဲ့အလှ ပျက်ပြားမသွားပေမယ့် နောက်ထပ် အဲဒီဖန်ပုလင်းလေးထဲကိုပဲ ဘယ်လိုလှတဲ့ ငါးအမျိုးအစားကိုပဲဖြစ်ဖြစ်

www.burmeseclassic.com



ထိုးသိပ် ထည့်ကြည့်စမ်း သား။ ပထမပုလင်းထဲက ရေတွေလျှံထွက် ဖိတ်စင်ကုန်ကြမယ်။ ပြီးတော့ တစ်ကောင်သာ ဆန့်တဲ့ ဖန်ပုလင်း ထဲကို နောက်တစ်ကောင် ထိုးသိပ်အထည့်ခံလိုက်ရတော့ ငါးနှစ် ကောင်စလုံးရဲ့ ပင်ကိုအလှတွေ ဘာဖြစ်ကုန်ကြမလဲသား။

သူတို့လေးတွေရဲ့ အရိုက်အဖို အမျိုးအစားလေးတွေ ကြပ်သိပ် နေတဲ့ ပုလင်းထဲမှာ ဘယ်လိုတွေ ဖြစ်ကုန်ကြမလဲ။ ပိုးပဝါစပါးလို တလူးလူး တလွင့်လွင့် လှုပ်ရှားနေရှာကြတဲ့ အမြီးနဲ့ ရေယက်လေး တွေရဲ့ အလှတွေကော ကြည့်လို့ တင့်တယ်ပါဦးမလား။ မွန်းကြပ် ပြည့်သိပ်နေတဲ့ ဖန်ပုလင်းထဲက ငါးကလေးတွေကို သားအပြင်က နေ မြင်ကြည့်လိုက်စမ်းပါ သားရယ်။ ပုံပျက်ပန်းပျက် မွန်းကြပ်နေ ကြရတဲ့အဖြစ်ကို မြင်ရသူတောင် စိတ်မသက်မသာ ခံစားကြရမှာ ပါ။ သူတို့လေးတွေ ကိုယ်စီအလှတွေ ပျက်ပြုန်းရရုံမက မကြာခင် မှာ ဘဝပါပျက် အသက်ဓိဝိန်ကြွေကြတဲ့အထိ ကံဆိုးကြရတော့မယ် မဟုတ်ဘူးလား သား။

တစ်ကောင် တစ်ယောက်သာရှိသင့်တဲ့ (အချစ်အိမ်) ဖန်ပုလင်း ထဲမှာ ဘယ်လိုမှမဆန့်တဲ့ ငါးကလေးတစ်ကောင် (အိမ်သူ) အသစ် တစ်ယောက် ထပ်ပြီး ထိုးသိပ်ထည့်လိုက်မယ်ဆိုရင်။

သားရယ် သားရဲ့ အချစ်အိမ်ကလေးဟာ သားနဲ့ သားရဲ့ (အိမ်သူ) ကလေးတစ်ယောက်သာ ဆန့်တယ်ဆိုတာ ဖေဖေ့သား အမြဲ သတိရနေစေချင်တယ် သား။ ဖေဖေ့သား စိတ်ချမ်းသာ ကိုယ်ကျန်း မာနဲ့ အချစ်အိမ်မှာ ပျော်စံနိုင်ပါစေ။

သားကိုချစ်တဲ့ဖေဖေ

အတွဲ ၄ ၊ အမှတ် ၉၃၊ အချစ်ဂျာနယ်၊
ဇန်နဝါရီလ ၈ ရက်၊ ၂၀၀၇ ခုနှစ်။

## ချစ်တာဟာ ရှက်စရာမဟုတ်ပါ

အချစ်ဟာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ရတနာနဲ့လည်း တူတယ်။ အဝတ် အထည်နဲ့လည်း တူပါသေးတယ်။ အဖိုးထိုက်ရတနာတို့မည်သျှပင် ကြာပါစေ။ အသွေးအရောင် ပြောင်းလဲတတ်ခြင်း မရှိသလို တန်ဖိုး အတိအကျ ကန့်သတ်လို့ မရနိုင်ပါဘူး။ စစ်မှန်တဲ့အချစ်ဟာလည်း အဖိုးအနဂ္ဃထိုက်တဲ့ ရတနာလို ဘယ်ခါမှ အသွေးအရောင်၊ မပြောင်း လဲတတ်ဘဲ စစ်မှန်လေ အဖိုးမဖြတ်နိုင်လောက်အောင် မြတ်နိုး တွယ် တာထိုက်လေသာ ဖြစ်ပါတယ်။

အဝတ်အထည်ကို မိမိအသားအရေ အမျိုးအစားနဲ့ ဘယ်လိုမှ လိုက်ဖက်မှုမရှိတဲ့ အရောင်အသွေး ပုံစံအနေအထားတွေ ဝတ်ဆင်မိ ရင် ကိုယ့်ပစ္စည်းနဲ့ကိုယ် သူတစ်ပါးရဲ့ ပြစ်တင်ကဲ့ရဲ့မှုကို ခံကြရသလို ပါပဲ။ ချစ်ကြတဲ့နေရာမှာလည်း ချစ်သူသမီးရည်းစားဖြစ်ဖြစ်၊ လင်နဲ့ မယားပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်ကြဘဲ ယိုသူမရှက် မြင်သူ ရှက် အရှက်မရှိ သိက္ခာမရှိ ချွဲတာပြနေကြရင် မြင်သူတကာရဲ့ မေး ငေါ့စရာဖြစ်မှာ ကဲ့ရဲ့ခံရမှာ အသေအချာပါပဲ။

အဝတ်အစားကို အဆင်ဒီဇိုင်းနဲ့ အရောင်အသွေးကအစ ဣန္ဒြေ ရရ သိက္ခာရှိရှိ တည်တည်ငြိမ်ငြိမ်ကလေး လှပအောင် ဝတ်ဆင်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် နဂိုရှိလို့ နဂိုင်းပိုထွက်လာပြီး မြင်ရသူ ပေးမောအားကျမှုကို ခံယူကြရပါတယ်။ ဝတ်စားဆင်ယင်ပုံ ပြေပြစ်လို့ ကျက်သရေမင်္ဂလာ အပေါင်းနဲ့လည်း ပြည့်စုံနေဦးမှာပါ။

ဒီသဘောမျိုးပါပဲ။ ချစ်ကြရာမှာလည်း ယဉ်ကျေးသိမ်မွေ့တဲ့ အမူအယာလေးတွေနဲ့ အမြင်မရိုင်းတဲ့ ကြင်နာမှုမျိုးလေးတွေနဲ့ နေထိုင်ဆက်ဆံကြရင် လူအများရဲ့အားကျခြင်းကို ခံယူကြရမှာပါ။ အားကျစရာ စံထားစရာအဖြစ် ခံယူရခြင်းဟာ တန်ဖိုးရှိတဲ့ ဂုဏ်ယူစရာ လုပ်ရပ်ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအကျင့်ကောင်းကို ဆက်လက် ထိန်းသိမ်းချင်နေအောင် အထောက်အကူလည်း ဖြစ်ပါတယ်။ ဒီတော့ ချစ်ကြပါမရှက်ပါနဲ့။ အချစ်ဟာ ရှက်စရာမဟုတ်ဘူးဆိုတာ ယုံယုံကြည်ကြည်နဲ့ ချစ်ကြပါ။

ဟိုး ... ဟိုး ကျွန်တော် ဆန္ဒစောသွားပါတယ်။ အခုရေးပြချင်တာက သမီးရည်းစားချစ်သူများအတွက် မဟုတ်ပါဘူး။ ကျွန်တော် အဓိက ရည်ရွယ်ရေးနေတာက အိမ်ထောင်ရှင်တွေကို တစ်ဦးကို တစ်ဦး ချစ်ကြရာမှာ မရှက်ကြစေချင်လို့ပါ။ (မရှက်ကြလို့ဘဲ လင်မယားတွေ ဖြစ်နေကြပြီ ဘာကိုမရှက်ကြရမှာလဲလို့) အပြစ်တင်ချင်ရင် ဒါကို ဆက်ဖတ်ပြီးမှ အပြစ်တင်ပါ။

တွေ့ဖူးကြမှာပါ။ အိမ်ထောင်သည် တော်တော်များများ တစ်ယောက်ကိုတစ်ယောက် ချစ်ရမှာကို ရှက်နေတတ်ကြတယ်။ ခေါ်တာကိုပဲ ကြည့်ပါ။ အိမ်ကလူတဲ့။ ကလေးတွေရလာရင်တော့ ကလေးတွေအဖေတဲ့။ ယောကျ်ားလေးကရော။ "အိမ်ကဟာ" တဲ့။ "ဟိတ်"။ "ဟေ့" တဲ့။ အဲဒါတွေက ရှက်ကြတာ။ ကိုယ်ချစ်တာကို ပတ်ဝန်းကျင်က ညှိမှာ ကြောက်သူတွေလည်း အပုံပါပဲ။ ရှေးရှေးက ပုဂ္ဂိုလ်ကြီးတွေရဲ့ အဆိုအမိန့်တွေ ထားရှိခဲ့ကြသေးလို့ပါ။ (မယားကိုချစ်ရင် သို့မဟုတ် ချီးကျူးချင်ရင် သေမှချီးကျူး) ဆိုတဲ့ စကားတွေပေါ့။ ချစ်တာကို မသိစေနဲ့။ ချစ်မှန်းသိရင် ကမ်းတက်တတ်တယ်ဆိုတာ



တွေကို ယုံစားပြီးအချစ်ကို သိုဝှက်ထိမ်ချန်နေတတ်သူတွေလည်း ရှိကြရဲ့။ ပြီးတော့ ရှိသေးတယ်။ ယူပြီးကြလို့ ကလေးပဲ(ရှေးရှေးခေတ်က တစ်ဒါဇင် ခုခေတ်မှာတော့) တစ်ယောက်ရနှစ်ယောက်ရ ပြီးကြပြီးတောင်မှပြောနေသေးတဲ့ စကားက "ငါ သူ့ကို ချစ်လို့ယူတာ မဟုတ်ဘူးဟဲ့။ သူက အရမ်းရိုး အရမ်းအေးလို့ သနားပြီးယူမိတာ"

ယောကျ်ားတွေ အပြောများတာကတော့ "ငါက ဟို တစ်ယောက်ကို ချစ်တာကွာ။ ဘယ်လိုက ဘယ်လို ဒီတစ်ယောက်နဲ့လာရတယ် မသိပါဘူး"

ဒါတွေကတော့ ပါးစပ်အရသာခံတာ လွတ်တဲ့ငါး ကြီးကြတာပါ။ အိမ်ထောင်သက်ကလေး ကြာလာတော့ ရိုးအီပြီး လွဲသူကိုမှ သတိရ တမ်းတမိပြီး ပြောကြတာတွေပဲ။ အရိုးစုဖြစ်နေတာ လွဲခဲ့ရသူတွေ ရှဲပြဲ ရွတ်တွနေကြပြီ ဆိုတာတော့ မေ့နေကြလေရဲ့။

ဒါ့အပြင် ဘေးပယောဂကြောင့် ရဲရဲမချစ်ဝံ့ရှာကြဘဲ မချစ်ဟန်ဆောင်နေကြရရှာသူတွေလည်း ရှိကြပါသေးတယ်ဆို။ ဘေးပယောဂဆိုတာက ဒီလို "ငါတို့အမျိုးက မိန်းမနိုင်တဲ့အမျိုးကွ" "ဟေ့ ငါတို့အမျိုးက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ယောကျ်ားကြောက်သူ တစ်ယောက်မှ မပါဘူး"

အဲဒီ ဂယက်တွေကြောင့် ကိုယ့်မိန်းမကို ချစ်လို့ အလိုလိုက်ရင် မိန်းမကြောက်ဘွဲ့ရမှာစိုးလို့ ချစ်ကြောင်းမပြရဲ၊ ယောကျ်ားကိုချစ်လို့ ရိုရိုသေသေဆက်ဆံရင် ကိုယ့်ဘက်က ယောကျ်ားကြောက်တယ် သတ်မှတ်ခံရမှာ စိုးပြီး ကိုယ့်အသိုင်းအဝိုင်းဘက်ရောက်တဲ့အခါမျိုးမှာ အာဏာပါဝါတွေ ရှာကြံပြရ။ ဟိတ်ဟန်တွေ ထုတ်ပြကြရ။

အဆိုးဆုံး ပယောဂဖန်တီးကြသူတွေဟာ အမျိုးသမီးတွေ များတယ်။ ဟိုကဖြင့် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကနေ ပညာတွေ လူတန်းစေ့သင်ပေး။ ဟိုသင်တန်းတက်ခိုင်း။ ဒီသင်တန်းတက်ခိုင်း။ လူဖြစ်အောင် ကျွေးမွေးပြုစုလာကြရရှာတဲ့ မိဘတွေတောင်

www.burmeseclassic.com

www.burmeseclassic.com



စုံကန်ထွက်သွားကာမှ ဆွေမျိုးတွေကလေ "ဟင်းရွက်ကန်စွန်းမှ မဟုတ်တာ ပစ်ထားရင် မျက်နှာငယ်မှာပေါ့" ဆိုပြီး မရမကလိုက်ရှာ။ အားပေးအားမြှောက်တွေ ပြောကြ၊ ဆိုကြ။

"ဒီမယ် အနိုင်ကျင့်လို့ကတော့ ငုံ့ခံမနေနဲ့နော်။ မကောင်းရင်လား။ တစ်ခါအမှားကို တစ်ဘဝစာ တစ်သက်တာ စတေးမပစ်နဲ့။ ညည်းက အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက် မဟုတ်ဘူး ... ကြားလား သမီး"

ယောကျ်ားလေးဘက်ကလည်း ဒါမျိုး ပါးစပ်အားပြီး ဆရာလုပ်သူတွေ ရှိသေးတာပါပဲ။ မိန်းကလေးဘက်က အခြေမြင့်နေရင် "ဟေ့ကောင် ကိုယ်ကယောကျ်ား၊ သူတို့သမီး အပျိုပြန်ဖြစ် မသွားပါဘူးကွ"

အဲဒီလိုမျိုး ဘေးပယောဂတွေကြောင့် ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ကိုယ်က မိန်းမ မကြောက်ရကြောင်း၊ ယောကျ်ား အနိုင်မခံရကြောင်းတွေ ပြချင်တာနဲ့ ပွင့်ပွင့်လင်းလင်းချစ်မပြကြဘဲ ရှက်ကြောက်နေကြတော့ ကြာလာတဲ့အခါမှာ ယောကျ်ားကလည်း မိန်းမ သူ့အပေါ်မှာ မချစ်ဘူးထင်၊ မိန်းမကလည်း အဲလိုပဲ ယောကျ်ားပေါ် ပြန်စွပ်စွဲ၊ မာနတွေ ခံမိကုန်ကြရော (အကြင်လင်မယား)ဆိုတဲ့ စကားနဲ့မညီကြတော့ဘူး။ ကြင်နာယုယမှု၊ နွေးထွေးမှုလေးတွေ အလဲအလှယ်မရှိကြတော့လို့ အိမ်ထောင်သည်တို့ဘဝရဲ့ အနှစ်အရသာလေးတွေ ဆုံးရှုံးကုန်ကြရရှာပါတယ်။

ချစ်တာဟာ ရှက်စရာမဟုတ်ပါလို့ ရေးမိရခြင်းအကြောင်းရင်းက ပလီပလာ အချွဲအတာတွေ မပါဘဲ ရိုးရိုးစင်းစင်း ပွင့်ပွင့်လင်းလင်း တစ်ယောက်ကိုတစ်ယောက် ချစ်ကြတဲ့ အိမ်ထောင်နှစ်ခုကို ကိုယ်တွေ့မျက်မြင် ထဲထဲဝင်ဝင် ခင်မင်ခွင့်ရခဲ့လို့ပါ။ သူတို့အိမ်ကို သွားရတိုင်း အနေအထိုင်ကျဉ်းကျပ် အားနာစရာအဖြစ်မျိုး မကြုံတွေ့ရဖူးပါဘူး။ အမြဲအေးချမ်းနေကြလို့ပါ။



သူတို့ ဇနီးမောင်နှံတွေကို တွေ့လိုက်ကြုံလိုက်ရတဲ့အခါတိုင်း လမ်းပေါ်မှာဖြစ်ဖြစ်၊ သူတို့အိမ်ဧည့်ခန်းမှာဖြစ်ဖြစ်၊ သူတို့ဇနီးမောင်နှံတွေရဲ့ မျက်နှာပေါ်မှာ ဒေါသ၊ မာနတွေ ကင်းစင်နေကြတယ်။ အေးမြမြ အပြုံးကိုယ်စီနဲ့မို့ ငြိမ်းအေးတဲ့အရိပ်လက္ခဏာတွေဟာ ကျွန်တော့်ရင်ကိုပါ ကူးစက်ခံလာရသလိုပါပဲ။ သူတို့တွေရဲ့ အိမ်ထောင်သုခကို အားကျမိတယ်။ ကိုယ်တိုင် ကိုယ်ကျခံစားချင်လာတယ်။

ကျွန်တော်ဝန်ခံပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးဟာ အသက်ချင်းကွာတာမို့ ကျွန်တော်ဟာ သူတကာထက်ပိုပြီး မိန်းမကြောက်ဘွဲ့ကို ရှုံရှာခဲ့မိပါတယ်။ ဇနီးကို ချစ်သော်ငြားလည်း မာနခံခဲ့သူ တစ်ယောက်ပါ။

အခု အသက်က စကားပြောလို့ တရားဓမ္မတွေရဲ့ ပဲ့ပြင်မှု၊ မိမိရဲ့ အသိတရားတွေနဲ့ ပြုပြင်မှုတွေနဲ့ အရာရာမှာ သည်းခံစိတ်မွေးဖို့ အားထုတ်ကြိုးစားရာက ဇနီးအပေါ်မှာ စာနာခွင့်လွှတ်စိတ်တွေ ထားမိလာတယ်။ ကျွန်တော့်ဆက်ဆံရေးဟာ ပျော့ပျောင်းမှုရှိလာတဲ့အတွက် ချစ်ကြောင်းကို ပြရာရောက်ခဲ့ပုံရတယ်။ ငါက သူ့ထက် အသက်ကြီးတယ်ဆိုတဲ့ မာနတွေကို ဖက်တွယ်သိမ်းထားတဲ့ရင်ထဲမှာ စာနာစိတ်နဲ့ မေတ္တာတရားတွေ စိမ့်ဝင်ရောက်ရှိလာကြလို့ ကျွန်တော့်ဘဝကို ကျွန်တော် ကျေနပ်မှုရလာပြီး ငြိမ်းအေးလာတယ်လို့ ခံယူနေမိတယ်။ အခုချိန်မှာ ကျွန်တော် မရှန်းကန်ရတဲ့အတွက် သိပ်ကိုကျေနပ်ရတယ်။

ပြန်တွေးကြစေချင်ပါတယ်။ အိမ်ထောင်စုတိုင်း အိမ်ထောင်စုတိုင်း အပြင်မှာ ရှာဖွေရုန်းကန်နေကြရတဲ့အချိန်တွေနဲ့ မိမိအိမ်ဂေဟာလေးမှာ နားနားနေနေ၊ နွေးနွေးထွေးထွေး နေကြရတဲ့ အချိန်ကလေးကို ယှဉ်နိူင်းကြည့်ကြမယ်ဆိုရင် (အိပ်ချိန်ကို နှုတ်ဖို့ မမေ့နဲ့) ကဲ အခုကာလမှာ မောင်တစ်ထမ်း မယ်တစ်ရွက် ငှက်မောင်နှံတို့လို အစာရှာ (ငွေရှာ) ထွက်နေကြရတဲ့ ဇနီးမောင်နှံတို့ရေ တစ်ယောက်ကိုတစ်ယောက် ချစ်ကြရမှာ စကားထာဝှက်သလို ပဟေဠိဝှက်သလိုမျိုး။

www.burmeseclassic.com



ပြုံးရွှင်ပြတာ၊ စိတ်ကောက်ကြတာတွေ မရှိသင့်တော့ဘူး။ အချိန်တွေ ရှားပါးခန်းခြောက်လာနေပြီမဟုတ်လား။ ပွင့်လင်းတဲ့ ချစ်စကားတွေကဲ့ အကြင်နာတရားကို ဒလဟော ယိုဖိတ်စေပါတယ်။ အကြင်နာတရားလေးတွေကလည်း ယုယမှုလေးတွေကို မွေးဖွားစေပါတယ်။ ဒီအဆင့်ဆင့်လေးတွေကို စုစည်းလိုက်နိုင်ရင် မနားမနေ ရှာဖွေ ရုန်းကန် လှုပ်ရှားနေရတဲ့ ရည်မှန်းချက်အသစ်အသစ်တွေအတွက် ခွန်အားအသစ်အသစ်တွေဟာ အလိုလိုဖြည့်ဆည်းပြီးသားတွေ ဖြစ်နေလိမ့်မယ်ဆိုတာကို ယုံပါ။ ချစ်လိုက်ကြစမ်းပါ။ အချစ်ဟာ ချစ်သူတွေဘဝမှာ တိုင်တည်စိုက်ထူခဲ့ကြတဲ့ သစ္စာမဏ္ဍိုင်ကို ခိုင်မြဲစေပါတယ်။

အချစ်ဟာ ဇနီးမောင်နှံတို့အတွက် အခိုင်မာဆုံးပန္နက် မည်ပါတယ်။ အချစ်ဟာ ဇနီးမောင်နှံတို့ဘဝမှာ အခက်အခဲဟူသမျှကို လက်တွဲရင်ဆိုင်ဖို့ အားမာန်ဖြစ်စေတယ်။ အချစ်ဟာ ဇနီးမောင်နှံတို့ရဲ့ အိမ်ထောင်ရေးနယ်ပယ်ကို လုံခြုံမှုအပေးနိုင်ဆုံး တံတိုင်းကြီးပါပဲ။

အချစ်ဂျာနယ်မှ

# တံလျှပ်မှန်းသိသော ရွှေသမင်

ကျွန်တော် "ဆိုနီ" တွင် ဆံပင်ညှပ်ပြီးသွားသောအခါ မာလာမြိုင်လမ်းမှနေ၍ အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့သည်။ ထက်အောင်နိုင်တို့ ရောင်းသွားသော တစ်ထပ်တိုက်ကလေးရှေ့သို့ ရောက်ခဲ့ရာ စိတ်ထဲတွင် သတိတရရှိလာမိသောကြောင့် ခေတ္တမျှ ထိုအိမ်ကလေးကို ရပ်တန့် ကြည့်လိုက်မိသည်။

ထက်အောင်နိုင်တို့ လင်မယား ခန္တီးမှ ရန်ကုန် ဘောက်ထော်သို့ ပြောင်းလာခဲ့ကြရသော ဖြစ်စဉ်သည် ကျွန်တော့်အာရုံထဲသို့ လျင်မြန်သောအဟုန်ဖြင့် ဖြတ်သန်း ဝင်ရောက်လာသည်။

ကျွန်တော်က ဆရာကြီးဟု ခေါ်သော ဦးအုပ်ကြီးသည် ထက်အောင်နိုင် လေးစားကြည်ညိုသော သူ၏ ဆရာအရင်းခေါက်ခေါက်ဖြစ်သည်။ ထက်အောင်နိုင်သည် သူ၏ဆရာ ဆုံးမညွှန်ကြားသောအရာဟူသမျှ အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်သူလည်း ဖြစ်သည်။ ဦးအုပ်ကြီးနှင့် ထက်အောင်နိုင်တို့ကား မန္တလေးဇာတိများဖြစ်ကြပြီး မန္တလေးတွင် နေခဲ့ကြစဉ်က တစ်လမ်းတည်းသားများ ဖြစ်သည်။ ထက်အောင်နိုင်သည် လူပျိုလူလွတ်ဘဝကပင် အလွန် တိုးတက် ကြီးပွားလိုသော စီးပွားရေးသမားဉာဉ် ရှိခဲ့သလို သူ့တွင် အနု

www.burmeseclassic.com

www.burmeseclassic.com



ပညာ မီဇအခံကလေးလည်း ရှိနေပြန်သေးသည်။

သူ့ဆရာ ဦးအုပ်ကြီးထံတွင် ပန်းချီပညာ သင်လိုက်သေးသည်။ စာကဗျာကလေးများလည်း မတောက်တခေါက်ရေးသည်။ သူပျင်းလျှင် သီချင်းဆိုကာ ဂစ်တာခေါက်သည်။ သို့သော် ထက်အောင်နိုင် အာသီသပြင်းခဲ့သည်က စီးပွားရေး၊ သူက ကြွယ်ဝချမ်းသာလိုသူ ဖြစ်သည်။ ထို့ကြောင့် အနုပညာရပ်တို့နှင့် သူ့ဆန္ဒသည် ကီးမကိုက်လှ။

ထက်အောင်နိုင် ကားပွဲစားတို့ဖြင့် လုံးမိခိုက်တွင် သူ၏အပြောအဆို၊ သွက်လက်မှု၊ အပေါင်းအသင်း ကောင်းမှုများကြောင့် မကြာခဏ အလုပ်ဖြစ်တတ်သည်။ မပင်မပန်း ပါးစပ်ကလေးရင်းကာ ငွေရလွယ်သည်ဟု ထက်အောင်နိုင် ခံယူမိသောကြောင့် ကားပွဲစားဘဝဖြင့် ကျင်လည်နေသည်။

ထက်အောင်နိုင်ကား ကြီးပွားချမ်းသာလိုသူဖြစ်သည်။ ကားပွဲစားလောကတွင် ကျောက်သမားများအတွက် ကားရှာပေးရင်းမှ ကျောက်သမားတို့ဘဝကို အကဲခတ် လေ့လာဖြစ်ပြန်သည်။ ကားပွဲစားဘဝနှင့်နှိုင်းယှဉ်သော် ကျောက်သမားဘဝသည် နတ်ရေကန်ထဲ အပစ်ချခံလိုက်ရသလိုမျိုး နေ့ချင်းညချင်း ထပွကာ ဘဝကြီး ပြောင်းလဲသွားစေနိုင်သည်ဟု ထက်အောင်နိုင် ယုံကြည်လက်ခံသွားရ ပြန်သည်။ ကြီးပွားချမ်းသာနိုင်သော လမ်းကို သူတွေ့ရှိရပြီဟု သူ့ဆရာ ဦးအုပ်ကြီးကို ဝင့်ကြွားစွာ ပြောသည်။

သူ့ဆရာဦးအုပ်ကြီးသည် အစီခံမပါသော ခပေါင်းစီးကရက်ကို ပါးစပ်မှဖြုတ်ယူ၍ မီးခိုးများကို မှုတ်ထုတ်ရင်း မေးစင်းသော မျက်လုံးအစုံဖြင့်ကြည့်ကာ ပြုံးနေသည်။ ထက်အောင်နိုင်ခမျာ မလုံမလဲစိတ်ဖြင့် သူ့ဆရာကို ပြန်မေးသည်။

"ဆရာကြီး ဘာဖြစ်လို့ ပြုံးနေတာလဲ ကျွန်တော် မဖြစ်နိုင်ဘူးလား"

"ပုဏ္ဏာဝေစ်ပုဒ်ကို စိတ်တွက်နဲ့တွက်ရင် တွက်သူတစ်ယောက်ပဲ



သိတယ်၊ အဖြေရအောင် စက္ကူပေါ်မှာချတွက်မှ ဘေးလူပါ မြင်တွေ့နိုင်မှာပေါ့၊ မင်း စိတ်ထဲကအဖြေ မမှန်ဘူးလို့ ငါမပြောရပါဘူး၊ ချတွက်ပြရင်တော့ အမှားအမှန် ထောက်ခံလို့ရမယ်"

"ကျွန်တော် လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား"

"မင်းအသက် ငယ်ငယ်လေးရှိသေးတာပဲ၊ လုပ် အန္တရာယ်မဖြစ်အောင် လုပ်"

ထက်အောင်နိုင် ကျွန်တော့်ကို ပြောစဉ်က စကားများကို ကျွန်တော် ပြန်ကြားနေရသည်။

"ကျွန်တော် ကျွန်တော့်ဆရာကြီးကို အဲဒါကြောင့် ကြည်ညိုတာ အစ်ကိုရ၊ သူပြောတဲ့အတိုင်းလုပ်တော့ ထိလည်း ထိရောက်ပါတယ်၊ နန်းထွေးနဲ့လည်း အဲဒီမှာပဲ ဖူးစာဆုံလာခဲ့ရတာပေါ့"

"နန်းထွေးနဲ့ ရခဲ့ကြလို့လည်း ကျွန်တော် ခုလို ရန်ကုန်ကို ပြောင်းလာဖို့ ဖြစ်ခဲ့ရပြန်တယ်လေ။ သူ့အစ်ကို ကျွန်တော့်ယောက်ဖတွေနဲ့ ကျွန်တော် ခန္တီးမှာ ပြဿနာ အကြီးအကျယ် ဖြစ်ကြလို့ပေါ့ အစ်ကိုရာ၊ အဲဒီကိစ္စကို ကျွန်တော် ရန်ကုန်ဆင်းလာတော့ ဆရာကြီးကို ဖွင့်တိုင်ပင်တယ် ဆရာကြီးက ကျွန်တော့်ကိုမေးတယ် အစ်ကိုရ"

"မောင်နိုင် စစ်တိုက်ကြတယ်ဆိုရာမှာ ရှုံးအောင်တိုက်တဲ့ စစ်ပွဲရယ်လို့ ရှိသလား၊ ငါပြောတာ အင်အားကြီးသူက ကိုယ့်ကို မတရားလာကျူးကျော်လို့ လေ့ခွက်ချည်းကျန် အလံမလှဲ သေသေကြေကြေ ပြန်ခုခံတိုက်ရတာမျိုးကို မဆိုလိုဘူးနော်။ သိမ်းပိုက်လို့ရမယ်အထင်နဲ့ နိုင်မယ်အထင်နဲ့ ကိုယ်က သွားတိုက်တဲ့စစ်ပွဲကိုပြောတာ သဘောပေါက်လား။ မင်း ကျောက်လောကကို ဝင်သွားသလိုမျိုးပေါ့ကွာ"

"ပေါက်ပါတယ် ဆရာကြီး"

"အေး ပေါက်ရင် စစ်ပွဲမှာ အောင်မြင်စွာ ဆုတ်ခွာခြင်းရှိတယ်၊ အဲဒီအမိပ္ပာယ်ကို ခံယူကျင့်သုံး၊ အချစ်နဲ့ပတ်သက်ပြီး နန်းထွေးဟာ တစ်အူတုံဆင်းအစ်ကိုတွေဘက်မှာ မရပ်ဘဲ မင်းဘက်မှာရပ်ခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုတွေကလည်း ပစ္စည်းဥစ္စာ လောဘရမ္မက်ရဲ့ လွှမ်းမိုးမှုကြောင့် မင်းကို ငါ့ညီမလေးယောကျ်ား၊ ငါ့ယောက်ဖပါလားလို့ မမြင်နိုင်ဘဲ အသက်ကို ရန်ရှာနိုင်တယ် မင်းစဉ်းစား"

"ကျွန်တော် ဆရာကြီးစကားကို လက်ခံတယ်။ ကျွန်တော့် စိတ်မှာကိုက ယောက်ဖတွေနဲ့ပတ်သက်ပြီး အဲဒီလို ခံယူနေမိတာနဲ့ ခုလို ရန်ကုန်ကို ပြောင်းလာခဲ့တာအစ်ကိုရ၊ ကိုယ်က ဦးအောင်လုပ်မယ် ဆိုလည်း တရားဥပဒေ ရှိနေတယ်လေ"

ထက်နိုင်အောင် သူ့ဆရာကြီးစကားကို နာခံကာ ရန်ကုန်သို့ ပြောင်းလာပြီးသောအခါ စီးပွားရေးလုပ်ငန်းများကို ထန်းသမားထန်းပင်တက်သည့်ပမာ ဟိုပင် ဒီပင်ကူး၍ ထန်းရည်ခံယူသကဲ့သို့ အလုပ်ပေါင်းစုံကို ပြောင်းရွှေ့လုပ်ကိုင်သည်။

နောက်ဆုံး အနုပညာဗီဇလေးရှိထားသော ထက်အောင်နိုင်သည် ရုပ်ရှင်ကြီးကို မကိုင်နိုင်မီ ဗီဒီယိုထုတ်လုပ်ရေးဖြင့် ခြေလှမ်းစတော့သည်။ သည်မှာတင် သူနှင့်ကျွန်တော် ရင်းနှီးကျွမ်းဝင်မှုက သွေးသားတမျှ တွယ်တာသွားခဲ့ဖို့ ဖန်လာခြင်းဖြစ်သည်။

သူက ကျွန်တော့်ထံမှ ဇာတ်လမ်းများကို ဝယ်သည်။ ကျွန်တော်က ဇာတ်တစ်ပုဒ်ကို ဝယ်ယူရိုက်ကူးရာတွင် ပြုပြင်ပြောင်းလဲသင့်သောအရာနှင့် မပြုပြင်ထိုက်သောအရာတို့ကို သူ့ကိုထင်ရှားအောင် ပြောပြသည်။ ဆွေးနွေးဖြစ်ကြသည်။

ထက်အောင်နိုင် ရန်ကုန်ရောက်ပြီး စီးပွားရေးကို အပတ်တကုတ် ကြိုးစားလုပ်ကိုင်နေရာမှ သုံးလေးနှစ်ခန့်အကြာတွင် ဘောက်ထော်၌ ဈေးပေါစဉ်က ရထားသောအိမ်ကို ဈေးကောင်းကောင်းနှင့် ရောင်းကာ "လက်ယက်စမ်း" ဆိုသည့် ရွာသိမ်ရွာငယ်လေးသို့ အပြီးပြောင်းရွှေ့သွားလေသတည်း။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင့်"

ခြံထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာကာ မျက်နှာထားနှင့်



ကျွန်တော့်အား မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ရပ်နေသည်မှာ အတန်ငယ် ကြာသွားသောကြောင့်ဖြစ်မည်။

"ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး"

"ဒါဆို ရှင် ဘာကိုကြည့်နေတာလဲ"

ရှင်းပြရမည်မှာ ရှည်လျားနေမည်မို့ အလွယ်တကူပင် ပြန်ဖြေလိုက်မိပြန်သည်။

"ဘာကိုမှ မကြည့်ပါဘူး"

အမျိုးသမီးကြီးသည် ခြံထဲသို့ပြန်ဝင်ကာ ဝင်းတံခါးကို ဆောင့်ပိတ်လိုက်သည်။ သည်ဖြစ်ရပ်က ကျွန်တော် ထက်အောင်နိုင်ရှိရာ လက်ယက်စမ်းဆီသို့ သွားရောက်လည်ပတ်ဖြစ်စေရန် ဖန်တီးလိုက်လေသည်။

* *

ထက်အောင်နိုင် ရေးဆွဲပေးသွားခဲ့သော လမ်းညွှန်မြေပုံအတိုင်း ကားကို မောင်းနှင်လာသည်။ ကတ္တရာလမ်းမကြီးပေါ်မှနေ၍ လက်ဝဲဘက်ခြမ်းရှိ မြေသားလမ်းပေါ်သို့ ချိုးကွေ့လိုက်သည်။ မြေသားလမ်းကျောခုံးပေါ်သို့ ရေများ ဖြတ်စီးတိုက်စားထားသောကြောင့် လမ်းကမညီမညာ ရှိနေသည်။ အတွင်းသို့ ရောက်သွားသောအခါ ဝါးရုံများက လမ်းပေါ်သို့ အုပ်မိုးလုလု ကိုင်းညွတ်နေကြ၏။

ဝါးခြုံကြီးများကို လွန်သော် ထက်အောင်နိုင်ပြောသည့် ကလတန်း (ကုလားတန်း) သို့ရောက်သည်။ ရွံ့များမံကာ ဆောက်လုပ်ထားသော တဲကုတ်တဲတိုင်းများတွင် ကပ်ချည်ထားသော သစ်ရွက်များကို ဆိတ်ကလေးများ ဆွဲယူစားသောက်နေသည်။ တဲရှေ့ မြေကွက်လပ်တွင် သစ်ကိုင်းခြောက်များအား ခုတ်ထစ်၍ ထင်းလုပ်နေသော ကုလားသားအမိက ကျွန်တော့်ကားကို ထူးဆန်းသော အရာသဖွယ် လှမ်းမျှော်ကြည့်နေသည်။ သူတို့နားမှ ခွေးပိန်ကလေးက လှမ်းဟောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှ လာနေကြသော နွားတစ်အုပ်ကြောင့် ကျွန်တော် ကားကို ရပ်ပေးထားလိုက်သည်။ နွားအုပ်နောက်မှ ပါလာသော လူငယ်က သူ့နွားများ ကျွန်တော့်ကားကို အမြန်ဖြတ်ကျော်သွားစေရန် လက်ထဲမှကြိမ်ကိုဝှေ့ယမ်းကာ ညာသံပေးလျက် မောင်းနှင်နေသည်။

နွားအုပ်လွန်သွားမှ ကျွန်တော် ကားကို ဆက်မောင်းခဲ့သည်။ ခြံစပ်တွင် တည်ထားသော အိမ်ဆိုင်ကလေးတစ်ဆိုင်ကို တွေ့၍ ထက်အောင်နိုင်တို့အိမ်ကို စုံစမ်းရန် ကားကို ထိုးရပ်လိုက်သောအခါတွင် ဆိုင်နားမှာ မြက်နုကလေးများအား ဆိတ်စားနေကြသော ဘဲငန်းညို ကြီးနှင့် ငန်းဖြူကြီးများက အတောင်ကြီးများ ဖြန့်ကားလျက် တဂီးဂီး အော်မြည်ကာ ထွက်ပြေးသွားကြသည်။

"ဒီနားမှာ ထက်အောင်နိုင်ဆိုတာများ သိလား၊ သူ့မိန်းမလေး နာမည်က နန်းထွေးတဲ့"

"အမေ အမေ ဆိုင်ရှေ့ကနေ ဆိုင်ကယ်နဲ့ ဖြတ်ဖြတ်စီးသွားကြတဲ့ ဟိုလင်မယားကို မေးတာဖြစ်မယ် ဟုတ်တယ် ဟုတ်လားဟင်၊ သူ့မိန်းမလေးက ချောတယ်လေ"

"ဟုတ်တယ် ဟုတ်တယ်"

အမျိုးသမီးကြီးနောက်နားမှ သမီးဖြစ်ဟန်တူသော ကလေးမလေးက ဝင်ဖြေပေးသည်။

"ဒီက ဆက်သွား ဘယ်ဘက်မှာ သူတို့ခြံကြီးအဝမှာ ချမ်းမြေ့ ရိပ်မြုံဆိုတဲ့ ဆိုင်းဘုတ်ကလေး ရေးထားပါတယ်"

"အေးကွာ ကျေးဇူးပဲနော် သမီး"

ကျွန်တော် လမ်းဘေးဝဲယာသို့ကြည့်ရင်း ကားကို ဖြည်းဖြည်း မောင်းခဲ့သည်။ တိုက်တာ အဆောက်အဦမဆိုထားနှင့် ပျဉ်ထောင် အိမ် ကြီးကြီးမားမားပင်မတွေ့၊ တဲကုတ် တဲဘုတ်ကလေးများသာ ရှိကြပြီး သစ်ပင်ဝါးပင်တို့နှင့် ခြံကြီးများကမူ အကျယ်ကြီး၊ အမြင့်ကြီး



တွေ ဖြစ်ကြသည်။

ချမ်းမြေ့ရိပ်မြုံ

ပလပ်စတစ်ပြား အစိမ်းပေါ်တွင် အဖြူရောင်စာလုံးကလေးများဖြင့် ကပ်ထားသော ဆိုင်းဘုတ်ကလေးကို မြင်လိုက်သည်နှင့် ကျွန်တော့်ခြေထောက်က ဘရိတ်ပေါ်သို့ ရောက်ရှိသွားကာ ကားကို ရပ်လိုက်ပြီး ခြံကြီးထဲကို လှမ်းကြည့်သည်။ ခြံထဲမှ ဆူညံစွာ အော်ဟစ်နေသည့် အသံများက လွင့်ပျံ့လာသည်။

"ချထည့်လိုက်စမ်း၊ ဝမ်ချိုင်းကွ ဆော်ဆော်"

"ဟား ဟား ရွှေစုဝံက အပျော့ပေါ့ နလန်မထူနိုင်အောင် ခွပ်ထည့်လိုက်စမ်း ရွှေစုဝံ ဖေဖေ့ သားကြီး၊ ဟုတ်ပြီ ကဲကဲ မင်း ဝမ်ချိုင်း ဘာတတ်နိုင်သေးလဲ ဆက်ခွပ် ဆက်ခွပ်"

"ဟာ ဝမ်ချိုင်း ပြန်တွယ်ပြီကွနော်"

"တိတိ တိတိ"

"ရွှေစုဝံကွ"

"ဝမ်ချိုင်းကွ"

"ဟေး ဟေး ခွပ်ပစ်လိုက်စမ်း"

ကျွန်တော် ကားဟွန်းကို ဆက်ဆက်တီးသော်လည်း သူတို့ အော်ဟစ်သံများကြောင့် ရုတ်တရက် မကြားနိုင်ကြဘဲ ဖြစ်နေပါသည်။ အတော်ကြာဆက်၍ တီးရင်း ခြံဝကို ကားခေါင်း ထိုးဆိုက်လိုက်တော့မှပင် ကုလားကလေးတစ်ယောက်နှင့် မြန်မာကောင်လေးတစ်ယောက် ပြေးထွက်လာကြသည်။

"ဟေ့ ထက်အောင်နိုင်တို့ခြံ ဒီခြံဟုတ်လား သူရှိလား"

"ရှိတယ်၊ ဟုတ်ကဲ့"

"ရန်ကုန်က ဦးမြင့်သိန်း လာတယ်ပြော"

ကျွန်တော့်စကားမဆုံးခင်တွင် ပြေးလာနေသော ထက်အောင်နိုင်ကို ကျွန်တော် လှမ်းမြင်လိုက်ရပါသည်။ သူပြေးလာနေပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမြူးထူးနေ၍ ကလေးတစ်ယောက်နှင့်ပင် တူနေသည်။

"အစ်ကို အစ်ကိုတစ်ယောက်တည်းလား အစ်မနဲ့ ကလေးတွေ ပါ ခေါ်ခဲ့ရောပေါ့ အစ်ကိုရာ၊ ဟော့ ဘဲလူး တံခါးကို ကားဝင်ရအောင် ဖွင့်စမ်း"

"သူတို့ အားအောင်အထိ စောင့်မနေနိုင်ဘူးလေကွာ"

ကတ္တရာလမ်းမကြီးပေါ်မှ ကွေ့ဆင်းလာပြီးကတည်းက သဲလမ်း၊ မြေလမ်း၊ လမ်းကြမ်းများကိုသာ ထိတွေ့နင်းကျော်လာခဲ့ရသော ကားဘီးများသည် ချမ်းမြေ့ရိပ်မြုံ၏ ခြံဝမှနေ၍ အိမ်ခြေတန်းရှည်ကြီးရှိရာသို့ ဝင်လာမှပင် အင်္ဂတေခင်းထားသည့် လမ်းပေါ်တွင် ညက်ညောညင်သာစွာ လိမ့်ခွင့်ရရှိသွားကြရရှာပါသည်။

"ဒါတွေက ကျွန်တော့် ဘော်ဒါတွေလေ အစ်ကိုရ ဟောဒီ ဘဲလူးနဲ့ ချောမောင်တို့ကတော့ ကျွန်တော့်အိမ်မှာပဲ နေကြတာ သိပ်အားကိုးရတယ်။ သူတို့ပြီးရင် ဟိုမှာလေ ဟော့ကောင် ရမ်ဘို"

ကြိုးချည်ထားသော ဇရာမအင်းခွေးကြီးက သူ့အမြီးကို နံ့ပြနေသည်။ ကြက်နှစ်ကောင်သည် မြေတလင်းတွင် တဖြန်းဖြန်း ခွပ်နေကြသည်။ ဝိုင်းအုံကြည့်နေကြသော ထက်အောင်နိုင်၏ ဘော်ဒါဆိုသော ချာတိတ်များကို ထက်အောင်နိုင်က ...

"ကဲဟေ့ မင်းတို့ဝိုင်း မရမ်းပင်အောက်ကို ရွှေ့ကြကွာ"

ထက်အောင်နိုင် စကားဆုံးသည်နှင့် စည်ပင်မှကားကို မြင်လိုက်ရသော လမ်းဘေးဈေးသည်များပမာ ကြက်ကလေးများကို ကောက်ပွေ့ကာ ခပ်လှမ်းလှမ်း မရမ်းပင်အရိပ်ဆီသို့ အလုအယက် ပြေးထွက်သွားလိုက် ကြသည်။

"နှန်းထွေးရော မမြင်ပါလား"

"ဟင်း ဟင်း သူကလည်း သူ့ဘော်ဒါနဲ့သူလေ ဟိုဘက်ခြံက အပျိုကြီးအိမ်မှာ အနင်းအနှိပ်ခံရင်း မင်းသား မင်းသမီးတွေအကြောင်း သူက ဆရာကြီးလုပ်ပြီး အာချောင် ဖောက်သည်ချနေမှာပေါ့"



ကရော့ ကရော့ ကော့ ထု(ဒ်) ထု(ဒ်)

နွတ်သီးပေါ်မှ ဘေးသို့တွဲကျနေသော နှာမောင်းကလေးက ကြက်ဆင်ကြီးခေါင်းကို နောက်သို့ လှန်လိုက် ရှေ့သို့ဆန့်ထုတ်လိုက် လုပ်တိုင်း လှုပ်ရမ်းသွားတတ်သည်။ ကြက်ဆင်ကြီး၏ မျက်နှာနှင့် လည်တိုင်အထက်ပိုင်းသည် အနီအပြာရောင်များ လိမ်းခြယ်ထားသလို ရှိနေသည်။ အမြီးကိုဖြန့်၊ အတောင်ကိုကားကာ ခြေထောက်အစုံကို ရှေ့တိုးနောက်ဆုတ်လုပ်ပြီး ကြက်ဆင်မ၏ အနားတွင် ကနေသည်။

ထက်အောင်နိုင်က သူ ကြက်ပွဲကြည့်ရန် ခင်းကျင်းထားသော နိုင်ငံခြားလုပ် နီကယ်စိမ် သံပက်လက် ကုလားထိုင်ပေါ်တွင် ကျွန်တော့်အား ထိုင်စေပြီး သူက ဖော်မိုက်ကာစားပွဲတွင် ဝိုင်းပတ်ချထားသော ပလပ်စတစ်ကုလားထိုင်ကို ဆွဲယူထိုင်လိုက်ပါသည်။

"ဘာ စိတ်ကူးပေါက်ပြီး တစ်ယောက်တည်း ပေါက်ချလာတာလဲ အစ်ကို"

ကျွန်တော် သူ့အား ဆံပင်ညှပ်ပြီး အိမ်အပြန် သူတို့နေသွားသောအိမ်ကို ရပ်ကြည့်ရာမှ ကြုံတွေ့ခဲ့ရသောအဖြစ်ကို ပြောပြလိုက်သည်။ သူက အားရပါးရ ရယ်သည်၊ ထိုစဉ် ကျွန်တော့်နှာခေါင်းဆီသို့ ညှီစို့စို့အနံ့ ရလာသည်။ မျက်စိကို ဝေ့ကြည့် စုံစမ်းရာ အောက်စီဂျင်ပေးထားရာမှ အမြှုပ်ကလေးများ တစီစီလွင့်တက်နေသော မှန် ငါးကန်များကို တွေ့ရသည်။ သို့သော် ငါးကန်မှ ရေများသည် ကြည်လင်ပြာလဲ့နေကြသောကြောင့် ရှူရှိုက်ရသော အညှီနံ့သည် ငါးကန်မှ မဖြစ်နိုင်ဟု ကျွန်တော်ယူဆသည်။

"ဘာနံ့လဲကွ၊ ငါးကန်ကတော့ ဟုတ်မယ် မထင်ဘူး"

"အစ်ကိုနောက်ဘက်က ယုန်တွေဆီကလာတဲ့အနံ့ပါ အစ်ကိုရ"

"မင်း ဘယ်လိုဖြစ်သွားတာလဲ မောင်နိုင်၊ ကြက်ဆင်တွေရော၊ ယုန်တွေရော၊ ငါးတွေရော၊ ခွေးကြီးက ပါသေး၊ ပြီးတော့ ဒူးနှာ

www.burmeseclassic.com

www.burmeseclassic.com



သားတွေပါ မွေးထားတယ်ဆိုတော့"

"ဟား ဟား အစ်ကိုပြောလည်း ပြောစရာပဲ အစ်ကိုရေ ဟား ဟား ဟား"

"မင်းဆရာကြီးကို ပြောပြသေးလား ဘာပြောလဲ"

"ပြောတာပေါ့ အစ်ကိုရ ဆရာကြီးပြောတာ ရှင်းတယ် အဲဒါ မင်းစိတ်ချမ်းသာတယ်ဟုတ်လား၊ စိတ်ချမ်းသာရင် တန်တယ်တဲ့"

"မင်းဆရာပြောတာ မှန်တယ်၊ တကယ်က စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမယ်။ အဲဒါ လူမှာ သိပ် အရေးကြီးတယ်"

"ဩော် အစ်ကို့ကို ပြရဦးမယ်၊ ကျွန်တော့် စီးပွားရေးလုပ်ငန်းကို ဟိုတုန်းကလို လောဘရမ္မက်တွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို ပိုင်ဆိုင်ဖို့ ရည်ရွယ်ချက်နဲ့တော့ မဟုတ်ဘူး"

ကျွန်တော်တို့ သူ့အိမ်ကြီးခြေရင်းဘက်မှ ပတ်ထွက်လာခဲ့ကြသည်။ နှစ်ကေခွဲခန့်ကျယ်မည့် ခြံကြီးထဲတွင် ညိုမှောင်နေသော မြောင်းဘောင်တန်းများပေါ်၌ စိမ်းလန်းရှင်သန်နေကြသော ဝါးပင်တို့နှင့် တင့်တယ်နေသည့် စိုက်ခင်းကြီးက ခြံကြီးနှင့်အပြည့်။

ရေငင်မောင်းတက်ကြီး၏ အဖျားပိုင်းသည် မိုးယံသို့ မျှော်လျက်သား ငြိမ်သက်စွာ အနားယူနေသည်။ ယာတဲကလေးနှင့် မြေသွေးလှောင်ရုံကလေးသည် ယာခင်းအလယ်တွင် ယှဉ်တွဲလျက် ရှိနေကြသည်။

"ရွှေဒေါင်းရေ ဟေ့ ရွှေဒေါင်း"

"ဗျို့ ..."

အသားမန်ကျည်းစေ့ရောင်နှင့် လူငယ်တစ်ယောက် တဲဘုတ်တွင်းမှ ထွက်လာပုံမှာ ကျောက်ခေတ်လူသားတစ်ယောက် ဂူထဲမှ ထွက်လာသည်နှင့် တူလှသည်။ ကျယ်ပြန့်သော ရင်အုပ်ကြီးနှင့် တင်းရင်း ဖုထစ်နေသော သူ၏ကြွက်သားများကို အကျီဗလာနှင့်မို့ အထင်းသား မြင်နေရသောကြောင့် ဖြစ်ပါသည်။



"ဆရာထက် ဘာခိုင်းချင်လို့လဲ"

"ဒီမယ်ကွာ ငါ့အစ်ကို ရန်ကုန်ပြန်ရင် လက်ဆောင်ပေးချင်လို့"

"ဟာ မောင်နိုင် မလုပ်နဲ့ မလုပ်နဲ့"

"ဘယ့်နှယ် မလုပ်ရမှာလဲ၊ ရွှေဒေါင်းရေ မင်းဟာမင်းခူးပြီး အိမ်လာပို့ကွာ"

"ဘာတွေ ခူးခဲ့ရမလဲ ဆရာထက်"

"စားရတာ အကုန်သာခူးကွာ နော"

"ဟုတ်ကဲ့"

"ဒါတွေကို မင်းသွင်းတော့ ဘယ်မှာ သွင်းရလဲ"

"ကျွန်တော် ဘာမှ လှည့်မကြည့်ဘူးအစ်ကို လာကောက်ကြတဲ့ သူတွေနဲ့ ရွှေဒေါင်းတို့ သူတို့ဟာ သူတို့ ဈေးစကားပြော ရောင်းကြ၊ ဝယ်ကြတာပဲ"

"ယုံရရဲ့လား လူတွေက ..."

"ဒီကောင်တွေက သစ္စာရှိတယ် အစ်ကို၊ နှစ်ယောက်ရှိသေးတယ်လေ တာတီးနဲ့ ဝက်သိုး၊ အခု သူတို့က ရန်ကုန်မှာ လိုအပ်တဲ့ ပစ္စည်းလေးတွေ သွားဝယ်နေကြလို့ မရှိတာ"

"ဒီရွာက လူတွေနဲ့ မင်းကတော့ သိပ်အဆင်ပြေနေပြီပေါ့"

"ဟုတ်တယ်၊ ကျွန်တော် ဒီရွာလေးက မခွာချင်တော့တာ ကြည့်လေ"

စိုက်ဘောင်များကြားမှ နန်းထွေး ကျွန်တော်တို့ဆီကို ပြေးလိုက်လာရင်း

"အစ်ကို မတရားဘူး၊ အစ်မနဲ့ ကလေးတွေကိုတော့ ခေါ်မလာဘူး"

ထက်အောင်နိုင်က ကျွန်တော်နန်းထွေးကို စကားမပြန်ရသေးခင် ကျွန်တော် ဒီကိုရောက်လာဖြစ်သည့်အကြောင်းကို တဟားဟား ရယ်ကာ ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ထွေးရ အစ်ကိုကတို့နေခဲ့တဲ့ အိမ်ရှေ့မှာ တို့ကို သတိရလို့ ရပ်ကြည့်နေမိတာကို အမျိုးသမီးကြီးက မသင်္ကာတဲ့ အကြည့်နဲ့ ကြည့်ပြီး ထွက်ကောလို့တဲ့လေ"

"အဲဒီအမျိုးသမီးက ချောလား ဘယ်အရွယ်လဲ ဟင်"

"အေး အေး ဟုတ်တယ်၊ အဲဒီအချက်ကို မေးဖို့ မေ့နေတယ် ဟုတ်တယ်"

"တော်ကြစမ်းပါကွာ၊ ကဲ နေပူတယ်၊ နေပူတယ် ပြန်မယ်"

"ကိုနိုင်ရေ ထမင်းစားဖို့အတွက် ဘာဟင်းစီစဉ်ပေးရမလဲ ဟင်"

"ထွေး ကြိုက်သလို စီစဉ်လေ၊ တို့ကတော့ ထန်းရည်ချိုကလေးနဲ့ ဇည့်ခံမှာမို့ အမြည်းကောင်းကောင်းကလေးပေါ့ကွာ၊ အစ်ကို စိတ်မဆိုးနဲ့နော်"

"လူကြီးဆိုတော့ သည်းခံပါတယ် မောင်နိုင်ရာ ဟဲဟဲ"

ကျွန်တော်တို့ အိမ်နားရောက်လာသည်နှင့် သူတို့မွေးစားသား ဘဲလူးနှင့် ချောမောင် ကျွန်တော်တို့နားအရောက် ပြေးလာသည်။ သူတို့ထက် ဦးရောက်လာသူက အင်းခွေးကြီးရမ်ဘို။

"မင်းတို့နှစ်ကောင် ရာဟု ထန်းတဲကိုသွား ငါသောက်နေကျ အပင်က ထန်းရေကို တစ်ကျည်တောက် ပေးလိုက်စမ်းပါလို့ပြော"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ထက်အောင်နိုင် စကားဆုံးသည်နှင့် ချာတိတ်နှစ်ကောင်မှာ တာမှလွှတ်လိုက်သော အပြေးသမားများလို ပြေးထွက်သွားကြပါသည်။ ရမ်ဘိုကြီးက သူ့သခင်ကို ခုန်ခုန်ဖက်တက်နေသည်။

"ရမ်ဘို တော်ပြီကွာ၊ ကဲ အိမ်ပြန်စမ်း"

ရမ်ဘိုဆိုသော အင်းခွေးကြီးမှာလည်း ဘဲလူးနှင့် ချောမောင် ကဲ့သို့ပင် ထက်အောင်နိုင် စကားဆုံးသည်နှင့် အိမ်ဆီ အရောက်ပြေးပါတော့သည်။ နန်းထွေး ဟင်းချက်စရာ စီမံနေခိုက်တွင် ထက်အောင်နိုင်က သူ 'လက်ယက်စမ်း' သို့ ပြောင်းလာဖြစ်ပုံကို ပြောပြသည်။



"ကျွန်တော် ရန်ကုန်မတူသော ပန်းနှစ်ပွင့် ဗီဒီယိုကားရိုက်ဖို့ ဒါရိုက်တာနဲ့ လိုကေးရှင်းလာကြည့်တုန်းက ဒီလက်ယက်စမ်းကို ပထမဦးဆုံး စရောက်ဖူးတာ အစ်ကိုရ၊ ကားလာရိုက်ကြတော့ လေးငါးဆယ်ရက် ဆက်တိုက်နေဖြစ်သွားတယ်။ အဲဒီမှာ ရင်းနှီးလာရတဲ့သူကတော့ ကိုကျော်ဝင်းပေါ့။ သူက ကျွန်တော် ဘာအလိုရှိသလဲ လိုသမျှကို ပစ္စည်းပစ္စယဖြစ်ဖြစ်၊ လူဖြစ်ဖြစ် တိရစ္ဆာန်က အစပေါ့။ အကုန်ရှာပေးတယ်။ သူ့ပါးစပ်က တစ်ခွန်းပြောလိုက်ရင် ရွာသားတွေကလည်း ရအောင်ကို ရှာကြံပေးကြတယ်။ အဲဒီကတည်းက ဒီရွာကလူတွေရဲ့ ရိုးသားမှု၊ နှာခံတတ်မှုတွေကို ကျွန်တော် သဘောကျခဲ့မိတာ။

ဒုတိယ တောဇာတ်ကလေးတစ်ပုဒ်ရိုက်ဖို့ ကြုံလာပြန်တော့ လက်ယက်စမ်းမှာရိုက်ဖို့ပဲ ကျွန်တော် ထပ်ရွေးမိပြန်တာမို့ ဒီရွာနဲ့ ကျွန်တော်က ပိုပြီးရင်းနှီးသွားရာက စကားစပ်မိပြီး ဒီခြံတွေကို ဝယ်ဖြစ်သွားရော၊ ခြံရှိပြီဆိုတော့ မကြာမကြာကို ရောက်ရောက်လာခဲ့တယ်။ အဲဒီမှာတင် ဆရာကြီးပြောတဲ့စကားကို ပြန်ပြီး အမှတ်ရလာတယ်။ ဆရာကြီးက ပြောတယ်လေ၊ မင်း ချက်ချင်းသူဌေးဖြစ်ချင်သလားတဲ့၊ ချက်ချင်းသူဌေးဖြစ်တဲ့နည်းက မင်းထက် အများကြီး ဆင်းရဲသူတွေချည်းနေတဲ့ အရပ်ကိုသာ ပြောင်းသွား၊ မင်းဟာ အဲဒီအရပ်မှာ ချက်ချင်းကြီးကို အဌေးဆုံးလူ ဖြစ်သွားလိမ့်မယ်တဲ့ အစ်ကိုရ"

"ဒါဆို မင်းက မင်းဆရာကြီးပြောတဲ့ နည်းအတိုင်း သူဌေးဖြစ်လုပ်တာပေါ့"

"တိုက်ရိုက်ကြီးမဟုတ်ပေမယ့် တွန်းအားပေးတဲ့ထဲမှာ ဆရာကြီးစကားရယ်၊ ဒီရွာက လူတွေအပေါ် ခင်မင်တာရယ်၊ ပြီးတော့ အစ်ကိုပဲ စဉ်းစားကြည့် ပွဲစားလုပ်တုန်းက ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောရတယ်၊ ကျောက်သမားဘဝကျပြန်တော့ အသက်နဲ့ရင်းရတာတွေရှိတယ်။ ဗီဒီယိုလုပ်ပြန်တော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အောက်ကျရတာတွေနဲ့ ကြုံရပြန်ရော"

www.burmeseclassic.com



"သဘောပေါက်ပြီ၊ သဘောပေါက်ပြီ ခုတော့ ပျော်ရဲ့လား"

"တကယ့်ကို ပျော်တယ်အစ်ကို၊ မြို့ပြမှာနေတုန်းက အကျင့်ဆိုးတွေကို မဖယ်ရှားနိုင်ခင်ကလေးမှာတော့ အသားမကျသလိုပဲ၊ ဒါလည်း ဆိုင်ကယ်လေးနဲ့ လင်မယားနှစ်ယောက် ရန်ကုန်စီးချသွားရင် ဘာကြာတာမှတ်လို့ အစ်ကိုရာ မြို့ပြအရသာဆိုတာက ပိုက်ဆံနဲ့ ဝယ်လို့ ရတယ်လေ"

"ငါတောင် မင်းကို အားကျလာပြီ မောင်နိုင်ရေ"

"ဒီမယ်အစ်ကို အခု ကျွန်တော့်ဘဝ အစ်ကို့မျက်မြင်ပဲလေ။ နန်းထွေးဆိုရင် ကိစ္စကြီးငယ်ရှိလို့ ရန်ကုန်ကို သွားစရာပေါ်ရင်တောင်မှ ဒီမှာရှိနေတဲ့ သစ်ပင်တွေ တိရစ္ဆာန်တွေရဲ့ သံယောဇဉ်ကြောင့် သွားချင်တော့တာမဟုတ်ဘူး"

"အောင်မယ် ဒီထိတောင်ပဲလား ဟား ... ဟား"

"တကယ် အစ်ကို တကယ်၊ အဲဒီအရသာက ကိုယ်တိုင်မှသိတာ၊ ဘောက်ထော်လို နေရာမျိုးမှာ ကျွန်တော်လိုကောင်က ဘယ်အဆင့်ရှိမှာလည်း၊ ကိုယ့်ထက်ချမ်းသာတဲ့ လူတွေချည်းပဲ မဟုတ်လား"

"ဦးနိုင် ဦးနိုင် ဟိုမှာ ဦးနိုင် မိတ်ဆွေကြီး ရောက်နေပြန်ပြီ လာလာ"

အူယားဖားယားပြေးလာသည့် ဘဲလူးဆိုသော ကုလားကလေး စကားကြားသည်နှင့် ထက်အောင်နိုင်သည် မီးဖိုဆောင်ထဲသို့ ပြေးဝင်သွားသည်။ သူပြန်ထွက်လာသောအခါ သူ့လက်ထဲတွင် လေသေနတ်တစ်လက် ပါလာ၏။ ဦးနိုင်မိတ်ဆွေကြီးဆိုသော စကားနှင့် သေနတ်ကို ဆက်စပ်ခါ ကျွန်တော်မျက်စိလည် သွားရသည်။ လူမဟုတ်နိုင်သည်ကိုမူ ကျွန်တော် ရိပ်မိသလိုရှိပါသည်။ သူက ကျွန်တော့်အား "အစ်ကို ခဏ ခဏ" ဟုပြောကာ ကုလားကလေး ဘဲလူးနောက်သို့ ပြေးလိုက်သွားတော့သည်။

"ကရော့ ကရော့ ကု(ဒ်) ထု(ဒ်)"



စိတ်ကြိုက်ကနေသော ကြက်ဆင်ထီးကြီးကိုကြည့်ကာ သတ္တဝါများတွင် အထီးနှင့်အမ၊ အထီးများက ဘာကြောင့် လှကြရသည်ကို မဆီမဆိုင် ကျွန်တော်တွေးရင်း ကျန်ခဲ့ရသည်။ ဒေါင်းဖို ဒေါင်းမ၊ ယခု ကြက်ဆင်ထီးကြီးနဲ့ ကြက်ဆင်မ၊ ခြသေ့ံထီးနှင့် ခြသေ့ံမ၊ ကြက်ထီးနဲ့ ကြက်မ စသည် စသည်များ။ ကျွန်တော် စဉ်းစားခန်းမဆုံးမီ

ဘဲလူးက ခွန်ကြီးကို မဆိတ်မကုတ်နိုင်စေရန် ချုပ်ကိုင်၍ လည်းကောင်း၊ ချောမောင်က ထန်းရည် ကျည်တောက်ကြီးကို ဆွဲ၍ လည်းကောင်း၊ ထက်အောင်နိုင်က လေသေနတ်ကို ထမ်းကာ အောင်နိုင်သူကြီး တစ်ယောက်အဖြစ်လည်းကောင်း ဂုဏ်ယူဝင့်ကြွားစွာ ရောက်လာကြပါသည်။

"မင်းမိတ်ဆွေကြီးဆိုတာ ဒီကောင်ကြီးကိုပြောတာလား"

"ဟုတ်တယ် အစ်ကိုရ၊ ဒီကောင်ကြီးက မချစ်ရ သရက်ပင်မှာ စွဲနေတဲ့ ပျားအုံကို လာလာဖွဲ့ဖို့ ကြိုးစားနေတာ။ ကျွန်တော်တို့ကလည်း သူ့ကိုချောင်းနေတာ ကြာပြီလေ"

"ဦးနိုင် ဒီကောင်ကြီး အတောင်ကို မှန်တာဆိုတော့ ပျောက်အောင်ကုပြီး မွေးထားရင် ရတယ်ဗျ၊ ခွန်ခေါင်းဖြူက ရှားတယ်၊ လှလည်း လှတယ် ဦးနိုင်ရာ မွေးထားရအောင်"

"ဟုတ်တယ် ဦးနိုင်"

ဘဲလူးစကားကို ချောမောင်က စိတ်ထက်သန်စွာ ထောက်ခံသည်။

"အေးပါကွာ မင်းတို့ ကြိုက်သလိုလုပ်ကြ"

ချာတိတ်နှစ်ကောင်သည် ခွန်ကြီးခြေထောက်တွင် ကြိုးဖြင့် ချည်ကာ ကြည့်မဝနိုင်အောင်ရှိနေကြသည်။ ဒေါသထွက်နေသော ခွန်ခေါင်းဖြူကြီးမှာ အတောင်ကြီးဖြန့်ကာ ရန်းလိုက်၊ နှုတ်သီးကောက်ကြီးဖြင့် ကြိုးကို ဆိတ်လိုက်လုပ်နေသည်။ ကြိုးချည်ထားသော အင်းခွေးကြီးရန်ဘိုက ခွန်ကြီးကိုကြည့်ကာ တဝေါင်းဝေါင်း

www.burmeseclassic.com



ဟောင်နေသလို ကြက်ဆင်ထီးကြီးကလည်း ကြက်ဆင်မရှေ့တွင် ဟန်ရေးပြကာ ကရော့ ကရော့ ထု(ဒ်) ထု(ဒ်) ခြေဖျားထောက် အတောင်ကြီးကားလျက် အော်နေသည်။ ယုန်ကလေးများက လှောင်အိမ် သံဇကာများထဲမှ ကြောက်ရွံ့နေကြသော မျက်လုံးကလေးများဖြင့် ခိုးကြည့်နေကြသည်။ ခွန်ကြီးက တဖြန်းဖြန်း ရှန်းနေဆဲ။

"ဝေါင်း ဝေါင်း ဝေါင်း"

"ရမ်ဘို နားငြီးတယ်ကွာ တိတ်စမ်း"

သခင့်အော်သံကြားလိုက်ရသော အင်းခွေးကြီးသည် ရှေ့ခြေလက်နှစ်ချောင်းပေါ်တွင် မေးကိုတင်ကာ ဝင်အိပ်သွားရှာသည်။

ထက်အောင်နိုင်သည် သူ၏ပတ်ဝန်းကျင်တွင် တိရစ္ဆာန်ပေါ်ထိ ဩဇာလွှမ်းမိုးနေနိုင်သူဖြစ်လို့ နေချေပြီ။ သူ လက်ယက်စမ်းတွင် ပျော်နေသည်ကို မအံ့ဩတော့ပါ။

* *

ဖော်မိုက်ကာစားပွဲနားတွင် နန်းထွေးက ဦးဆောင်ဦးရွက်ပြုကာ မိန်းကလေးနှစ်ယောက် ဘဲလူးနှင့် ချောမောင်တို့ လှုပ်ရှားနေကြသည်။ အတန်ငယ်ကြာသောအခါ

"ကဲ လာအစ်ကို ထန်းရည်ကလေး မြည်းလိုက်စမ်းပါ"

ဖန်ချိုင့်ကြီးထဲမှာ ထန်းရည်များကို ဖန်ခွက်နှစ်ခွက်ထဲသို့ ဖြည့်ကာ ကျွန်တော့်ကို အမြှုပ်ကလေးများ ပုစွန်ဆိတ်ခုန်နေသော ဖန်ခွက်အား လှမ်းပေးသည်။ ကျွန်တော် ထက်အောင်နိုင်လက်မှ လှမ်းယူကာ နှုတ်ခမ်းတေ့ စုပ်ကြည့်လိုက်သည်၊ ချိုရှရှနှင့် သောက်၍ကောင်းမည့် ထန်းရည်အကောင်းစားဟု လက်ခံသွားမိသည်။

စားပွဲပေါ်တွင် ကြက်ကြော်၊ အာလူးကြော်၊ ကြက်ဥ ဟပ်(စ်)ရိုက်၊ သီဟိုဠ်စေ့ စုံလှသည်။ ကျွန်တော်က သီဟိုဠ်စေ့ပန်းကန်ကို လှမ်းနှိုက်သောအခါ ...

"ထွေးရေ မနေ့က ဘဲလူးတို့လှော်ပေးထားတဲ့ သီဟိုဠ်စေ့တွေရှိ



တယ် ဟုတ်လား၊ အစ်ကိုပြန်ရင် ပေးဖို့လုပ်စမ်းပါကွာ"

"မောင်နိုင် တော်ပြီကွာ မလုပ်နဲ့ နန်းထွေး"

"အို သီဟိုဠ်စေ့က ဒီမှာပေါပေမယ့် ဝယ်စားရရင် ဈေးကြီးတယ် အစ်ကိုရ"

"ဝေါင်း ဝေါင်း ဝေါင်း"

အထာသိနေသော ထက်အောင်နိုင် ခြံတံခါးဆီကို လှမ်းကြည့်လိုက်ပါသည်။ ခြံဝတွင် လူလေးငါးယောက် ရပ်နေကြပါသည်။

"ဟာ ကိုကျော်ဝင်း ဝင်ခဲ့လေဗျာ၊ ချောမောင် တံခါးသွားဖွင့်ပေး"

ကိုကျော်ဝင်းဆိုသူ ဦးဆောင်ကာ လူလေးငါးယောက် ဝင်လာကြသည်။ ထက်အောင်နိုင်က ထိုင်ရာမှ မထဘဲ ဆီးမေးသည်။

'ဆို ဘာလုပ်ပေးရမလဲ"

"ရွာဘုံကထိန်အတွက် လာအလှူခံတာကိုနိုင်ရ၊ ညှို့သည် ရောက်နေတာမြင်လို့ လှည့်ပြန်ကြတော့ မလို့ဗျ၊ ကိုနိုင် လှမ်းမြင်သွားလို့"

"ညှို့သည်မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အစ်ကိုပါ ထွေးရေထွေး"

နန်းထွေးရောက်လာသည်နှင့် အလှူငွေနှစ်သောင်းထည့်ဖို့ ပြောပြီး ပိုက်ဆံ အယူခိုင်းလိုက်သည်။ အလှူခံလာသူတို့ခမျာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သူတို့မျက်နှာများတွင် အံ့ဩမှုတို့ယှက်ဖြာနေသည်ကို ဖုံးဖိလို့ မရနိုင်ကြဘဲ ရှိနေရှာကြသည်။ ကျွန်တော့်စိတ်ထဲတွင် မြို့မှာဆိုလျှင် ထိုငွေနှစ်သောင်းသည် ...

"ခင်ဗျားတို့ကလည်း ထိုင်ကြလေဗျာ၊ လူစိမ်းတွေကျနေတာပဲ"

စားပွဲပေါ်မှ စားစရာများနှင့် ထန်းရည်ဖန်ချိုင့်ဖန်ခွက်များကို ကြည့်၍ အားနာဟန်ဖြင့် ဖွတ်ငြင်းကာ မထိုင်ဘဲ မတ်တတ်ရပ်လျက်သည်တိုင်းစောင့်နေကြသည်။ နန်းထွေး အလှူငွေ နှစ်သောင်းယူလာမှ

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အလှူခံစာအုပ်တွင် ရေးမှတ်ခြင်းကိုပြုကာ သူတို့ထဲမှ အသက်အနည်းငယ်ရသူက ထက်အောင်နိုင်လို ပုဂ္ဂိုလ်မျိုး လက်ယက်စမ်းသို့ ရောက်လာရသည့်အတွက် ဆရာတော်မှအစ တစ်ရပ်ရွာလုံးက ဝမ်းသာကြကြောင်း ထက်အောင်နိုင်တို့ လင်မယား အကူအညီလိုပါကလည်း တစ်ရွာလုံးက အကူအညီပေးကြမှာ ဖြစ်ကြောင်းများ၊ ကျေးဇူးတင်စကားများ ပြောကြားကာ ရည်လျှားသော ဆုများ ပေးလျက် သာဓုခေါ်ကာ ပြန်သွားကြလေသတည်း။

* *

ညနေ ထမင်းစားသောက်ပြီးမှ ရန်ကုန်သို့ ပြန်မည်ဆိုသည်နှင့် ကျွန်တော့်ကား နောက်ဖုံးထဲတွင် စိုက်ခင်းထဲမှ ပန်းဂေါ်ဖီများ၊ ရှေ့ခန်းတွင် ကြက်ဥနှင့် သီဟိုဠ်စေ့လှော်ထုပ်၊ ကျွန်တော် ကားစက်နှိုးလိုက်သောအခါ စက်က နှိုးမရတော့ပါ။ ကျွန်တော့်ပါးစပ်က "တွန်းနှိုးမှရတော့မယ်" ဟု ညည်းလိုက်သည်နှင့် ထက်အောင်နိုင်က သူ့ညာလက်ရှန်းနှစ်ယောက်ကို အချက်ပြလိုက်ပါသည်။ ဘဲလူးနှင့် ချောမောင်တို့ ပြေးထွက်သွားကြသည်။ ဘာမှ မကြာလိုက်ပါချေ။ သူတို့နောက်တွင် ကားတွန်းရန် လူတစ်အုပ်ကြီး ပါလာပါတော့သည်။

ထက်အောင်နိုင်တို့အိမ်မှ ခြံဝဆီသို့ အင်္ဂတေလမ်းက မော့တက်နေသော်လည်း ကျွန်တော့်ကားအား ဝိုင်းတွန်းကြသော လူနှင့်ကားကို ကြည့်လိုက်ပါမူ ထမင်းလုံးအား ပုရွက်ဆိတ်တို့ ဝိုင်းချီသွားသည်နှင့် တူနေပါလိမ့်မည်။

ကျွန်တော့်ကားသည် လူအုပ်ကိုကြောက်၍ လန့်နိုးသည်လားမသိ၊ ခြံဝသို့မရောက်ခင် "ဂူး" ခနဲ နိုးရရှာသည်။ "ဟေး" ခနဲ ဝိုင်းအော်လိုက်ကြသော အော်သံများက ထက်အောင်နိုင်၏ ခြံကြီးထဲတွင် ပွက်ပွက်ညံသွားလေတော့သတည်း။

ကျွန်တော် ထက်အောင်နိုင်၊ နန်းထွေးတို့နှင့်အတူ ကား ဝိုင်းတွန်းပေးကြသူများကိုပါ လက်ပြလျက် ချမ်းမြေ့ရိပ်မြုံ ခြံကြီးထဲမှ ကားကို မောင်းထွက်လာခဲ့သည်။



ကျွန်တော် အပြန်လမ်းတစ်လျှောက်တွင် ထက်အောင်နိုင်၏ အိမ်၌ သည်ကနေ့ နေလာခဲ့စဉ် တွေ့မြင်ခဲ့ရသမျှ အရာအားလုံးကို တစ်ကွက်ပြီးတစ်ကွက် တစ်ခုချင်းတစ်လှည့်စီ ပြန်လည် မြင်ယောင်နေသည်။

ကားဟွန်းကို တတီတီ တီးစဉ်က ထွက်လာသော ဘဲလူးနဲ့ ချောမောင်၊ ကြက်တိုက်နေကြသော ချာတိတ်များ၊ ထက်အောင်နိုင်အမိန့်ကို နာခံသော အင်းခွေးကြီးရမ်ဘို၊ ကြက်ဆင်မနားမှာ ကနေသည့် ကြက်ဆင်ထီး၊ မှန်ကန်ထဲတွင် ထက်အောက်ဝဲယာဆီသို့ မရပ်မနား ကူးခတ်နေကြသည့် ရွှေငါးကလေးတွေ၊ လှောင်အိမ်ထဲတွင် ကန်စွန်းရွက်များ စားလျက် ကြောက်ရွံ့သော မျက်လုံးကလေးများဖြင့် ပြင်ပသို့ ချောင်းကြည့်နေတတ်သော ယုန်ကလေးတွေ။ ခြေထောက်တွင် ချည်နှောင်ထားသော ကြိုးကို ဒေါသတကြီး ကိုက်ဖြတ်ရင်း အတောင်ကို တဖြန်းဖြန်းခတ်လျက် ရုန်းထွက်နိုင်ရန် ကြိုးစားနေသော ဇွန်ခေါင်းဖြူကြီး၊ စိုက်ခင်းထဲမှ ရွှေဒေါင်း။

ထက်အောင်နိုင် ပါးစပ်မှ ငွေနှစ်သောင်းလှူမည်ဆိုသော စကားကို ကြားလိုက်ရစဉ် ဝမ်းသာပီတိကို ဖုံးဖိမရနိုင်ရှာကြဘဲ ပလတ်စတစ် ကုလားထိုင်များတွင်ပင် ဝင်မထိုင်ရှာသော နိဗ္ဗာန်ဆော်များနှင့် သူတို့ထံမှ တုန့်ပြန်စကားများ။

နောက်ဆုံးတွင် ကျွန်တော်ရောက်သွားသည့်အချိန် နာရီမှစ၍ တောက်လျှောက် စက္ကန့်မလပ် ပျော်ရွှင်မြူးတူးလျက် ကြည်လင်ဝင်းပစွာ မြင်တွေ့နေရသော ထက်အောင်နိုင်၏မျက်နှာ ...

"မင်းရဲ့ဆရာ ဦးအုပ်ကြီးပြောသလို မင်းဟာ လက်ယက်စမ်းမှာ ပြိုင်ဘက်ကင်းတဲ့ သူဌေးကွ၊ မြို့ပြမှာသာဆိုရင် မင်းဟာ ..."

ထက်အောင်နိုင်နှင့်ပတ်သက်ပြီး ကျွန်တော့်ခေါင်းထဲသို့ စီးပင်

www.burmeseclassic.com

www.burmeseclassic.com



လာသော အသိတရားများက ...

– လောကမှာ တပ်မက်မှု အလိုဆန္ဒမရှိဆုံးသူဟာ အပြည့်စုံဆုံး။
– အရာရာတို့ကို သည်းခံခွင့်လွှတ်နိုင်ဆုံးသူဟာ အရဲရင့်ဆုံး။
– မကောင်းမှုဟူသမျှကို မပြု၊ ကောင်းမှုဒ္ဓသာ မွေ့လျော်သော သူဟာ အမြင့်မြတ်ဆုံးဟူ၍ ဖြစ်ပါတော့သည်။

မှခမဂ္ဂဇင်းမှ

●

# ဂေါ်ကြီး

လူမှန်းသိစအရွယ်ကစလို့ မြင်တွေ့ ပေါင်းသင်း ဆက်ဆံလာခဲ့ရတဲ့ လူတွေ၊ အသားအရောင်၊ ပုံသဏ္ဍာန်၊ လူနေမှုစနစ်၊ လူတန်းစားတဲ့၊ အလွှာတဲ့၊ ကန့်သတ်ခွဲခြားထားကြရလောက်အောင် မတူညီမှုတွေ ရှိနေကြတယ်။

ပိုင်ဆိုင်မှုဥစ္စာနေချင်း၊ ကိုင်တွယ်သုံးစွဲနေကြတဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ဝတ်ဆင်ကြတဲ့ အဝတ် တန်ဆာတွေဆိုတာ လည်း အမျိုးအစားနဲ့ အဖိုးသားနားတွေက ယှဉ်မရအောင် ကွာဟနေကြတယ်။

လက်ဝတ်ရတနာလို ပစ္စည်းမျိုးတွေကျတော့ ယှဉ်ကြည့်စရာကို မရှိသူက မရှိကြတော့ဘူး။ သူတို့ကိုယ်ပေါ် မတင်ဖူးရုံမက မမြင်ဖူး မကြားဖူးကြတဲ့အထိပဲပေါ့။ ဒါပေမဲ့ ဘယ်လိုပဲ အဟပ်ကွာနေကြပါစေ လူဟာ လူပါပဲ။ အဲဒီဆင်းရဲချမ်းသာ လူအားလုံးကို ခြုံပြီး အုပ်စုခွဲမယ်ဆိုရင်တော့ လူနှစ်မျိုးနှစ်စား နှစ်အုပ်စုပဲ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်စုက ဆင်းရဲသူပဲဖြစ်ဖြစ်၊ ချမ်းသာကြသူပဲဖြစ်ဖြစ် သူတို့ ခံယူထားကြတာက လူဆိုတာ အသက်နဲ့လူလုပ်တာ မဟုတ်ဘူး။ အရှက်သိက္ခာနဲ့ လူလုပ်ကြတာ။ သစ္စာမဲ့ရမှာကို ရှက်ကြောက်ကြတဲ့အုပ်စု။

ကျန်တစ်အုပ်စုက အရှက်ဆိုတာ ဘာလဲ။

ငွေကြေးနဲ့ အောင်မြင်မှုသာရ၊ အရှက်သိက္ခာနဲ့သစ္စာဆိုတာ ထည့်မစဉ်းစားဘူး။ အောင်မြင်မှုနဲ့ ငွေကြေးပြည့်စုံနေရင် ကဲ့ရဲ့ ပြစ်တင်ကြမယ့် ပါးစပ်တွေပိတ်ကုန်မယ်။ အ,ကုန်ကြလိမ့်မယ်။ ရှက်စရာဆိုတာ ရှက်ချင်လို့ ရှက်ချင်ရင်တောင် မရှက်တတ်တော့လို့ အတော်ပြန်ကျင့်ရဦးမှာလို့ သဘောပိုက်ထားတဲ့အုပ်စု။

ကတယ်တော့ အရှက်တရားဟာ လူ့သိက္ခာ၊ လူ့တန်ဖိုးကို မပွန်းမရှရအောင် ကာရံစည်းတားထားတဲ့ စည်းဘောင်ကြီးပါပဲ။

ငွေကြေးပြည့်စုံပြီး ချမ်းသာကြွယ်ဝကြတာ၊ ဆင်းရဲကြမ်းတမ်းတဲ့ ဘဝတွေမှာ ကျင်လည်နေကြရတာက ရှေးဘဝအတိတ်ကံနဲ့ ပစ္စုပ္ပန်ကာလမှာ ကြိုးပမ်းအားထုတ်ကြတဲ့ လုံ့လဝီရိယနဲ့ ဖွဲ့သတ္တိတွေကြောင့် ရရှိခံစားကြရတဲ့ အနေအထားတွေပါ။

ဒီကနေ့ ဥစ္စာပစ္စည်းပြည့်ပြည့်စုံစုံ လူနေမှုအဆင့်အတန်း မြင့်မြင့်နဲ့ ဒါန သီလတွေပါ ပြည့်စုံပြီး အရှက်ကို အသက်လို တန်ဖိုးထားကြသူတွေ အများကြီးရှိတာပါပဲ။

လူတိုင်းမှာ ရှိသင့်တာ ငွေကြေးဥစ္စာမဟုတ်ပါဘူး။ အရှက်နဲ့ သိက္ခာပါ။ ငွေကြေးဥစ္စာက တရားသဖြင့် ရှာရမယ့်အရာ။ အရှက်နဲ့ သိက္ခာက စောင့်ထိန်းရမယ့်အရာပါ။

* *

ကျွန်တော့်မိသားစု ရန်ကုန်ကနေ သန်လျင်ကို ပြန်ပြောင်းကြတော့ ရန်ကုန်မှာလုပ်တဲ့အိမ်ဖော်မလေးက သန်လျင်ကို မလိုက်ခဲ့လို့ အိမ်ဖော်အသစ် ထပ်ရှာရတယ်။ ကျွန်တော့်အဖို့ကတော့ ကျွန်တော့်



ဇာတိ မွေးရပ်မြေကို ပြန်ရောက်လာရပြီးမို့ ဘာဆိုဘာမှ မလိုဘူးလို့ယူဆလို့ ဘာအိမ်ဖော်မှ ရှာမနေဖို့ ကန့်ကွက်ပေမယ့် ဇနီးနဲ့ သမီးတွေကလည်း အိမ်မှာ သူတို့မရှိနိုင်ကြတော့ အိမ်ဖော်လိုတယ်ဆိုပြီး ခေါ်ကြတယ်။

အဲဒီမှာ အသက် ၁၂ နှစ်ရှိတဲ့ ကျပ်မပြည့်တဲ့ အူတူတူ ချာတိတ်ကလေးက အလုပ်လုပ်မဲ့ အဒေါ်လုပ်သူနဲ့ပါလာတယ်။ သူတို့လုပ်ကြရမယ့် ပုံစံကလည်း ချက်ပြုတ်ပြီးတာနဲ့ပြန်ဆိုတော့ နေ့ဝက်ပဲရှိတယ်။ တောင်းတဲ့ လစာက နင့်နေတော့ ကျွန်တော်က မကြည်ဘူး။ ခက်တယ်လေ ... သူတို့တွေ အလုပ်သွားနေကြရတာ ဆိုတော့ အိမ်ဗာဟီရမများပေမဲ့ ကျွန်တော် မလုပ်သင့်တဲ့ အလုပ်တွေကရှိနေတော့ ဘာမှဝင်မပြောတော့ဘူး။

အဲ ... ကောင်ကလေးကိုတော့ အပိုသက်သက်မို့ မခေါ်ဖို့ ပြင်းပြင်းထန်ထန်ပဲ ကန့်ကွက်မိတယ်။ ဒါပေမဲ့ အဲဒီကောင်လေးဘဝ သိရပြန်တော့ သနားပြီး သူတို့လက်ခံတာကို ဥပက္ခာပြုနေလိုက်ပါတယ်။

ကောင်လေးနာမည်က စည်သူလင်း အသက် ၁၂ နှစ်၊ ဟိုး .. တောခေါင်ခေါင်မှာ ပထွေး အရက်သမား နှိပ်စက်တာကို မကြည့်ရက်လို့ အဒေါ်လုပ်သူက ဆင်းရဲရှာတဲ့ကြားထဲက ဒီမှာ ခေါ်ကျွေးထားရသတဲ့။ ပြီးတော့ ချာတိတ်က အူတူတူ ကြောင်တောင်တောင် ကျပ်ပြည့်ပုံမရ။ သူ့ကြည့်လိုက်တိုင်း ပြုံးစိစိနဲ့။

အမှန်ပြောရရင် အိမ်အလုပ်တွေကို ကျွန်တော်လုပ်နေရင် ပတ်ဝန်းကျင် အမြင်မတော်မှာမို့ လက်ခံလိုက်ရပေမဲ့ သူတို့တွေကို စိတ်ပျက်လို့ ပထမတော့ ကင်းကင်းပဲနေတယ်။ ရန်ကုန်မှာလည်း ကျွန်တော်က တစ်ယောက်တည်းနေသမားပဲ။ ဒါပေမဲ့ စည်သူလင်း ရောက်လာတဲ့အတွက် အပျော်ကြီးပျော်ပြီး သူ့အတွက် ကစားဖော်ရသွားသူက ကျွန်တော့်အချစ်တော်ခွေးကလေး စနူပီ။

www.burmeseclassic.com

www.burmeseclassic.com



စည်သူလင်းဆိုတဲ့ ချာတိတ်က ရောက်ရောက်ချင်း လူကြီးတွေ အလုပ်ကိစ္စပြောနေတာ ဘာတစ်ခုမှ စိတ်မဝင်စားဘဲ စန္ဒပီကို ဖက်လိုက် နမ်းလိုက်၊ စန္ဒပီကည်း သဘောတွေကျလို့။

အဲဒီအူတူတူငနဲလေးနာမည်က စည်သူလင်းနော် ... ။

ဒါပေမဲ့ ကျွန်တော့် အပါအဝင် အိမ်သားတွေပါးစပ်မှာက ကျွန်တော့် မိတ်ဆွေကြီး ကာတွန်းကိုဌေးကြည်ရဲ့သား နိုင်ငံကျော်လေး 'စည်သူလွင်' ကိုပဲ စွဲနေကြလေတော့ ချာတိတ်ကိုခေါ်ရင် စည်သူလွင်လို့ချည်း ခေါ်ခေါ်နေမိတယ်။

ဒီကောင် အူတူတူလေးက ၁၂ နှစ်ရှိတယ်သာဆိုတယ် စကားကို မေးလွန်းမှ အဆက်အစပ်မရှိ ဖြေချင်ရာကနေ ကောက်ဖြေတယ်။ များသောအားဖြင့်က ခေါင်းညိတ်ခေါင်းခါနဲ့ 'သိဘူး' ဆိုတာသာ ပြောတဲ့ ချာတိတ်။ သူ့ကို တာဝန်ပေးထားတဲ့ တံမြက်စည်းကိုတောင် ဖြောင့်ဖြောင့်လှည်းတတ်သလားမေး၊ ဝေးသေးဗျာ ...

သူရောက်လာတာနဲ့ တံမြက်စည်းနဲ့ အမှိုက် (ကော်) ဂေါ်ကြီးကို ကောက်ကိုင်တော့တာပဲ။ ညာလက်နဲ့ တံမြက်စည်းလှဲ၊ ဘယ်လက်မှာက အမှိုက်ဂေါ်ကြီးကို ကိုင်လိုက်လို့။ မလိုအပ်သေးဘဲ အညောင်းခံပြီး ကိုင်မထားနဲ့၊ ဂေါ်ကြီးကို လိုအပ်မှယူဆိုလည်း ဘယ်လိုမှ သင်မရဘူး။ သူ့အရပ်နဲ့ တံမြက်စည်းတစ်ဖက် ဂေါ်ကြီးတစ်ဖက် ကြည့်ရတာ မသက်သာလို့ ပြောတာပါ။

လှည်းပုံ လှည်းနည်းကိုကြည့်၊ တောင်ကမြောက်၊ အနောက်က အရှေ့ အဲဒီလို ငန်းတိုက်မလှည်းဘူး။ သဲပုံလေးတွေကို ဧည့်ခန်းထဲမှာတင် ဟိုနားတစ်ပုံစု၊ ဒီနားတစ်ပုံစု တစ်ပုံချင်းကို အမှိုက်ဂေါ်ထဲ လှည်းထည့် သွားသွန်၊ လှည်းထည့် သွားသွန်၊ မပြီးတော့ဘူး။ ဧည့်ခန်းတစ်ခန်းတည်းမှာတင် မပြောရင် မပြီးနိုင် မစီးနိုင်လှဲနေရော။

အဲဒါနဲ့ပဲ သူ့ကို စည်သူလွင်နဲ့ မမှားရအောင် 'ဂေါ်ကြီး' လို့ပဲ နာမည်ပြောင်းခေါ်ကြတယ်။ ဒီဂေါ်ကြီးကို မချတမ်းကိုင်လို့။



ကြာလာတော့ ဂေါ်ကြီးလှပ်ကိုင်နေပုံကို ကြည့်ကြည့်နေရတာ ဟာသစာအုပ်တစ်အုပ်ကို ဖတ်နေရသလိုမျိုး ကျွန်တော် ခံစားနေမိတယ်။ ဇနီးသည်က ဂေါ်ကြီးလုပ်ပုံတွေ စိတ်မရှည်စရာကောင်းလွန်းလို့ ဆူပြန်တော့ သူ့ကိုဆူနေရတာနဲ့မတူဘဲ ကလိထိုးအစခံနေရတဲ့ပုံမျိုးနဲ့၊ မျက်စိအစုံ ပိတ်လုမတတ်မှေး၊ သွားကလေးဖြီးပြီး ပြုံးနေတယ်လေ။ လက်ထဲက ဂေါ်ကြီးနဲ့ တံမြက်စည်းက ကိုင်လျက်ပဲ။ သူ့ခြေအစုံက အနင်းသည်လို ဘယ်ယိုင်ညာယိမ်းနဲ့ မလေးမစား လုပ်နေတာ မဟုတ်မှန်း သိနေပြန်တော့ စိတ်ဆိုးရအခက်။ သူ့ပေါ်မှာ ကျွန်တော် မညှုမစူ ကျေနပ်သွားရတဲ့အကြောင်းထဲမှာ သူရောက်လာလာချင်း ကျွန်တော့်အချစ်တော် ချွေးလေးစန္ဒပီကို မရွံမရှာ မကြောက်မရွံ့ ဖက်ရမ်းနမ်းရှုံ့တာပါတယ်။ ကျွန်တော့်ချွေးလေးကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ စာဖတ်ပရိသတ်ဟောင်းတို့ သိကြမှာပါ။ ဟိုကောင် စန္ဒပီကလည်း အဖော်တော်သမားမဟုတ်လား။ ဒီတော့ တွေ့တွေ့ချင်း လုံးထွေးပြီး ဘော်ဒါတွေ ဖြစ်သွားကြတယ်။

နောက် ရှိသေးတယ်။ မြေးမလေး ဖွေးဖွေး ရန်ကုန်ကလာတဲ့ အခါ ဂေါ်ကြီးက ကစားဖော်လုပ်ပေးတယ်။ သူက ကလေးချစ်တတ်တယ်။ လူဆိုတာ အစက်သားကလား။ သူတို့ကျေနပ်ပြီဆိုရင် ဘယ်လိုပဲ အချိုးမပြေအောင် အူတူတူလုပ်နေလုပ်နေ တဟဲဟဲပဲ ရယ်စရာထင် ကျေနပ်ခွင့်လွှတ်ကြတတ်တာမျိုး။ ဂေါ်ကြီးပေါ်လည်း အဲဒီသဘောပဲ။

စိတ်မရှည်မယ်ဆို မရှည်စရာတွေက အများကြီး။ ကြမ်းပြင်မှာ ဖုံသဲအမှိုက်၊ အပုံလိုက် ကလေးတွေစု ပြီးမှ အခေါက်ခေါက် သွန်တာ ဘာဆန်းလိမ့်မှာလဲ။ ပြောမယ် မယုံမရှိနဲ့ တကယ်။

လှေကားထစ်မှာ တံမြက်စည်းလှဲတယ်နော်။ အပေါ်ဆုံးထစ်ကနေ ဘယ်သူဖြစ်ဖြစ် အောက်ဆုံးထစ်ပေါ်ကို လှဲချလိုက်ကြမှာပဲဟုတ်လား။ ဂေါ်ကြီးက ဒီနည်းကို မကြိုက်ဘူး။ ထွင်လိုက်ပုံကြည့်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဆုံးလှေကားထစ် မျက်နှာပြင်က ဖုံသဲကို သေသေချာချာ သူ့ဂေါ်ထဲကို လှည်းထည့်၊ သွားသွန်၊ နောက် ဒုတိယလှေကားထစ် ကို လည်း ဒီနည်းအတိုင်းလှည်း၊ တတိယလည်း ဒီနည်းပဲ။ အဲဒီလို ခက်ခက်ခဲခဲ လှည်းယူသဗျ။

ကြမ်းခင်းတိုက်ပုံပြောဦးမယ်။ အဝတ်နဲ့ကိုယ်ဝဲယာတိုက်မယ်။ ရှေ့တိုက်သွားတာ နောက်ဆုတ် တိုက်သွားတာထားပါ။ ပြောင်ရင်ပြီး တာပါပဲ။ ခုတော့ ဂေါ်ကြီးတိုက်ပုံက အဝတ်စကြမ်းပေါ်ပုံချပြီးရင် လက်နှစ်ဖက်နဲ့ နောက်ဆုတ် နောက်ဆုတ် ပွတ်ဆွဲသွားတယ်။ လမ်းမှာ ဆက်တီစားပွဲခံနေမယ်၊ ကွေ့ပတ်မသွားဘူး။ ဝမ်းလျားမှောက်ပြီး စားပွဲအောက်က လျှိုထွက်ဆုတ်သွားတယ်။ (စားပွဲက သူ့ကိုယ် လွတ် တယ်) ဒါက ဘယ်သူမှ ရှိမနေရင် တိုက်တဲ့နည်း။

စာရေးစားပွဲခုံအောက်ရောက်သွားရင်လည်း ထိုင်နေလိုက်သေး တယ်။ စားပွဲမိုက်မှာကပ်နေတဲ့ ပင့်ကူမျှင်တွေကို ထိုင်ရင်း မော့ရှာပြီး လက်နဲ့ရှင်းနေလေရဲ့။ အကြာကြီးပဲ ... အကြာကြီး။

တစ်နေရာလှည်းခိုင်းထားရင် ညာလက်က တံမြက်စည်းခတ်၊ ဘယ်လက်က ဂေါ်ကြီးကိုင်ပြီး လှည်းပြီးတဲ့ နေရာလည်းထပ်လှည်း သံပတ်ပေးထားတဲ့ စက်ရုပ်ကို လွှတ်ထားသလိုပဲဆို။ မခေါ်မချင်း ဆက်လှဲနေရော။

စိတ်မရှည်နိုင်တဲ့ဖနီးက ဆူပြီးသင်ပေးတော့ ကျွန်တော်က ကန့် ကွက်မိတယ်။

"သူ့ပုံစံပျက်သွားရင် နမြောစရာကွာ။ တူးတူးသင်တဲ့နည်းက လူတိုင်း လုပ်နေကျကွ။ သူ့လို နည်းစနစ်သစ်နဲ့လှဲတာ တူးတူးမြင်ဖူး လို့လား။ ကြည့်ရတာတန်တယ်၊ ဘယ်လိုတွေကြောင်ဦးမလဲ ကြောင် ပါစေ"

"ဟား .. ဟား .. ဟား"

ကျွန်တော်တို့ရယ်သံကြားတော့မှ ဂေါ်ကြီးက လှည့်ကြည့်ပြီး



မှတ်ပုံတင်မထားရဘဲ သူ့မူပိုင်ဖြစ်နေတဲ့ ပုံစံနဲ့လေ။ မျက်လုံးကိုမှေး သွားလေးဖြီး ပြုံးစိစိလုပ်၊ ဂေါ်ကြီးနဲ့ တံမြက်စည်းကိုကိုင်ပြီး လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဆက်လှည်းနေလေ။

* *

ကျွန်တော့်ကောင်စနူပီက ဝက်သားသိပ်ကြိုက်တယ်။ အမွှေးလဲ ချိန်မို့ ကျွတ်သလား၊ ဝက်သားအစားများလို့ ကျွတ်သလားမသိဘူး။ စနူပီရဲ့အမွှေးတွေ ကျွတ်တာမှ အထွေးလိုက် .. အထွေးလိုက်ကို ကျွတ်တာ။

ကြမ်းမှာက ကြွေပြားခင်းထားတဲ့ တင်းမာချောပြောင်နေတဲ့ ကြွေပြားတွေပေါ်မှာ ခွေးမွှေးတွေက ရေခဲပြင်မှာ စကိတ်လျှောစီး နေကြသလို လေလေးမလာနဲ့။ ရှပ်တိုက်ပြေးလွှာ ဆော့ကစားနေ ကြပြီလေ။ (အမွှေးရှည်မျိုးမို့ စနူပီအမွှေးများ လုံးထွေးနေပါသည်)

အူတူတူတို့ရာဇာ ပေါချာချာ ဂေါ်ကြီးနဲ့တွေ့ကြပါရော။ ဂေါ် ကြီးက တံမြက်စည်းတစ်ချက် ရမ်းလိုက်တာနဲ့ ခွေးမွှေးတွေက လေ ဟပ်ခံရပြီး တစ်တောင်တစ်လန်ထိ ခုန်ပျံလွင့်ပြေးကုန်ကြပြီ။ စိတ် တိုလာတဲ့ဂေါ်ကြီးက အားပိုထည့်ပြီး တံမြက်စည်းကိုခတ်ပြန်တော့ အရှိန်ပိုရပြီး ကြမ်းနဲ့လွတ်သွားအောင်အထိ အမွှေးတွေက လွင့်။ မချင့် မရဲဖြစ်လာတဲ့ ဂေါ်ကြီးက လက်ထဲက ဂေါ်ကြီးနဲ့ တံမြက်စည်းကိုချ တဲ့ပြီး စနူပီရဲ့ အမွှေးအထွေးလိုက် ကလေးတွေကို လွှတ်မပြေးရအောင် မိကျောင်းတက်နဲ့ တွားသွားတက်ပြီးမှ ခုန်အုပ်ဖမ်း။

အဲလိုကျားကုတ်ကျားခဲ ဖမ်းလို့မိလာတဲ့ လက်ထဲက ခွေးမွှေး တွေကို အသံတိတ်နဲ့ အံကြိတ်စိုက်ကြည့်နေပြီးမှ "ဘာတတ်နိုင်သေး လဲ ပြေးပါဦးမလား" ဆိုတဲ့မျက်နှာပေးနဲ့ သူ့ဂေါ်ကြီးနားယူသွားတဲ့ ပြီး ကိုင်ပေါက်သတ်သလိုမျိုး ဂေါ်ကြီးထဲကို ပစ်ပေါက်ထည့်။

ပေါ့ပါးလှတဲ့ခွေးမွှေးတွေက ဂေါ်ထဲကို မရောက်ကြဘဲ လေ မှာ ဝဲပြီး လွင့်ကြပြန်ရော။ ဂေါ်ကြီးကလည်း မလျှော့သောဇွဲနဲ့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ အိမ်ရှေ့တံခါးမကြီးကိုကွယ်ပြီး ပွဲကြီးပွဲကောင်းကို ကြည့်နေမိတဲ့ကျွန်တော့်မှာ မအောင့်နိုင်တော့ဘဲ ရယ်မိတော့တာပေါ့။

"ဟား ... ဟား ... ဟား ... မလွတ်စေနဲ့ကွ ဂေါ်ကြီး ...ဖမ်း ...ဖမ်း ... ဟား ... ဟား"

ကျွန်တော် သူ့ကို တကယ်ပဲ အားပေးနေတယ် ထင်ရှာလေရောလား၊ မသိရှာပါ။ ခပ်လှမ်းလှမ်းက ခွေးမွေးအတွေးတစ်ထွေးဆီကို ဂေါ်ကြီး လှမ်းပြီး ဒိုက်ပစ်အဖမ်းလိုက်မှာ –

"ဒုတ် ..ခွပ် .. အား"

အမြဲတမ်း မျက်လုံးကလေးပိတ်လုအောင် မှေးပြီး ပြုံးစိစိ ပြန်ကြည့်လေ့ရှိတဲ့ ဂေါ်ကြီးခမျာ ဒီတစ်ခါတော့ မပြုံးနိုင်ရှာတော့ပါ။ သူ့ဒူးနဲ့ တံတောင်ကို ပွတ်နေရှာတယ်။ ကြွေပြားခင်းနဲ့ ဆောင့်မိသွားတဲ့ အောက်နှုတ်ခမ်းမှာ သွေးစလေးတွေနဲ့ –

"ဖြစ်မှဖြစ်ရလေ ဂေါ်ကြီးရယ်" စိတ်မကောင်းလို့ ပြုစုရပြန်ရော။

* *

ဂေါ်ကြီးဟာ စာလည်း ကောင်းကောင်းမဖတ်တတ်ရှာဘူး။ ဘယ်စာကိုမှလည်းဖတ်တာ မမြင်ဖူးပါဘူး။ ဒီတော့ ဂေါ်ကြီး အခုလုပ်နေတဲ့ လုပ်ကွက်တွေဟာ ဘယ်ပုံပြင် ဘယ်ဟာသစာစောင်တွေထဲက ဟာသကြောင်ကွက်တွေကိုမှ ပုံတူကူးချနေတာမဟုတ်ဘူး လို့ ကျွန်တော် လက်ခံထားပါတယ်။ ဒါပေမဲ့ သူ့မူပိုင် ကိုယ်ပိုင် လုပ်ကွက်တွေကတော့ ပုံပြင်တွေ၊ ဟာသစာအုပ်တွေထဲကအတိုင်းလို ရှိနေကြတယ်။

"ဓါ်ကြီးရေ .. ငါ ရေတင်ထားတယ်။ ရေလျှံတာ ကြည့်လိုက်ဦး"

ကျွန်တော့်ဇနီးက ရေလျှံပါက ပိတ်ရန် ဂေါ်ကြီးကို မှာတာပဲမဟုတ်ပါလား။ ဂေါ်ကြီးက ပုံပြင်တွေထဲကအတိုင်းပါပဲဗျာ။



ရေတွေက တိုင်ကီရေလျှံပိုက်ကနေ လျှံကျနေပြီ။ ဒါကို ဂေါ်ကြီးက ပြုံးပြုံးကလေး ထိုင်ကြည့်နေသဗျ။ သမီးလုပ်သူက ဖွေးဖွေး ခြံထဲမှာ ကစားနေလို့ မလဲမပြိုအောင် "ဂေါ်ကြီးရေ ... ညီမလေး လဲမယ်နော် ကြည့်ထား" လို့ မှာပြန်တော့ ကလေးလဲမှာစိုးပြီး ထုတ်စည်းထိုးသလို ကလေးကို တစ်ထွာလောက်အကွာက လက်ကြီးကာပြီး လိုက်ထိန်းနေတယ်။ ဘယ်မှသွားမရ လှုပ်မရတဲ့ဖွေးဖွေးက စိတ်ရှုပ်ပြီး ငိုတော့တာပေါ့။

"ဒေါ်ကြီး တွား ... တွား ... ဒေါ်ကြီး လိုက်ချုပ်နေတယ် မေမေ"

(မြေးမကလေးက စကားမပီသေးတော့ ဂေါ်ကြီးကို ဒေါ်ကြီး လို့ခေါ်တဲ့အရွယ်ကပေါ့)

* *

ကျွန်တော့် ခြံဝင်းတံခါးကြီးက လျှောထိုး တွန်းဖွင့်ရပြီး သံပြားပိတ်ကြီးဆိုတော့ အပြင်ကို မမြင်ရဘူး။ တစ်မနက် ဇနီးက ဈေးမသွားခင် ဂေါ်ကြီးကို အမှိုက်သွားသွန်ခိုင်းခဲ့တယ်။ ကျွန်တော် အိပ်ရာနိုးလာတော့ ဂေါ်ကြီးကို မမြင်ဘဲကိုး။ ဒီငနဲလေး မလာရင် နေမကောင်းလို့လား၊ ဘာဖြစ်လို့လဲဆိုတာမျိုး သူ့အတွက် ပူတတ်နေတဲ့ ကျွန်တော်က ဂေါ်ကြီးကို မမြင်ပါလားပေါ့။

အဲဒီအချိန်မှာ စန္ဒပီကလည်း အိပ်ရာထလာ နှုတ်မဆက်လေတော့ စန္ဒပီကိုရှာရပြန်ရော။ "လား ... လား" စန္ဒပီက ဝင်းတံခါးကြီးအောက်က လွတ်နေတဲ့နေရာကနေ ဝပ်ပြီး အိမ်ရှေ့အပြင်ကို ကြည့်နေလေရဲ့။ မသင်္ကာလို့ ကျွန်တော်သွားချောင်းကြည့်တော့ အမှိုက်ဂေါ်ကြီးကိုင်ပြီး သိုင်းကစားနေတဲ့ သိုင်းမင်းသား ဂေါ်ကြီး။

ခြံအပြင်က ငုပင်မှာ ငုပွင့်တွေ ပင်လုံးကျွတ်ဝေခဲနေအောင် ပွင့်ကြရာက ခုဆို တဖွဲဖွဲ ကြွေနေကြလေပြီ။ သိုင်းမင်းသားဂေါ်ကြီးက တရုတ်ကားထဲက နှင်းမှုံတွေ တဖွဲဖွဲကျနေသလို ခံစားပြီး အကြိုက်တွေ့နေပုံရတယ်။ ငုပွင့်ဖတ်ကလေးတွေ ဖွဲဖွဲကျနေတဲ့ကြားမှာ ငါး

www.burmeseclassic.com

www.burmeseclassic.com



စပ်က ယိ(စ်) ယိ(စ်) အော်ဟစ်ခုန်ပေါက်ပြီး သူ့အမှိုက် ဂေါ်ကြီးနဲ့ သိုင်းကွက်အမျိုးမျိုး ရွှေ့ပြောင်းလှုပ်ရှားနေလိုက်တာ သူ့တစ်ကိုယ်လုံး ချွေးတွေနှင့်လို့၊ ဘယ်အချိန်ကတည်းက ကစားနေတယ် မသိပါဘူး။

စနူပီနဲ့ကျွန်တော် ခြံထဲကနေ ပွဲကြည့်ပရိသတ် လုပ်နေလိုက်တယ်။ ကျွန်တော် သူ့ကို မဆူမငေါက်တဲ့အပြင် ဘယ်လောက် ကြာတဲ့အထိ ကစားနေမလဲဆိုပြီး အသံမပြုဘဲ ခြံထဲကနေ ချောင်းကြည့်နေတယ်။ ဂေါ်ကြီးက အားမာန်အပြည့်နဲ့ သိုင်းကွက်တွေကို ဖြစ်သလိုနှင့် လှုပ်ရှားကစားလို့ ကောင်းတုန်း။

"အမယ်မယ် ... ဟဲ့ ဂေါ်ကြီး ... ငါလာတာတောင် မမြင်ဘူးလားဟယ်"

ကျွန်တော့်ဇနီး ဈေးခြင်းကြီး ဆွဲဝင်လာတာကို မမြင်တဲ့ဂေါ်ကြီးကို ဇနီးက အော်တော့မှ ဂေါ်ကြီး သိုင်းကစားကွက်တွေကို ရပ်လိုက်တော့တယ်။

* *

ဂေါ်ကြီးဟာ စကားကို မပြောသလောက်ကိုနည်းတဲ့ကောင်ပါ။ အလုပ်လုပ်ရာမှာ ဘာတစ်ခုမှ အချိုးပြေပြေ မလုပ်ပေမယ့် ဆူတဲ့ငေါက်တဲ့အခါတိုင်းမှာ ပြုံးစိစိမျက်နှာလေးနဲ့ တုံ့ပြန်ပြီး ဘယ်လိုမှ စိတ်ဆိုးပြုစုမှုနဲ့ တုံ့ပြန်မကြည့်တတ်တဲ့ အလေ့အကျင့်ကို သဘာဝက သူ့အတွက် လက်ဖွဲ့အဆောင်အနေနဲ့ ပေးထားသလားတော့မသိ။ ခုလည်း ကျွန်တော့်ဇနီးသည်ရဲ့ဈေးခြင်းကို ပြေးမဆွဲဘဲ သူ့ဂေါ်ကြီးနဲ့ တံမြက်စည်းကို ပခုံးတစ်ဖက်စီမှာထမ်းပြီး ခြံထဲကို လှည့်ဝင်လာတယ်။

"အမယ် .. ဂေါ်ကြီးတော့လေ .. ဂေါ်ကြီး .. ကြည့်မရတော့ဘူး"

ကျွန်တော်က ဇနီးလက်ကဈေးခြင်းကို လှမ်းယူလိုက်ရင်းက–



"ဒီကောင့်ကို ပြောမနေပါနဲ့တော့ကွာ"

"ဟဲ့ .. စနူပီ .. သွား .. သွား .. ဟဲ့ ဖယ်ပါ၊ လမ်းလျှောက်လို့ မရဘူး"

"မင်းကလည်း လာမကြိုတဲ့ ဂေါ်ကြီးကျတော့ အပြစ်တင်၊ လာကြိုရှာတဲ့ စနူပီကျတော့လည်း နှင်လွှတ်"

အိမ်ပေါ်ရောက်တော့ ကျွန်တော့်ဇနီးက အသံခပ်မာမာနဲ့ အော်ခေါ်တယ်။

"ဟဲ့ ... ဂေါ်ကြီး .. ဂေါ်ကြီး"

ပါးစပ်ကမထူးဘဲ ပြုံးစိစိနဲ့ ရှေ့မှာလာရပ်တယ်။ ဇနီးက ခြင်းထဲက အထုပ်တစ်ထုပ်ကို ထုတ်လိုက်ပြီး အသံကို တမင်မာမာလုပ်ပြီး–

"ဒါဘာလဲ"

ဂေါ်ကြီးက ပြုံးစိစိနဲ့ ခေါင်းကိုရမ်းပြီး ...

"တိဘူး"

သူ့ရှေ့မှာပဲ အထုပ်ထဲက ဂျင်းဘောင်းဘီလေးနဲ့ တီရှပ်အနီကလေးကို ဆွဲထုတ်လိုက်တော့ ဂေါ်ကြီး ပြုံးစိစိလုပ်နေရာက တပ်မက်ရှာတဲ့ မျက်နှာကလေးနဲ့ ငေးကြည့်နေတယ်။

"မင်း ဒါကြိုက်လား"

ဂေါ်ကြီးမျက်နှာ ပြန်ပြုံးလာပေမယ့် ဘာစကားမှ မတုံ့ပြန်ဘဲ အနှိပ်သည်လူကို နင်းပေးနေသလို ဘယ်ခြေကြွလိုက်၊ ညာခြေ ကြွလိုက် ကိုယ်ကို ဟိုဘက် ဒီဘက် ယိမ်းလှုပ်ရပ်နေတယ်။ သူ့မျက်စိက ဘောင်းဘီနဲ့ အင်္ကျီလေးဆီမှာ။ စိတ်မြန်တဲ့ ကျွန်တော့်ဇနီးက သူ့နားကို လှမ်းဆွဲ၊ ဂေါ်ကြီးရဲ့အင်္ကျီကို ဖိုးဖိုးဖတ်ဖတ် ဆွဲချွတ်ပြီး တီရှပ်အနီအသစ်လေးကို ဝတ်ပေးလိုက်တယ်။ ဂေါ်ကြီး သူ့ကိုယ်သူပြုံးပြီး ငုံ့ကြည့်နေတယ်။ သူ့ခြေနှစ်ချောင်း လှုပ်နေတာက ပိုမြန်နေတယ်။

ကျွန်တော့်ဇနီးက ဒုတိယအကြိမ်ဆွဲပြီး ဂေါ်ကြီးရဲ့ ခါးရှုံ့ကြီး ဘောင်းဘီကို ဆွဲချွတ်မလို ကိုင်လိုက်တဲ့ အခါမှာတော့ "ဟိ .. ဟိ

www.burmeseclassic.com

www.burmeseclassic.com



...ဟီ” လို့ အသံထွက် အော်ရယ်ရင်း ရှောင်ပြေးသွားလို့ –

“မင်းကလည်း ရှက်မှာပေါ့။ ကဲ ကဲ ... အခန်းထဲမှာသွားလဲ”

ဂေါ်ကြီး သွက်လက်လျှပ်ရှားစွာနဲ့ ဂျင်းဘောင်းဘီလေးယူပြီး နောက်ဖေးခန်းမှာ သွားလဲနေတယ်။ သူပြန်ထွက်လာတော့ မျက်နှာကြီးကို ထိန်းမနိုင် သိမ်းမရ ပီတိစိတ်တွေနဲ့ ပြုံးရင်းက အ,အရှုံးအောင် စကားနည်းလှတဲ့ ဂေါ်ကြီးဟာ အထစ်ထစ် အငေါ့ငေါ့နဲ့ –

“အိမ် .. အိမ် .. အိမ်နားကလူတွေ သွားကြွားလိုက်ဦးမယ်”

ကျွန်တော်တို့လင်မယား ဘယ်လိုမှ မျှော်လင့်မထားတဲ့စကားကို ကြားလိုက်ရလို့ အံ့ဩပြီး ရယ်မိတယ်။

“ကဲ .. ကဲ .. သွားပါဗျာ .. သွား”

သူ့အဝတ်ဟောင်းလေးတွေ ထည့်ထုပ်ထားတဲ့ ကျွတ်ကျွတ်အိတ်ကို ပခုံးပေါ်ထမ်းပြီး ဂျင်းဘောင်းဘီသစ်၊ တီရှပ်အနီနဲ့ ဂေါ်ကြီး တစ်ယောက် အိမ်ရှေ့တံခါးကနေ ပြေးထွက်သွားလေရဲ့။

ကျွန်တော့်ဇနီးက ဂေါ်ကြီးကို ငေးကြည့်နေရင်းက သူ့ဟာသူ ပြောသလိုမျိုး ပြောကျန်ရစ်ခဲ့တယ်။

“နင့်ကို ငါ ဒီပစ္စည်းလေးပေးလို့ နင်ဖြစ်သွားပုံကိုကြည့်ပြီး ငါ စိတ်ချမ်းသာလိုက်တာ။ ငါ နောက်မှ ထပ်ဝယ်ပေးဦးမယ်”

* *

ကျွန်တော်တို့အိမ်သားအားလုံး ဂေါ်ကြီးနဲ့အနေကြာလာပြီမို့ ဂေါ်ကြီးအပေါ် သံယောဇဉ်အနိုင်အမာ တွယ်ငြိလို့နေခဲ့ကြပါပြီ။ ဇနီးသည်ရော သမီးတွေကပါ စားစရာမုန့်ပဲ သွားရေစာ စားကြ သောက်ကြတဲ့အခါ ဂေါ်ကြီးကို မကျွေးသည့်အခါ မရှိ။

ကျွန်တော့်မှာ ဟိုယခင် ဂေါ်ကြီးမရောက်ခင်က စားရင် သောက်ရင် မျိုးမကျဘဲ ဖွဲ့ရွဲ့ကျွေးရတာက စန္ဒပီတစ်ကောင်ပဲရှိတယ်။ ခုတော့ ဂေါ်ကြီးကိုပါ မျှဝေကျွေးနေမိလေတော့ တော်ရုံ အစားအစာ ကျွန်တော့် ပါးစပ်ထဲကို စားတယ်ဆိုရုံမျှသာ။



ခွေးလေးစန္ဒပီဟာ လူသူငယ်မျှ နားလည်ဖော်ရခဲ့ပေမဲ့ စကားပြောလို့မရခဲ့ဘူးလေ။ အခု ဂေါ်ကြီးကတော့ အူတူတူ ကျပ်မပြည့်ပေမယ့် လူသားချင်းဆိုတော့ ပြောလို့ဆိုလို့ ဆူလို့ငေါက်လို့ ရယ်စရာရှိရယ်လို့ရနေတော့ ကျွန်တော့်ရဲ့အထီးကျန်ဆန်နေတဲ့ ဘဝအခြေအနေဟာ တစ်နည်းအားဖြင့် စိုပြေသင့်သလောက် စိုပြေလာတယ်ပေါ့။

တစ်ရက် မီးဖိုထဲကို ရေထွက်ဖို့ဖောက်ထားတဲ့ အပေါက်ကနေ ကြွက်စုတ်နှစ်ကောင် ဝင်တုန်းကများ စန္ဒပီရယ်၊ ဂေါ်ကြီးရယ်၊ ကျွန်တော်ရယ် အဲဒီကြွက်စုတ်နှစ်ကောင်ကို လိုက်ကြတာ။ အမယ် .. စိတ်ထဲ မှာ ပျော်သလိုတောင် ခံစားမိတယ်။ ကြွက်စုတ်ဆိုတဲ့အကောင်ကလည်း သိကြတယ်ဟုတ်လား။ ရိုးရိုးကြွက်လို မဟုတ်ဘူး။ တကျွိကျွိနဲ့ ဆူညံနေအောင်အော်ပြီး ပြေးတဲ့ကောင်။ အနံ့ကလည်း ဆိုးပါ့။

ကြွက်စုတ်က အော်၊ စန္ဒပီက ဟောင်၊ ဂေါ်ကြီးက ညာသံပေးနဲ့ မီးဖိုထဲမှာ ဆူညံပြေးလွှားနေကြလေတော့ ကျွန်တော်ပါ ကလေး တစ်ယောက်လို ဝင်ရောမိတော့တာပေါ့။

ဩော် ... သံယောဇဉ်ဆိုတာကလည်း ပြောရခက်သား။ မြင်စက ကြည့်မရတဲ့ ဂေါ်ကြီး ... မျက်စိ ရှုပ်တယ်ထင်ရတဲ့ ဂေါ်ကြီး .. ခုတော့လည်း ဂေါ်ကြီး နေထိုင်မကောင်းလို့ ရောက်မလာရင်ဘဲ ကျွန်တော်တို့လင်မယား သူ့အိမ်ရောက်သွားကြရပြီး ဆေးပေးတန်းပေး၊ ဆေးခန်းပို့သင့်ရင် ဆေးခန်းပို့နဲ့ သံယောဇဉ် ... သံယောဇဉ်။

ပေတူးညစ်ထေးနေတဲ့အင်္ကျီ၊ အကွက်မပေါ်တဲ့ ဘောင်းဘီကြိုးရှုံ့နဲ့သာ နှစ်ပါးသွားနေခဲ့တဲ့ ဂေါ်ကြီး တစ်ယောက် အဲဒီနေ့က ပြန်သွားပြီး နောက်နေ့ရောက်လာတော့ မယုံနိုင်စရာ ပုံစံပြောင်းလို့။

ဂျင်းဘောင်းဘီသစ် တီရှပ်အနီတောက်တောက်အသစ်နဲ့ မျက်နှာတစ်ခုလုံး သနပ်ခါးတွေ ဖွေးလို့လေ။

“ဟော့ကောင် ဂေါ်ကြီး .. မင်း လမ်းမှာ ဘယ်ရွှံ့ဗွက်ထဲ မှောက်ရက် လဲလာသလဲ ... ဟင်”

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမှာလို တည်မှာလို စပ်ကြားမျက်နှာနဲ့ ခေါင်းကို ပတ်ချာလည်တော့မတတ် မျက်နှာမထားတတ်အောင် ဖြစ်နေတယ်။

"အစ်ကိုကလည်း ဂေါ်ကြီး ... အလကား ... မင်း အခုလို သန့်သန့်ရှင်းရှင်း ဝတ်စားလာတော့ ချောလှနေလို့ မင်းဘကြီးက စ,တာ"

စန္ဒပီက ဂေါ်ကြီးနားလာပြီး စူးစူးဝါးဝါး လာအော်နှုတ်ဆက်တော့ စန္ဒပီနားမှာ ထိုင်ချလိုက်ပြီး စန္ဒပီကို ဖက်နမ်းနေတယ်။

"ဂေါ်ကြီး ... ဂေါ်ကြီး"

* *

ကျွန်တော် စန္ဒပီပေါ် ချစ်တဲ့အချစ်က တကယ်သားသမီးလို၊ လူကလေးတစ်ယောက်လိုမို့ သူ့ကို စတီးလ်ခွက် မယ်လ်မီးပန်းကန်တွေနဲ့ ရေတိုက်တယ်။ ထမင်းကျွေးတယ်။ သူ့အစာကိုလည်း သူကြိုက်တဲ့ ဝက်သား၊ အမဲသားကို လူစားသလို ကျွေးပါတယ်။

သည်မနက် ဂေါ်ကြီးအဒေါ်မနှင်း နေမကောင်းလို့ မလာနိုင်ပြန်ဘူးတဲ့။ ကျွန်တော့်ဖနီးလုပ်သူကလည်း အလုပ်တွေ အရေးကြီးနေသတဲ့။ မချက်မပြုတ်နိုင်ဘဲ ရန်ကုန်ကူးသွားရမှာမို့ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ကြက်ဥ၊ ဘဲဥတွေကို ကျွန်တော့်လက် ဝကွက် အပ်သွားလေရဲ့။ မရှိသုံးလောက်တော့ ကျွန်တော်က ကျွမ်း ပြီးသား။ ဂေါ်ဖီထုပ်နဲ့ ဘဲဥကြော် စန္ဒပီအတွက် ဝက်အူချောင်းကြော်၊ ဟင်းရည်သောက်က ပဲနီလေးဟင်းချို။

ကျွန်တော် မနက်စာကို ဖြစ်သလို ဖန်တီးထားပြီး ကလေးသုတစာစောင်အတွက် ကာတွန်းဓာတ်လမ်း ထိုင်ဆွဲနေတယ်။ ဂေါ်ကြီးက တံမြက်စည်းလှဲ စန္ဒပီကရှုပ်၊ သူတို့ ဒီနေ့ လွတ်လွတ်လပ်လပ် ဆော့ခွင့်ရနေကြတယ်။ ပျော်နေတယ်။ ဒါပေမဲ့ စန္ဒပီဆိုတဲ့ကောင်က ငပါး၊ ငလည်။ ၁၂ နာရီထိုးတော့ စားပွဲနားလာပြီး အစာတောင်းတယ်လေ။



စန္ဒပီ့ကို ဝက်အူချောင်းကြော်နဲ့ ကြော်ထားတဲ့ဆီကို ဆားနဲ့ ထည့်နယ်ပြီး ကျွေးရတယ်။ ဂေါ်ကြီး ငေးစိုက်ကြည့်နေတာကို ကျွန်တော် အမှုမဲ့ အမှတ်မဲ့ နေလိုက်မိပေမယ့် နောက်ဆုံး စာမျက်နှာကလေးပြီးတာနဲ့ သူနဲ့ကျွန်တော် ထမင်းစားဖို့ စိတ်ထဲက စီစဉ်ပြီးသားပါ။

အလုပ်ထဲမှာ စိတ်ဝင်စားနေတော့ ကျွန်တော်ကတော့ မဆာဘူးပေါ့။ ကျွန်တော်ရေးကောင်းနေတုန်းမှာ နောက်ဖေးက စန္ဒပီရဲ့ စားမာန်ခုတ်သံကို ကြားလိုက်ရတယ်။

"ငမ်း .. ငမ်း .. ဂဲ .. ဂဲ"

ထသွားကြည့်လိုက်တော့ စန္ဒပီက ဂေါ်ကြီးလုပ်နေပုံကို ငေးကြည့်နေတယ်။ စန္ဒပီ့ကို ဂေါ်ကြီးက သူ့နှုတ်ခမ်းကလေး စုချွန်ထားပြီး နှုတ်ခမ်းနားမှာ လက်ညှိုးကလေး ထောင်ကပ်လိုက်လို့ ချော့နေတယ်။

"ရှူး ... ရှူး ... မအော်ပါနဲ့ကွာနော် ... ဒီတစ်တုံးဆို တော်ပြီနော်"

ပါးစပ်ထဲမှာ တစ်တုံးဝါးရင်း နောက်တစ်တုံး ထပ်တောင်းနေတာကို ကျွန်တော် သဘောပေါက်သွားတယ်။ စန္ဒပီကလည်း ဒါကြောင့် ငြင်းနေတာပါ။ ဂေါ်ကြီးခမျာ မိုက်ဆာနေတုန်း စားချင့်သဖွယ် နီနီရဲရဲ ဝက်အူချောင်းကလေးတွေကို မြင်နေရတော့ ရွံ့စရာမရှိအောင် သန့်ပြန့်နေတဲ့ အစာခွက်ထဲကမို့ အခုလို တောင်းစားလိုက်မိပုံရပါတယ်။

ထပ်စဉ်းစားမိတာက ကျပ်မပြည့်တဲ့ဂေါ်ကြီးက စန္ဒပီကို သူ့သူငယ်ချင်းလို ယူဆမယ့်ကောင်စား။ ဟိုး ... တောခေါင်ခေါင်က ဂေါ်ကြီးလို အူကြောင်ကြောင်ငနဲလေးဟာ ဝက်အူချောင်းကိုကော တသီးတသန့်စားမှ စားခဲ့ဖူးပါ့မလား။ ဒီအတွေးတွေကြောင့် ပါးစပ်က ကရုဏာစိတ်တွေနဲ့ လွှတ်ခနဲ မဆင်မခြင် မေးလိုက်မိတယ်။

www.burmeseclassic.com



"ဂေါ်ကြီး ... မင်း ဝက်အူချောင်း စားချင်လို့လား"

"ဗျာ"

ကျွန်တော့်အသံကို သူ့အနား နားကပ်ပြီး ဗုံးတစ်လုံး ပေါက်ကွဲလိုက်သလိုမျိုး ဂေါ်ကြီး လန့်သွားရှာတယ်။

"မင်း ... ဝက်အူချောင်း စားချင်လို့လား။ စနူပီထဲက မစားနဲ့လေ ... ငါကျွေးမယ်"

သူ့လက်ထဲက ဝက်အူချောင်းအတုံးကလေးကို ထိတ်ထိတ်လန့်လန့် စိုက်ကြည့်နေပြီးမှ စနူပီပန်းကန်ထဲကို ဆတ်ခနဲ ပြန်ပစ်ထည့်လိုက်ပြီးတာနဲ့ သွေးရူးသွေးတန်း အော်ပြေးသွားရှာတယ်လေ။

"အာ ... မဟုတ်ဘူး ... မစားချင်ဘူး ... မဟုတ်ဘူး"

ဂေါ်ကြီး ချောက်ချောက်ချားချား ပြေးထွက်သွားတော့ ရင်မှာ ထိခိုက်နာကျင်မိတာမို့ ကျွန်တော် ခြံဝအထိ ပြေးလိုက်ခေါ်မိပါတယ်။

"ဂေါ်ကြီး ... လာ ... ပြန်လာ ဟေ့ကောင်ဂေါ်ကြီး ... ဂေါ်ကြီး"

ကျွန်တော့်အသံဟာ သူ့ရဲ့ "မဟုတ်ဘူး ... မဟုတ်ဘူး" ဆိုတဲ့ အော်သံကို ဖုံးလွှမ်းနိုင်ဟန်မတူဘူး။ ဂေါ်ကြီးရဲ့အသံကလေး ဝေးဝေးဝေးသွားရသလို ဂေါ်ကြီးရဲ့သဏ္ဌာန်ဟာလည်း ဝင်းခြံ အချိုးအကွေ့တွေကြားမှာ ပျောက်ကွယ်လို့သွားပါပြီ။ သည်တုန်းက သည်မြင်ကွင်းဟာ ကျွန်တော် ဂေါ်ကြီးကို နောက်ဆုံးမြင်ရတဲ့ မြင်ကွင်းဖြစ်လိမ့်မယ်လို့ ကျွန်တော် မထင်မိဘူးလေ။

ဒီကောင်လေးကို နောက်နေ့ဖြစ်ဖြစ်၊ ဇနီးပြန်လာရင်ဖြစ်ဖြစ် အတူသွားချော့ခေါ်လာရင် ပြန်ပါလာမှာပဲလို့သာ မှတ်ယူထားလိုက်တယ်။ ဒါပေမဲ့ နောက်နေ့မနက် သူ့အဒေါ်မနှင်း အိမ်ကို အလုပ်ဆင်းလာတော့မှ မယုံနိုင်စရာသတင်းကို ကြားလိုက်ရပါတော့တယ်။

"ဘကြီး ... ဂေါ်ကြီး သူ့ရွာပြန်သွားပြီ"

"ဟေ ... ဒီကောင် သူ့ပထွေးကို ကြောက်တယ်ဆို ... နင်တို့က ရော မတားကြဘူးလားဟာ ..."



"အမျိုးမျိုး တားတာပေါ့ ဘကြီးရယ် ... အဲလိုတားလို့ မသွားတော့ဘူးလိုလိုနဲ့ ငြိမ်နေတယ်လေ။ ညနေကျတော့မှ ခြေရင်းအိမ်ကို ပြောသွားတယ်တဲ့။ သူ့ပထွေး နှိပ်စက်ချင် နှိပ်စက်ပစေ .. သူ့ရွာကိုပဲ ပြန်တော့မယ်တဲ့"

ကျွန်တော့်စိတ်မှာ သံသယဖြစ်မိပေမဲ့ စနူပီဆီက ဝက်အူချောင်း တောင်းစားတာကို လူမိပေမယ့် ဒီလိုကျပ်မပြည့်တဲ့ ကောင်လေးတစ်ယောက် ခုလောက်ထိ အရှက်ကြီး ရှက်လိမ့်မယ် မထင်ဘူးပေါ့။

"နေပါဦး မနှင်းရဲ့ .. ဂေါ်ကြီး ဒါလောက်ထိ ဘာကြောင့် ဖြစ်သွားရတာလဲ ... ဟင်"

"ဘကြီးရေ ... သူ ခွေးစာခွက်ထဲက ဝက်အူချောင်း တောင်းစားတဲ့ဟာ ဘကြီး မြင်သွားတာကို ရှက်လို့တဲ့"

"ဟာကွာ ... ဂေါ်ကြီးရာ"

* *

ကျွန်တော် ထိုင်နေကျ ပက်လက်ကုလားထိုင်မှာ စကားမပြောဘဲ ထိုင်နေမိတယ်။ ခါတိုင်း ဂေါ်ကြီး တံမြက်စည်းလှဲရင် လိုက်ရှုပ်ပြီး ဆော့ကစားနေတတ်တဲ့ စနူပီခမျာလည်း ကျွန်တော့်ခြေထောက်နားမှာ ငြိမ်ငြိမ်သက်သက်ကလေး လာဝပ်နေရှာတယ်။ စကားမပြောတတ်ပေမယ့် သူ ဂေါ်ကြီးကို သတိရနေပုံပါပဲ။

ဂေါ်ကြီးထိုင်နေကျ အမှိုက်ဂေါ် (ကော်) နဲ့ တံမြက်စည်းလေးတွေလည်း ဂေါ်ကြီးထောင်ထားခဲ့တဲ့ အခန်းထောင့်မှာ ငြိမ်လို့။

"မနှင်း ... ဟိုအမှိုက်ကော်နဲ့ တံမြက်စည်းကို နောက်ဖေးစတိုခန်းထဲမှာ သွားထားလိုက်စမ်းဟာ"

ကျွန်တော့်ဇနီးကိုယ်တိုင် ကျွန်တော် ခံစားနေရသလို ခံစားနေရပုံ ရတယ်။ မနှင်း မယူခင် အမှိုက်ကော်နဲ့ တံမြက်စည်းကို သူကိုယ်တိုင် ထယူသွားလိုက်တယ်။ ကျွန်တော့်မျက်စိထဲမှာ ဂေါ်ကြီးကို ကျွန်တော်က မလိုအပ်လို့ အိမ်မှာမခိုင်းဖို့ ကန့်ကွက်စဉ်က မနှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့တဲ့ အရက်သမားပထွေး နှိပ်စက်ပုံတွေကို ပြန်ပြီး မြင်ယောင်လာတယ်။

"ဘကြီးရယ် .. သူ့ပထွေးအရက်သမားက ဒီကလေးအမေ ဆီမှာ အရက်ဖိုးတောင်း၊ တောင်းလို့မရရင် ဘာမှမဆိုင်တဲ့ ဒီကောင်လေးကို အိမ်တိုင်မှာ အသလွတ် ကြိုးတုတ်ရိုက်တဲ့ပထွေးမျိုး"

"ဘကြီးရယ် .. ဂေါ်ကြီးခမျာလေ .. သူ့ပထွေး မူးလာပြီဆိုမှာဖြင့် သူ့မှာ နေစရာမရှိအောင်ကို ကြောက်ရှာတာ။ ဒါတွေ မကြည့်ရက် မကြားရက်လို့ ကျွန်မမှာ မပြည့်စုံတဲ့ကြားက သနားပြီး ခေါ်လာခဲ့ရတာပါ ဘကြီးရယ်"

"ဂေါ်ကြီးရာ ငရဲခန်းလို မင်းကြောက်တဲ့ ဒီလိုနေရာမျိုးကို မင်းပြန်သွားရလောက်အောင်ထိများ ရက်ရသတဲ့လားကွာ။ သြော် .. ဂေါ်ကြီး ... ဂေါ်ကြီး ... ကလေးရယ် ... မင်းဟာ အူတူတူ ကြောင်တောင်တောင် ကျပ်မပြည့်ရှာပေမယ့် မသင့်တာ၊ မတော်တာ လုပ်မိရင် ရှက်ရတယ်ဆိုတဲ့ အကျင့်ကောင်း မင်းမှာ အပြည့်ပါလား။ မင်းဟာ အသက်နဲ့ လူမလုပ်။ အရှက်နဲ့လူလုပ်တဲ့ လူအုပ်စုက လူပဲ"

ကျပ်မပြည့်တဲ့ဂေါ်ကြီးအပေါ် ကျွန်တော် ခုလို မှတ်ချက်ချပြီး ချိန်မှာတော့ တစ်ချိန်က ကျွန်တော်နဲ့ ပတ်သက်ဆက်နွယ်ဖူးခဲ့တဲ့ ပေမီ ဒေါက်မီ လူ့အသိုင်းအဝိုင်းမှာ ဝင်ဆန့်ကျက်စားနေကြတဲ့ အရှက်မဲ့ မျက်နှာကြီးတွေ တန်းစီပေါ်လာကြပြီး မထီတရီ မျက်နှာပေးတွေနဲ့ ကျွန်တော့်ကို မေးခွန်းထုတ်နေကြလေရဲ့။

"ဂေါ်ကြီးနဲ့ တို့ကိုယှဉ်ကြည့်နေတာလား .. ယှဉ်ကြည့်လေ .. တို့တွေ ရရှိလိုက်ကြတဲ့ အကျိုးရလဒ်နဲ့ မင်းဂေါ်ကြီးရတဲ့အကျိုးကို"

သူ့တို့တွေ ယှဉ်ကြည့်စေချင်မှာက ဥစ္စာခနေနဲ့ ဂုဏ်ပကာသန၊ အသိုင်းအဝိုင်းနယ်ပယ်တွေကို မဟုတ်လား။ အခု ကျွန်တော် သူတို့ရဲ့ ဂေါ်ကြီးကို နှိုင်းယှဉ်ချိန်ထိုးကြည့်နေတာက အရှက်ကြောက်တရားနဲ့ ကိုယ်ကျင့်သိက္ခာ။ ခုလိုယှဉ်ထိုးကြည့်မိကာမှ ကျွန်တော် ဂေါ်ကြီး



အပေါ် ချစ်စရာကလေးငယ်လို ချစ်ရတဲ့ စိတ်အပြင် အရှက်ကြောက်တရားနဲ့သိက္ခာကို တန်ဖိုးထားတတ်သူ၊ အရှက်နဲ့လူလုပ်တဲ့ လူလေး အဖြစ် ထပ်ဆင့်လေးစားလာမိခဲ့တယ်။ ဂေါ်ကြီးရဲ့ အပြစ်ကင်းတဲ့ လှုပ်ရှားမှုသဏ္ဍာန်တွေ ကျွန်တော့်အာရုံမှာ ထင်ဟပ်လာနေကြတယ်။

ချွေးသံရွှဲရွှဲနဲ့ တဖွဲဖွဲသက်ကြွေနေကြတဲ့ ငုပွင့်ဖတ်ကလေးတွေကို လိုက်ရိုက်ပြီး သိုင်းကစားနေတတ်တဲ့ ဂေါ်ကြီး ...

"ကဲ ... အစ်ကို ... တူးတူးတို့ သွားတော့မယ်"

အလုပ်ချိန်နီးပြီမို့ ဇနီးနဲ့သမီးတို့ ကားနဲ့ ထွက်သွားကြလေပြီ။ မီးဖိုဆီမှ တဘုန်းဘုန်းနဲ့ မနှင်း အဝတ်ရိုက်လျှော်နေသံကို ပျင်းရိဖွယ်ရာ ကြားနေရတယ်။ အဝတ်လျှော်သံ တိတ်အသွားမှာတော့ ...

"ဘကြီး ... အားလုံးပြီးပြီ ... သမီး ပြန်မယ်"

"ဟေ ... အေး ... အေး"

"ကျွီ ... ကျွီ ... ကျွီ ... ဒေါင်"

အိမ်ရှေ့ခြံဝင်းတံခါး ဂျက်ထိုးပိတ်သံ ကြားလိုက်ရတယ်။ ကျွန်တော့်ကိုမော့ကြည့်နေတဲ့ စနူပီ့ ခေါင်းကလေးကို လှမ်းပွတ်ပေးရင်း ...

"ဂေါ်ကြီး မရှိတော့ပေမယ့် ဖေဖေရှိပါတယ် စနူပီရာ"

ကျွန်တော့်စကားကို နားလည်သဘောပေါက်တဲ့မျက်နှာနဲ့ စနူပီက ကျွန်တော့်ကို ပြန်ကြည့်နေတယ်။ သူလေးရဲ့ မျက်လုံးအစုံက စကားတွေကို ကျွန်တော် နားလည်လို့ရနေပါတယ်။

"ဂေါ်ကြီးမရှိတော့ပေမယ့် ဖေဖေ့နားမှာ သား အမြဲရှိနေမှာပါ" တဲ့လေ။

ကျွန်တော်နဲ့ စနူပီ တစ်ဦးကိုတစ်ဦး အပြန်အလှန် အားပေးမှု လက္ခဏာတွေပြနေကြပေမဲ့ ကစားဖော်တော်ခဲ့ရှာတဲ့ စနူပီခမျာ စိတ်ရှိလက်ရှိ ပြေးလွှားဆော့ကစားလေ့ရှိတဲ့ ဂေါ်ကြီးကို အဖော်ကောင်း အဖြစ် တသသရှိနေသလို ကျွန်တော်ဆိုလည်း အူတူတူ ကျပ်မပြည့်

www.burmeseclassic.com

www.burmeseclassic.com



စေကာမူ လူသားလေးတစ်ယောက်မို့ လူစကားပြောဆိုခွင့် ရနေခဲ့တဲ့ ဂေါ်ကြီးကို ကျွန်တော့်ရဲ့ အထီးကျန်ဆန်တဲ့ဘဝထဲမှာ အဖော်အဖြစ် တသသ ရှိနေခဲ့ရတာကိုတော့ ဝန်ခံရမှာပါလေ။

မှဝမဂ္ဂဇင်း
အမှတ် (၅၃)၊ ဒီဇင်ဘာလ၊ ၂၀၀၅ ခုနှစ်။

●

# အမည်းကွက်ထဲက အဖြူစက်

ဦးဘအိုလမ်းထိပ်၊ ဗာဒံပင်ရိပ်အောက်က ဆိုက်ကားဂိတ်ကို အမည်းကွက်လို့ပဲ သတ်မှတ်လိုက်ကြ ပြီဆိုပါစို့။ အဲဒီဆိုက်ကားဂိတ်က ဆိုက်ကားသမားလေး မောင်ချမ်းငြိမ်းကို ကျွန်တော် အဖြူစက်လေးအဖြစ် သီးခြားသတ်မှတ်လိုက်ချင်ပါသည်။

သားကြီးအိမ်နဲ့ ကျွန်တော့်အိမ်က ဘတ်စ်ကား တစ်မှတ်တိုင်မျှပင် မဝေး။ သို့သော် နေပူဒဏ်က ပူပြင်းလှလွန်းတာကြောင့် ဆိုက်ကားဂိတ်ဆီကို လက်ခုပ်လှမ်းတီးပြီး ဆိုက်ကားတစ်စီးကို စီးကာ ပြန်လာခဲ့သည်။

ဆိုက်ကားသမားလေးမှာ ကိုယ့်ရပ်ကွက်မှ ကိုယ့်အသိ၏သားဖြစ်နေသောကြောင့် 'မင်းကြီးတော် နေကောင်းရဲ့လား၊ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား' စသဖြင့် မေးမြန်းဖြစ်သွားသည်။

"အဆင်ပြေပါတယ်။ ဒါပေမဲ့ သူများတွေတော့ အဆင်မပြေကြဘူး"

ဤတွင် သူတို့ဆိုက်ကားဂိတ်ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်မိတိုင်း၊ ကြည့်မိတိုင်း စပ်စုချင်စိတ် တဖွားဖွားပေါ်လာရသည့်ဆန္ဒကို ကောက်ကာ ငင်ကာ အကောင်အထည်ဖော်လိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆိုက်ကားဂိတ်မှ သူတို့အခြေအနေကို စပ်စုချင်စိတ်များ တဖွားဖွားပေါ်မိရခြင်း အကြောင်းရင်းကို ဦးစွာ ပြောပြရန်လိုမည် ထင်ပါသည်။

ကျွန်တော် သန်လျင် ပြန်ရောက်ပြီးသည့် အချိန်မှစ၍ နံနက်စောစောဖြစ်စေ၊ ညနေခင်း လေညင်းခံရင်းဖြစ်စေ တန်တစ်ရာ သစ်စက်ရှိရာ ငပရွာသို့ ဖောက်ထားသော လမ်းမကြီးအတိုင်း လမ်းလျှောက်တတ်ပါသည်။ ထိုလမ်းမကြီးမှာ မြို့ပြင်ရှိ လယ်ကွင်းများကိုဖြတ်၍ လမ်းဖောက်ထားခြင်းဖြစ်သောကြောင့်လည်း အတားအဆီးမဲ့ လယ်ကွင်းများကို ဖြတ်တိုက်လာသည့် လတ်ဆတ်သန့်ရှင်းသော လေကို တဝကြီး ရှူရှိုက်ခွင့်ရသည်။ လူအသွားအလာ နည်းကာ ယာဉ်အသွားအလာ မရှိသလောက်မို့ လေထုက အထူးပင် သန့်ရှင်းနေသည်။

သို့သော် နောက်ပိုင်းတွင် လူသားတို့သဘာဝ ငပနှင့် သန်လျင်အဝါန်ငယ်ဝေးသော ခရီးကို စက်ဘီးကယ်ရီများဖြင့် စတင်ခရီး ဆန့်ကြသည်။ စက်ဘီးကယ်ရီလေးများကား မိုးဦးကျ ခရုပေါက်စ၊ ပက်ကျိလေးများသဖွယ် တစ်နေ့ထက်တစ်နေ့ တိုးပွားနှုန်းက များပြားလာသည်။ စက်ဘီးကယ်ရီလေးများ တန်တစ်ရာ သစ်စက် လမ်းမကြီးပေါ်မှာသာမက မြို့ထဲနေရာအနှံ့ စားကျက်ရှာ နယ်ချဲ့လာကြသည်။ နောက်ထပ် သိပ်မကြာပါ။ မော်တော်ဆိုင်ကယ်တို့က စက်ဘီး ကယ်ရီများကြားသို့ တိုးဝင်လာကြပြန်သည်။ စီးပွားရေးအကွက်မြင်သူတို့က ဆိုင်ကယ်ကယ်ရီ သုံး၊ လေးစီး ထောင်လာကြသည်။ မော်တော်ဆိုင်ကယ် ကယ်ရီများကို တွင်တွင်ကျယ်ကျယ် စီးလာကြသည်။

ကျွန်တော်တို့ သန်လျင်မြို့သည် ကုန်းဆင်း၊ ကုန်းတက်များဖြင့် အလှဆင်ထားသောမြို့ ဖြစ်သဖြင့် မိုးရွာပြီးလျှင် ရေဝပ်မကျန် (ဗွက်မထ) ခြင်းကြောင့် သန့်ပြန့်သော အနေအထားဖြင့် လှပနေသော်လည်း လူနှင့်ခွန်အား စိုက်ထုတ်နင်းကာ အသက်မွေးဝမ်း



ကျောင်းကြရရှာသော ဆိုက်ကားသမားလေးများအဖို့ ထိုကုန်းမို့မို့တို့၏ နှိပ်စက်ဒုက္ခပေးမှုနှင့် နေ့စဉ်ရင်ဆိုင်နေကြရရှာသည့် ဒုက္ခကမသေး။

ကျွန်တော်တို့ သန်လျင်တွင် ရှေးယခင်က မြို့တွင်းခရီးကို ဆိုက်ကားမြင်းလှည်းဖြင့် ဖြေရှင်းကြသည်။ ၁၉၆၀ ခုနှစ်ဆီလောက်ကမှဟု ထင်သည်။ မြို့ပတ်ကားများ တိုးလာသည်။ များများမဟုတ်သေး။ ခုတော့ သန်လျင်–ရန်ကုန်တံတားကြီးပြီးမှ ဆိုက်ကား၊ မြင်းလှည်း (မြို့ပတ်ကားမရှိတော့ပါ။ လိုင်းကားအစားထိုး ဝင်ရောက်နေပါပြီ) တက္ကစီအပြင် စက်ဘီးကယ်ရီနှင့် ဆိုင်ကယ်ကယ်ရီတို့ ရေပန်းစားလာကာ များပန်းခပ်မျှ လှုပ်ရှားလာကြသည်။

ဆိုက်ကားခများတို့ ဆိုင်ကယ်ကယ်ရီကို ဘယ်ဘက်ကမှ မယှဉ်နိုင်ကြရှာ။ ခရီးသွားများအတွက်လည်း ခရီးတွင်၍ အချိန်ကုန် သက်သာပြီး ကုန်းတက်တွင် ဆိုက်ကားသမားကို အားနာ၊ စာနာနေရသော စိတ်မသက်သာမှုမှလည်း ကင်းကြရသည်။ ခရီးသည်အပေါင်းက ခရီးဝေးသောအခါ တက္ကစီများ၊ လိုင်းကားများစီးကြပြီး ခရီးတိုလျှင်တော့ ဆိုင်ကယ်ကယ်ရီကိုသာ စီးကြသည်။ ဆိုက်ကားလေးများ ကပ်သင့်ကြရရှာသည်။

ကျန်အလေးပစ္စည်းများတင်သော်၊ လူငါးယောက်၊ ခြောက်ယောက်စီးလိုသော် မြင်းလှည်း မော်တော်ကားများကိုသာ ရွေးကြသည်။ ဆိုက်ကားခများတို့ နယ်ပယ်က တစ်နေ့တခြား ကျုံ့သည်ထက် ကျုံ့လာကြရှာပြီ မဟုတ်ပါလား။

ဆိုက်ကားဆရာလေးတို့ အရက်သောက်သူများလာသည်ကို သိသိသာသာ တွေ့မြင်နေရသည်မှ အခြေခံအစပြုကာ သူတို့လေးတွေ၏ အခြေအနေများကို ကျွန်တော်စပ်စုချင်စိတ်တွေ တဖွားဖွားပေါ်လာရခြင်း ဖြစ်ပါသည်။ ကျွန်တော့်အမေးကို 'အဆင်ပြေပါတယ်။ သူများတွေတော့ အဆင်မပြေကြဘူး' ဟု မောင်ချမ်းငြိမ်းက

www.burmeseclassic.com

www.burmeseclassic.com



ဖြေထားသောကြောင့် ...

"သူများတွေ အဆင်မပြေကြဘူးဆိုတော့ မင်းကတော့ အဆင်ပြေတယ်ပေါ့"

သူ့ကို ကြည့်ပြီးမေးနေသည်မို့ သူ့ကိုပါ လေ့လာမိသွားရပါသည်။ (အထက်မှာ မောင်ချမ်းငြိမ်းကို အဖြူစက်ဟု သီးခြား သတ်မှတ်ချင်ကြောင်း ဖော်ပြထားသည်) မောင်ချမ်းငြိမ်း၏ ရုပ်လက္ခဏာက သူ့ဘော်ဒါ ဆိုက်ကားဆရာတို့နှင့် လုံးဝခြားနားပါသည်။ သူ့ဘော်ဒါများပုံကိုဖော်ပြရလျှင် အရက်ဖော ဖောကာ ပွထွက်နေသော မျက်နှာဖောင်းဖောင်းနှင့် အရက်ပိန်ပိန်ကာ ကြွက်သားမဲ့ ခြေချောင်း၊ လက်ချောင်းများ၊ အရက်ခိုးများ ရီဝေကာ နီရဲနေသော မျက်လုံးအစုံတို့ဖြင့် တန်ဆာဆင်ကာ ချဉ်စုပ်စုပ်အနံ့များကို တမင် မရှူရှိုက်ရပါဘဲ သူတို့ကိုမြင်ရုံမျှဖြင့် အနံ့ရနေသကဲ့သို့ ခံစားရလောက်အောင် အစွမ်းရှိသော ပုံစံများဖြစ်ကြသည်။

သူတို့ထဲတွင် မောင်ချမ်းငြိမ်းရောက်နေလျှင် ဆိုက်ကားငှားမည့် ကျောင်းသားတစ်ယောက် ဆိုက်ကားပေါ် အပျော်တက်ဆော့နေသည်နှင့်ပင် တူတော့သည်။ အခု မောင်ချမ်းငြိမ်းက ကက်ပ်ဦးထုပ်လေးကို ဆောင်းကာ မိုးပြာရောင် တီရှပ်လေးကို ပေါ့ပေါ့ပါးပါး ဝတ်ထားသည်။ သူ့ဘယ်ဘက်လက်တွင် ငါးမူးသားခန့် ရွှေလက်စွပ်နှင့် နာရီကို ပတ်ထားသေးသည်။ ဦးဂျမ်းပုဆိုးမှာလည်း အရောင်မလွင့်သေး။

"ဘာဘရယ်၊ ကျွန်တော် အခုလို အဆင်ပြေနေတာ အမိကကတော့ ဒေါ်ကြီးစိန်ရဲ့ကျေးဇူးတွေကြောင့်ပါ"

ဒေါ်ကြီးစိန်ဆိုသူက သူ၏မွေးစားအမေဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကိုမေးစဉ်က မင်းကြီးတော် နေကောင်းလားဟူ၍ မေးခဲ့ခြင်းပင်ဖြစ်ပါသည်။ သူတို့နောက်ကြောင်းများကို သိထားသည်မို့လည်း

"မကြည်စိန်ရဲ့ ကျေးဇူးတွေက မင်းအပေါ်မှာ သိပ်ကြီးတယ်။



မိဘအရင်းထက် ထိန်းသိမ်းစောင့်ရှောက်ရာမှာ တော်ရှာတယ်။ သူ့ယောကျ်ား ကိုဖြိုးဆုံးတုန်းက တကယ့်အရွယ်ကောင်း၊ ဒါတောင် နောက်အိမ်ထောင်မထူဘဲ မင်းကို သူ့ဝမ်းသူကျောင်းပြီး စောင့်ရှောက်လာခဲ့တာနော်။ ဘာသာရေးဘက်မှာလည်း သိပ်ထက်သန်တယ်။ သူ့စကားနားထောင်"

"ဟုတ်ကဲ့ ... နားမထောင်လို့လည်း မရဘူးအဘရဲ့၊ အရက်ဆိုဒေါ်ကြီးက သိပ်ကိုမုန်းတာ။ ဘင်းတင်းကျပ်ကျပ်လည်း ပိတ်ပင်တယ်"

"သူ့ယောကျ်ားက အရက်ကြောင့်သေတာလည်း ပါတာပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် သူ့စကားတော့ နားထောင်"

"ဟုတ်ကဲ့ ... ဒါကြောင့်လည်း ခုလို ကိုယ်ပိုင် ဆိုက်ကားလေး နင်းနိုင်ခဲ့တာပေါ့ ဆရာ"

သူ့ဆိုက်ကားဆီသို့ ကျွန်တော့်အာရုံ ရောက်သွားရပြန်သည်။ ဆိုက်ကားဆိုမှ တကယ့် ဆိုက်ကားပါ။ သုတ်ထားသည့် ဆေးရောင်ဆေးသား၊ ပြင်ဆင်ခြယ်သထားသည့် မီးလုံး၊ ရောင်ပြန်ပြား၊ ထိုင်ခုံကူရှင်၊ ဘာဆိုဘာမှပင် ပြောစရာမရှိ၊ သူများဆိုက်ကားတွေထက် ပိုကျက်သရေရှိနေရပြန်သည်မှာ ရှေ့ဘီးမတ်ကပ်ပေါ်တွင် ကြေးဝါပိုက်ကိုဖြတ်၍ ညောင်ရေအိုးလုပ်ထားသော ဝါဝင်းနေသည့် ညောင်ရေအိုးလေးထဲမှာ စိမ်းစိုလန်းဆန်းနေသည့် သပြေညွန့်လေးတွေကို မြင်နေရခြင်းပါ။

ဂိတ်တွင် အခြားဆိုက်ကားများနှင့် ယှဉ်ရပ်ထားစဉ် မြင်ရပါက ဓာတ်စင်ထက်မှ လူပြက်များကြားဝယ် ရပ်နေသော ဓာတ်မင်းသားပမာ မြင်ကွင်းက ကွာခြားနေမည်မှာ သေချာသည်။

"သူငယ်ချင်းတွေများ သိပ်သနားစရာကောင်းတာ။ အိမ်ထောင်သည်တွေကလည်း ဖြစ်၊ အုံနာခ မပေးနိုင်ကြတဲ့အခါ ကျွန်တော့်မှာ စိုက်စိုက်ပေး၊ ချေးရသေးတာ။ ပြန်ရတယ်လည်း မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး ...၊ သူတို့အခက်အခဲတွေတော့ ရှိပ်မိပါတယ်။ ဒါပေမဲ့ ကွာ၊ မင်းနဲ့ ဘာလို့ ဒါလောက် အခြေအနေတွေ ကွာနေကြတာလဲ"

"ဒါကြောင့် ဒေါ်ကြီးစိန်ကို ကျေးဇူးတင်တာပေါ့ ဘာဘရဲ့။ အမိက သူတို့အပြစ်တွေလည်း ပါတယ်။ ဆိုက်ကားဆွဲကောင်းရင် စုမထားကြဘူး။ မိသားစုကြောင့် မစုနိုင်ကြတာထားပါတော့ ဘာဘ ရယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲကွ"

"ဆိုက်ကားဆွဲမကောင်းတာ အကြောင်းပြပြီး ဟော ... ဟိုမှာ တွေ့လားဘာဘ၊ သူတို့ အဲဒါ နေပူခံဆိုပြီး သောက်ရာက ပြန်လာတာ"

"ဟာ ... ဒီကောင်တွေ ခုလို အစောကြီးကတည်းက စသောက် တယ်လား"

"ဟုတ်တယ် ဘာဘရေ ...။ ပြီးရင် အဲဒီ ဆိုက်ကားပေါ်တင် အိပ်ချင် အိပ်နေကြတာ၊ သူတို့ အိပ်နေတာနဲ့ ကျွန်တော်ချည်း လိုက်ပို့ နေရတာ"

"အေးလေကွာ ... သူတို့ဆိုက်ကားနဲ့ သူတို့ လုပ်ပုံတွေကို ကြည့် ပြီး ဘယ်သူက လွယ်လွယ်စီးရဲတော့မှာလဲ"

"အဲဒါတွေလေ ကျွန်တော်တို့ရပ်ကွက်ထဲမှာက ကလေး ပေါက်စတွေကို မူကြိုကျောင်းပို့ကြရတယ် မဟုတ်လား။ ကလေး မိဘတွေက ကျွန်တော့်ကိုပဲ စုပြုံပြီး ငှားနေကြတာ၊ မနက်တိုင်း ကလေးခြောက်ယောက်ကို ဒိုင်ခံပို့ပေးနေရတယ်လေ"

"နိပ်တာပေါ့ကွာ ...။ ကျောင်းပို့ကျောင်းကြိုရုံဆိုတော့ သက်သာတာပေါ့၊ တစ်ယောက် ဘယ်လောက်ရသလဲ"

"တစ်ယောက်ကို ရှစ်ထောင်၊ တစ်သောင်းလောက် ရတယ်"

"ကြားဖြတ်ဆွဲတာနဲ့ဆို မင်းဝင်ငွေ တစ်လ ဘယ်နည်းမှာလဲ"

"ကလေးတွေ ကျောင်းဖွင့်တုန်းဆိုရင် ခုလို ကြားဖြတ်ဆွဲရတာ နဲ့ ငါးသောင်းကျော်၊ ခြောက်သောင်းလောက်တော့ ရပါတယ်"



ကျွန်တော့်ရှေ့မှာတင် မောင်ချမ်းငြိမ်း လူပ်ရှားပြေးဆွဲနေရပုံ၊ သူနှင့် ခရီးသည်များ အပြင်မှာရော ရပ်ကွက်တွင်းမှာပါ ဆက်ဆံနိုင် ကြပုံကို မြင်တွေ့နေရသော ကျွန်တော့်အနေနှင့် သူ့စကားကို လုံးဝ ယုံမှားသံသယ မဖြစ်မိပါ။ သူ့ကို ဘာမှပြန်မမေးမိတော့ဘဲ ကျွန်တော့် စိတ်ထဲမှာသာ ကျိတ်၍ မောင်ချမ်းငြိမ်း၏ဂုဏ်ပုဒ်ကို ဖော်ထုတ်နေ မိပါသည်။

"မောင်ချမ်းငြိမ်း ... မင်းဟာ အမည်းကွက်ထဲက အဖြူစက်လေး ပါပဲကွာ"

မောင်ချမ်းငြိမ်းရဲ့ ဆိုက်ကားပေါ်က ဆင်းခဲ့ပြီး အိမ်ထဲသို့ ဝင် လာသောအခါမှာလည်း ကျွန်တော့် အိမ်သားများကို ပြန်လည်ပြော ပြရန် ခေါင်းထဲ၌ စကားလုံးများကို စီကာစဉ်ကာ ရွေးချယ်ရပြန်ပါ သေးသည်။ ကျွန်တော့်ယုံကြည်ချက် အတွေးအိမ်ထဲသို့ စီးဝင်ရောက် ရှိလာသော စကားလုံးများသည်ကား။

အခြေအနေဆိုးတွေထဲမှာ အဲဒီအခြေအနေဆိုးတွေကို ဥပေက္ခာ ပြု လက်လှမ်းမီသမျှ အခွင့်အရေးကို အမိအရဆုပ်ကိုင်၊ အတတ်နိုင် ဆုံး ကောင်းအောင် ဖန်တီးရပ်တည်နေနိုင်သူဟာ အမည်းကွက်ထဲက အဖြူစက် ...။

perfect မဂ္ဂဇင်း

အောက်တိုဘာလ၊ ၂၀၀၈ ခုနှစ်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်းရပါသည်

ရန်ကုန်၊ ဘောက်ထော်မှာ နေခဲ့တုန်းက ကျွန်တော့်အိမ်နဲ့ ကပ်လျက်မှာ ဦးတင်လှိုင် ဝပ်ရှော့ပ် ရှိတယ်။ ဦးတင်လှိုင် ဝပ်ရှော့ပ်မှာ ကားလာပြင်ကြသူတွေများတော့ အခုကျွန်တော် ညွှန်းဆိုရေးမယ့် ဓာတ်လိုက်ကြီးကို ကားလာပြင်ကြသူ တော်တော်များများ ကြုံဖူး တွေ့ဖူးကြမှာပါ။

ဝပ်ရှော့ပ်နားတစ်ဝိုက်ရှိ သစ်ပင်တစ်ပင်ပေါ်ကနေပြီး ဓာတ်လိုက်ကြီးက အော်လိုက်ပါလိမ့်မယ်။

"အား ... အား ... အား ... အား ကလောက်လောက်"

မတွေ့ဖူး၊ မကြုံဖူးသူတစ်ယောက်ကို အဲဒါ ဘာကောင်အော်တာလဲလို့ မေးခဲ့ရင် "ကျီးကန်းပေါ့ကွ" "ကျီးကန်းအော်တာပေါ့ဟ" လို့ အသေအချာဖြေမှာ အမှန်ပါ။ အဲဒီအခါကျရင် သစ်ပင်ပေါ်မှာ အော်နေတဲ့ အကောင်ကို တွေ့အောင်ရှာခိုင်း။ မြင်မြင်ချင်း အံ့ဩစွာနဲ့ စိုက်ကြည့်နေလိမ့်မယ်။ အဲဒီအခါမှာ ထပ်အော်တော့မှ

"ဟာ ... ကြက်တူရွေးကြီးပါလား၊ ကြည့်စမ်း"

ဟုတ်ပါတယ်။ တကယ့် ကြက်တူရွေးကြီးက ကျီးကန်းလို အော်နေတာပါ။ နှုတ်သီးကောက်ကြီး နီရဲပြီး သူ့တစ်ကိုယ်လုံးက ပေါက်



ရွက်လို စိမ်းလို့၊ သိပ်လှတဲ့ ကြက်တူရွေးကြီးပါပဲ။

အဲဒီကောင်ကြီး စောစောကလို အော်ပြီးရင်တော့ သိပ်မကြာပါဘူး။ သူ့နားကို မည်းချိတ်နက်မှောင်နေတဲ့ ကျီးကန်းတချို့ ရောက်လာကြလိမ့်မယ်။ ဒါက သူတို့ရဲ့ နေ့စဉ်အလုပ်လေ။ ရောက်လာပြီးရင် အဲဒီကျီးကန်းတွေနဲ့ ဟိုသည်ဝဲပျံပြီး အစာရှာလိမ့်မယ်။ ကျီးတွေကလည်း သူ့ကိုလုံးဝရန်မရှာဘူး။ သူတို့က နှစ်ရှည်လများ ဘော်ဒါတွေ ဖြစ်နေကြပြီးသား။

တစ်စွန်းတစ်စ သိထားရတာကတော့ အဲဒီကြက်တူရွေးကြီးက အိမ်တစ်အိမ်ကနေ လူစကားတတ်လုလုမှာ လှောင်အိမ်က လွတ်ထွက်လာတဲ့ ကောင်ကြီးဆိုပဲ။ စဉ်းစားကြည့်ရတာ ငယ်ငယ်လေးကတည်းက တောထဲကနေ မိဝေးဖဝေး မြို့ထဲ (လှောင်အိမ်) ရောက်လာတော့ သူ မြင်ဖူး တွေ့ဖူးနေတာ ကျီးကန်းတို့၊ စာကလေးတို့လောက်ပဲ ရှိရှာမှာပေါ့။

သူ လှောင်အိမ်က၊ လှောင်ချိုင့်စံဘဝက လွတ်မြောက်လာတော့ စာကလေးတွေက ငယ်တယ်။ ပြီးတော့ သူတို့က လူတွေနားမှာသာ မှီခိုကျက်စားနေတဲ့ သတ္တဝါလေးတွေဆိုတော့ သူနဲ့ ရွယ်တူနီးပါးရှိကြတဲ့ ကျီးကန်းတွေကို မိတ်ဖွဲ့၊ ကျီးကန်းတွေရဲ့ ဘာသာစကား သင်ယူ (အတုခိုး)ပြီး ကျီးတွေနဲ့ ပေါင်းသင်းလှုပ်ရှားနေတာ ဖြစ်ပါလိမ့်မယ်။

ဒီကြက်တူရွေးကြီးကို ကျွန်တော် ဘောက်ထော်မှာ မြင်တွေ့နေခဲ့တာ နှစ်နှစ် သုံးနှစ်တောင် ရှိနေပြီ။ ဒီကောင်ကြီး အမြဲ ကျီးတွေနဲ့ ဒီလိုပဲ တတွဲတွဲ နေနေတာပါပဲ။ ဒါပေမဲ့ ကျီးကန်းတွေရဲ့ ဘာသာစကား "အား အား ... ကား ကားတွေ ... ကလောက် ကလောက်ကား" တွေကိုသာ ကျီးတွေနဲ့ဆက်သွယ်လို့ ပြောဆိုနေတာ။ ကျီးကန်းတွေရဲ့ ဓလေ့စရိုက်၊ အမူအကျင့်တွေကို ဒီကောင်ကြီးက လုံးဝရှောင်တယ်။ ဘာကိုမှ လိုက် အတုမခိုးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျီးတွေလို အိမ်ကြိုအိမ်ကြားဝင်ပြီး အလစ်မသုတ်ဘူး။ ကလေးတွေနဲ့ ခေါင်းရွက်ဈေးသည် (မုန့်သည်) တွေဆီက အလစ်မသုတ်ဘူး၊ မလုယက်ဘူး။ ငှက်ငယ် (စာပေါက်၊ ကြက်ပေါက်) လေးတွေကိုလည်း ရန်မရှာပါဘူး။ ကြက်တူရွေးကြီးက သူ့ဓလေ့၊ သူ့စရိုက်၊ သူ့မျိုးရိုး ယဉ်ကျေးမှုကို ထိန်းတယ်လို့ တင်စားရင် ရတဲ့ကောင်ကြီး။ သူက အဲဒါကို မာလကာသီး၊ စောင်းလျားသီး၊ ညောင်သီးစတာတွေကိုသာ စားတာ။ သူ့စည်းကို မဖောက်ဘူးလေ။

အိမ်ရှေ့က ပိတောက်ပင်နဲ့ ပင်လယ်ကဗွီးပင်ပေါ် ဒီကောင်ကြီး လာနားပြီဆိုမှဖြင့် သူ အော်သံကြားတာနဲ့ စိတ်ဝင်တစား တကူးတကကို ကျွန်တော် ကြည့်မိတာ။ နှစ်တွေချီ ကြာလာခဲ့ပြီ။

ဒီကောင်ကြီးကို ကျီးကန်းတွေနဲ့ မြင်ရတိုင်း နိုင်ငံရပ်ခြားမှာ မိဝေးဖဝေး လူမျိုးခြားတွေကြားမှာ သူတို့ ဘာသာစကားတွေနဲ့ ဆက်ဆံပြောကြားပြီး စီးပွားသွားရှာနေကြတဲ့ ကိုယ့်သွေး ကိုယ့်သားလေးတွေကို ပြေးပြေး အမှတ်ရတယ်။ သူတို့လေးတွေလည်း ဒီသမုဒ္ဒရာဝမ်းတစ်ထွာအတွက် မျိုးမတူ ဇာတ်ခြားတွေထဲမှာ သွားပြီး ဝမ်းစာရှာဖွေနေကြရတာပဲ မဟုတ်လား။

ဒီတော့ ရိုးရာမပျောက်၊ ဓလေ့စရိုက် အမူအကျင့်တွေ မပြောင်းလဲဘဲ ကျီးမည်းတွေနဲ့ ပေါင်းဖက်ပြီး ဝမ်းကျောင်းနေရှာတဲ့ ကြက်တူရွေးကြီးကို ကြည့်ပြီးလည်း အားကျမိတယ်။ လူသားစင်စစ် ကျွန်တော်တို့ရဲ့ သွေးသား သားငယ် သမီးငယ်များကဖြင့် တိုင်းတစ်ပါးကများပြန်ရောက်လာကြပြီဆိုရင် သူတို့နဲ့ ရင်ဆိုင်တွေ့ရင်တောင်မှ မနည်းကြီးကို ရုပ်ဖမ်းယူရတဲ့အထိ ပြောင်းလဲကုန်ကြတော့တာကလား။ ဒါပြင်ပသဏ္ဍာန်ကိုပဲ ပြောသေးတာနော်။

"ဟော့ ... မင်း ... မင်းကြွက်နီသား ကျောက်ဒိုးပါနော်"

"ဟဲ့ ... ညည်း ခွေးမသမီး ငွက်ထော်မဟုတ်လား။ အမယ်လေးနော် ... ညည်းမျက်နှာကို သေသေချာချာကြည့်မှ မှတ်မိတော့တယ်ဟယ်။ ဘုရားစူး၊ တကယ်သိလား"



ကြွက်နီသား ကျောက်ဒိုးကို ယောကျ်ားချင်းမို့ တစ်ကိုယ်လုံး ရဲရဲတင်းတင်း ကြည့်ဝံတော့ မြန်မြန် မှတ်မိသွားတာပေါ့။

ငွက်ထော်ကျတော့ မိန်းကလေးလေ။ သူဝတ်ထား ပြင်ဆင်လိမ်းခြယ်ထားပုံကလည်း ရဲရဲစေ့စေ့ ကြည့်ရဲစရာမှ မရှိဘဲရယ်ကိုး။ ဒါကြောင့် မျက်နှာကိုသာ ကြည့်ရဲတာ။

* *

ဩော် တို့သွေးချင်း၊ သားချင်းလေးတွေ နိုင်ငံရပ်ခြားမှာ စီးပွားသွားရှာနေကြရပေမယ့် ဟောဒီ ကျီးမည်းတွေကြားက ကြက်တူရွေးကြီးလို တို့တွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်၊ အမူအကျင့်တွေကို ထိန်းသိမ်းနိုင်ကြပါစေ။

ဟောဒီ ကြက်တူရွေးကြီးလို စိတ်ဓာတ်နိုင်မာကြပါစေ။ နိုင်ငံခြားမြေ ခြေမချမိကြဘဲ နိုင်ငံခြားရုပ်ရှင်ကြည့်ပြီး စိတ်ကူးယဉ်နေကြသူလေးတွေလည်း မိဘအပေါ် ညွှာတာထောက်ထားစိတ်လေးတွေ မွေးနိုင်ကြပါစေ။

အမှတ် (၃၉)၊ ဖတ်စရာဂျာနယ်
အောက်တိုဘာလ (၁၁) ရက်၊ ၂၀၀၅ ခုနှစ်။

●

www.burmeseclassic.com

# ရှိတော့ ရှိတယ် ရှားတယ်

ရှိတော့ရှိပြီး ရှားတဲ့အရာတိုင်းဟာ အနည်းစုများသာဖြစ်တဲ့၊ ရှားပါး ပစ္စည်းနဲ့ ရှားပါးသတ္တဝါတွေပါ။ ရှားပါးပစ္စည်းကို မပျောက်မပျက် အောင် ထိန်းသိမ်းကြ၊ ရှားပါးသတ္တဝါတွေကို မျိုးတုံးမသွားရအောင် စောင့်ရှောက်ကြရသလို ရှိတော့ရှိတယ် ရှားပါးတဲ့ ကောင်းမြတ်ဖြူ စင်တဲ့ အကျင့်ကောင်းလေးတွေကိုလည်း လူတိုင်း အတုယူ လိုက်နာ ကျင့်သုံးနိုင်ကြမယ်ဆိုရင် လောကကြီး သာယာကြီး သာယာပြီး လူသား စိတ်ချမ်းသာသာ ရှိကြရမှာ သေချာပါတယ်။

တစ်နေ့ဆီက ကျွန်တော့်သမီးဟာ သူ့သမီးငယ်အတွက် အဝတ် ကလေးတွေနဲ့ ကစားစရာ အရုပ်လှလှလေးတွေကိုဝယ်ပြီး အိမ်ကို တက္ကစီနဲ့ ပြန်လာပါတယ်။ ကလေးထိန်းတဲ့ကောင်မလေးနဲ့ သူ့သမီး က အမေပြန်လာမယ့်အချိန်မို့ လမ်းပေါ်ထွက်ပြီးကြိုနေကြတယ်။ ကားဆိုက်လာတော့ ကလေးငယ်တို့ရဲ့အကျင့် မိခင်တို့ရဲ့ သဘာဝ အတိုင်း ကားခကို ကပျာကယာ ရှင်းပေးပြီးတာနဲ့ သမီးငယ်ကို ချီပိုး နမ်းရှုံ့နေမိတော့တာပေါ့။

ဒီသမီး အကျင့်ကလည်း သိပ်မေ့တတ်တော့ အဝတ်ထုပ်နဲ့ အရုပ်ယူဖို့ မေ့သွားတယ်။ ကားထွက်သွားပြီး ကလေးကို ပစ္စည်းပေးဖို့



အချိန်ကျမှ ထုံးစံအတိုင်း "ဟောတော့ ကားပေါ်အထုပ်ပါသွားပြီ။ လုပ်ကြပါဦး" ဆိုတဲ့ အသံပေါ်လာတယ်။ အနားမှာ ရှိကြတဲ့လူတွေက ဘာလုပ်ပေးနိုင်မှာလဲ။ ကားက ဘယ်ရောက်သွားမှန်းတောင် မသိ တော့ဘူးလေ။ မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်ကိုစမ်းပြီး မိမိ စမ်းမိရာ ပစ္စည်းပေါ်မှာ ထင်မြင်ချက်ပေးကြသလို။

ပစ္စည်းကျန်လို့ ပြန်ရဖူးတဲ့သူကလည်း "ပြန်လာပြီး ပို့မှာပါ"။

အဲဒီလိုပါသွားလို့ ဆုံးဖူးသူကလည်း "မျှော်မနေနဲ့ နည်းတယ် ထင်ဦးမှာ"

ဒီအဖြစ်မျိုးတွေက အနယ်နယ်အရပ်ရပ်မှာ မကြာ မကြာ ဖြစ် နေတဲ့ အဖြစ်မျိုးတွေပဲ မဟုတ်လား။ တက္ကဆီပေါ်မှာ ငွေသောင်းချီ ပါသွားတာ၊ အဖိုးတန်ပစ္စည်း မေ့ပါသွားတာတွေကို ရိုးသားဖြောင့်မတ် သူတွေလည်း ရှိကြပါတယ်။

တချို့ကျပြန်တော့ စိတ်ထားဖြူစင်စွာ ပြန်ပေးချင်ပါရဲ့။ ဒါပေမဲ့ ဘယ်သူကျန်တယ်ဆိုတာ မသိလို့၊ လိပ်စာမသိလို့ မပို့နိုင်ကြ တဲ့ အဖြစ်တွေလည်း ရှိကြတာပါပဲ။ ဟုတ်တယ်လေ။ တက္ကဆီဆိုတာ သူဆင်း သူတက် မဟုတ်လား။

ဘဝပေးအခြေအနေကြောင့် အကျင့်မကောင်းတဲ့လူ ဖြစ်ရရှာ ပြီး သူခိုး၊ ခါးပိုက်နှိုက်ဖြစ်ရသူချင်း တူပေမယ့် တာဝန်သိ စာနာ စိတ် ထားနိုင်သမျှ ထားတတ်သေးတဲ့ သူခိုး၊ ခါးပိုက်နှိုက်မျိုးလည်း ရှိကြသေးတယ်။

အရေးကြီးစာရွက်စာတမ်းနဲ့ မှတ်ပုံတင် အိမ်ထောင်စုဇယား စတာတွေကို စာတိုက်ကနေ ပြန်ပို့တတ်ကြပါတယ်။ အဲဒီ ပစ္စည်း တွေဟာ သူတို့အတွက် စက္ကူစုတ်မျှသာဖြစ်ပေမယ့် ပိုင်ဆိုင်သူ ကာယကံရှင်အတွက်ကတော့ အင်မတန်တန်ဖိုးရှိကြောင်း၊ မှတ်ပုံတင် ပျောက်လို့ ပြန်လုပ်ရပြီဆိုလျှင် မည်ကဲ့သို့သော ဒုက္ခမျိုးတွေကို ခံကြ ရရှာကြောင်းကို သိရှိစာနာပြီး ပြန်ပို့ပေးကြတာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေ ငွေ ပစ္စည်း အသုံးအဆောင်ကသာ လူတိုင်းအတွက် အသုံးတည့်နိုင်ပေမယ့် စာရွက်စာတမ်း အရေးကြီးတဲ့ မှတ်စုမှတ်ရာ တွေဆိုတာက ကာယကံရှင်အဖို့ သာသက်ဆိုင်လို့ တန်ဖိုးရှိပေမယ့် တစ်ပါးသူ လက်ရောက်သွားရင်စာရွက်ပါပဲ။ အဲဒီလိုပစ္စည်းမျိုးတွေကိုတော့ သူခိုး၊ ခါးပိုက်နှိုက်က လွှင့်ပစ်ခဲ့ရင်တောင် တာဝန်သိပြည်သူများက တွေ့ရင် ကြားက ပို့ပေးတာမျိုးတွေ ရှိတတ်ပါတယ်။

တစ်ပါးသူပစ္စည်းကို လောဘတက်ပြီး တမင်သက်သက် လိုချင်တဲ့ သူမျိုးကျတော့ အထက်မှာ ပြောခဲ့သလိုပါပဲ များလေ ကုသိုလ်ကံကောင်းလိုက်တာလို့ ကြွေးကြော်ဦးမှာပါ။

တစ်ခါက ကျွန်တော့်တူ ဘတ်စ်ကားပေါ်မှာ ငွေခြောက်သောင်းကျော် အထုပ်ကြီးကျန်ခဲ့တာ ခက်ခက်ခဲခဲ ရှားရှားပါးပါး ပြန်ရခဲ့ဖူးသလို ကျွန်တော်ကိုယ်တိုင် နှစ်သောင်းကျော်တန်ဖိုးရှိတဲ့ ပုစွန်ခြောက်ထုပ်ကြီး တက္ကဆီပေါ် ပါသွားဖူးပါတယ်။ လုံးဝပြန်မရတော့ဘူး။ ပေးရမယ့်နေရာနဲ့ လူကို မသိလို့ မဟုတ်ပါဘူး။ ယူချင်လို့ မက်လို့ကို ယူသွားတာ။ ဘာလို့ပြောနိုင်သလဲဆိုတော့ အဲဒီပစ္စည်းကို ကျွန်တော့်အစ်ကိုတော်က သူ့ရဲ့ မိတ်ဆွေ(တောင်ကြီး)ကို လက်ဆောင်ပေးဖို့ ဝယ်ပြီး သူ့အိမ်ကို ကျွန်တော်နဲ့ လူကြုံနေလို့ ပို့ခိုင်းလိုက် တာပါ။

ကျွန်တော် တက္ကဆီငှားတယ်။ တက်တယ်။ ကျွန်တော့်လွယ်အိတ်ထဲက စာအုပ်တွေနဲ့ ဒီငါးခြောက် ပုစွန်ခြောက်ထုပ်ကြီးနဲ့ ဆိုတော့ ရှေ့ခန်းမှာ ကြပ်နေတယ်။ ကားဆရာက နောက်ခုံပေါ်ထင်ဖို့ အကြံပေးရင်း "ငါးခြောက်တွေထင်တယ်" လို့ ပြောတယ်။ ကျွန်တော်ကလည်း ငါးပုပ်ခြောက်နဲ့ ပုစွန်ခြောက်တွေ ဖြစ်ကြောင်းပြောတော့ ငါးပုပ်ခြောက်ကြိုက်တဲ့ ကားဆရာက သူငါးပုပ်ခြောက် ဘယ်လို ကြိုက်ကြောင်းတွေ လျှာသိမ်းရင်း ပြောတဲ့လေသံနဲ့ ပြောပြောလာလိုက်တာ တော်တော်နဲ့ မပြီးတော့ပါဘူး။



ကျွန်တော်ကလည်း မီးပြကို သွားခဲ့စဉ်က ဆားနဲ့ မနယ်ဘဲ ပင်လယ်ရေချင်နဲ့ တင်ဆေးပြီး ပင်လယ်ထဲမှာ ခွဲနေလှမ်းရလို့ ယင်မနားတဲ့ ယင်မနားခြောက် စားခဲ့ရဖူးကြောင်း၊ ဘယ်ကဲ့သို့ ချိုလှကြောင်းတွေ ပြောမိတယ်။ ဒါနဲ့ ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာပါ တက္ကဆီသမား သိသွားတဲ့အထိ ဖြစ်သွားတယ်။ ကားအိမ်ရှေ့ရောက်လို့ ဆင်းတော့ (ကျွန်တော့်သမီးအဖြစ်နဲ့ ခပ်ဆင်ဆင်ရယ်) အိမ်ရှေ့မှာ နှစ်ပေါင်းအတော်ကြာ ကွဲကွာနေတဲ့ ငယ်သူငယ်ချင်းနဲ့ ကျွန်တော်တူတော်မောင်က အိမ်ရှေ့မှာ ထွက်ရပ်ပြီး စကားပြောနေကြတယ်။ ကျွန်တော်က သူငယ်ချင်းကို ကားပေါ်က လှမ်းမြင်တော့ "တူပါတယ်" ဆိုတဲ့ စူးစိုက်ကြည့်လာမိတယ်။ ကားရပ်တော့ သူငယ်ချင်းကလည်း ကျွန်တော့်ကို မြင်လို့ ဝမ်းသာအားရပြေးလာပြီး ဖက်တယ်။ ကားပေါ်ကအထုပ်ကို လုံးဝမေ့သွားပြီး သူငယ်ချင်းကို အတင်းအိမ်ထဲဆွဲ ဝင်သွားတော့ ကားမောင်းထွက်သွားတာကိုတောင် မသိလိုက်တော့ဘူး။

ကျွန်တော့်အကျင့်က ကားစီးလာရင် လမ်းထိပ်ချိုးမဝင်ခင်က ကျတဲ့ကားခကို ထုပ်ပေးတတ်တဲ့ အကျင့်ရှိတယ်။ ကားသမားက ကားခရပြီးလို့ မောင်းထွက်သွားတယ်ပဲထား။ ပစ္စည်းတွေမြင်ရင် ကျွန်တော့်ပစ္စည်းဆိုတာ သူမှတ်မိတယ်။ ကျွန်တော့်အိမ် ကျွန်တော် ဘယ်သူဆိုတာ သူ သိနေပြီးပြီ။

ကျွန်တော့်မှာ ပစ္စည်းပြန်လာပို့နိုး ပြန်လာပို့နိုးနဲ့ မျှော်လိုက်ရတာ ပေါ်မလာတော့မှ သူ့အသံတွေ ပြန်ကြားလာမိတော့တယ်။

"ငါးပုပ်ခြောက်ကို မီးရဲရဲနဲ့ဖုတ်ပြီး ပဲဆီမွှေးမွှေးလေး ဆမ်းစားလည်း ထမင်းပူပူလေးနဲ့လိုက်တာပဲ။ ကြက်သွန်ဥနီကို အကွင်းလိုက်လှီးပြီး ကြော်စားလည်း ကြိုက်တာပဲ။ အိုဗျာ ငါးပုပ်ခြောက်ကိုတော့ ကျွန်တော် ဘယ်လိုကြိုက်မှန်းကို မသိဘူး။ အခုဆို ဈေးသိပ်ကြီးတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



အခု သူ့သမီးလေးအတွက် ဝယ်လာတဲ့ ပစ္စည်းလေးတွေကို ပြန်လာပို့နိုး ပြန်လာပို့နိုးနဲ့ ပြောသူကလည်း ပြောတုန်းပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ပြန်ပို့ပေးခဲ့ဖူးသူတွေ ရှိခဲ့တာလည်းရှိခဲ့ဖူးတော့၊ ဒါပေမဲ့ ရှိတော့ ရှိတယ် ... ရှားတယ် သမီးရေ။

သတင်းစုံ ဆောင်းပါးမှ

# အလှူပေးရခြင်း အတိအလင်း ကွာတယ်

ကြောက်ရွံ့ထိတ်လန့်လျှင် သော်လည်းကောင်း၊ ဝမ်းသာပီတိဖြစ်မိသော်လည်းကောင်း၊ ကြက်သီးမွေးညင်းများ ထသည့်တိုင် ခံစားရတတ်ပါသည်။ ကျွန်တော့်ဘဝတွင် ကျွန်တော်၏ ပေးကမ်းစွန့်ကြဲလှူဒါန်းခဲ့သော အလှူဒါနနှင့်ပတ်သက်၍ နှစ်ကြိမ်နှစ်ခါ ကြက်သီးမွေးညင်းများ ဖြန်းဖြန်းထသွားသည်အထိ ခံစားခဲ့ရဖူးပါသည်။

သို့သော် ထိုသို့ခံစားခဲ့ရသော နှစ်ကြိမ်တွင် ပထမတစ်ကြိမ်ကသာ ဝမ်းသာကြည်နူးမှုနှင့် ယှဉ်တွဲဖြစ်ပေါ်လာခဲ့ရပြီး ကျန်တစ်ကြိမ်ကမူ ထိတ်လန့်တုန်လှုပ်မှုကြောင့် ကြက်သီးမွေးညင်းများ ဖြန်းဖြန်းထခဲ့ရခြင်း ဖြစ်ပါသည်။

စေတနာအစစ်အမှန်နှင့် ပေးကမ်းစွန့်ကြဲ လှူဒါန်းခဲ့သော အလှူဒါနကိစ္စအတွက် ဘာ့ကြောင့် ထိုမျှ ထိတ်လန့်တုန်လှုပ်ရသလဲဟု ဆိုဖွယ်ရှိပါသည်။

ပထမအကြိမ် ကြက်သီးမွေးညင်းထအောင် ပီတိအဟုန်ဖြင့် ခံစားလိုက်ရသော အလှူဒါနမှာ ဟိုးလွန်ခဲ့သော အနှစ် ၃၀ ကျော် လူပျိုဘဝက ဖြစ်ပါသည်။ ကျွန်တော်နှင့် ချစ်အောင်တို့ကို တစ်စုံတစ်ယောက်၏ ဖိတ်ခေါ်မှုကြောင့် ရေနံချောင်းသို့ အလည်အပတ်

www.burmeseclassic.com



ရောက်ရှိသွားကြပါသည်။ ပုပ္ပါးတောင်ကလပ်သို့လည်း ရောက်ခဲ့သည်။ ရေနံချောင်းရှိ ဘုရားများသို့လည်း ရောက်သည်။ လေးငါးရက်အကြာတွင် ရန်ကုန်သို့ ရထားစီးပြန်လို၍ (အသွားတုန်းက ကားနှင့်) ကျောက်ပန်းတောင်းဘူတာသို့ စောစောထွက်ခဲ့ကြပါသည်။ စောလာမိသောကြောင့် ရထားအလားကို ပျင်းအောင်စောင့်ကြရတော့သည်။

ရန်ကုန်သွားမည့် အစုန်ရထားမလာမီ ရထားတစ်စီး ဆိုက်လာသည်တွင် ဘူတာတစ်ခုလုံး ကျွတ်ကျွတ်ညံသွားကာ ရတ်ရတ်သဲသဲ သက်ဝင်လှုပ်ရှားသွားသည့်အတွက် ကျွန်တော့်အဖို့ အပျင်းပြေသလိုရှိသွားသည်။ ဆင်းကြတက်ကြ ပစ္စည်းပစ္စများ တင်ကြ၊ ချကြလှုပ်ရှား ပြေးလွှားနေသူများကို ငေးကြည့်နေမိတယ်။ ခဏအကြာတွင် ရထားစက်သံ ကျယ်လောင်စွာ မြည်ဟည်းလာကာ ခရီးဆက်ရန် အချက်ပေး ဥသြကို ဆွဲသည်။

ပြီးသော် အသံတစ်သံသည် ကျောက်ပန်းတောင်း ဘူတာလေးထဲတွင် ကြားရသူအပေါင်း၏ရင်ကို နာကျင်အောင် ဖျံ့လွှင့်ထွက်ပေါ်လျက် ရှိနေသည်။

"အငယ်မလေးရေ ... နင့်အမေနားက ဘယ်မှ ထွက်မသွားနဲ့နော်။ အဖေပြန်လာခဲ့မယ်။ အငယ်မလေး အမေ့ကို ဂရုစိုက်ထား၊ ကြားရဲ့လား။ အဖေပြန်လာမယ်"

ကျွန်တော့်ရှေ့မှ ဖြတ်ကျော်ရွေ့လျားနေကြသော ရထားတွဲများဆုံးသွားသည်တွင် တစ်ဖက် ပလက်ဖောင်းပေါ်မှာ ဖားတစ်ကောင်လို လေးဖက်ထောက်လျက် ဘာစကားသံမှမထွက်၊ ဝူးဝူးဝါးဝါးနှင့်သာ ပါးစပ်ကြီးဖြဲကာ အော်ဟစ်ငိုယိုနေရှာသော အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ် အဝတ်အစား စုတ်ပြတ်ပြတ် ဆံပင်ဖွာလန်ကြဲနှင့် မိန်းမကြီးတစ်ယောက်။

ထိုမိန်းမကြီး၏ လက်မောင်းတစ်ဖက်ကို ဒူးကလေးထောက်ကာ လက်ကလေးနှစ်ဖက်နှင့် ဆုပ်ကိုင်ထားရာမှ ရထားလမ်းပေါ်



တွင် ရေးရေးသေးသေးမျှသာ မြင်ရတော့သည့် ရထားကြီးအား မျှော်ကြည့်ရင်းက "အဖေ .. အဖေ" ဟုခေါ်ကာ ငိုနေရှာသော ဆယ်နှစ်အရွယ် လူမမယ်ကလေးမလေးနှင့် ပုဆိုးစုတ်ဖြင့် ထုပ်ပိုးထားသော အထုပ်တစ်ထုပ်တို့သည် ကျွန်တော့်မြင်ကွင်းထဲသို့ ဘွားခနဲ ရောက်ရှိလာပါသည်။

ဘေးပရိသတ်၏ ပြောကြားချက်အရ သူတို့မိသားစု ရထားလက်မှတ် ပါမလာသောကြောင့် သူတို့သားအမိများ ကျောက်ပန်းတောင်း ဘူတာတွင်ချထားခဲ့ပြီး ယောကျ်ားဖြစ်သူကို အရေးယူ ဆောင်ရွက်စရာများအတွက် ရှေ့ဘူတာသို့ ခေါ်ဆောင်သွားကြောင်းကို သိရသည်။ လူအများက မျောက်ပွဲလိုလို၊ မျက်လှည့်ပွဲလိုလို ဝိုင်းအုံကြည့်ရှုနေကြလေရာ လူအုပ်ကြီးအလယ်တွင် ထိုသားအမိခမျာ မျက်စိသူငယ်နှင့် တစ်ယောက်ကို တစ်ယောက်ဖက်၍သာ ငိုနေကြရှာတော့သည်။

ကျွန်တော် ထိုမြင်ကွင်းကို မည်သို့မှ မမြင်ရက်၊ မရှုရက်နိုင်တော့ပါ။ မိခင်ဒုက္ခတကြီးကို အားကိုးတကြီး ဖက်တွယ်ကာ လူအုပ်အလယ်တွင် အားငယ်စိတ်တို့ အထွတ်အထိပ်သို့ ရောက်လျက် မျက်လုံးကလေး ကလည်ကလည် ရှိနေရှာသည့် ကလေးမလေးကို ကြည့်ရင်း သူ့ကလေးနေရာတွင် ဝင်ရောက်ခံစားကြည့် မိလေသောအခါ ကျွန်တော့် မျက်လုံးအိမ်တွင် မျက်ရည်များပင် ဝေ့ဝဲလာမိသည်။

ကျွန်တော့်အိပ်ကပ်ထဲမှ ဘတ်ဂျက်အခြေအနေကို ထုတ်ယူတွက်ချက်ပြီးသောအခါ အပြန်လမ်းစရိတ်မျှသာချန်၍ လူအုပ်ကြားမှ တိုးဝင်သွားက ထိုသားအမိအား ငွေတစ်ရာကို သဒ္ဓါရက်ရောစွာ ပေးလှူလိုက်ပါသည်။ ချစ်အောင်ကပါ လိုက်လာပြီး ငါးဆယ်လှူသည်။

ကျွန်တော့်တို့လှူပြီးသည်နှင့် လူအုပ်ထဲမှ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ ဆယ်တန်၊ ငါးကျပ်တန်နှင့် ကျပ်တန်များ တစ်ယောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အဆက်မပြတ် ဝိုင်းလှူလာကြသောအခါ တစ်ခဏ အတွင်းမှာပင် ထိုထားအမိရှေ့တွင် ပဒေသာမြေက ပေါက်သည့်ပမာ ငွေစက္ကူအထပ်ကြီးမှာ သုံးလေးရာထက် နည်းမည်မထင်( ထိုစဉ် ကာလက ငွေတစ်ကျပ်သည်ပင် များစွာ အသုံးခံပါသည်။)

ကျွန်တော် စတင်လှူဒါန်းလိုက်သော ငွေတစ်ရာမှနေ၍ ယခု ကဲ့သို့ ငွေပုံကြီး အထပ်လိုက်ရောက်ရှိလာရသည်ကို မြင်ရသော ကျွန် တော်၏ရင်မှာကား ဝမ်းသာကြည်နူးမှုပီတိတွေ ဖြာဝေလျက် ကြက် သီးမွေးညင်းများ ဖြန်းဖြန်းထသည်ထိ ခံစားခဲ့ရဖူးသော ကျောက်ပန်း တောင်းဘူတာမှ အလှူဒါနကို ယနေ့ထက်တိုင် မေ့မရနိုင်တော့ဘဲ ရှိနေခဲ့ရပါတော့သည်။

ဒုတိယအကြိမ် ကြက်သီးမွေးညင်းထခဲ့ရသော ဒါနခန်းမှာ လည်း သားအမိကဲ့သို့ အပြစ်ကင်းမဲ့စွာ ကံကြမ္မာ၏ နှိပ်စက်ရိုင်းပြ ခြင်းကို လည်းစင်းခံရသည့်အဖြစ်မျိုးဟု မဆိုသာသော်လည်း။

ထိုအလှူခံပုဂ္ဂိုလ်ခမျာ သူ၏မိုက်ပြစ်၊ မိုက်ကြွေးများအား မချို တရိ ပေးဆပ်နေရသူဖြစ်သည်။ သူ့ခမျာ မအီမသာဝေဒနာကို ပြင်း ပြင်းထန်ထန် ခံစားရချိန်မို့ တုန်တုန်ရီရီ ဆောက်တည်ရာမရ ခံစား နေရပြီဆိုသည်ကို ကျွန်တော်က တတ်အပ်သေချာ သိနေလေရာ စာနာစိတ်၊ ကြင်နာစိတ်တို့ကြောင့် သဒ္ဓါစိတ်ဖြစ်လာမိကာ ဘာမျှော် လင့်ချက်မှ မထားဘဲ လှူလိုက်မိသော အလှူပါ။

ကျွန်တော့်ထံမှ အလှူငွေ ၅၀ ကျပ်ကို ရရှိသွားသောအခါ ကျောက်ပန်းတောင်းဘူတာမှ အမျိုးသမီးကြီးက စကားမပြောနိုင်ရှာ သူမို့ ဘာမှမပြောခဲ့သော်လည်း ယခုအလှူခံပုဂ္ဂိုလ်ကမူ ...

"ဆရာမြင့်သိန်း ဒါထက်အဆတစ်ရာ အောင်မြင်ပါစေ။ ဒီ မိသားစုနဲ့ ပျော်ပျော်ကြီး သက်ဆုံးတိုင် ချမ်းချမ်းသာသာနေနိုင်ပါစေ။ ကျွန်တော့်လို သားတစ်ကွဲ၊ မယားတစ်ကွဲ ဘဝမျိုး ဘယ်သောအခါမှ မဖြစ်ပါစေနဲ့။ ကျွန်တော်ဆုတောင်းလည်း ဆရာတို့အဆင့်က..."



"ကဲပါကွာ ... မင်းလို ပုဂ္ဂိုလ်ထူးကို လှူရတဲ့ဟာ မင်းပေးမယ့် ဆုနဲ့ပြည့်မှာ သေချာပါတယ်။ ကဲ ကဲ ..မင်းကြည့်ရတာ မသက်သာ ပါဘူး။ ရော့ ... ဒါမော့လိုက် ..."

တုန်တုန်ချိချိ လက်နှစ်ဖက်တွင် ကျွန်တော် ကမ်းပေးသော အရက်ခွက်ကို မိမိရရ ဖမ်းဆုပ်မိလိုက်သည်နှင့် ပါးစပ်မှာတော့ကာ ဝွပ်ခနဲ မော့ချလိုက်သည်။

"အဟား ... ဆ ... ဆရာ ... ကိုမြင့်သိန်း၊ ဒါတွေနဲ့ ကျွန်တော် တို့လို ကောင်တွေနဲ့က မ ... မတန်ပါဘူးဆရာ။ ငယ် ... ငယ်ချစ် ဟောင်းထွေး ... ထွေးညိုလေးဆီပဲပြေးတော့မယ်။ နော် ... နော်ဆရာ"

ကျွန်တော့်ကို လက်အုပ်ချီ ကန်တော့ပြီးသည်နှင့် ရထားသံလမ်း ဘက်ကို ပြေးထွက်သွားပါတော့သည်။ သူ့ရှေ့က ရထားကြီးပိတ်ဆီး ကာ ခုတ်မောင်းနေသည်ကို သူစိတ်မရှည်စွာ ရပ်စောင့်နေရသေး သည်။

အမှောင်ထုထဲတွင် မီးထိုးခုတ်မောင်းနေရသော မြို့ပတ်ရထား ကို လှမ်းကြည့်ရင်းမှ ကျွန်တော့်စိတ်ထဲတွင်

"ဩော် ... ရထားတွဲထဲက လူတွေကတော့ အိမ်မှာရှိနေကြ တဲ့ မိသားစုတွေဆီကို ရောက်ချင်စိတ်တွေစောပြီး ရထားကိုတော့ နှေးတယ်ထင်နေကြမှာပဲ။ ငါအပါအဝင် ဒီဆိုင်ထဲက လူတွေကျတော့ လည်း ဘယ်သူမှ ကိုယ့်မိသားစုကို သတိရတဲ့လူ ရှိမှာမဟုတ်ပါဘူး။ မူးရူးပျော်ပါးနေလိုက်ကြတာ"

"စောစောက ကျွန်တော်အလှူဒါနပြုလိုက်ရတဲ့ (ယာကွတ်) ကျတော့ သူ့မိသားစုနဲ့ ကွဲနေရလို့ သူ ဒီအရက်ကို စွဲတာပါတဲ့လေ။

ကျွန်တော်တစ်ယောက်တည်း ပြုံးမိသည်။ ကျွန်တော်အပါ အဝင် ယခုဆိုင်ထဲတွင် ယမကာမှီဝဲနေသူ မျက်နှာသိများမှာ ယာကွတ် လို သားတစ်ကွဲ၊ မယားတစ်ကွဲ မဟုတ်ကြဘဲ သောက်နေကြသူများ သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယာကွတ်သည်ကား ဘောက်ထော်ဈေးမှ ကုန်စိမ်းသည်၊ ငါးစိမ်းသည်များကို အမှီပြုကာ အသက်ရှင်နေရသူ ဖြစ်ပါသည်။ ကုန်စိမ်းကားအလာ၊ ငါးစည်တွေတင်သော ကားအလာကို စောင့်စားကာ ထမ်းပိုးသယ်ဆောင်ပေးခလေးဖြင့် သူ့ဘဝကို အရှုံးပေးရလောက်အောင် ညစ်ပေနေသော ပုဆိုးခါးပုံစထဲတွင် သို့မဟုတ် ဘောင်းဘီစုတ်အိတ်ထဲတွင် တယုတယ သိမ်းဆည်း၍ ထမင်းကို ဖြစ်သလိုဝါးကာ ညနေပိုင်းတွင် ထွေးညိုနှင့် နှစ်ပါးသွားနိုင်ဖို့ ငွေစလေးများကို ကုတ်ကပ် ချန်ထားရရှာသည်။

ဒီကနေ့လို ငွေရှာမရသောနေ့မျိုးများတွင် ယမကာဆိုင်သို့ ချိနိုင်သမျှ ချိအောင် ဟန်ဆောင်ထားရသောမျက်နှာဖြင့် (မခိုင်းဘဲ) သွားကာ စားပွဲခုံများကို ဖွတ်လိုက်၍ သန့်ရှင်းရေးလုပ်ပေးသည်။

အရက်ကုန်နေသော စားပွဲများကို မျက်စိလျှင်လျှင် လိုက်ကြည့်ကာ(မခေါ်ဘဲ) "ဆရာ ထပ်ယူဦးမလား။ သွားယူပေးမယ်လေ" ဤကဲ့သို့ လုပ်ခွင့်ရရန်အတွက် ဆိုင်မှ လက်ရှိစားပွဲထိုးများကို အောက်ကြို့ ဆက်ဆံထားရသည်။ ကစားသလိုနှင့် ထိပ်ပုတ်၊ ခေါင်းခေါက်သည်လောက်တော့ ပန်းနှင့်ပေါက်သည်ဟု သဘောထားရရှာသည်။ ကန်ကျော်လျှင်လည်း ပြန်မပြောရဲ။ သို့မှသာ စားပွဲပေါ်တွင် ကျန်နေခဲ့တတ်သော အရက်လက်ကျန်ကို သောက်ခွင့်၊ မော့ခွင့်ရမည် မဟုတ်ပါလား။

ကျွန်တော် ဒါနပြုရသောနေ့က ဈေးပိတ်သောနေ့ ဖြစ်နေသည်။ ယာကွတ်အတွက် ဘယ်အလုပ်ကမှ ဝင်ငွေမရှိ။ လာဘ်တိတ်သောနေ့ ဖြစ်နေ၏။ လက်ကျန်ခွက်များမှာလည်း ရှာမရ။ ကြာလာသောအခါ ယာကွတ် မနေနိုင် မထိုင်နိုင် ဝေဒနာဆိုးကို ခံစားရတော့သည်။ ထို့ကြောင့် ကျွန်တော် စာနာစိတ်ဖြင့် လှူဒါန်းမိခြင်းသာ ဖြစ်ပါသည်။ ယာကွတ်သည် ကျွန်တော်ပေးလှူသောငွေဖြင့် ဈေးပေါသော (အရက်ပြင်း) တောအရက်ရသည့် ၁၆ ကွေ့သို့ တန်းပြေးသွားလေပြီ။ နောက်တစ်နေ့မနက် ...



သားဖြစ်သူက ဘောက်ထော်ဘုတာအလွန်တွင် လူတစ်ယောက် ရထားကြိတ်သွား၍ အပိုင်းပိုင်းပြတ်နေပုံတွေ့ခဲ့ကြောင်း ကျွန်တော့်အား ပြောပြပါသည်။ ဘောက်ထော်သို့ ရောက်ပြီးမှ ထိုသတင်းမျိုးသည် မကြခဏ (နှစ်ခြားကာ) ကြားနေခဲ့ရသောကြောင့် ထူးထူးဆန်းဆန်း မဖြစ်တော့ပါ။

သို့သော် ဒိုးယိုစီးတဲ့ နှဒီတွင်း သမင်ရေသောက်ဆင်းချိန် ရောက်လာ၍ အရက်ဆိုင်သို့ ရောက်သွားသောအခါ အရက်ထွေနေသော တာတီးက ဆီး၍

"ဆရာကိုမြင့်သိန်း လှူလိုက်တဲ့ငွေနဲ့ ယာကွတ်လေ။ ထွေးညိုနဲ့ အပျော်ကြူးတာ လွန်ပြီး ပြန်အလာမှာ ရထားကြိတ်သွားလို့ မာလကီးယား သွားပြီ"

"ဟာဗျာ ကိုတာတီးကလည်း သူ့ဟာသူ တခြားပိုက်ဆံနဲ့ သောက်မှာပါ"

"ဆရာကလည်း အဲဒီနေ့က ဈေးပိတ်တယ်လေ ဆရာက ငါးဆယ်တောင် ပေးလိုက်တာကိုး။ ယာကွတ်တို့က ထွေးညို တစ်ဆယ် ဆယ့်ငါးကျပ်ဖိုးလောက်ဆို ရေချိန်ကိုက်နေတာ ဆရာရဲ့။ ခုတော့"

"ကျွန်တော် ငါးဆယ်ပေးလိုက်လို့ သေတာလို့ ပြောချင်တာလား"

"ဟော့ကောင် တာတီးဆရာကိုမြင့်သိန်းကို ဘာတွေပြောနေတာလဲ။ ဆရာက ကြုံရင် ငါ့ကိုလည်း တိုက်တာပဲ။ တစ်ခါတလေ ငါ့ယာခင်းထဲက တဲကလေးမှာတောင် အမြီးဘာညာဝယ်ပြီး လာသောက်သေးတာ"

ဘောက်ထော် ရထားလမ်းဘေးရှိ ယာခင်းထဲမှ ယာလုပ်သားကြီး ဘကြီးသန်းက ကျွန်တော့်ကို အားနာသောကြောင့် တာတီးကို ဝင်တားသည့်ကြားမှ အရက်ထွေနေပြီဖြစ်သော တာတီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး၊ ဆောရီး ... ဒါပေမဲ့ တကယ်အမှန်တရားကတော့ ဆရာ့ဆီက ငါးဆယ်ကြောင့် ယာကွတ် မာလကီးယားတာ ဆရာရ ... ဟီးဟီး"

ကျွန်တော် သောက်လက်စအရက်များကို သည်တိုင်းထားကာ ဆိုင်ထဲမှ ထွက်ခဲ့ပါတော့သည်။

"ယာကွတ်ရေ ခါတိုင်းဆိုရင်တော့ ငါထားခဲ့တဲ့ အရက်ဟာ မင်းအတွက် ဖြစ်မှာပေါ့ကွာ။ ခုတော့ မင်းလည်း မရှိဘူး"

ပါးစပ်မှ တီးတိုးရေရွတ်ရင်းခေါင်းထဲသို့ အသိတစ်ခု ဝင်လာကာ ဆိုင်ရှိရာသို့ ပြန်လာခဲ့ပြီး စားပွဲပေါ်မှ ကျွန်တော်မှာထားသော အရက်များကို ဆိုင်ပြင်သို့ယူထုတ်လာကာ မြေကြီးပေါ်သို့ တစ်စက်မကျန် သွန်ချပစ်လိုက်မိပါတော့သည်။

အမှတ် (၅၀)၊ ဖတ်စရာဂျာနယ်၊<br>ဇီဇင်ဘာလ ၂၇ ရက်၊ ၂၀၀၅ ခုနှစ်။

# သူ့လက်ငုတ်လေးမို့

အိမ်တွေ ဆောက်ကြရာမှာ အုတ်၊ သံ၊ သဲ၊ ဘိလပ်မြေတွေနဲ့ တိုက်အိမ်ကို ဆောက်ကြ။ သစ်၊ သွပ်တွေနဲ့ ပျဉ်ထောင်အိမ်၊ ဝါးနဲ့ဓနိနဲ့ တဲအိမ် စတာတွေကို ဆောက်ကြတာပါပဲ။ သုံးကြတဲ့ ပစ္စည်းတွေချင်း မတူကြပေမယ့် အိမ်ပုံစံချင်းကျတော့ အမြင်ရှိသူ၊ ပစ္စည်းကို သူ့နေရာနှင့်သူ လှပအောင် သုံးစွဲတတ် သူတွေဆောက်တဲ့ အိမ်ကလေးတွေက သေသပ်လှပ ခေတ်မီနေပြီး အမြင်မရှိ၊ ဗဟုသုတမရှိသူတွေက ပုံမကျ၊ ပန်းမကျ မလှမပကြီးတွေ ဖြစ်နေကြရော မဟုတ်လား။

စကားပြောဆိုရာမှာလည်း တချို့က ကိုယ့်စကားကို လူအထင်ကြီးအောင် ကရုဏာသက်ပြီး သနားသွားအောင် ပြောတတ်ကြတယ်။ ကျွန်တော့်သူငယ်ချင်း ပိုးဟပ်ဖြူဆိုရင် လူက ခုနစ်တန်းတောင် မအောင်ဘူး၊ စရိုက်ကလည်း ကလိမ်ကကျစ်။ ဒါပေမဲ့ စကားအရာမှာတော့ သူ့အကြောင်းမသိရင် အထင်ကြီးသွားလောက်တယ်။ သူ့ကို သူ့အိမ်က နှင်ချခံရတုန်းက တစ်လနီးပါးပျောက်သွားတယ်။ သူပြန်လာလို့ "ဟေ့ကောင် ပိုးဟပ်ဖြူ ပျောက်နေလိုက်တာ ဘယ်သွားနေတာလဲ"လို့ မေးကြတော့ ခပ်တည်တည်နဲ့ ...

"ရန်ကုန်မှာ သွားပြီး လူဖြစ်ဆေး စားနေတာ"

သူ့ကိုယ်သူ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ရန်ကုန်မှာပဲ

www.burmeseclassic.com



ပညာရပ်တစ်ခုခု သွားသင်ကြားနေတဲ့ပုံနဲ့ လူဖြစ်ဆေးစားနေတာတဲ့လေ။ တစ်နေ့ သူအလုပ်ရလာတဲ့အကြောင်း ကြေညာတယ်။ ဘယ်ဌာနမှာလဲ၊ ဘာအလုပ်လဲလို့ မေးကြပြန်တော့ ...

"ဆည်မြောင်းဦးစီးဌာနမှာ တာတမံကြီးကြပ်ရေးမှူး"

စကားလုံးကြီးက မခံ့ထည်ဘူးလား။ တကယ် သူလုပ်ရတဲ့အလုပ်က တာပေါ်ကို ကျွဲ၊ နွား တိရစ္ဆာန်တွေ မလာအောင် စောင့်မောင်းရတဲ့ တာစောင့်အလုပ်။ ဘာမှမဟုတ်တဲ့ သူ့အလုပ်ကို မတန်တဲ့ စကားလုံးတွေနဲ့ သုံးတာလေ။

သူနဲ့ တူသလိုရှိနေတဲ့ ကျွန်တော်တို့ ရပ်ကွက်က အရုပ်ဆိုးဆိုး၊ အသားမည်းမည်း လင်သေတာကြာပေမယ့် လင်စား မရရှာသေးတဲ့ မကျည်းတန်အကြောင်း ပြောချင်လာတယ်။ ယူသူမရှိလို့ ရတာမလို၊ လိုတာမရ ဖြစ်နေရှာတဲ့ မကျည်းတန်က သွားလေသူ လင်သားအပေါ်ပဲ သစ္စာစောင့်သိလို့ တစ်ပင်လဲပေမယ့် တစ်ပင် မထူရက်သယောင် ပြောသေးတာပါဆို။

ကရုဏာသက်စရာ စကားလုံးလေးကိုးသုံးပြီး သူအပီညာနေတဲ့ကိစ္စတစ်ခု ရှိသေးတယ်။ သူ အခုဆက်ပြီး လုပ်ကိုင်အသက်မွေးနေတဲ့ ဆိုင်နဲ့ပတ်သက်ပြီး သူတို့ကိုးကွယ်တဲ့ ရပ်ကွက်ဘုန်းတော်ကြီးနဲ့ မိဘဆွေမျိုးတွေ အားလုံးကပါ အဲဒီဆိုင်ကို စွန့်ပစ်ပြီး အခြားသမ္မာအာဇီဝလုပ်ငန်းတစ်ခုခု ပြောင်းလုပ်ဖို့ကို အမျိုးမျိုးနားချကြတယ်။

"ကျည်းတန်ရယ်၊ ညည်း အခုရရှိပိုင်ဆိုင်ထားတဲ့ ငွေကြေးပစ္စည်းတွေနဲ့ တခြားဘယ်အလုပ်ကိုပဲ ပြောင်းလုပ်လုပ် မဆင်းရဲနိုင်တော့ပါဘူး။ လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာပါအေ။ တို့အမျိုးထဲမှာလည်း အဲ့မျိုး မရှိခဲ့ပါဘူး။ ကိုယ့်ရပ်ကွက် လူထုကို ကောင်းကျိုးမပြုတဲ့ ဒီဆိုင်နဲ့ ဒီအလုပ်ကို စွန့်ပစ်လိုက်စမ်းပါ သမီးရယ်"

သူတို့ ပြောတာ မလွန်ပါဘူး။ အကျည်းတန်ပါဘူး။ မကျည်းတန် ပိုင်ဆိုင်တဲ့ အတွင်းပစ္စည်းနဲ့ ငွေကြေးပမာဏကို ထုတ်မပြထားလို့ မမြင်ကြရပေမယ့် သူ့ကိုယ်ပေါ်မှာ ဆင်ထားတဲ့ သူ့နားမှာ သူဘယ်တုန်းကမှ မထင်မှတ်ခဲ့တဲ့ စိန်နားကပ်နဲ့ ဆွဲထားလိုက်တဲ့ လည်ပင်းက ဆွဲကြိုးကြီးကလည်း သူထိုင်နေရင် ချက်လောက်ထိ တွဲနေကျပါတယ်ဆို။



လက်ကောက်တွေကျတော့ရော ပဒေါင်မလည်ပင်းသာ ကြည့်တော့။ တံတောင်ဆစ်ကို ရောက်လုရောပဲ။ လက်စွပ်ကြီးကလည်း ဟည်းနေတာ။ ဒါတွေ ဘယ်ကရလဲ၊ ဒီဆိုင်ကနေ ရထားတဲ့ အမြတ်အစွန်းတွေ မဟုတ်လား။ ဒီတော့ ကျည်းတန်က ဒီဆိုင်ကို စွန့်ပစ်ဖို့ လာပြောကြရင် သိပ်ကို နားခါးတာပေါ့။ ဒါပေမဲ့ သူလုပ်နေတာ သူတော်ကောင်းတွေ နှာခေါင်းရှုံ့တဲ့၊ မသတီတဲ့ အလုပ်ဖြစ်နေလေတော့ ကျည်းတန် ပြောပုံ ငြင်းပယ်ပုံကို ကြည့်။ မျက်ရည်ညှစ်လို့ ထွက်မလာတော့ အသံကိုပဲ ငိုသံစွက်ပြီး ဖြေရှင်းချက် ထုတ်နေတယ်လေ။

"အဟင့် ... အဟင့် ခေါင်းတွေကိုက်လာပြီ၊ အဟင့် ... ကျည်းတန်ကို သနားကြတယ်ဆိုရင် ကိုဒီပိုး ထူထောင်ထားခဲ့တဲ့ ဒီဆိုင်ကလေးကို ဖြုတ်ပစ်ဖို့ မပြောကြပါနဲ့။ ဒီဆိုင်လေးက သူ့လက်ငုတ်လေးမို့ပါ။ သူ့လက်ငုတ်လေး၊ သူ့လက်ငုတ်လေး။ ကိုဒီပိုးရေ ရှင့်လက်ငုတ်လေးကို ဟောဒီ ကျည်းတန်အသက်နဲ့ ကိုယ် မြဲနေသရွေ့ အမြဲမခွဲ ထိန်းသိမ်းစောင့်ရှောက် သွားမယ်ဆိုတာ ကတိပေးပါတယ် ကိုဒီပိုးရယ်"

ခုလို ကျည်းတန်ရဲ့ ပါးစပ်က သူ့လက်ငုတ်လေး၊ သူ့လက်ငုတ်လေးရယ်လို့ တစာစာမြည်ကြွေးနေတဲ့ဆိုင်က ကျွန်တော့်တို့ ရပ်ကွက်ထဲက လူငယ်လူကြီးတွေရဲ့ စာရိတ္တနဲ့ အသက်တွေကို အလှည့်သင့်သလို ဖဲ့ခြွေသတ်ဖြတ်နေတာမို့ အရပ်က(သေတင်းကုပ်)လို့ အမည်ပေးထားတဲ့ အရက်ဆိုင်တစ်ဆိုင်သာ ဖြစ်ပါတယ်။ မကျည်းတန်ရဲ့ သေတင်းကုပ်က သေဒဏ်ချမှတ် လာမယ့်နေ့ရက် အချိန်ကာလကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြရရှာပြီ ဖြစ်တဲ့ (အရက်ဖွဲ့သူ)များရဲ့ အဖြစ်က ထိတ်လန့်တုန်လှုပ်စရာပါ။ အိမ်မှာရှိတဲ့ ပစ္စည်းရောင်းရတာမှန်သမျှ ခြုံအိပ်ရတဲ့ စောင်ပါမကျန် ခိုးရောင်းကြပြီး မနက်ဝေလီ ဝေလင်း မကျည်းတန်ဆိုင် မဖွင့်ခင်က ဆိုင်တံခါးလာခေါက်ပြီး မောနင်းပက်သောက်လိုက်မှ နေသာထိုင်သာရှိသွားတဲ့အခြေအနေကို ဆိုက်ရောက်လို့ နေကြရပါပြီ။

မကျည်းတန်တစ်ယောက်ကတော့ဖြင့် ရေခဲပလုတ်တုတ်လို မျက်နှာကြီးတစ်ခုသာ ဖောရောင်နေလို့ ဝိုင်းဝိုင်းကြီးဖြစ်နေပြီး ကျန်တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းက တုတ်ချောင်းတွေလို ပိန်လှီနေတဲ့ သတ္တဝါ (အရက် ကျေးကျွန်) တွေကို သနားစရာတွေရယ်လို့ မမြင်နိုင်ရှာတော့ဘဲ သားကောင်တွေအဖြစ်သာ မြင်နေရသူပါ။

မကျည်းတန့်ပါးစပ်က ဆင်သေကို ဆိတ်သားရေနဲ့ဖုံးနေတယ်လေ။ သူ့ရဲ့ချစ်လင် ကိုဒီပိုးရဲ့ လက်ငုတ်ကလေးကို တည်တံ့ ရှင်သန်နေစေချင်လို့၊ ပျောက်ပျက်မသွားစေချင်လို့ ဆက်လက်ထိန်းသိမ်းနေရတာပါတဲ့။

တကယ်ပဲ သူ့လင်သား ထူထောင်သွားတဲ့ လက်ငုတ်လေးကို မြတ်နိုးရှာလို့ ဒီစကားကို ဆိုလေသလား၊ ဒါမှမဟုတ် ဘာဖြစ်လို့ ဒီစကားကို ပြောချင်နေရတာလဲဆိုတာကို သိချင်ရင် သူတို့ဇနီးမောင်နှံရဲ့အချစ် ဇာတ်လမ်းကလေးကို ဆက်ဖတ်လိုက်ပါနော့။

ဦးသူတော်နဲ့ ဒေါ်ချမ်းမြတို့ မွေးထားလိုက်ကြတာ အားလုံး သမီးချည်းပဲ လေးယောက်။ သားဆက်နီးတော့ နှစ်နှစ်လောက်သာ ခြားတယ်။ အပြိုင်းအရိုင်းတွေကြီးလာ၊ ဟောတစ်ယောက်ပဲ။ ဦးသူတော်တို့ လင်မယား ကံမဆိုးရှာကြပါဘူး။ အကြီးမသုံးယောက်ရဲ့ ယောကျ်ားလေးတွေက သူ့အလုပ်နဲ့သူ၊ လူယဉ်ကျေး မိကောင်းဖခင်သားလေးတွေ၊ လူပြောမလွတ်ဖြစ်ရတာကတော့ အငယ်ဆုံး မကျည်းတန်ကျမှ ကြုံကြရတယ်။



ကျည်းတန်က ရုပ်ဆိုးပေမယ့် ကိုယ်လုံးကိုယ်ပေါက် (ငယ်စဉ်က) လှတယ်။ ဒီပိုးဆိုတဲ့ ရုပ်ကွက်က အော့ကြောလန် လူပေါ်ကြော့နဲ့ သွားရလို့ သူ့မိဘတွေ ခုလို ကြုံကြရတာပါ။

ဒီပိုးက ဆန်ကုန်မြေလေး စာရင်းဝင် မိဘလုပ်စာ ထိုင်စားနေတဲ့ကောင်။ ဒီပိုးကို မကြည်ကြပေမယ့် သူ့မိဘများ သူတော်ကောင်းတွေလည်း ဖြစ်၊ တစ်ရပ်တည်းသားချင်းဖြစ်တဲ့ ကျည်းတန်မိဘရဲ့ သိက္ခာကို လေးစားကြလို့ မိသားဖသားပီပီ ပြန်အပ်၊ မင်္ဂလာဆောင်ပေးပြီး ဒီပိုးတို့ လင်မယားကိုပါ အိမ်ပေါ်မှာ ခေါ်တင် ထားရှာကြပါသေးတယ်။ ခက်တာက ဒီပိုး။ လူပျိုတုန်းကအတိုင်း လတ်လျား လတ်လျားနဲ့ ဘီလီယက်ခုံနဲ့ ကာတင်ဝိုင်းမှာချည်းပဲ။ ကစားစရာ ပိုက်ဆံမရှိရင် သူ့ရဲ့ရှားပါးမိတ်ဆွေကြီးဖြစ်တဲ့ သူ့ဆရာကိုအောင်မိုးရဲ့ အရက်ဆိုင်မှာ သွားထိုင်ပြီး ကူညီရင်း အချိန်ကုန်နေတာ။ စားချိန်နဲ့ အိပ်ချိန်လောက်သာ အိမ်ပြန်စားတယ်။ ကျည်းတန်က ယောက္ခမတွေကို မျက်နှာပူလို့ အိမ်ပြန်လာခိုက် ခုလိုပုံစံမျိုးမနေဖို့ ဖျောင်းဖျပြန်တော့ နားပူတယ်ဆိုပြီး တကျက်ကျက် ရန်ဖြစ်ရပြန်ရော။

အဲဒီမှာတင် ဒီပိုးအဖေက အိမ်ပေါ်က နှင်ချတဲ့အထိ ပေါက်ကွဲလာတော့တာပေါ့။ သူတို့သားကို ကဲ့ရဲ့တဲ့အသံတွေကိုလည်း နားမခံသာရှာဘူး မဟုတ်ဘူး။ ဒီတော့ မကျည်းတန်က သူ့မိဘအိမ်ပြန်သွား ဒီပိုးကလည်း သူ့ဆရာကြီးကိုအောင်မိုးရဲ့ အရက်ဆိုင်မှာ သွားခိုလှုံမှာ၊ လင်မယား ခေတ္တကွဲသွားတဲ့ပုံပေါ့။ ဟန်တော့အကျသား– ဒီပိုးဆရာကြီး ကိုအောင်မိုးကလည်း အရက်ချိုး၊ အရက်ဆိုင်ပိုင်ပြီး အရက်ကို အလွန်အကျွံသောက်နေပြီဆိုမှတော့ အောင်မိုးရဲ့မိန်းမခမျာ ဘယ်မှာ စိတ်ချမ်းသာ နိုင်ရှာတော့မှာလဲ။ ဒါကြောင့် ပြီးခဲ့တဲ့ နှစ်လလောက်ကတည်းက အောင်မိုးကို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းပြီး ဘားအံ ပြန်သွားလိုက်တာ ဘာသတင်းမှ မကြားရတော့ဘူး။ ဘားအံသူက အဲဒီလောက်ထိ စိတ်နာသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



အောင်မိုးကလည်း အရက်ချည်း ဖိသောက်ကျန်ခဲ့ပြီ။ အဲဒီ အရက်နဲ့ အသက်ဆက်နေရပေမယ့် လူက ယဲ့ယဲ့ပဲရှိတော့တယ်လေ။ ဒီမှာတင်ပဲ ဒီပိုးက အရက်ဆိုင်မှာ ကြီးကြပ်ကွပ်ကဲပြီး ခြေသည်း လက်သည်း ဖြစ်နေရတာပေါ့။ သူတို့နှစ်ယောက်က ကျွန်းကိုင်းမှီ ကိုင်း ကျွန်း မှီတွေ။

ပညာရှိစကားများ ဘယ်ခါမှ အဓိပ္ပာယ်မဲ့မသွား၊ ဆွေးမြည့် ပျောက်ကွယ်သွားရိုး ထုံးစံမရှိပါလား။ သူတည်းတစ်ယောက် ကောင်း ဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်းတဲ့။ အနန္တသူရိယအမတ်ကြီးရဲ့ မျက်ဖြေလင်္ကာထဲက စကား မှန်လှပေ တယ်။ ဒီပိုးကောင်းစားလာဖို့အရေးကို သူ့ရဲ့ဆရာကြီး အောင်မိုးက အရက်စွဲ၊ မိန်းမနဲ့ကွဲ။ ဟော ... အခု အောင်မိုးတစ်ယောက် မိန်းမ ဘားအံပြန်သွားကတည်းက ကိုယ့်သေတွင်း ကိုယ်တူးသလို အရက် ချည်း ဖိသောက်လိုက်တာ ဒီပိုးရောက်လာပြီး ဘယ်နလကြာလို့လဲ ကိစ္စချောသွားပြီ။ ဆွေမရှိ မျိုးမရှိ၊ မိန်းမကလည်း အပြတ်ကွာ ရှင်း သွားပြီ ဆိုမှတော့ ဒီအရက်ဆိုင်က ဒီပိုးကောင်းစားဖို့ ဖြစ်သွားတော့ တာပေါ့။ ကဲ ... ဘယ်သူက ကန့်ကွက်မှာလဲ၊ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူးဟေ့၊ အရက်နဲ့ လူလုပ်တာကွလို့ဆိုတဲ့စကားလိုပဲ အသက် နဲ့ လူလုပ်တာမဟုတ်ဘူး၊ အရက်နဲ့ လူလုပ်နေရတာကွဆိုတဲ့ဘဝ ရောက်နေကြပြီဖြစ်တဲ့ အရက်သမားထုချော ဒီဆိုင်ကလေး ပျောက် သွားမှာကိုပဲ စိုးကြောက်နေကြတော့ ဒီပိုးကို ဆိုင်ပိုင်ရှင်အမွေ ဆက်ခံ ဖို့ ဝိုင်းမြှောက်ကြ တိုက်တွန်းကြတယ်။ ပါးစပ်နဲ့ တိုက်တွန်းရုံ ဘယ် ကလို့လဲ၊ အောင်မိုးအသုဘ ရက်မလည်မချင်း ဖဲဝိုင်းဒိုင်ခံပြီး အကောက်တွေ တနင့်တပိုးရအောင် ဖန်တီးပေးကြ။ ဒီပိုးကလည်း ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အရက်ကို ပုံးလိုက်တည်ပေးထားသဗျ။ အောင်မိုးက သူ့တပည့် ဒီပိုးအပေါ် သေတဲ့အထိ ကောင်းကျိုးပေး သွားရှာတာ။ ဖဲဝိုင်းက အကောက်ငွေရော၊ အဲဒီအသုဘမှာ ဒီပိုး ဖဲ



ကစားလို့ နိုင်တဲ့ငွေရော ဒီပိုးရလိုက်တာ နည်းမှတ်လို့၊ စာရင်း ဇယားကို လူသိတောင်မခံပါဘူးဆို။ အဲဒီလိုကို ပွပေါက်တိုးသွားတာ။

ဒီပိုးက ဆိုင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်တိုးချဲ့လိုက် တယ်။ အတိတ်ဘဝက ကုသိုလ်ကံ အကျိုးပေးချင်လာပြီဆိုမှဖြင့် ဒီလိုတွေ ဖြစ်တတ်တာ ဓမ္မတာပါပဲ။ အရည်အချင်းမရှိ၊ အကျင့်က လည်း မကောင်း၊ ဘယ်သူမှ လူရာမသွင်းကြပေမယ့် ကောင်းစားချင် လာပြီဆိုရင် အလိုလိုကို ဖြစ်လာတတ်တာမျိုးလေ။ ခုပဲကြည့် ဒီပိုး တက်လာတဲ့ ကာလမှာ အရက်တွေ ရှားလိုက်သေးတယ်။ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ အရက်ရှားတော့ အရက်ပုန်းတွေ သောက်မိ ကြလို့ သေကြ ကျေကြတဲ့ နှစ်တွေကပေါ့။

အရက်တွေ ရှားချိန်မှာ ဒီပိုးက အရက်တွေကို အကြံအဖန်တွေ နဲ့ သူ့ဆိုင်မှာ မပြတ်ရအောင် တင်ရောင်းနိုင်တော့ တခြားရပ်ကွက်က အရက်သမားတွေပါ သူ့ဆိုင်ရောက်လာပြီး ဝိုက်ဆံဆိုတာ သဲယူ သလိုကို ရတာဗျာ။ အိုး ... ပြောင်းလဲလာချင်ပြီဆိုတော့လည်း ချက်ချင်းကြီးပါဆို။

အောင်မိုးလက်ထက်က ဆိုင်နဲ့ ဒီပိုးလက်ထက်ဆိုင်ဟာ ဆေး မစားမီနဲ့ ဆေးစားပြီးပုံလို လုံးဝပြောင်းသွားတာ။ ဒီပိုး သူ့မိန်းမကို ခပ်တင်းတင်းပြန်ခေါ်ပြီး ရွှေတွေမှ ဆင်ထားလိုက်တာ ညွှတ်လို့။ အရက်ရောင်းတာ မကြိုက်ကြပေမယ့်လည်း သားသမီးရယ်ကိုး။ အခုလို တောက်တောက်ပြောင်ပြောင် ရွှေတွဲလဲ ငွေတွဲလဲ မြင်ကြ ပြန်တော့ မိဘတွေခမျာ မပြောသာဘူးပေါ့။ ရပ်ကွက်ထဲက ဒီပိုးကို မှိုချိုး မျှစ်ချိုး ပြောခဲ့ကြသူတွေလည်း ...

အသက်ကြီးသူတွေက "ဟဲ့ ငဒီပိုး" လို့ ခေါ်ခဲ့ရာက အခုတော့ မောင်ဒီပိုး ... တဲ့။ မတိမ်းမယိမ်းလူတွေက ကိုဒီပိုးတဲ့။

အနိုင်ရယ်ဖို့ကောင်းတာက သူ့ထက်ငယ်သူတွေနဲ့ သူ့ဖောက် သည် ယစ်ထုတ်အရက်သမားတွေက 'ဘိုဒီ' ခေါ်သူမရှား 'ဆရာဒီ'

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သူမရှား ဖြစ်ကုန်ကြတာ။

အသက်ကလေးရလို့ ပုံပျက်ပန်းပျက်ကြီးဝလာတဲ့ ကျည်းတန်ကျတော့ရော။ သူ့ဆီမှာ ငွေချေးလို့ ငှားလို့ ရနေကြတဲ့ အိမ်ရှင်မတွေက နာမည်တောင် ခေါ်သူမရှိတော့ပါဘူးဆို။

ကြီးတဲ့သူတွေက 'ညီမလေး'တဲ့။ ငယ်သူတွေကျတော့ 'မမ'တဲ့။ သမ္မာအာဇီဝ မဟုတ်တဲ့ အရက်ဆိုင်နဲ့ ကြီးပွားနေပေမယ့် ရပ်ကွက်အရေး၊ သာရေးနာရေး၊ ဆွမ်းလောင်းအသင်းနဲ့ ဘုံကထိန်လို အလှူအတန်းကိစ္စတွေမှာ ဒီပိုးတို့လင်မယားက ဂဏန်းလေးလုံးထက်မနည်း ပါဝင်လှူဒါန်းကြပြီး တစ်ရပ်ကွက်လုံးကြားအောင် အော်ကြေညာနေတဲ့ လော်စပီကာအသံကို နားအရသာခံရတာကလည်း အလုပ်တစ်ခုပါပဲ။ နိဗ္ဗာန်ဆော်ကြီးကလည်း ဒီပိုးကျရင်တော့ ပိုပိုသာသာလေးကို အော်အော်ပေးတတ်ရှာတယ်။

ဦးကျော်ဝင်း၊ ဒေါ်အေးအေးတို့က အလှူတော်ငွေ ငါးဆယ်ခင်ဗျ။ ခင်ဗျာ– ငါးဆယ်ဟုတ်လား၊ သည်းခံပါခင်ဗျာ။ ဦးကျော်ဝင်း၊ ဒေါ်အေးအေးတို့ လှူဒါန်းငွေက ငါးရာပါခင်ဗျာ ငါးရာပါ။ ဟောဗျာ ကျွန်တော်တို့ရပ်ကွက်က အလှူအတန်း ရက်ရက်ရောရောမှာ ဝေသန္တရာလို ဘယ်ခါမှာမှ လက်မနှေးရှာတဲ့ ဦးဒီပိုးနဲ့ ဒေါ်ကျည်းတန်တို့ ဇနီးမောင်နှံက စောစောပိုင်းက ငွေစင်ငွေသား ငါးထောင်ကို နဝကမ္မ လှူဒါန်းသွားပြီးတဲ့အပြင် ခုတစ်ခါ လာရောက်လှူဒါန်းကြပြန်တာကတော့ ကျွန်တော်တို့ မဟာဘုံကထိန်ကြီးရဲ့ ပဒေသာပင်ကြီးအတွက် နောက်ထပ် ငွေစင်ငွေသား ငါးထောင်ပါတဲ့ခင်ဗျား။ သာဓု ... သာဓု ... သာဓုပါခင်ဗျာ။ ရပ်ကွက်လူထုရဲ့ ကိုယ်စား မဟာဘုံကထိန်ဖြစ်မြောက်ရေးကော်မတီရဲ့ ကိုယ်စား သာဓု အနုမောဒနာ ခေါ်ပါတယ်ခင်ဗျ။ ဦးဒီပိုးနဲ့ ဒေါ်ကျည်းတန်တို့ ဇနီးမောင်နှံ ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့ကြရပြီး ယခုရင်းနှီးမြှုပ်နှံထားတဲ့ ဆိုင်ကြီးထက် ကြီးကျယ်ခမ်းနားတဲ့ ထရိတ်ဒါးနဲ့ ဆီဒိုးနားလို ဟိုတယ်ကြီးများ ဆယ်လုံး၊ ဆယ့်ငါးလုံးလောက် ပိုင်ဆိုင်ကြပါစေလို့"



မယုံမရှိကြနဲ့၊ နိဗ္ဗာန်ဆော်က တကယ့်ကို အဲလိုအော်ပေးတာ။ ပြီးရင် သူက ဒီပိုးဆိုင်မှာ ခွက်ပုန်းသွားမော့တယ်။ သူ့ကျရင် ကပ်စေးနဲတဲ့ ကျည်းတန်က အမြည်း အလကားကျွေးသေးတာဗျ။

အောင်မယ်လေးသိလား၊ တပည့်တပန်း ကူဖော်လောင်ဖက်တွေမှ အပုံ။ ဒီပိုးက ရှာရတာမဟုတ်ဘူးနော်။ သူတကာလို ငွေကြေးတွေပေးပြီး စည်းရုံးရတာမျိုးလည်း မဟုတ်ဘူး။ တစ်ခွက် တစ်ဖလား အလကား တိုက်လိုက်ရုံနဲ့ကို ဒီပိုးရဲ့ ခိုင်းဖတ် သစ္စာခံတွေ ဖြစ်နေကြတာ။

ဒါပေမဲ့ ကျည်းတန်ကတော့ ဒါမျိုးမရဘူး။ ပိုက်ဆံပါမလာရင် အရက်ကို တစ်စက်တစ်ပေါက်တောင် သောက်ခွင့်မပေးဘူး။ ရလေလိုလေဆိုတဲ့စကား ရှိတယ်ဟုတ်လား၊ ဆိုင်ကြီးမှာ အရက်ရှားပြီးဆိုရင် ခိုးချက်ကြတဲ့ တောအရက်တွေလည်း တင်ရောင်းသေးတာ။ အဲလို မသန့်တဲ့ ပေါက်ကရနဲ့ချက်တဲ့အရက်တွေပါ ရောင်းတော့ သူတို့ဆိုင်မှာ သောက်ကြတဲ့အရက်သမားဆိုတာ လေးငါးခြောက်လ စွဲသောက်လို့ အချိန်ကြာလာတာနဲ့ ငါးရှူပိန်ကြီးတွေလို ခေါင်းကြီး ဖင်ရှူး ခြေပိန် လက်ပိန် ဒီနိုင်းတွေ ဖြစ်ကုန်ကြရော။ မြင်ဖူးကြမှာပါနော်။ ဒါပေမဲ့ သောက်သုံးသူတွေခမျာ ဘိန်းရှည်သောက်မိတဲ့ ခိုငှက်တွေလို ဒီပိုးတို့ဆိုင်ကို မလာဘဲ မနေနိုင်ကြတော့ပါဘူးဆို။ အဲဒီထဲမှာ ကျော်ဦးနဲ့ ကျော်ထူးဆိုတဲ့ ညီအစ်ကိုကလည်း ပါတာပေါ့။ တစ်နေ့ကျော်ဦးခမျာ အရက်ဖိုးက မရှိ၊ သောက်ကလည်း အရမ်းသောက်ချင်၊ နေမရ ထိုင်မရဖြစ်နေလို့ ကျည်းတန်ဆီမှာ တစ်ပိုင်းလောက် အကြွေးရောင်းဖို့ တောင်းတောင်းပန်ပန်ဝယ်ပေမယ့် ကျည်းတန်လေ.. သိတယ်မဟုတ်လား၊ တုန်တုန်ဆတ်ဆတ်ဖြစ်နေတဲ့ ကျော်ဦးကို အသည်းမာမာနဲ့ ဆိုင်ထဲက မောင်းထုတ်ပစ်လိုက်တယ်။ အကြွေးမရောင်းလိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျည်းတန်ရဲ့ ကိုယ့်ဆိုင်က ဖောက်သည်အပေါ် အညှာအတာမဲ့ ဆက်ဆံလိုက်မိတဲ့ပြစ်မှုက ဒီပိုးနဲ့ ကျည်းတန်တို့ရဲ့ အိမ်ထောင်ရေးကို ထိခိုက်ပြိုကွဲသွားရုံမက ဒီပိုးရဲ့အသက် ဆုံးရှုံးရတဲ့အထိ ဖြစ်သွားခဲ့ရတာဟာ သတိရှိရှိ ယူတတ်ကြရင် ကြီးမားတဲ့ သင်ခန်းစာတစ်ရပ်ပါပဲ။

တန်ဖိုးမရှိတဲ့ အရက်သမား ငမူးဆိုပြီး သူတစ်ပါးရဲ့ ခံစားချက်ဝေဒနာကို ထည့်မစဉ်းစား၊ ကိုယ့်ဖောက်သည် ပါလားဆိုတဲ့ အချက်လေးကိုမှ မထောက်ထားတဲ့ ကျည်းတန်ကို ကျော်ဦးတို့ပြန်ပုံက။ ကျော်ဦးတို့လမ်းထဲက ဝတ်ချင် စားချင် သိပ်ကိုလှချင်ပြီး ခပ်ကဲကဲစရိုက်ရှိတဲ့ နီနီမာဆိုတဲ့ ဆက်ဆလူးမလေးနဲ့ ဒီပိုးကို အမျိုးမျိုးသောစကားရောင်း စကားဝယ်တွေလုပ်၊ ဟိုဘက် ဒီဘက် မလှုပ် လှုပ်လာအောင် ကြိုးပမ်းပြီး ငြိကုန်ကြအောင်ထိ ဖန်တီး ပေးလိုက်ခြင်းပါပဲ။

အသပြာကြိုက်တဲ့ နီနီမာရော၊ မြာကြိုက်တဲ့ ဒီပိုးပါ အလင်းဆိတ်သုဉ်း အမှောင်ဖုံးပြီး ရာဂဝဲမှာ ချာချာလည်ကုန်ကြပြီ။ ဒီပိုးခမျာနီနီမာမှ နီနီမာဖြစ်ပြီဆိုမှ ကျော်ဦးက ဒီပိုးအပေါ် အခွင့်အရေးတွေယူတော့တာကလား၊ ကျော်ဦးအတွက်က သူမက်တဲ့အရက်ကိုမသောက်ရမှာ ပူစရာမလိုတော့ဘူး။

ကျည်းတန်က ဒါကို ကျေနပ်သလား ဟုတ်လား။ ကျေနပ်တာပေါ့။ ကျော်ဦးသောက်သမျှ ဒီပိုးက တစ်ပြားမကျန် စိုက်ရှင်းနေတဲ့ဥစ္စာ။ ကျော်ဦးကလည်း တမင်ဒီအကွက်ဆိုက်အောင် ကြိုးပမ်းထားတာပဲလေ။ ကျည်းတန်သိသွားရင် မိုးမီးလောင်မှာတစ်မျိုး၊ အရက်ရောင်းပေမယ့် ရပ်ကွက်က သူ့ကိုခုဆို ဘုရားဒကာ၊ ကျောင်းဒကာလောက် မြှောက်စားခံနေရတော့ မရှိတဲ့သိက္ခာကိုပဲ ဒီပိုးက အရှိလုပ်ပြီးစောင့်စည်းနေရသေးတယ်ဟုတ်လား။

ဒါပေမဲ့ မီးခဲကို စက္ကူနဲ့ထုပ်လို့ ရဘူးဆိုထားတယ်လေ။



မကောင်းမှု အကုသိုလ်ဆိုတာက မီးခဲထက် ပြင်းတယ်။ တစ်ချိန်မှာဖုံးမရ ဖိမရဖြစ်ကြပြီး အကုသိုလ်အကျိုး ခံကြရတာပဲ။ ခုလည်း ဒီပိုးဟာ ကျော်ဦးဒဏ်ကို ခံနေရတာသိပေမယ့် နီနီမာ့ကိုလည်း စွဲလမ်းနေမိတော့ ကျော်ဦးမနိုင် ကျော်ထူးကိုမဲလို့ စကားပုံထပ် တိုးရလောက်အောင် အလိုလို သူ့စိတ်ထဲမှာဖြစ်လာတယ်။ ကျော်ဦးကွယ်ရာမှကျော်ထူးကို ဖူးဖူးမှုတ်ပြီး သူ့ကို ဒါလောက်နှိမ်တော့ ကျော်ထူးကလည်း လူပဲ။ ဒီပိုးအပေါ်ကျိတ်ပြီး အငြိုးထားလာတာဟာ မဆန်းပါဘူး။

ဖြစ်ချင်ရင် အစစ အဆင်ပြေ ချောမွေ့နေတတ်ပြီး ပျက်ချိန်တန်လာပြန်တော့လည်း ဒီသဘောမျိုးပါပဲ။ ပျက်စီးစရာအကြောင်းက သူ့အလိုလို ဓာတ်ကွက်ဓာတ်လမ်း ကလေးကို အကွက်ကျကျဖြစ်လာတတ်တာပဲ။

ခုကြည့် နီနီမာတစ်ယောက် အကြီးအကျယ် ငွေလိုအပ်တော့ဒီပိုးကို တမ်းတရပြီ၊ ဆက်သွယ်ဖို့ကျတော့ ကျော်ဦးက အဓိက လိုအပ်လာရော၊ ဒီမှာတင် ခေါကပ်ပြီး ဒီပိုးကို အမောတကော ရှာနေချိန်။ ကျော်ဦးလုံချည်ကို ကောက်ဝတ်ထွက်လာတဲ့ ကျော်ထူးကို တွေ့လိုက်ရင်ပဲ ...

"ကျော်ဦးရယ်၊ ရှာလိုက်ရတာ ... ငါ့ကို ကိုဒီပိုး မြန်မြန်သွားခေါ်ပေးစမ်းပါ၊ သွားပါဟယ်၊ နင့်ကို ဘောက်ဆူးပေးမှာပါ ... သွားပါ"

ကျော်ထူးက ချက်ဆိုနားခွက်က မီးတောက်သွားပြီ၊ သူ့နဲ့ကျော်ဦးတို့က အမြွှာပဲ။ လူတိုင်းက မကြာ မကြာ လူမှားနေကြတယ်လေ။ ခုလည်း နီနီမာ လူမှားပြီး ဒီစကားတွေ လာပြောနေပြီဆိုတာ မသိဘဲနေမလား၊ သိတယ်။ ဒီတော့ ကျော်ထူးက "သူက မအားဘူး၊ မလာနိုင်ဘူးလို့ ပြောနေရင်ကော"

"ဒီတစ်ခါ မလာလို့ကတော့ ဘယ်တော့မှ မတွေ့ရဘူး အပြတ်ပဲလို့သာ ပြောလိုက်ဟာ၊ တဲပါ သွားစမ်းပါဆို"

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ဆို ရိပ်မိရောပေါ့။ ဒီပိုးအပေါ် ကျိတ်ပြီး မကျေမနပ်နေတဲ့ ကျော်ထူးဆိုတဲ့ငနဲက ဒီနိုင်ကွက်ကို အပိုင်ကိုင်ပြီလေ။ ကျော်ထူးတစ်ယောက် လိုတရဆေးကြိမ်လုံးကို ကောက်ရသလိုကို ပျော်သွားတာပါဆို။ ကျော်ထူးက နီနီမာခိုင်းတာကို သူ့အစ်ကိုကျော်ဦး ဆောင်ရွက်နိုင်ဖို့ သတင်းတော့ သွားပေးလိုက်ပါသေးတယ်။ သူကတော့ ဒီပိုးအပေါ် ကလဲ့စားချေဖို့ မကျည်းတန်ကို ကောင်းကောင်းကြီး အသုံးချဖို့ အကွက်ချလိုက်တယ်။

မကျည်းတန်က မိန်းမ၊ မိန်းမတိုင်း မုန့်ဝေစားနိုင်ပေမယ့် အချစ်ကို ဝေမျှမချစ်နိုင်သူတွေချည်းပဲ။ ဒီထဲမှာမှ ကျည်းတန်က သူ့အားနည်းချက်နဲ့သူ၊ ဒီပိုးကို ဘယ်မိန်းမမှ စေ့စေ့ကြည့်တာ မလိုလားတဲ့ အစားမျိုးမဟုတ်လား။ ကျော်ထူး ကျည်းတန်ကို ချဉ်းကပ်ရဖို့က သိပ်ကို လွယ်သွားပြီ။

"မကျည်းတန်ရာ၊ ခင်ဗျားတို့ ကျွန်တော်တို့က သွေးသားရင်းချာတွေလို ဖြစ်နေကြတဲ့သူတွေဆိုတော့ ဒီကိစ္စကို ကျွန်တော် တာဝန်သိစွာ ခင်ဗျားကို အသိလည်းပေးသင့်တယ်၊ စဉ်းစားပြန်တော့ ဘိုဒီကလည်း အစ်ကိုလိုဖြစ်နေပြန်ဆိုတော့'

"ဟဲ့ကောင် ကျော်ထူး၊ နင်မသောက်ရသေးဘဲ လာမူးပြမနေနဲ့"

"ဟုတ်ပါတယ်ဗျာ ... ကျွန်တော့်လို အရက်သမားစကား နားထောင်မနေပါနဲ့တော့"

ကျော်ထူးက သူမှာထားပြီးဖြစ်တဲ့ အရက်တစ်ပိုင်းကို ယူပြီး စားပွဲလွတ်မှာ သွားထိုင်သောက်နေလိုက်တယ်။ ကျော်ထူးဆင်ထားတဲ့ အကွက်ထဲကို ကျည်းတန် ကျွမ်းစိုက်ကျလာတာပါပဲ။

"ဟဲ့ ... ကျော်ထူး"

ကျော်ထူးဘေးစားပွဲက ချက်ကြီးမနေနိုင်လို့ ကျော်ထူးကို လက်သွားတို့ပြီး ကျည်းတန်ခေါ်နေကြောင်းပြောမှ "ဘာလဲဗျာ" ဆိုပြီး စိတ်ပျက်လက်ပျက် ဟန်အပြည့်နဲ့ အရက်ကောင်တာနားကို လျှောက်



သွားလိုက်တယ်။

"စောစောက နင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ဘာမှ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်မူးလို့ လျှောက်ပြောတာ"

"နင့်ရေချိန် ငါမသိတာမှတ်လို့၊ ဘာမှလည်း မသောက်ရသေးဘဲ"

"တော်ပါ မကျည်းတန်ရယ်၊ ထန်းရည်မူးပြီး ကျွဲခိုးမပေါ်ပါရစေနဲ့ဗျာ အဟာ.. ဟားဟား"

ကျော်ထူးက ရေလာမြောင်းပေးစကားနဲ့ မျှားလိုက်တာ ကျည်းတန် ဘယ်လ္လာနွဲ့ဆောင်နိုင်တော့လို့လဲ။

"ကဲ ... ကဲ နင့်ကို ငါအလကားတိုက်မယ်၊ ရော့ ... ဟောဒီမှာ အမြည်း"

အဲဒီမှာ ကျော်ထူးအကွက်ဝင် သွားတာပေါ့။ ကျော်ထူးက ကျည်းတန်ထောင်ပေးလိုက်တဲ့ အရက်နဲ့ ရေချိန်မကိုက်မှန်းသိလို့ စကားကို ဆွဲပြီး လှည့်ပတ်ပြောနေတော့ ကျည်းတန်က နောက်တစ်လုံးကို ကျော်ထူးရှေ့မှာ ဒေါက်ခနဲမြည်အောင် ဆောင့်ချလိုက်ပြီး

"ကျော်ထူး ငေ့ပိုက်မနေစမ်းနဲ့ဟယ်၊ လိုရင်းရောက်အောင် ပြောစမ်း၊ ရော့ ... နင် အန်ထွက်အောင်သောက်၊ ငါတိုက်မယ်"

"ခင်ဗျား ကျွန်တော် ပြောတာကို ဘိုဒီ မသိစေရပါဘူးလို့ ကတိပေးလေ။ ကျွန်တော့်သတင်းက လုံးဝလုံးဝ အမှန်အကန်နော် မကျည်းတန်"

"ကတိပေးတယ်၊ ကတိပေးတယ်။ နီနီမာဆိုတာ နင့်တို့ လမ်းထဲက ဆတ်ကော့လတ်ကော့နဲ့ ကြာသိပ်များနဲ့ဟာမလေးဟုတ်လား"

"ရှူး ရှူး တိုးတိုးလုပ်ပါဗျာ။ ချက်ကြီးတို့ ကြားသွားပါ့မယ်"

ကျည်းတန်ကို ကျော်ထူးက အဲဒီသတင်း ဖောက်သည်ချ လိုက်ပြီးတဲ့ နေ့ကစပြီး ဒီပိုးနဲ့ ကျည်းတန် ထိပ်တိုက်ရင်ဆိုင်တွေ့ နေရတာကတော့ နေ့နေ့ညည အခါမလပ်ပါပဲ။ ကျည်းတန်က ဒီပိုးကို အမြဲ

www.burmeseclassic.com



တမ်း ကြပ်မတ် ချုပ်ချယ်တယ်၊ ဒီပိုးကလည်း ရတဲ့နည်းနဲ့လစ်ထွက်ပြီး အမြဲဆန့်ကျင်တယ်၊ သူ့တပည့်ကျော် ကျော်ဦးနဲ့ ပူးပေါင်းပြီး အရက်တွေ သောက်တတ်လာတယ်။ မူးလာတော့ ကျည်းတန်ရဲ့ တားမြစ်ပိတ်ပင်မှုတွေကို ချိုးဖျက်ရဲလာတယ်။

ကျော်ဦးကို ဒီပိုး အားထားသလို ကျည်းတန်ကလည်း ကျော်ထူးရဲ့ ညွှန်ကြားသမျှကို နာခံသူဖြစ်လာတယ်။ ကျည်းတန်ဆီက အရက်ကို သောက်ရင်း ကျော်ထူးက အကြံကောင်းတွေ ရှာကြံပေးနေတယ်လေ။ "ဒီမယ် မကျည်းတန်၊ ဘိုဒီကြီးက တကယ်တော့ ခင်ဗျား ကို ချစ်ပါတယ်။ ဒီတော့ ဘို့ဒီကို အကျပ်ကိုင် ဆန္ဒပြတဲ့သဘောနဲ့ ခင်ဗျား မိဘအိမ်ကို ခဏဆင်းသွား"

"ဟဲ့ ... ဖြစ်မလား၊ တော်ကြာ ဟိုဟာမဆီ"

"စမ်းကြည့်လိုက်စမ်းပါလေ၊ ခင်ဗျားကို ခြေသလုံးဖက်ပြီး လာတောင်းပန်လိမ့်မယ်။ ဘိုဒီ ခင်ဗျားကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်တို့ ယောကျ်ားအချင်းချင်းပဲ၊ သိတာပေါ့ မကျည်းတန်ရယ်"

"နင်ပြောသလို ငါ့ကို တကယ်ချစ်မှတော့ ခုလို ဟိုဟာမကို ... အို ငါအိမ်ပေါ်က ဆင်းသွားတုန်း သူ ... သူက"

"ဒီမယ်လွယ်ရင် သူကြွယ်တောင် ခိုးတယ်လေဗျာ။ ခုလည်း ဘိုဒီက ဟိုကောင်မလေးနဲ့ ငြိတာ ခင်ဗျားကို မချစ်လို့ မဟုတ်ပါဘူး။ ခင်ဗျား ဘိုဒီကို အဲဒီလို အပြတ်လုပ်ပြမှ ဘိုဒီနောင်ကြဉ်ပြီး ခင်ဗျား ရှေ့ ဒူးတောက်လာမှာနော၊ ခုဟာက ခင်ဗျား သူ့ကို မပြတ်နိုင်ဘူး ထင်နေလို့ ခေါင်းမာနေနိုင်တာပါ။ တစ် တစ်ပိုင်းလောက် လုပ်ပါဦး"

ကျော်ထူးကို ဆရာတင်မိရှာတဲ့ ကျည်းတန်ခမျာ စွန့်စားပြီး သူ့မိဘအိမ်ကို ဆင်းသွားကြည့်တော့ ဒီပိုးအဖို့ လှောင်အိမ်တံခါးကြီး ပွင့်သွားသလို နီနီမာ့ဆီကို စိတ်ရှိတိုင်း သွားလာလို့ ရနေတော့တာပေါ့။

ဒီတော့လည်း အခမဲ့ သောက်ခွင့်ရနေတဲ့ သူ့လိုင်စင်ကလေး



အပိတ်ခံရမယ့်အရေးကို မြင်တဲ့ ကျော်ထူးက ကျည်းတန်ကို သူ့မိဘအိမ်က အမြန်ပြန်လာ မကျည်းတန်၊ ခင်ဗျားကို ချစ်လှချည်ရဲ့လို့ တဖွဖွပြောခဲ့တဲ့ ဘိုဒီ ဘယ်လိုဖြစ်သွားလဲတောင် မသိတော့ပါဘူး။ ဆေးများမိရော့လား မသိဘူးဗျာ"

"ငါ နင့်ကို မပြောဘူးလား၊ မဖြစ်ဘူးထင်တယ်လို့"

"ဘိုဒီ သိပ်ကို ပြောင်းလဲသွားတယ်ဗျာ အံ့ရော ... အံ့ရော"

ကျည်းတန်နဲ့ ကင်းပြတ်မသွားရအောင် ကျော်ထူးက နည်းဗျူဟာ အသစ်ကို ထပ်ပေးရပြန်တယ်။

"မကျည်းတန် အရှုံးအမြတ် အသာအနာတွေ တွက်မနေနဲ့၊ ခင်ဗျား ဘို့ဒီကို အကျပ်ကိုင်ပြီး အိမ်ပေါ်က ဆင်းတဲ့နည်းနဲ့ တင်းမရရင် အနုနည်းနဲ့ ပြန်ကိုင်"

"ဟဲ့ ခုလိုတင်းပြတောင် မှုန်နေတဲ့ကောင်က အနုနည်းနဲ့ကိုင်လို့ကတော့ နင်းသတ်သွားမှာပေါ့ ကျော်ထူးရဲ့"

"ပြောတာကို သဘောပေါက်အောင် နားထောင်စမ်းပါ။ တင်းပြတဲ့အနေနဲ့ အိမ်ပေါ်က ဆင်းသွားတဲ့လုပ်ရပ်ကလေးနဲ့ ပြန်အရင်းအနှီး လုပ်ရမှာဗျ"

"စကားကြီး စကားကျယ်တွေ သုံးနေပြန်ပါပြီ၊ အိမ်ပေါ်က ဆင်းတာလည်း ငါမယုံကြည်ဘဲ ဆင်းလာခဲ့ရတာ။ ခုတော့ ငါ့အိမ်ပေါ် ပြန်တက်ကို တက်မဖြစ်တော့မှာ၊ သူ့ကို ဒီတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူးနော်"

"ဟုတ်ပါတယ်၊ ခုလည်း ပြန်တက်ရမှာပါပဲ။ ဒါပေမဲ့ တက်ပုံတက်နည်းကို ပြောမလို့ဟာ ခင်ဗျားက စိတ်မှမရှည်တာ"

"ကဲ ကဲ မြန်မြန်ပြော၊ အချိန်ဆွဲနေလို့ မဖြစ်ဘူးနော်"

"မဆွဲပါဘူး။ အိမ်ပေါ်ကို ပြန်တက်ရတော့မယ့်အတူတူ ဒီနေရာမှာ အကျိုးရှိရှိ အသုံးချဖို့လိုတယ် မဟုတ်လား၊ ကျွန်တော် ပြောတာကို သေသေချာချာ နားထောင်ပြီး၊ ပိပိရိရိ အသုံးချလိုက်

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ။ ဘိုဒီကြီးက ဘာသားနဲ့ ထုထားတာမို့လဲ မကျည်းတန်ရယ် ဒီမယ်..”

ကျော်ထူးက ကျည်းတန် သဘောပေါက်လက်ခံသွားအောင် အသေးစိတ် စိတ်ရှည်လက်ရှည် ညွှန်ကြားပို့ချအပြီးမှာတော့ ကျည်းတန် ကိုယ်တိုင် သဘောပေါက်လက်ခံသွားတာမို့ ငါးရာတန်တစ်ရွက်ကိုတောင်မှပဲ ဘောက်ဆူးအဖြစ် ချီးမြှင့်လိုက်ပါသေးတယ်ဆို။

ကျည်းတန်ဟာ ကျော်ထူးရဲ့ လမ်း သင်ပြထားတဲ့အတိုင်း သူနဲ့ ဒီပိုး အပျိုလူပျိုဘဝ ချိန်းတွေ့ကြစဉ်ကလိုမျိုး စိတ်လှုပ်ရှားလာရအောင် ဖွတ်ဖန်တီးပြီး ဒီပိုးသူ့နားရောက်မယ့်အချိန်ကို အိပ်ခန်းထဲကနေ ကြိတ်မှိတ်စောင့်စားနေရတော့တာပေါ့။

ဒီပိုးကတော့ မှောင်စပျိုးချိန်မှာ သူ့ရှေ့ကဖြတ်ပြီး နွမ်းတဲ့ လှုပ်ရှားမှုနဲ့ အိမ်ပေါ်ကိုတက်သွားတဲ့ ကျည်းတန်ကို မြင်ပေမယ့် ဂရု မစိုက်တဲ့ပုံစံနဲ့ ကောင်တာမှာ အရက်သောက်ရင်း ဆက်ပြီးရောင်းနေတယ်။ ဆိုင်သိမ်းဆိုင်ပိတ် အိမ်ပေါ်တက်ခဲ့တော့လည်း အိပ်ခန်းဘက်ကို ခြေဦးမလှည့်ဘူးလေ။ ပက်လက်ကုလားထိုင်ပေါ်မှာပဲ သောက်ထားတဲ့ အရက်ရှိန်နဲ့ မှိန်းနေလေရဲ့။

ကျည်းတန်ကတော့ သူဘယ်တုန်းကမှ တွေးထင်မျှော်မှန်းမထားခဲ့တဲ့ ဒီပိုးရဲ့ဥပေက္ခာပြုရက်တဲ့ စိမ်းကားရက်စက်မှုတွေကို တွေးရင်း ဆွေးရင်းက ရင်မှာမချိရအောင် နာကျင်လာမိပြီး မထိန်းနိုင်ရှာတော့ဘဲ လုပ်ကြံဖန်တီးခြင်း လုံးဝကင်းတဲ့ ဝမ်းနည်းကြေကွဲခြင်း အပြည့်နဲ့ ငိုချလိုက်မိရှာတာပေါ့။

“အ အ အား အဟီးအီး အစ် အ အီး”

လှိုက်လှိုက်လှဲလှဲကြီးငိုချလိုက်တဲ့ ကျည်းတန်ရဲ့ ငိုသံကို ကြားလိုက်ရတော့ ဒီပိုးကုလားထိုင်ပေါ်ကနေ ခေါင်းထောင်ထမိသွားတယ်။ ရင်ထဲအသည်းထဲက ခံစားမှုတွေနဲ့ ငိုရှိုက်လိုက်တဲ့အသံက ဒီပိုးနှလုံးသားကို ဆွဲကိုင်လှုပ်ရှားနိုင်လိုက်တာမို့ ကျည်းတန်ဆီကို



လည်း ငေးငေးငိုင်ငိုင်ကြီး လှမ်းကြည့်နေတယ်လေ။

ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ပြီး တသိမ့်သိမ့်တုန်အောင် ငိုနေမိတဲ့ ကျည်းတန်ဟာ သူ့ပခုံးနှစ်ဖက်ပေါ်ကို အသာအယာ ဆုပ်ကိုင်လာတဲ့ အထိအတွေ့ကြောင့် ဆတ်ခနဲ လှည့်လိုက်တဲ့အခါမှာတော့ ခယတောင်းပန်တဲ့ မျက်လုံးအစုံနဲ့ ငေးကြည့်နေတဲ့ ဒီပိုးရဲ့ အကြည့်ကို ရင်ဆိုင်လိုက်ရတယ်။ ဒီမှာတင် ကျော်ထူးအသံကို အနားမှာလာပြီး ဟစ်အော်နေသလို ကြားယောင်လာတာမို့ ကျော်ထူးသင်ကြားထားတဲ့ အတိုင်းပဲ ဒီပိုးရဲ့ လည်းပင်းကို သိုင်းဖက် ပါးချင်းကပ်လိုက်ရင်က ...

“သိပ်ရက်စက်တယ်၊ သူကျည်းတန်ကို တကယ်စွန့်ပစ်ထားရက်တယ်။ အီး အဟင့် အင့် အမေတို့အိမ်မှာ ကျည်းတန်လုံးဝစားမရတာ၊ တစ်ညမှ အိပ်မရခဲ့တာတွေ သူမသိဘူး။ ဆင်းသွားတဲ့ အချိန်က စလို့ ကျည်းတန်ငိုနေရတာတွေကို သူ ... သူ လုံးဝမသနားခဲ့ဘူး။ အဟင့် သိပ်ရက်စက်တယ်”

မျက်ရည်တွေ ရွှဲနေတဲ့မျက်နှာနဲ့ ဒီပိုးရဲ့ပါးကို ဖိထားရင်းက ခံစားချက်တွေကို တရစပ် ရင်ဖွင့်ပြောဆိုနေပြန်တော့လည်း ဒီပိုးကရော ဘားသားနဲ့ထုထားလို့လဲဆိုတဲ့ ကျော်ထူးရဲ့ ဩဝါဒကို ယုံကြည်လက်ခံသွားစရာက ကြုံလာရပြန်တယ်။

“ကဲ ကဲ ကျည်းတန်ရယ် တိတ် တိတ်၊ အဲဒါတွေအားလုံးကို မေ့လိုက် ... နော်”

“ဘာ ... ဘာ မေ့ရမယ်ဟုတ်လား၊ ကျည်းတန်နေရာမှာ ရှင် မိနစ်ပိုင်း စက္ကန့်ပိုင်းလောက်ကလေး နေကြည့်ပေးပါလား ကိုဒီပိုးရယ် ဟင်”

“ကြည့်စမ်း ကြည့်စမ်း ဒီစကားတွေ ဘယ်ကများ တတ်လာသလဲ”

“သူပဲ တတ်လာအောင်သင်ပေးပြီး၊ သွားသွား ဟိုဆတ်ဆူး

www.burmeseclassic.com



မလေးဆီ သွား”

“သွားဘူး သွားဘူး”

ချိန်ခွင်လျှာသဘောက အလေးသာတဲ့ဘက်ကို ပြုထွက်ရစမြဲပါ။ ခုလည်း ကျည်းတန်က ဖြစ်ခဲ့သမျှတွေ သင်ပုန်းချေလိုက်ပြီး အပြုအစု အယုအယလေးတွေ တစ်ပုံတစ်ပင်နဲ့ ဖိုဖိုသိမ်းသွင်းထားခိုက်မှာတော့ဖြင့် ဒီပိုးက ထမင်းလက်ဆုံစား၊ ကျည်းတန် ခပ်ခပ်ထည့်ပေးတဲ့ အသည်းဖတ်လေးတွေကို အရက်နဲ့မြည်း၊ အကျေနပ်ကြီး ကျေနပ်သလို နေနိုင်ပေမယ့်လည်း–

ကျည်းတန်ရဲ့အလစ်မှာ ကျော်ဦးယူဆောင်လာတဲ့ နီနီမာ ပါးလိုက်တဲ့ စာလွှကို ခိုးကြောင်ခိုးဝှက်ပြီဖတ်ပြီး သွားတဲ့အခါကြ ပြန်တော့လည်း စွပ်ထားတဲ့ ကျည်တောက်ကို အချွတ်ခံလိုက်ရတဲ့ ခွေးမြီးကောက်ဘဝ ပြန်ရောက်သွားရပြန်ရောလေ။

သတိမမူ ဂူမမြင်ပေမယ့်လည်း သတိမူရင် မြူတောင် မြင်တယ်ဟုတ်လား။ ကျည်းတန်က သတိမူရုံမကဘူး၊ ဒီပိုးရဲ့ လှုပ်ရှားမှုမှန်သမျှ မျက်တောင်မခတ် မျက်လုံးဒေါက်ထောက် ကြည့်နေတာဆိုတော့။

အမြစ်မပြတ်အကင်းမသေတဲ့ ငှက်ဖျားရောဂါသည်လို ဖြစ်နေရှာတဲ့ ဒီပိုးရောဂါတက်လာပြီဆိုတာနဲ့ ကျည်းတန်က တန်းသိ၊ တန်းပြီး ပြဿနာတွေ တက်ပြန်တော့တာပေါ့။ ကျည်းတန်ခမျာလည်း သူသည်းခံ ခွင့်လွှတ်ခဲ့ရသမျှတွေနဲ့ ချိန်စက်ကြည့်ပြီး ရင်နာရပြန်ရော။ ကျည်းတန်ခံစားမှု ဒီဂရီအမှတ်က မြင့်တက်တယ်၊ ခံပြင်းမှုက ကြီးထွားလာတယ်၊ အရိုင်းစိတ်တွေနဲ့ ဒီပိုးအပေါ် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်လာတယ်။

ဒီအချိန်မှာ ဒီပိုးဟာ အဆင့်မြင့်အရက်သမားဘဝ၊ အိပ်ရာကထရင် အရက်နဲ့မျက်နှာသစ်တဲ့ အခြေအနေအထိကို ရောက်သွားတော့တယ်။ အဖြစ်တွေက အခြားအရက်ဆိုင်တွေမှာ သောက်သုံးသူတွေကို ဆိုင်ရှင်တွေက ထိန်းရတယ်၊ မဆူကြဖို့ကိုလေ။ ဒီပိုးတို့ပိုင်တဲ့



သေတင်းကုပ်မှာတော့ သူတို့ လင်မယားရဲ့ ပေါက်ကွဲတိုက်ခိုက်မှုတွေကိုပဲ သောက်သုံးတွေက ပြန်ထိန်းနေရပါတယ်ဆို။

ပန်းသတင်းတွေက လေညင်းဆောင်တော့ သင်းသင်းပျံ့ပျံ့ကလေး၊ လူသတင်းလူချင်း ဆောင်တော့လည်း သိုသို သိပ်သိပ်လေးပါပဲ။ ဒါပေမဲ့ ဒီပိုးတို့ရဲ့သတင်းကို သယ်ဆောင်သူတွေက အမူးသမားတွေ။ မထိန်းမသိမ်း အဆင်မခြင် ပြောချင်ရင် စွတ်ပြောကြလေတော့ အမူးသမားရပ်ကွက်ကလာတဲ့ သတင်းစကားတွေအတွက် နီနီမာခမျာ အရပ်ထဲမှာ မျက်နှာမဖော်ဝံ့တဲ့ကိန်း ဆိုက်ရှာတော့တာပေါ့။

နီနီမာဟာ သူ့ဘဝရှေ့ရေးက ရှိနေသေးတော့ သူလုပ်နေတဲ့ ရေသန့်စက်ရုံပိုင်ရှင် သက်ကျားအိုကြီးကို အမိဖမ်းပြီး လက်ထပ်ယူလိုက်ရရှာတယ်။

နီနီမာ လက်ထက်သွားပြီ ဆိုကတည်းက ဒီပိုးကို သေတင်းကုပ်က ဖောက်သည်တွေက အသည်းကွဲမင်းသားကြီးဆိုတဲ့ ဘွဲ့ကို ပေးလိုက်ကြတယ်။ ကျည်းတန်မှာလည်း နီနီမာလက်ထပ်သွားလို့ ရှင်းသွားပြီဆိုပြီး ဝမ်းမသာခဲ့ရပါဘူး။ ဒီပိုးက အချိန်ပြည့်မူး၊ သတိကင်းမဲ့စွာနဲ့ နီနီမာနဲ့ကိစ္စတွေကို ကျည်းတန်ကို ပုဏ္ဏားတိုင် ထားပြီး အလွမ်းမင်းသား လုပ်ပြနေတာကိုး။

ကျည်းတန် မလွန်ပါဘူး၊ တစ်နေ့တခြား ဒီပိုးအပေါ် နာကျည်းမုန်းတီးမှုတွေနဲ့ စက်ဆုပ်ရွံရှာလာတယ်။ စိတ်ကို မချုပ်တည်း နိုင်လွန်းတဲ့အခါတွေမှာ ကိုယ်ထိလက်ရောက် ကျူးလွန်မိသွားမိလို့ ဒီပိုးဒဏ်ရာကို ဆေးခန်းမှာ လိမ်ညာပြီး ပြချုပ်ရတာမျိုးတွေထိ ဖြစ်ရသေးတာ။

“အရက်ကုန်သွားပြီ၊ ကျည်းတန် မိကျည်းတန် ဒီဟာမ ဘယ်ရောက်နေလဲ၊ ငါ့ကို ဒီအရက်လေးကိုတောင် မသဒ္ဒါတော့ဘူးပေါ့ ဟုတ်လား။ ဒီမယ် ငါ့ကိုမပြုစုချင်ရင် နင့်အမေအိမ်ကို ဆင်းသွားလေဆင်း”

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သေနာ ငါဘယ်တော့မှ မဆင်းဘူး၊ ဆင်းရမှာက နင်၊ မကြာခင် သေပြီး မသာကြီးအဖြစ်နဲ့ ဆင်းရမှာ နင်"

"သိတယ် သိတယ်၊ ဒီပိုးဆိုတဲ့ကောင်က သိပ်သိတယ်။ ငါနဲ့ နီနီမာလေးကွဲအောင် အထက်လမ်း အောက်လမ်းတွေလုပ်၊ မိန်းမယူတာ။ ဟိုက လုပြီး နင်က မလုတော့ မနာလိုဖြစ် ဘယ်ကြည်ဖြူမလဲ၊ ဟဲဟဲ ဟီဟီ"

"ဟဲ့ သေနာ ရော့ ... များများသောက်၊ မြန်မြန်သေ၊ ရော့ .... သောက်စမ်း၊ နင်က ဟိုဟာမလေးကိုလွမ်းနေ၊ ဟိုက နွားအိုမြက်နုကြိုက်ကြီး ရင်ခွင်မှာ ပျော်နေပြီဟဲ့။ ရေရောင်းတာချင်းတူတူ ဟိုက ရေသန့်ရောင်းတာလေ။ နင်က အရက်သေရည်ရောင်းတာ။ နီမာညည်း ကံကောင်းသွားတယ်အေ၊ အေးလေ ငါလည်း မကြာခင်ကံကောင်းတော့မှာပါ။ ဒီလောက် သောက်နေတာ သင်းမသေ ဘယ်သူ သေမှာလဲ၊ မုဆိုးဘဝနဲ့နေရတာ ဒီလို အရက်သမားနဲ့နေရတာထက် အများကြီးကံကောင်းတယ်အေ့"

ငှက်ဆိုးထိုးသံနဲ့ ငါ့နားမှာ လာအော်မနေစမ်းနဲ့ သွား သွား"

"ဝှမ်း ... ခလွှမ်း"

အရက်ရောင်းနေတဲ့သူ အရက်စွဲပြီဆိုမှတော့ ခေါင်းတစ်လုံးသာ အသင့်ပြင်ထားလို့ဆိုတဲ့ စကားလိုပဲလေ၊ ဒီပိုးဘဝက အရက်ခွက်ထဲကျနေတဲ့ ယင်ကောင်ဘဝရောက်နေပြီ။ သူ့ဘဝကလည်း အရက်နှံ့ထဲမှာ စုံးစုံးနှစ်ရတော့မယ့်ဘဝပဲ။ အားလုံးကလည်း သူ့ကို ဒီအတိုင်းပဲ သတ်မှတ်ထားလိုက်ကြပြီ။

တစ်မနက်ခင်းမှာတော့ သောက်ထားတဲ့ ပုလင်းခွံတွေကြားမှာ စင်းစင်းကြီးလဲနေတဲ့ ဒီပိုးရဲ့အလောင်းက ကျည်းတန်ကို ကြိုနေတယ်။ ကြိုတွက်နေပေမယ့်လည်း ရုတ်တရက်ကြီး ခုလိုမြင်လိုက်ရတော့ ထိတ်လန့်သွားမိတယ်။ ငိုဖို့ကို မေ့နေရတဲ့ထိအောင် ကျည်းတန်ရဲ့ ခံစားမှုက ဒီပိုးအပေါ်မှာ ခေါင်းပါးနေလေတော့ မျက်ရည်ဆိုတာ



စို့သီးရုံတောင် ယိုစိမ့်မလာဘူး။ ဒီပိုးသေတဲ့နေ့ကစ ရက်လည်ဆွမ်းသွတ်ပြီးတဲ့အထိကိုပဲ ကျည်းတန်ဟာ မျက်ရည်တစ်စက် တစ်ပေါက်တောင်မှ မကျခဲ့ပါဘူး။

ကျည်းတန် ဒီပိုးအသုဘကိစ္စတွေ ပြီးဆုံးသွားတဲ့အခါမှာ အရက်ဆိုင်ကို ချက်ချင်းပြန်ဖွင့်လိုက်တယ် ဆိုရင်ပဲ မိတ်သစ် မိတ်ဟောင်းတွေနဲ့ သေတင်းကုပ်က ပြန်ပြီး အသက်ဝင်လာတယ်။ ဒီပိုးနဲ့ ကျည်းတန်တို့ရဲ့ ဆဲသံ ဆိုသံ ပစ်ပေါက်ကွဲရှသံတွေလည်း ဆိတ်သုဉ်းသွားပြီလေ။ ဆိုင်ကို ပိုပြီး မွမ်းမံပြင်ဆင်လိုက်သေးတယ်။

ကျည်းတန်တစ်ယောက် အဖော်ငှားထားတဲ့ ကောင်မလေးနဲ့ ဆိုင်ထဲမှာ လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ လှုပ်ရှားနေပြီ။ ကျည်းတန်နဲ့ သူ့တပည့်မတို့ဟာ ပန်းခင်းထဲမှာ ဝတ်ရည်သောက်စို့ဖို့ တစ်ပင်က တစ်ပင်၊ တစ်ပွင့်တစ်ပွင့် အဆင့်ဆင့် ပျံနေတဲ့ လိပ်ပြာလေးတွေလို တစ်စားပွဲက တစ်စားပွဲ ရွေ့လျားနေကြတယ်။

ဒီပိုး လက်ထက်ဆီက ကက်ဆက်လောက်နဲ့ ကျေနပ်နေကြရတဲ့ သောက်သုံးသူတွေဟာ ခုဆို စလောင်းနဲ့ ဖမ်းယူကြည့်ရှုနေပြီဆိုတော့ တရုတ်ကားတွေ၊ ဘောလုံးပွဲတွေပါ ကြည့်ရှုခွင့် ရနေကြပြီလေ။

ကျည်းတန်ရဲ့ သေတင်းကုပ်မှာတော့ ဓာတ်ကျနေကြတာက အသိမကြွယ် ရှာသေးတဲ့ စမ်းသပ်ကာလက လူငယ်လူရွယ်လေးတွေ၊ အခက်အခဲ အကျပ်အတည်းတွေရဲ့ ဖိစီးမှုဒဏ်တွေကြောင့် မွန်းကျပ်တာတွေကို ဖြေဖျောက်ဖို့ ထွက်ပေါက်ရှာရင်း ရောက်လာကြတဲ့ တံလျှပ်ကို ရေမှတ် ရွှေသမင်ဓာတ် ခင်းနေကြတဲ့ အိမ်ထောင်ဦးစီး လူကြီးတွေ။

အရက်စွဲသွားပြီဆိုတော့လည်း အဲဒီလူကြီးရော လူငယ်လေးတွေပါ အရက်ရဲ့ ကျေးကျွန်တွေ စာရင်းဝင်ပြီး ဘဝပျက်ကြရတော့တာပါပဲ။ မီးကိုမှ တွင်တွင်ကြီးတိုးနေကြတဲ့ ပိုးဖလံတွေဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရက်ဖိုးကို ရတဲ့နည်းနဲ့ရှာ၊ ကျည်းတန်ရဲ့ သေတင်းကုပ်ကို မလာဘဲ မနေနိုင်ကြတော့တဲ့ အဖြစ်များ၊ ဝေလီဝေလင်းမှာ ဆိုင်တံခါးခေါက်ပြီး လာဝယ်သောက်ကြရတဲ့အထိပါဆို။

ကျည်းတန် သေတင်းကုပ်ကို မစွန့်နိုင်တဲ့အထဲမှာ အဲဒါတွေလေ။ ခုတော့ ရေကို ငွေလုပ်၊ ငွေကို ရွှေလုပ်၊ အထုပ်ကြီးကြီးထုပ်ဖို့သာ သိတော့တဲ့ကျည်းတန်က ဝိသမလောဘရဲ့သားကောင် ဖြစ်သွားပြီ။ သမ္မာအာဇီဝ နဲ့ အသက်မွေးဖို့ တိုက်တွန်းသူ ဆုံးမသူတွေကိုတော့ သနားစရာကောင်းအောင်၊ ငိုပြ၊ လူကြားကောင်းအောင် သူ့လက်ငုတ်လေးမို့ပါဆိုတဲ့စကားနဲ့ ဟန့်တားပြီး နည်းအမျိုးမျိုးနဲ့ ရှာဖွေလာကြတဲ့ အရက်ကျေးကျွန်တွေဆီက ရသမျှပိုက်ဆံကိုစုထပ်၊ အပြန်ပြန်အထပ်ထပ် ရေတွက်၊ မြင့်တက်လာတဲ့ပိုက်ဆံပုံကြီးကို ကြည့်ရင်းသူ့မျက်နှာပေါ်မှာ ပီတိရိပ်တွေယှက်သန်းလာပြီး မျက်လုံးအစုံကရောမမျက်ရည်ပေါက်ကြီးတွေဟာ ဖောင်းဖောင်းအစ်အစ် ပါးကြီးနှစ်ဖက်ပေါ်က ဖြတ်သန်းလိမ့်စီးလာကြတယ်။

ဒီပိုး ပုလင်းခွံကြားတွေကြားမှာ အသက်ပျောက်နေတာကိုမြင်ရစဉ်က တစ်စက်တစ်ပေါက်မှ ထွက်ကျဖော်မရတဲ့ မျက်ရည်တွေက အခု စိန်နားကပ်ကြီး တဖျပ်ဖျပ်၊ လက်ကောက်သံတွေ တချွင်ချွင်နဲ့ ပိုက်ဆံတွေတစ်ထပ်ကြီးကို ရေတွက်နေချိန်မှာမှ ခုလို တောက်လျှောက် စီးကျလာကြတဲ့အဖြစ်ကတော့ ဆန်းနေတာပေါ့နော်။

မျက်ရည်ဆိုတာမျိုးက ကြေကွဲဝမ်းနည်းမှသာ ကျတာ မဟုတ်ပါဘူး၊ ပြုံးပျော်ကြည်နူးပြီး ရင်ထဲ အသည်းထဲမှာကျိတ်ပြီး ရွှင်မြူးလာရင်လည်း မျက်ရည်ကျလာတတ်တယ် ဆိုတာကိုတော့ ထည့် စဉ်းစားကြဖို့ မမေ့နဲ့လေ။

ရတီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၈ ခုနှစ်။

●

BURMESE CLASSIC

www.burmeseclassic.com